၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၄၃) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၂၀ ၊ ၂၀၁၁)



## ပုဂံတွင် ပဒေါင်တိုင်းရင်းသားကို ကြည့်ရှုနိုင်ပြီ

### နိုင်ငံခြားသားဖြစ်ပါက ကြည့်ရှုခွင့်သုံးဒေါ်လာသတ်မှတ်ထား

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ - ၅

ကိန္နရီကိန္နရာမှ ဆင်းသက်ပေါက်ဖွားလာကြသည်ဟု ယုံကြည်ကြသော ကယားတိုင်းရင်းသားအနွယ်ဝင် ပဒေါင်တိုင်းရင်းသားများအား ပုဂံဒေသတွင် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ စာ(၁၂)သို့

## ပုဂ္ဂလိကဘဏ်သစ် တစ်ဘဏ်လျှင် အပ်ငွေ ကျပ် ၅၀ ဘီလီယံဝန်းကျင်ရှိ



အားမာန်

ရန်ကုန်၊ ဇန်နဝါရီ - ၁၃

ပုဂ္ဂလိကဘဏ်အသစ်များတွင် ဘဏ်တစ်ဘဏ်စီ၌ အများပြည်သူများ၏ အပ်ငွေ ကျပ် ၅၀ ဘီလီယံ (ကျပ်သန်းငါးသောင်း)ဝန်းကျင်စီ ရှိကြောင်း ဘဏ်လုပ်ငန်းရှင်များနှင့် နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်ကြီးအချို့ကပြောသည်။

"ဒါကိုကြည့်ခြင်းအားဖြင့် ပုဂ္ဂလိကဘဏ်အသစ်တွေကို လူထုရဲ့ ယုံကြည်မှုအတော်ရှိတယ်ဆိုတာတွေ့ရတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ပုဂ္ဂလိကဘဏ် တစ်ဘဏ်လျှင် အပ်ငွေကျပ်၅၀ဘီလီယံဝန်းကျင်ရှိခြင်းကို ရည်ရွယ်ပြောသည်။

ပုဂ္ဂလိကဘဏ်အသစ်လေးဘဏ်မှာ ၂၀၁၀ ဩဂုတ်လ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုဘဏ်လေးခုမှာ ဦးဇော်ဇော်၏ မက်စ်မြန်မာကုမ္ပဏီမှ ဖွင့်လှစ်သော ဧရာဝတီဘဏ်၊ ဦးတေဇ၏ ထူးထရေးဒင်းကုမ္ပဏီမှ ဖွင့်လှစ်သော အာရှစိမ်းလန်းဘဏ်၊ ဦးချစ်ခိုင်၏ အေဒင်ဂရု(ပ်)က ဖွင့်လှစ်သော မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ဦးနေအောင်၏ အိုင်ဂျီအီးကုမ္ပဏီများအုပ်စုက ဖွင့်လှစ်သော ယူနိုက်တက်အမရာဘဏ်တို့ဖြစ်ကြသည်။

အဆိုပါဘဏ်အသစ်များတွင် အခြားဘဏ်များကဲ့သို့ပင် ငွေစုဘဏ်အပ်ငွေလက်ခံခြင်းကို တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်းပေးသည်။ စာ(၁၂)သို့

ပြည်ပအလုပ်အကိုင် ဗီဇာ

## ဗီဇာအတုဖြင့် မလေးရှားသို့ စေလွှတ်ခံရသော အလုပ်သမားများကို စတင်ကြပ်မတ်

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ - ၁၄

ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့မှ မြန်မာနိုင်ငံရှိ မလေးရှားသံရုံးက ပြုလုပ်ပေးသော ပြည်ဝင်ခွင့် (ဗီဇာ)တုံးနှင့် လက်မှတ်ပုံစံအား အတုပြုလုပ်၍ မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ရန် စေလွှတ်ခံရသည့် ကျေးလက်ဒေသနေ လူငယ် ၂၀ဦးအား ရန်ကုန်လေဆိပ်၌ တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာလုပ်သားများ အများဆုံးစီးနင်းကြသော စရိတ်နည်းလေကြောင်းလိုင်း Air Asia လေကြောင်းလိုင်းတွင် အဆိုပါ ဗီဇာတုံးနှင့်လက်မှတ်အတုပြုလုပ်၍ စေလွှတ်ခံရသော လုပ်သား ၂၀ ဦးအားတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ စာ(၁၂)သို့



ရွှေဈေးတရိပ်ရိပ်ကျနေချိန်အတွင်း အစိုးရပိုင်ရွှေများ ယခုကဲ့သို့ထုတ်ရောင်းခြင်းဖြစ်သည်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အစိုးရက အများပြည်သူသို့ ရွှေများ ထုတ်ရောင်း

ကျော်သီဟ

ရန်ကုန်၊ ဒီဇင်ဘာ - ၁၂

နိုင်ငံတော်အစိုးရမှ ပြည်တွင်းရွှေဈေးကွက်အတွင်းသို့ ရွှေများထုတ်ရောင်းနေပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးလျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ စာ(၁၂)သို့

## မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် အာဆီယံတိုက်တွန်း

### ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီငါးခုကလည်း ကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့သည်

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ ဇန်နဝါရီ - ၁၇

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများရုပ်သိမ်းပေးရန် အာဆီယံအဖွဲ့ကြီးက တောင်းဆိုလိုက်သလို ပြည်တွင်းရှိတိုင်းရင်းသားပါတီငါးခုကလည်းတောင်းဆိုမှုပြုလုပ်ခဲ့ရာ ရက်ပိုင်းအတွင်း ရှေ့ဆင့်နောက်ဆင့်ကိုထွက်ပေါ်ခဲ့သည်။

အာဆီယံအဖွဲ့ကြီးက တောင်းဆိုရာတွင် အတိုက်အခံနှင့်တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန်ကိုပါ ထည့်သွင်းတိုက်တွန်းတောင်းဆိုလိုက်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်လျက်ရှိသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အမေရိကန်အစိုးရ၊ ဥရောပသမဂ္ဂနှင့် ကနေဒါနိုင်ငံတို့က ချမှတ်ထားသော စီးပွားရေးအရပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းရေးစဉ်းစားရန် တိုက်တွန်းလိုက်ခြင်းဖြစ်ကာ ထိုသို့တိုက်တွန်းရခြင်းမှာ စာ(၁၂)သို့

nexus ENGLISH LANGUAGE LEARNING CENTRE
No.8,Panchan Tower, Dhamazedi Rd, Myaynigone, Sanchaung. Tel: +95 - 1 - 539581, 539582
SPOKEN ENGLISH | BASIC ENGLISH CLASSES | ENGLISH FOR ADULTS & YOUNGLEARNER
ENGLISH FOR OFFICE STAFF | IELTS CLASSES | SAT / PSAT | ACADEMIC WRITING
QUALIFIED PROFESSIONAL NATIVE SPEAKER TEACHERS FROM THE US, UK & AUSTRALIA

7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# အရက်၊ ဘီယာ၊ စီးကရက် အပါအဝင် ပစ္စည်း ၆ မျိုးကို အခွန်တံဆိပ်ကပ်မကပ် အရှိန်မြှင့်စစ်ဆေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

ရန်ကုန်မြို့တွင်း ရောင်းချနေသော ဈေးဝယ်စင်တာများနှင့် အရောင်းဆိုင်များအား သက်ဆိုင်ရာမှ လိုက်လံစစ်ဆေးရာ၌ ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းအားလုံးကို စစ်ဆေးခြင်းထက် ယခင်စစ်ဆေးနေသော ပစ္စည်း၆မျိုးတွင် အခွန်တံဆိပ် ကပ်၊မကပ် အဓိကထား စစ်ဆေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

"ပြည်ပက တင်လာတဲ့ ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကိုလိုက်စစ်တာမျိုး မဟုတ်ဘူး။ အရင်စစ်နေတဲ့ ပစ္စည်း ၆ မျိုးကို အရှိန်မြှင့်ပြီး တစ်ပတ်နှစ်ကြိမ်အထိ လိုက်စစ်တဲ့သဘောပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အဆိုပါ စစ်ဆေးခြင်းများကို ယခင်ကထက် တစ်ပတ်နှစ်ကြိမ်နှုန်းထိ တိုးမြှင့်စစ်ဆေးနေပြီး



ဓာတ်ပုံ - အောင်အောင်

**ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် အခွန်တံဆိပ်ကပ် စီးကရက်ဘူးများ။**

ဖြစ်ကြောင်း ၎င်းကပြောသည်။

အဆိုပါ ကုန်ပစ္စည်း ၆ မျိုးမှာ အရက်၊ ဘီယာ၊ စီးကရက်၊ ဝိုင်၊ သောက်ရေသန့်နှင့် ဝီစကီတို့ဖြစ်သည်။ ၎င်းတို့ကို စစ်ဆေးရာတွင်လည်း ဈေးနှုန်းထက် အခွန်တံဆိပ် ကပ်မကပ်ကို အဓိက ထားစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်ပမှ တင်သွင်းလာသော ကုန်ပစ္စည်း၏ ဈေးနှုန်းကို လိုက်လံစစ်ဆေးရန် လတ်တလော ဆောင်ရွက်ခြင်း မရှိသေးကြောင်း ၎င်းကပြောသည်။

လက်ရှိ စစ်ဆေးနေသော ကုန်ပစ္စည်း ၆ မျိုးအား အခွန်တံဆိပ်ကပ်ထားခြင်းမရှိပါက သိမ်းဆည်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းသို့ စစ်ဆေးရာတွင် လိုက်လံစစ်ဆေးရေးအဖွဲ့၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့တော်စည်ပင်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# အချိန်အခါမဟုတ် ရွာသွန်းသော မိုးကြောင့် ဆားလုပ်ငန်းရှင်များ ထုတ်လုပ်မှုစရိတ်တိုးလာ


**အောင်သူရ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

တွက်ခြေမကိုက်သဖြင့် ပုံမှန်နှစ်များထက် သုံးပုံ တစ်ပုံလျှော့၍ လုပ်ကိုင်ကြရသော ဆားလုပ်ငန်းရှင်များမှာ အချိန်အခါမဟုတ် ရွာသွန်းသော မိုးကြောင့် လုပ်ငန်းများနှောင့်နှေးကာ ထုတ်လုပ်မှုကုန်ကျစရိတ်များ တိုးလာတော့မည်ဖြစ်ကြောင်း ဆားလုပ်ငန်းရှင်အချို့ကပြောသည်။

ဒီဇင်ဘာလလယ်နှင့် ဇန်နဝါရီလဆန်းတွင် ရွာသွန်းခဲ့သော မိုးများကြောင့် ဆားကွင်းများ ခြောက်အောင် ပြန်လုပ်နေရသဖြင့် နှစ်ခါပြန်လုပ်ရကြောင်း သက္ကယ်သောင်တိုက်နယ်မှ ဆားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"မိုးရွာလိုက်တော့ ဆားရေဒီဂရီလျော့သွားတယ်။ ကွင်းတွေ



လည်း ကွင်းရိုင်းပြန်ဖြစ်သွားတယ်။ အဲဒီအတွက် ပြန်လုပ်ရတယ်။ ပြန်စောင့်ရတယ်လေ" ဟု လပွတ္တာမြို့ခံဆားလုပ်ငန်းရှင်တစ် ဦးက ပြောသည်။

ယခင်နှစ်က ဆားကြမ်း တစ်ပိဿာလျှင် ၂၅ ကျပ်ဝန်းကျင်သာ ဈေးရှိသဖြင့် ဆားလုပ်ငန်းရှင်များသည် ယခုနှစ်တွင် ဆားထုတ်လုပ်ခြင်း မပြုလုပ်ကြဘဲ ဧက ၉၀ လုပ်ကိုင်သူများမှာ ယခုနှစ်တွင် ဧက ၃၀သာလုပ်ကိုင်ပြီး အချို့မှာ လုံးဝမလုပ်ကိုင်ကြကြောင်း သိရှိရသည်။

ယခင်နှစ်က ဆားဈေးများ ကျဆင်းသွားခဲ့ပြီး အချို့လုပ်ငန်းရှင်များအနေဖြင့် ယခင်နှစ်က ဆားများပင် ရောင်း၍မကုန်သေးကြောင်း ဆားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

၂၀၀၈ ခုနှစ် မေလက တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဆားလုပ်ငန်းရှင်များ ဆုံးရှုံးမှုများခဲ့ပြီး သက်ဆိုင်ရာက တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ငွေချေးပေး၍ ပြန်လည်လုပ်ကိုင်စေခဲ့သည်။ ယခုကဲ့သို့ ဆားလုပ်ကွက်လျော့ကျ၍ အထွက်နှုန်းလျော့နည်းမည်ဖြစ်သော်လည်း ဆားဈေးနှုန်းမှာ ဝယ်လိုအား ပေါ်မူတည်၍ ဈေးနှုန်းအတက်အကျဖြစ်နိုင်ကြောင်း ဆားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မိုးရွာသွန်းမှုကြောင့် ဆားလုပ်ကွက်ကို နှစ်ကြိမ်ပြန်လည်ပြုပြင်ရသဖြင့် ဆားအထွက်နှုန်းမှာ ယခင်နှစ်များထက် နှစ်ဆပိုထွက်မှသာ ဆားလုပ်ငန်းရှင်များအတွက် အဆင်ပြေနိုင်မည် ဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

# နေအိမ်တိုက်တာတည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်ဆွေးနွေးသင့်

**မေဝင်းမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

မြန်မာနိုင်ငံရှိဆောက်လုပ်ရေးလုပ်ငန်းများတွင် နားလည်ကျွမ်းကျင်သူရော၊ မကျွမ်းသူများပါရှိနေသောကန်ထရိုက်လောက၊ ဆောက်လုပ်ရေးလောကအတွင်း နေအိမ်တိုက်တာဆောက်လုပ်ရာတွင် လုံခြုံစိတ်ချခိုင်ခံ့မှုရှိစေရေးအတွက် နားလည်တတ်ကျွမ်းသူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း အလေ့အထကို လုပ်ဆောင်ထားသင့်ကြောင်း မြန်မာနိုင်ငံဗိသုကာအသင်းမှတာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

လက်ရှိအနေအထားတွင် နေ အိမ်၊ အထပ်မြင့်တိုက်ဆောက်လိုသော မြေပိုင်ရှင်များသည် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများကို ကျွမ်းကျင်အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးမှုအလေ့အထများပျောက်ကွယ်ကာ အဆင်ပြေသလိုပုံစံမျိုးနှင့်တည်ဆောက်လာကြသဖြင့် အဆောက်အအုံတွင် ဖြစ်လာနိုင်သည့် မလိုလားအပ်သည့်အခြေအနေများနှင့် ကြုံတွေ့ရဖွယ်အနေအထားရှိကြောင်း သိရသည်။

"အခုခေတ်က အော်တိုကတ်တတ်ရင် အိမ်ဒီဇိုင်းဆွဲလို့ရပြီးတော့ အိမ်တွေဆောက်နေကြတဲ့အနေအထားပါ။ အဆောက်အအုံဆောက်တဲ့အခါ ဘာသာရပ်တစ်ခုအနေနဲ့ သင်ကြားထားတဲ့ အင်ဂျင်နီယာတွေ၊ ဗိသုကာတွေလို အဘက်ဘက်စဉ်းစားတာမျိုးက မရှိသလောက်ပါပဲ။ အဆောက်အအုံဆောက်ပြီဆိုတာနဲ့ ရှိတဲ့အခန်းနဲ့လုံလောက်စေမယ့် လိုအပ်တဲ့ရေ၊ မီးအနေအထားတွေကိုမစဉ်းလာကြတော့ဘူး။ တကယ်တမ်းအခက်အခဲကို နေထိုင်တဲ့သူတွေကပဲ လက်တွေ့ခံစားကြတဲ့အတွက်မြေပိုင်ရှင်တွေ၊ အိမ်ဆောက်တဲ့သူတွေကို အသိပညာပေးဖို့အပိုင်းတွေလိုအပ်လာနေပါပြီ" ဟုအထက်ပါ ဗိသုကာ ပညာရှင်ကပြောကြားသည်။ ယခုနောက်ပိုင်းတွင် ဆောက်လုပ်ရေးကုမ္ပဏီများသည် ပိုမိုတွက်ခြေကိုက်ကာ ဈေးကောင်းရသည့် တန်ဖိုးကြီးအထပ်မြင့်တိုက်ခန်းများ၊ ကွန်ဒိုများကို ပိုမိုဆောက်လုပ်လာကြပြီး အခြေခံနှင့်လူလတ်တန်းစားများနေနိုင်သည့်တိုက်ခန်းများ ဆောက်လုပ်မှုမှာ နည်းလာသည်ဟု သိရသည်။

## မြန်မာပါဝင်သော စင်ကာပူကုမ္ပဏီမှ ကုန်ပစ္စည်းတင်သွင်းလျှင် ပင်ရင်းငွေမှ နုတ်ယူပေးသွင်းခွန် ဆောင်ရမည်

**အားမာန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၁**

ပင်ရင်းငွေမှ နုတ်ယူပေးသွင်းခွန် (Withholding tax) ကောက်ခံခြင်းအား ကင်းလွတ်ခွင့်ပြုထားသည့် စင်ကာပူနိုင်ငံမှကုမ္ပဏီတွင်မြန်မာ နိုင်ငံသားမှ ဒါရိုက်တာအဖြစ် ရှိနေပါက ထိုကုမ္ပဏီမှပစ္စည်းတင်သွင်းမှုအပေါ် ပင်ရင်းငွေမှ နုတ်ယူပေး သွင်းခွန်ဆောင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အခွန်နှစ်ထပ် မဖြစ်စေရန် အစိုးရချင်း သဘောတူထားသည့် စင်ကာပူအပါအဝင် ယူကေ၊ တောင်ကိုရီးယား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများမှ ကုန်ပစ္စည်း ဝယ်ယူသောအခါ အချို့ကုန်စည်များအတွက် အဆိုပါအခွန်ကို ရာခိုင်နှုန်းလျှော့ချပေးပြီး၊ အချို့ကုန်စည်များအတွက် အဆိုပါအခွန်ကင်းလွတ်ခွင့်ပြုထားသည်။ သို့သော် ပင်ရင်း ငွေမှနုတ်ယူပေးသွင်းခွန် ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်များကို မြန်မာနိုင်ငံသားဒါရိုက်တာတစ်ဦးဦးပါဝင်သော အထက်ပါနိုင်ငံများရှိ ကုမ္ပဏီမှတင်သွင်းပါက အဆိုပါအခွန်ကင်းလွတ်ခွင့်မရဘဲ ပေးဆောင်ရမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သွားရောက်စုံစမ်းခဲ့သော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"စင်ကာပူနိုင်ငံသား ကုမ္ပဏီဆိုရင် အခွန်ကင်းလွတ်ခွင့်ရတယ်။ အဲဒီကုမ္ပဏီမှာ အနိမ့်ဆုံး ဒါရိုက်တာအဆင့် မြန်မာနိုင်ငံသားပါရင် ဒါမှမဟုတ် မြန်မာနိုင်ငံသားပိုင်ရင် အခွန်ဆောင်ရမယ်လို့ဆိုတယ်။ ကျွန်တော်ဆိုရင် စင်ကာပူမှာ ကုမ္ပဏီရှိတယ်။ အဲဒီကုမ္ပဏီက စင်ကာပူအစိုးရကိုလည်း အခွန်ဆောင်ရတယ်။ ကုမ္ပဏီက မြန်မာနိုင်ငံကို ပစ္စည်းသွင်းတဲ့အခါ စင်ကာပူနိုင်ငံသားတွေချည်းပဲ ထောင်ထားတဲ့ကုမ္ပဏီက Withholding tax ဆောင်စရာမလိုပေမယ့် ကျွန်တော်ကုမ္ပဏီကျတော့ မြန်မာနိုင်ငံသားပါလို့အခွန်ဆောင်ရမယ် လို့ပြောတယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးကလည်း ပြန်လည်ပြောပြသည်။ စင်ကာပူ နိုင်ငံမှာ အခွန်ကောက်ခံရာတွင် မည်သည့်နိုင်ငံသားပါသည်ဟူ၍ သီးခြားသတ်မှတ်ထားခြင်းမရှိဘဲ အားလုံးတစ်ပြေးညီ ကောက်ခံပြီး၊ မြန်မာနိုင်ငံအနေဖြင့်လည်းမိမိနိုင်ငံသားများကို ဦးစားမပေးလျှင်ပင် နိုင်ငံခြားသားများနှင့်တန်းတူအခွင့်အရေးရသင့်ကြောင်း အထက်ပါလုပ်ငန်းရှင်က အကြံပြု ပြောကြားသည်။

ပင်ရင်းငွေမှ နုတ်ယူပေးသွင်းခွန်မှာ နိုင်ငံခြားကုမ္ပဏီမှ ပစ္စည်းဝယ်ယူပါက ဝယ်သူက ပေးရမည့် ငွေပမာဏပေါ်မှ ၃ ဒသမ ၅ ရာခိုင်နှုန်းကို အခွန်ဆောင်ရန်သတ်မှတ်ထားသည်။ သို့သော်အထက်ပါ နိုင်ငံများမှာ မြန်မာနိုင်ငံနှင့် ချုပ်ဆိုထားသော စာချုပ်များကြောင့် အခွန်နှစ်ထပ်မဖြစ်စေရန် အချို့ကုန်စည်များတွင် ထိုအခွန်ပေးစရာ မလိုဘဲ အချို့ကုန်စည်များတွင် ရာခိုင်နှုန်းလျှော့၍ အခွန်ဆောင်ရမည်ဖြစ်သည်။

"အဲဒီနိုင်ငံတွေနဲ့က စာချုပ်ချုပ်ထားတာတွေရှိတယ်။ ဉပမာ ဘယ်ဟာမျိုးကိုဖြတ်မယ်။ ဘယ်ဟာမျိုးကို မဖြတ်ဘူး။ ဘယ်လောက်ရာခိုင်နှုန်းပဲဖြတ်မယ်။ ဒါကြောင့်ရုံးကို လာဖို့ပြောတာ။ ကြည့်ပြီးစဉ်းစားပေးမယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုးကြည်က ဇန်နဝါရီလဆန်းပိုင်းတွင်ပြုလုပ်ခဲ့သော ပင်ရင်းငွေမှ နုတ်ယူပေးသွင်းခွန်အကြောင်း ရှင်းလင်းပွဲတွင် အထက်ပါနိုင်ငံများမှ ကုန်ပစ္စည်းတင်သွင်းပါက ပင်ရင်းမှဖြတ်တောက်ခွန်မဆောင်မီ ရုံးလာစုံစမ်းကြရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် စင်ကာပူကုမ္ပဏီမှ ပစ္စည်းဝယ်ယူသော်လည်း ထိုကုမ္ပဏီဒါရိုက်တာအဖွဲ့တွင် တရုတ်နိုင်ငံသားပါလျှင် သို့မဟုတ် တရုတ်နိုင်ငံသားက အဆိုပါကုမ္ပဏီကိုပိုင်လျှင်လည်း ပင်ရင်းမှဖြတ်တောက်ခွန်ဆောင်ရန်လိုကြောင်း သတင်းရရှိသည်။

ထိုအခွန်ကောက်ခံရာတွင် ရောင်းသူ၏လိပ်စာ (Seller Address)ရှိသော နိုင်ငံကိုသာကြည့်ပြီး CO-Country of Origin နှင့်မဆိုင်ဟုသိရသည်။

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




အသစ်ဖွင့်လှစ်လိုက်သော သီရိမင်္ဂလာဈေးသစ်။
ဓာတ်ပုံ - သန်းဌေး

# ဈေးပြောင်းရွှေ့သွားခြင်းကြောင့် ရောင်းအား ထက်ဝက်နီးပါးကျ

သိမ့်သိမ့်စိုး၊ အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ - ၁၄

သီရိမင်္ဂလာဈေးသစ်သို့ ပြောင်းရွှေ့ရခြင်းကြောင့် ၎င်းဈေးရှိ ဈေးဆိုင်အများစု၏ ရောင်းအားမှာ ထက်ဝက်နီးပါး ကျဆင်းနေရကြောင်း အဆိုပါ ဈေးမှ ဆိုင်ပိုင်ရှင်များက ပြောသည်။

ထို့အပြင် လက်ရှိပြောင်းရွှေ့ထားသော ဈေးသစ်တွင် အခန်းနေရာ ကျဉ်းခြင်းနှင့် အကာအရံ မထားရခြင်းများကြောင့် ပစ္စည်းပျောက်ဆုံးမှုများ မရှိစေရန် ပိုမိုလုပ်ဆောင်နေရကြောင်း ၎င်းတို့က ပြောသည်။

“ဖောက်သည်တွေက တွေ့ရမှာ ဝယ်တော့ ရောင်းအားကျတယ်။ ပြီးတော့ လက်လီကလည်း အရင်လောက် မရောင်းရတော့ ထက်ဝက်ကျော်လောက်ကို ရောင်းအားကျတယ်”ဟု ကွမ်းရွက်အရောင်းအဝယ် ဆိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါ ကွမ်းဆိုင်သည် ယခင်ဈေးဟောင်းတွင် ရောင်းချစဉ်က တစ်နေ့လျှင် ကွမ်းခြင်း ၆ ခြင်းကုန်သော်လည်း လက်ရှိဈေးတွင် ၂ ခြင်းကျော်၊ ၃ ခြင်းဝန်းကျင်သာကုန်ကြောင်း ၎င်းက ပြောသည်။

“ဒီဈေးက ရောင်းအားတော်တော်ကျတယ်။ ဟိုဘက်မှာ တစ်နေ့ တစ်သိန်းဖိုးလောက် ရောင်းရရင် ဒီဘက်က နှစ်သောင်း၊ သုံးသောင်းရအောင် တော်တော်ရောင်းယူရတယ်။ ရောင်းအားက ၄-၅ ဆလောက်ကွာတယ်”ဟု ကုန်စိမ်းရောင်းချသူ အသက် ၄၅ နှစ်ဝန်းကျင် အမျိုးသမီးက ပြောသည်။ ဈေးဆိုင်ခန်းများသည် ယခင်ဈေးဟောင်းတွင် ၅ ပေ၊ ၈ ပေအခန်းအပြည့်ရရှိသော်လည်း ဈေးသစ်တွင် ၄ ပေခွဲ၊ ၇ ပေဝန်းကျင်သာရရှိ၍ ပစ္စည်းထားရန်မှာလည်း အဆင်မပြေကြောင်း ၎င်းဈေးမှ ဈေးသည်များက ပြောသည်။

“ဟိုဘက်ဈေးမှာဆို ပစ္စည်းက ကိုယ့်ဆိုင်ခန်းနဲ့ကိုယ် ကြိုက်သလောက် ထပ်ထားလို့ရတယ်။ ဒီဘက်မှာက ၈ ပေထက် မကျော်ရဘူးလို့ သတ်မှတ်ထားတော့ ထားဖို့လည်း အဆင်မပြေဘူး”ဟု ၎င်းဈေးသစ်မှ သစ်သီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

# မလေးရှားရောက် မြန်မာ အမျိုးသမီးနှစ်ဦး လုပ်ကြံခံရ

အားမာန်

ရန်ကုန်၊ ဇန်နဝါရီ - ၁၇

**မလေးရှားနိုင်ငံရောက်မြန်မာအမျိုးသမီးနှစ်ဦးသည်ဇန်နဝါရီလ ၁၅ ရက်က ၎င်းတို့၏နေအိမ်အတွင်း အသတ်ခံခဲ့ရကြောင်း မလေးရှားနိုင်ငံထုတ် သတင်းစာများတွင် ဖော်ပြထားသည်။**

မလေးရှားနိုင်ငံ မလက္ကာပြည်နယ်၊ မလက္ကာမြို့၊ မာလင်ပါမိုင်အိမ်ရာရှိ ၎င်းနေအိမ်အတွင်းမှာပင် အသက် ၃၅ နှစ်အရွယ် အိမ်ရှင်နှင့် အသက် ၃၀ အရွယ် အိမ်အကူအမျိုးသမီးတို့မှာ ဇန်နဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် လုပ်ကြံခံခဲ့ရကြောင်း ပြည်နယ်မှုခင်းစုံစမ်းထောက်လှမ်းရေးဌာန လက်ထောက်ရဲချုပ်၏ပြောကြားမှုကိုကိုးကား၍ ဘနားမား၊ သည်စတားသတင်းဌာနများက ဖော်ပြထားသည်။

လုပ်ကြံခံရသည့် အမျိုးသမီးနှစ်ဦးစလုံးမှာ မြန်မာအမျိုးသမီးများဖြစ်ပြီး အိမ်ရှင်၏ သမီးငယ်ဖြစ်သူ ခြောက်လသားအရွယ် ကလေးငယ်မှာ မည်သည့်ဒဏ်ရာမျှရရှိခဲ့ခြင်း မရှိဘဲ တွေ့ရှိခဲ့သည်။ ထို့အပြင် လူသတ်မှုကျူးလွန်သူများမှာ ထိုအိမ်အတွင်းရှိ အဖိုးတန်ပစ္စည်းတစ်စုံတစ်ရာကိုမျှ ယူဆောင်သွားခြင်းမရှိဟု သတင်းများကဆိုသည်။

လုပ်ကြံခံရသူ အမျိုးသမီးနှင့် အမျိုးသားတို့မှာ အဆိုပါတိုက်ခန်းကို လွန်ခဲ့သည့် ၆နှစ်က စတင်ငှားရမ်းနေထိုင်ခဲ့ခြင်းဖြစ်ပြီး စားသောက်ဆိုင်တစ်ခုကိုလည်း ဖွင့်လှစ်ထားကာ မလေးရှားသို့ မြန်မာအလုပ်သမားများအား ခေါ်ယူပေးသော အေဂျင်စီလုပ်ငန်းကိုလည်း လုပ်ကိုင်သည်ဟု ဆိုသည်။ ၎င်းတို့ ဇနီးမောင်နှံမှာ ရန်ကုန်မြို့၊ တာမွေမြို့နယ်တွင် နေထိုင်ခဲ့သူများဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ၎င်းတို့နှင့် သိကျွမ်းသူအချို့က ပြောသည်။ လူသတ်မှုကျူးလွန်သူမှာ အဆိုပါနေအိမ်အတွင်းရှိ ဓားနှင့်တူများကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့ပြီး အိမ်ရှင်အမျိုးသမီးမှာ ဧည့်ခန်းအတွင်း၊ အိမ်အကူအမျိုးသမီးမှာ မီးဖိုချောင်အတွင်း အသတ်ခံရခြင်းဖြစ်သည်။ **စာ(၈)သို့**




7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# အိန္ဒိယအစိုးရကစတင်လိုက်သည့် ဆိုက်ရောက်ဗီဇာတွင် မြန်မာနိုင်ငံသားများမပါသေး

မေဝင်းမွန်

ရန်ကုန်၊ ဇန်နဝါရီ - ၁၄

**အိန္ဒိယနိုင်ငံအစိုးရက ယခုလ ၁ ရက်မှစ၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့်ဗီယက်နမ်နိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာ(Tourist Visa On Arrival-TVOA)ကို စတင်ထုတ်ပေးမည်ဟုကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း မြန်မာနိုင်ငံသားများအတွက်မူ လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့်အခြားသော စီစဉ်ဆွေးနွေးမှုများ မပြီးပြတ်သေး သဖြင့် ဆိုက်ရောက်ဗီဇာစနစ်မစတင်နိုင်သေးကြောင်းသိရသည်။**

လက်ရှိကာလတွင် အိန္ဒိယသို့သွားရောက်သည့် မြန်မာနိုင်ငံသားများမှာ အိန္ဒိယသံရုံးနှင့် ကောင်စစ်ဝန်ရုံးများတွင် ယခင်လုပ်ထုံးလုပ်နည်းအတိုင်း ဗီဇာများကြိုတင်ရယူရန် လိုအပ်ပြီး ဆိုက်ရောက်ဗီဇာစနစ်စတင်နိုင်မည့် အချိန်ကာလကို သံရုံးမှ ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးက သတင်းထုတ်ပြန်သည်။

ဆိုက်ရောက်ဗီဇာကို အိန္ဒိယနိုင်ငံသို့ အလည်အပတ်သွားရောက်သူများနှင့် အများဆုံးရက် ၃၀ခန့် ကာလတိုနေထိုင်မည့်သူများကိုသာ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဒေလီ၊ မွန်ဘိုင်း၊ ချန်နိုင်းနှင့် ကိုးလ်ကတ္တားလေဆိပ်များတွင် ဆိုက်ရောက်ဗီဇာများထုတ်ပေးမည်ဖြစ်ပြီး ၂၀၀၉ ခုနှစ်ဇန်နဝါရီလကတည်းက ဖင်လန်၊ ဂျပန်၊ နယူးဇီလန်၊ စင်ကာပူနှင့် လက်ဆပ်ဘော့ဂ်နိုင်ငံများအတွက် ဆိုက်ရောက်ဗီဇာစနစ်စတင်ခဲ့ကြောင်း သိရသည်။

# တရုတ်နှစ်ကူးနီးလာ၍ နယ်စပ်အရောင်းအဝယ် ပြန်လည်လှုပ်ရှားလာ

ပြည်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ - ၁၃

တရုတ်နှစ်သစ်ကူး နီးကပ်လာသည့်အတွက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် အရောင်းအဝယ်အေးနေရာမှ ပြန်လည်လှုပ်ရှားလာကြောင်း မူဆယ် ၁၀၅ မိုင်ရှိ ကုန်သည်များထံမှ သတင်းရရှိသည်။

လက်ရှိအချိန်၌ တရုတ်-မြန်မာနယ်စပ် မူဆယ်ဈေးကွက်သို့ ကုန်စည်ဝင်ရောက်မှုသည် ပြောင်း၊ နှမ်းနက်နှင့် ဖရဲတို့ အဓိကများနေပြီး ပဲတီစိမ်းနှင့် အခြားကုန်စည်များမှာ ပုံမှန်နီးပါးရှိကြောင်း မူဆယ်မှ ကုန်သည်တစ်ဦးက ရှင်းပြသည်။

ထို့အပြင် ပြောင်းနှင့် နှမ်းနက်တို့မှာ ဈေးနှုန်းအနည်းငယ်မြင့်တက်နေပြီး ပြောင်းတစ်အိတ်လျှင် ၉၀ ဒသမ ၅ ယွမ်ရှိကြောင်းနှင့် နှမ်းနက်မှာ လက်ရှိအချိန်တွင် ၁ ကီလိုလျှင် ၁၂ယွမ် ဝန်းကျင်ရှိကြောင်း၊ ဖရဲမှာလည်း တရုတ်မှ အဆွဲများပြီး တစ်ကီလိုဂရမ်ကို ၃ယွမ်ထိ ဈေးရနေကြောင်း သိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**တရုတ်နှစ်ကူးကာလ နဂါးအကအဖွဲ့ ကပြနေစဉ်။**

"တရုတ်နှစ်သစ်ကူးနီးပေမယ့် ဇန်နဝါရီ ပထမပတ်ထိအရောင်းအဝယ်ကအေးနေတယ်။ အရောင်းအဝယ် ပြန်သွက်လာတာ ၂ ရက်၊ ၃ ရက်လောက်ပဲ ရှိသေးတယ်" ဟု အထက်ပါကုန်သည်က ပြောသည်။

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်များအား လိုင်စင်ဟောင်းများသာ အဓိကတင်သွင်းနေပြီး လိုင်စင် အသစ်ဖြင့် တင်သွင်းမှု အနည်းငယ်သာ ရှိသေးကြောင်း၊ ပြည်တွင်းကုန်စည်ပို့ဆောင်စရိတ်များ မြင့်တက်မှုကလည်း ပို့ကုန်သမားများသာမက သွင်းကုန်သမားများပါ အခက်ခဲဖြစ်ခဲ့ကြောင်းသိရသည်။

တရုတ်-မြန်မာနယ်စပ်မှ ပြည်တွင်းသို့ ကုန်စည်ပို့ဆောင်ခသည် ယခုရက်ပိုင်းတွင် ၂ ဆ ကျော်မြင့်တက်ခဲ့သည်။ ယခင်မူဆယ်မှ မန္တလေးသို့ ကုန်စည်ပို့ဆောင်ခမှာ တစ်ပိဿာ ၇၀ ကျပ်သာရှိရာမှ ယခုအခါ ၁၅၀ ကျပ်ထိ ဈေးမြင့်လာသည်။ ယင်းကဲ့သို့ ကုန်စည်ပို့ဆောင်ခများ ဈေးတက်ပြီး တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းမှုက ပို့ကုန်သမားများကို အခက်အခဲဖြစ်စေသည်။ လက်ရှိတရုတ်-မြန်မာငွေလဲနှုန်းသည် မြန်မာကျပ်ငွေ ၁,၀၀၀လျှင် တရုတ်ယွမ်ငွေ ၇ ဒသမ ၅ မှ ၇ ဒသမ ၈ ယွမ်ကြားရှိကြောင်း သိရသည်။

စာ(၁၂)သို့

# လူကုန်ကူးခံရသူအား သိမ်းဆည်းထားသော ပြည်သူ့ဘဏ္ဍာထဲမှပထမဆုံးအကြိမ်နစ်နာကြေးပေးအပ်

အိဖြူလွင်

ရန်ကုန်၊ ဇန်နဝါရီ - ၁၃

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရလူကုန်ကူးမှုခံရသူအားအမှုမှပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသောငွေကြေး၊ပစ္စည်းများကိုနစ်နာကြေးအဖြစ် ပထမဆုံး ပေးအပ်ခဲ့သော အမှုဖြစ်စဉ်တစ်ခုရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်ပွားပုံမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ဟိုမော်ရွာသားဦးဆံကောနှင့်ဇနီး မနန်းလီတို့သည် အသက် ၁၃ နှစ်နှင့် ၁၅ နှစ်သာရှိသေးသော အရွယ်မရောက်သေးသူ မိန်းကလေးငယ် နှစ်ဦးကို သီပေါမြို့ ဟိုခိုရွာနေ မခမ်းဘောင်ထံကျပ် ၂၄ သိန်းဖြင့် ရောင်းစားခဲ့သည်။

မခမ်းဘောင်က တရုတ်နယ်စပ်ကျေးရွာ ဟူကျင့်၌ မိန်းကလေးငယ် ၂ ဦးအား ထပ်ဆင့်ရောင်းရန် စီစဉ်နေစဉ် တရုတ်ရဲတပ်ဖွဲ့ကဖမ်းဆီးမိခဲ့ပြီး လူကုန်ကူးခံရသူ အမျိုးသမီးငယ်နှစ်ဦးအား မြန်မာနိုင်ငံရဲ တပ်ဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ အမှုကို ကျောက်မဲခရိုင်တရားရုံးက စစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံဦးဆံကောကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၂ နှစ်၊ ဇနီးမနန်းလီကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်၊ မခမ်းဘောင်ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၂နှစ် အသီးသီးကျခံရန် ၂၀၁၀ ခုနှစ် ဇူလိုင်လက အမိန့်ချမှတ်ခဲ့သည်။

တရားခံများထံမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းထားသော ငွေကျပ်၁၅၆,၀၀၀ တန်ဖိုးရှိ ရွှေထည်များကို နစ်နာသူလူကုန် ကူးခံရသူ အမျိုးသမီးများအား ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်ဟု သိရသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ ပုဒ်မ ၃၃အရ နစ်နာသည့် လူကုန်ကူးခံရသူများအား အမှုတွင်ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးပစ္စည်းများမှ နစ်နာကြေးပေးနိုင်ကြောင်း ပြဋ္ဌာန်းချက်အရ ယခုဖြစ်ပွားသော အမှုမှာ လူကုန်ကူးခံရသူများအား ပထမဆုံးအကြိမ်အဖြစ် နစ်နာကြေးငွေပေးအပ်ခဲ့သည့် အမှုဖြစ်သည်။

## Crime Corner

### အိမ်အကူ အမျိုးသမီးငယ်အား နှိပ်စက်သူနှင့် ဖုံးကွယ်ပေးသူကို အရေးယူ

ကျော်သီဟ

ရန်ကုန်၊ ဇန်နဝါရီ - ၁၀

အိမ်အကူ ၁၄ နှစ်အရွယ် အမျိုးသမီးငယ်အား နှိပ်စက်သူ အိမ်ရှင်နှင့်ဖုံးကွယ်ဝှက်ထားပေးသူကို သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

အိမ်အကူ ၁၄နှစ်အရွယ် အမျိုးသမီးငယ်အား ရန်ကုန်မြို့ရှိ နေအိမ်ရှင်တစ်ဦးက နှိပ်စက်ခြင်းကြောင့် ဦးခေါင်း၊ မျက်နှာ၊ ခန္ဓာကိုယ်တွင် ရေနွေးပူဒဏ်ရာနှင့် ပေါက်ပြဲဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာများ ရရှိခဲ့သော အိမ်အကူအမျိုးသမီးငယ်အား သာကေတရှိ အိမ်တစ်အိမ်တွင် ဧည့်စာရင်းမတိုင်ဘဲ ဖုံးကွယ်ပြီး လက်ခံထားခဲ့သည်။ ထိုသို့ဝှက်ထားမှုကို သက်ဆိုင်ရာမှ ဧည့်စာရင်းဝင်ရောက်စစ်ဆေးစဉ်တွေ့ရှိခဲ့၍ စုံစမ်းစစ်ဆေးခဲ့ရာ အထက်ပါဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

ထိုကဲ့သို့ ပြုလုပ်မှုအပေါ် ရယက ဥက္ကဋ္ဌမှ အမှတ် (၁) ရဲစခန်း၊ သာကေတမြို့နယ်တွင် တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ (ပ) ၅၆၇/၁၀၊ ပုဒ်မ ၃၂၅/၃၂၆ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

### မိတ္ထီလာတွင် ကျပ်သန်းတစ်ထောင်ကျော် တန်ဖိုးရှိသော စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

အိဖြူလွင်

ရန်ကုန်၊ ဇန်နဝါရီ - ၁၃


မိတ္ထီလာမြို့ ရှမ်းတဲကျေးရွာရှိ အိမ်တစ်အိမ်သို့ ဝင်ရောက်ရှာဖွေရာမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားအရေအတွက် နှစ်သိန်းခုနစ်သောင်း (တန်ဖိုးကျပ်သန်းတစ်ထောင်ကျော်)ရှိဆေးပြားများကို သိမ်းဆည်းရမိခဲ့သည်ဟု သိရသည်။

မန္တလေးမူးယစ်(တောင်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မိတ္ထီလာမြို့ ရှမ်းတဲကျေးရွာရှိ နေအိမ်တစ်အိမ်အနီးတွင် စောင့်ဆိုင်းနေစဉ် လိုက်ထရပ်ယာဉ်ပေါ်မှ သဘော်ဆေးပုံးသုံးပုံးအတွင်း သယ်ဆောင်လာသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းငါးသောင်းနှင့် ငွေကျပ် ၁၇သိန်း၊ ဖုန်းနှစ်လုံးတို့ကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက ဖမ်းဆီးရမိခဲ့သည်ဟု သိရသည်။

ရှမ်းတဲကျေးရွာရှိ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွဆေးပြားနှစ်သောင်းကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် မိတ္ထီလာအမှတ် ၂ ရဲစခန်းတွင် မယ(ပ) ၂/၂၀၁၀၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်ချက်များအရ ဆေးပြားလက်ခံမည့်သူများသည် မန္တလေးမြို့ရှိ ဟိုတယ်တစ်ခုတွင် တည်းခိုနေကြောင်း သိရ၍ ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှစ်ဦးနှင့်အတူ ဆေးပြား ၁၂၀၀ပြား၊ ဂျီအက်စ်အမ်ဖုန်းတစ်လုံး၊ မြန်မာငွေကျပ်ငါးသောင်းကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော စိတ်ကြွဆေးပြားများမှာ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့နေသူတစ်ဦး၏ ပစ္စည်းများဖြစ်ကြောင်း သိရ၍ အဆိုပါတရုတ်နိုင်ငံတွင်နေထိုင်သူအား ဒီဇင်ဘာ ၃၀ ရက်တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။




TRI
LIVES BRILLIANTLY


Giorenzo
COLLECTION
Men's & Ladies' Wears
WINTER FASHION
THE QUALITY OF DREAM

7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# အလုပြင်ဆိုင်အမည်ခံ အနှိပ်ခန်းအား ဖမ်းဆီး

ကျော်ဇေယျ

နေပြည်တော်၊ ဇန်နဝါရီ -၁၁

နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်း ၁၈လမ်းအတွင်းရှိ အလုပြင်ဆိုင်အမည်ခံပြီး အနှိပ်ခန်းဖွင့်လှစ်သည့် ဆိုင်တစ်ဆိုင်အား ဇန်နဝါရီ ၆ရက် ည ၁၀း၁၅နာရီအချိန်ခန့်က သက်ဆိုင်ရာ ရဲတပ် ဖွဲ့နှင့် ပူးပေါင်းအဖွဲ့မှ ဖမ်းဆီးအရေးယူခဲ့ကြောင်း သတင်းရရှိသည်။

ပေါင်းလောင်း ၁၈ လမ်းအတွင်းရှိ အဆိုပါအနှိပ်ခန်းအား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် လာရောက်အနှိပ်ခံသော အမျိုးသားနှစ်ဦးအား နှိပ်နယ်ပေးနေသူ အနှိပ်သမနှစ်ဦးနှင့် အနှိပ်ခံမည့် ဧည့်သည်များအား စောင့်ဆိုင်းသော အမျိုးသမီးအနှိပ်သမ ၅ဦး၊ ဆိုင်ရှင်တစ်ဦးနှင့် သက်သေခံအထောက်အထားပစ္စည်းများ၊ အနှိပ်ခန်းဖွင့်လှစ်ရာမှ ရရှိသည်ဟုဆိုသောငွေကြေး ၂၆၅၆၀၀ ကျပ်တို့ကိုပါ တွေ့ရှိကာ ဖမ်းဆီးအရေးယူခဲ့ရကြောင်း ရဲမှတ်တမ်းများအရသိရှိရသည်။

ယခု ဖမ်းဆီးရမိသော ဆိုင်မှ သက်ဆိုင်သူအနှိပ်သမများ၏ ထွက်ဆိုချက်အရ ဝန်ဆောင်မှုကြေးမှာ တစ်ချိန်လျှင် ၅၀၀၀ကျပ် သတ်မှတ်ထားပြီး ယင်းငွေကြေးပမာဏမှ အနှိပ်သမများမှာ တစ်ချိန်လျှင် ၁၀၀၀ကျပ်သာရရှိပြီး ကျန်ငွေကို ဆိုင်ရှင်ဖြစ်သူကရယူကြောင်း သိရသည်။ အဆိုပါအမှုနှင့်ပတ်သက်၍ နေပြည်တော် ပျဉ်းမနားရဲစခန်းမှ သေးမှုအမှတ်၁/၂၀၁၁ ပုဒ်မ ၁၈၈အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

# သီရိမင်္ဂလာဈေးသစ် သန့်စင်ခန်းဝင်ကြေး ဈေးဟောင်းသန့်စင်ခန်းထက် ငါးဆပိုများ

**အောင်သူရ၊ သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဇန်နဝါရီ - ၁၄

သီရိမင်္ဂလာဈေးသစ်တွင် သန့်စင်ခန်းဝင်ကြေးမှာ ယခင်ဈေးဟောင်းရှိသန့်စင်ခန်း ဝင်ကြေးထက် ငါးဆများနေကြောင်း သတင်းရရှိသည်။

“ဈေးဟောင်းတုန်းက တစ်ခါသွားရင် ၂၀ ကျပ်၊ အကြွေမရှိရင် ၃၀ ကျပ်။ ဒီဈေးသစ်မှာ တစ်ခါသွားရင် ၁၀၀ ကျပ်ပေးရတယ်” ဟု အဆိုပါဈေးတွင် ဈေးရောင်းချနေသော ဈေးသူဈေးသားများကပြောသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် အသစ်ဖွင့်လှစ်သော ဈေးသစ်၏ သန့်စင်ခန်းများမှာ ဈေးဟောင်းရှိ သန့်စင်ခန်းများထက် ထူး၍ မကောင်းဘဲ ဈေးသစ်ရှိ သန့်စင်ခန်းသို့သွားသည့်လမ်းမှာ ယခင်ဈေးရှိ သန့်စင်ခန်းသို့ သွားသည့်လမ်းထက်ပိုဆိုးကြောင်း ဈေးသူဈေးသားများက ပြောသည်။

ထို့အပြင် ဈေးဟောင်း၌ ရေတစ်ကြိမ်ချိုးလျှင် ကျပ် ၁၀၀ သာပေးရသော်လည်း ယခုဈေးသစ်၌ ရေတစ်ကြိမ်ချိုးလျှင် ကျပ် ၃၀၀ သတ်မှတ်ထားသည်။

“အပေ့ါအပါးသွားတဲ့ စရိတ်ရယ် ရေချိုးခန်းသွားတဲ့စရိတ်နဲ့ ပေါင်းရင် တစ်နေ့ကို ၆၀၀၊ ၇၀၀ ကျပ်လောက်ရှိတယ်။ ဈေးကဖွင့်ခါစဆိုတော့ အလုပ်က သိပ်မကောင်းသေးဘူး” ဟုအဆိုပါဈေးရှိအထမ်းသမားတစ်ဦးက ပြောသည်။

ထို့ကြောင့် လုပ်သားအများစုမှာ နီးစပ်ရာ အနီးအနားများသို့သာ သွားရောက်ကြသူ ပေါများပြီး အမျိုးသမီးတစ်ဦး မကြာသေးခင်က မြွေကိုက်ခံခဲ့ရကြောင်း သိရှိရသည်။

အခြားသော လူစည်ကားရာ လှည်းတန်းဈေးနှင့် ညောင်ပင်လေးဈေးတို့၏ အိမ်သာအသုံးပြုခမှာ တစ်ကြိမ်လျှင် ကျပ် ၅၀ သာပေးရကြောင်း သတင်းရရှိသည်။

သင့်အတွက် အခွင့်အလမ်း

7 Day News ဂျာနယ်တွင်တာဝန်ထမ်းဆောင်ရန်

**Researcher** (သတင်းအချက်အလက်များရှာဖွေစုဆောင်း၊ တိုက်ဆိုင်စစ်ဆေးရန်) တစ်ဦးအလိုရှိသည်။

# ပို့ဆောင်ရေးကဏ္ဍမှထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချရန် ဆွေးနွေး

အိဖြူမွန်

ရန်ကုန်၊ ဇန်နဝါရီ -၁၄

**အာဆီယံ - ဂျပန် ပူးပေါင်း၍ ပို့ဆောင်ရေးကဏ္ဍမှ ထွက်ရှိလာသော ကမ္ဘာကြီးပူနွေးမှုဖြစ်ပေါ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လျှော့ချခြင်းဆိုင်ရာနည်းလမ်းများကို မြန်မာနိုင်ငံရှိ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန် နိုင်ငံတို့ ပူးပေါင်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**



ယင်းဆွေးနွေးပွဲကို ယခုလ ၁၄ ရက်မှ စတင်ကာ ကုန်သည်ကြီးများ ဟိုတယ်တွင် တစ်ရက်ခွဲကြာ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသော သက်ဆိုင်ရာဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။ ဂျပန်နိုင်ငံမှ International Cooperation Policy Planning, Ministry of Land, Infrastructure, Transport and Tourism(MLIT) တွင် တာဝန်ထမ်းဆောင်နေကြသော အကြီးတန်းအရာရှိကြီးများနှင့် ပညာရှင်များ တက်ရောက်ကြသည်။

ဂျပန်နိုင်ငံ ပို့ဆောင်ကဏ္ဍမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို တိုင်းတာခြင်းနှင့် လျှော့ချခြင်းဆိုင်ရာ နည်းပညာများ၊ ကိုပင်ဟေဂင် ညီလာခံမှ ဖွံ့ဖြိုးပြီး နိုင်ငံများအတွက် ထွက်ပေါ်လာသော Nationally Appropriate Mitigation Actions (NAMA) အကြောင်း၊ ယင်း (NAMA) အားထောက်ပံ့ရန် UNFCCC (United Nation Furwork Convention Climate Change) က ၂၀၂၀ ခုနှစ်အထိ ဘီလီယံ ၁၀၀ ရန်ပုံငွေထောက်ပံ့မည်ဖြစ်ကြောင်းကို Fujitsu Research Institute) Researcher, Mr.Narutoshi Sakano က ဆွေးနွေးပြောကြားခဲ့သည်။

“ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လျှော့ချဖို့ဆိုရင် သွားလာနေတဲ့ ခရီးသည်သုံးကားသေးလေးတွေအစား ဘတ်စ်ကားအကြီးစား တစ်စီးကို အစားထိုးအသုံးပြုနိုင်ရင် ကားအသေးလေးစီးက ထွက်ရှိလာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ထိန်းသိမ်းပြီးသား ဖြစ်သွားပါတယ်” ဟု Nibon တက္ကသိုလ်မှ ဒေါက်တာ Atsushi FUKUDA က ပို့ဆောင်ရေးကဏ္ဍမှ ထွက်ရှိလာသော ကာဗွန်တိုင်းတာခြင်း ခေါင်းစဉ်အား ဆွေးနွေးစဉ်တွင်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် NAPA (National Action Plan Adoptation) နိုင်ငံတော်အဆင့် လိုက်လျောညီထွေဆိုင်ရာ လုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှိသော်လည်း နိုင်ငံတော်အဆင့် ကမ္ဘာ့ပူနွေးမှုဆိုင်ရာအား လျှော့ချသည်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကပြောသည်။

ကမ္ဘာ့ရာသီပြောင်းလဲခြင်းဆိုင်ရာအဖွဲ့အစည်း UNFCCC က NAMA အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများကိုသာ ရန်ပုံငွေထောက်ပံ့ကူညီခြင်းဖြစ်သည်။ ၂၀၁၀ ခုနှစ် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာနေ့တွင် ထွက်ပေါ်သော အချက်အလက်များအရ ကမ္ဘာ့နိုင်ငံများမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှင့်မှုကြောင့် ကမ္ဘာ့လေထုထဲတွင် 390 PPM (Pat Per Million) ရှိကြောင်း သိရသည်။ ယင်းပမာဏသည် ကမ္ဘာကြီး ပူနွေးမှုကို ဖြစ်ပေါ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ 280 PPM မှ တဖြည်းဖြည်း မြင့်တက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက 350 PPM ကို ရောက်ရှိရန် ကြိုးစားနေကြသည်။

“ကမ္ဘာကြီးမှာ ရှိနေတဲ့ ကာဗွန်တွေက အခု လျှော့ချဖို့လုပ်နေဦးတော့ အရင်သုံးခဲ့တဲ့ ဓာတ်ငွေ့တွေ အနှစ်တစ်ရာအထိနေဦးမှာ။ ချက်ချင်းထလုပ်မယ်ဆိုရင်တောင် အရင်သုံးခဲ့တဲ့ ဓာတ်ငွေ့တွေက ရှိနေဦးမှာပဲ” ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများတွင် တက်ကြွပါဝင် လှုပ်ရှားနေသူ ဒေါ်ဒေဝီသန့်စင်က ပြောကြားသည်။

ယခုလက်ရှိ မြန်မာနိုင်ငံတွင် တိုင်းတာထားသော တိုင်းတာချက်များအရ စက်မှုလုပ်ငန်းများနှင့် ကားအစီးရေမြောက်မြားစွာရှိသော ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင်သာ ကာဗွန်ဒိုင်အောက်ဆိုက်များပြားမှုကို တွေ့ရကြောင်း လုပ်ငန်းခွင်ကျန်းမာရေး ဦးစီးဌာန၏ ကောက်ယူရရှိသော အချက်အလက်များအရ သိရသည်။

# UNDP မှ ဘိုကလေးမြို့နယ် ပျဉ်ဘိုးကြီးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှစ်ခုကို ဒေသခံများထံလွှဲပြောင်း

**အေးမြကျော်**

**ဘိုကလေး၊ ဇန်နဝါရီ -၁၄**

နာဂစ်မုန်တိုင်းသင့် ဒေသတစ်ခုဖြစ်သော ဘိုကလေးမြို့နယ်အတွင်းရှိ ပျဉ်ဘိုးကြီးရွာတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ နှစ်လုံးကို ဇန်နဝါရီ ၁၄ ရက်က တာဝန်ယူဆောက်လုပ်ပေးသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) နှင့် အလှူရှင် ဥရောပကော်မရှင်တို့မှ ဒေသခံများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၀၈ ခုနှစ် မေလ ၂ နှင့် ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၃၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသော ပျဉ်ဘိုးကြီး ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ခိုလှုံနိုင်မည့်မုန်တိုင်းဒဏ်ခံ သုံးထပ်အဆောက်အအုံနှစ်လုံးကို တစ်နှစ်ကြာတည်ဆောက်ခဲ့ကာ ပြီးစီးသည့်အတွက် ဇန်နဝါရီ ၁၄ ရက်က ဒေသခံများထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။



**မုန်တိုင်းဒဏ်ခံအဆောက်အအုံ လှူဒါန်းလွှဲပြောင်းပွဲမြင်ကွင်း။**
ဓာတ်ပုံ - အေးမြကျော်

လွှဲပြောင်းပေးအပ်ခဲ့သော မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို ဘက်စုံသုံးအဆောက်အအုံအဖြစ်သုံးပြီး ရွာ၏ အထက်တန်းကျောင်းအဖြစ် အသုံးပြုပါက များစွာသင့်တော်ကြောင်း UNDP ၏ ဌာနေကိုယ်စားလှယ်မစ္စတာ ဘစ်ရှောပါရာဂျူလီက လွှဲပြောင်းပေးအပ်သည့်နေ့တွင် အကြံပြုပြောကြားခဲ့သည်။

လွှဲပြောင်းပေးအပ်ခဲ့သော မုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံးသည် ဒိန်းမတ်နိုင်ငံ အစိုးရ၊ ဥရောပသမဂ္ဂနှင့် အခြားအလှူရှင်များ ပံ့ပိုးမှုဖြင့် ယူအမ်ဒီပီမှ ဘိုကလေးနှင့်လပွတ္တာမြို့နယ်များအတွင်း တည်ဆောက်ပေးထားသော မုန်တိုင်းဒဏ်ခံအဆောက်အအုံ ခုနစ်လုံးအနက်မှ နှစ်ခုဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.43 ▪ JANUARY 20, 2011

# ပြည်တွင်းကျောက်မျက်ရတနာဈေးကွက်တွင် ကျောက်စိမ်းကိုသာ အားထား

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ – ၁၄

**ယခုနှစ်၌ရန်ကုန် – မန္တလေးကျောက်မျက်ရတနာအရောင်းအဝယ်ဈေးကွက်တွင် ကျောက်စိမ်းကိုသာ အဓိကအရောင်းအဝယ်ပြုလုပ်လာကြောင်း ကျောက်မျက်ကုန်သည်အချို့က ပြောသည်။**

"ဒီနှစ် ကျောက်ဈေးကွက်က အစိမ်းပဲအရောင်းအဝယ်ဖြစ်တာများတယ်။ တချို့ဆို အနီတို့၊ အပြာတို့လုပ်ရာကနေ အစိမ်းဘက်ကို လှည့်လာကြတယ်" ဟု ဗိုလ်ချုပ်ဈေးအတွင်း၌ကျောက်အရောင်းအဝယ် ပြုလုပ်နေသော ကုန်သည်တစ်ဦးက ပြောသည်။

ယခုကဲ့သို့ ကျောက်စိမ်းဈေးကွက်တစ်ခုသာ အရောင်းအဝယ်များစွာဖြစ်နေခြင်းမှာ တရုတ်နိုင်ငံဘက်မှ ကုန်သည်အများစုမှာ ကျောက်စိမ်းဝယ်ယူမှု များလာခြင်းကြောင့်ဖြစ်သည်ဟု ၎င်းက ပြောသည်။

ထိုကြောင့် ကျောက်စိမ်းဈေးနှုန်းအပါအဝင် ကျောက်မျက်ရတနာများ၏ ဈေးနှုန်းမှာ ပြီးခဲ့သည့် ၂ နှစ်ကျော် ကာလနှင့် ယှဉ်လျှင် ထက်ဝက်နီးပါး မြင့်တက်လာခဲ့ကြောင်း သိရသည်။

"ကျောက်ဈေးတွေက အရင်ငါးသိန်းတန်တဲ့ ကျောက်က အခုဆို ကိုးသိန်းလောက်ထိ ဈေးပေါက်တာတွေရှိတယ်"ဟု ရွှေဘုံသာလမ်းမှ ကျောက်ပွဲစားတစ်ဦးက ပြောသည်။ သို့သော် ကျောက်မျက်ရတနာဈေးကွက် တစ်ခုလုံးကို ခြုံကြည့်ပါက အရောင်းအဝယ်ပါးသည်ဟု ဆိုနိုင်ကြောင်း ကျောက်ကုန်သည်များကပြောသည်။

"ကျောက်က ဒေါ်လာဈေးကျတော့ ဆိုင်သမားတွေက သိပ်မဝယ်ဘူး။ ဧည့်သည်တွေ ပေးတဲ့ဈေးက အရင်အတိုင်းပဲဆိုတော့ မြန်မာငွေဆိုနည်းနေလို့ ဆိုင်သမားတွေက အဝယ်နည်းတာ"ဟု ကျောက်ပွဲစားတစ်ဦးက သုံးသပ်ပြောသည်။

ကျောက်စိမ်းအရောင်းအဝယ်မှာ ရန်ကုန်ထက် မန္တလေးဘက်၌ အရောင်းအဝယ်ပိုကောင်းနေသည်ဟုလည်း ၎င်းတို့က ပြောသည်။



ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်သော ကျောက်စိမ်းအများစုမှာ မန္တလေးမှဖြစ်ပြီး ဖားကန့်မှ တိုက်ရိုက်ဝင်သော ကျောက်များလည်းရှိကြောင်း ကျောက်ကုန်သည်များက ပြောသည်။



# နယ်စပ်မှ ကြက်သွန်နီမှောင်ခိုမတင်ပို့ရန် ကြက်သွန်ပွဲရုံပိုင်ရှင်များအား အသိပေး

အားမာန်

ရန်ကုန်၊ ဇန်နဝါရီ – ၁၂

ကြက်သွန်နီဈေးကောင်းလာ၍ ဘုရင့်နောင်ပွဲရုံတန်းရှိ ကြက်သွန်နီပွဲရုံများအား နယ်စပ်မှတစ်ဆင့် ပြည်ပသို့ တရားမဝင်တင်ပို့မှု မပြုကြရန် သက်ဆိုင်ရာက အသိပေးခဲ့ကြောင်း သတင်းရရှိသည်။

ကြက်သွန်နီဈေးမှာ ဘုရင့်နောင်ဈေးကွက်တွင် ဇန်နဝါရီ ၁ ရက်က တစ်ပိဿာလျှင် ၇၀၀ကျပ်မှ ၁,၁၀၀ကျပ်အတွင်း အစားစားရှိခဲ့သော်လည်း ဇန်နဝါရီ ၁၀ရက်တွင် ၁,၇၀၀ကျပ်မှ ၂,၀၀၀ ကျပ်အထိရက်ပိုင်းအတွင်း ဈေးသိသိသာသာတက်လာသည်။ ထိုသို့ဈေးရုတ်တရက်တက်လာခြင်းမှာ ကြက်သွန်နီပွဲရုံပိုင်ရှင်အချို့က ပြည်ပသို့နယ်စပ်မှတစ်ဆင့် တရားမဝင်တင်ပို့မှုကြောင့်ဆိုကာ ကြက်သွန်နီပွဲရုံများမှ တာဝန်ရှိသူများကို နယ်စပ်မှတစ်ဆင့် ပြည်ပသို့ တရားမဝင်မတင်ပို့ကြရန် ထိုသို့အသိပေးခဲ့ခြင်းဖြစ်သည်။


အမှန်တွင် ကြက်သွန်နီဈေးကောင်းလာခြင်းမှာလည်း နှစ်ဆက်အရှုံးပေါ်နေသောတောင်သူများက မိုးကြက်သွန်စိုက်ပျိုးမှုနည်းပါး၍ အထွက်လျော့ခြင်း၊ ပြည်ပမှ ဝယ်လိုအားမြင့်တက်လာကာ နယ်စပ်မှ တင်ပို့မှုများရှိခြင်း၊ သယ်ယူပို့ဆောင်စရိတ်အပါအဝင် အထွေထွေစရိတ်ကြီးမြင့်ခြင်းစသောအကြောင်းများကြောင့်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။


"ကြက်သွန်နီဈေးကျအောင် လုပ်ပေးသလိုအခြားကုန်စည်တွေကိုလည်းဈေးကျအောင်လုပ်ပေးရင်တော့ကောင်းပါတယ်"ဟု ကြက်သွန်နီဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောသည်။ အခြားသော မီးဖိုချောင်သုံးအဓိကစားကုန်ဖြစ်သော ကြက်သွန်ဖြူမှာ လက်ကားဈေး တစ်ပိဿာ၄၃၀၀ကျပ်ဝန်းကျင်ရှိသည်။ သို့သော် ကြက်သွန်ဖြူကိုမူ ကြက်သွန်နီကဲ့သို့ ဈေးကျအောင်ဆောင်ရွက်ခြင်းမရှိပေ။

နောက်ဆုံးရရှိသော သတင်းများအရ ဈေးကောင်းလာ၍ ဘုရင့်နောင်ကုန်အဝင်များလာခြင်း၊ ပွဲရုံပိုင်ရှင်များကအခြေအနေကို စောင့်ကြည့်နေခြင်း၊ အရည်အသွေးညံ့ကုန်များဝင်ရောက်လာခြင်းစသောအကြောင်းများကြောင့် ဈေးမှာ ပြန်ကျသွားပြီး ဇန်နဝါရီ ၁၂ ရက်တွင် ကြက်သွန်နီတစ်ပိဿာလျှင်လက်ကားဈေး ၁,၄၀၀ ကျပ် ဝန်းကျင်သာရှိတော့သည်။









# ပွင့်ပုံဆန်းသည့် သံလွင်မြစ်ကမ်းပေါ်က ရာမည သဇင်ခက်များ

မောင်သာချို

(တစ်)

အခုတစ်ခါ ရာမညဒေသမှာ သဇင်ပန်းတွေ ပွင့်ဝေပုံက တော်တော့်ကိုပဲ စွင့်စွင့်ကားကား နိုင်လွန်းလှပါသည်။ တကယ့်ကို ဖွေးဖွေးလှုပ်လှုပ်။ သမိုင်းအဆက်ဆက် ရာဇဝင်အသွယ်သွယ် ဘယ်ခေတ်၊ ဘယ်နေရာမှာမှ မကျင်းပဖူးသော စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကြီးကို ငါးညဆက်တိုက် ကျင်းပထည့်လိုက်ရာ သံလွင်မြစ်အရှေ့ဘက်ကမ်းပါးစပ်မှာ မားမားကြီး ရပ်နေသည့် မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်ဒေသ ရာမညတစ်ခွင်လုံး၌ သဇင်ပန်းတွေ ဖွေးခနဲ ဖွေးခနဲ ဖြစ်သွားပါလေတော့သည်။

တကယ်တော့ ကျွန်တော်တို့ ချစ်မြတ်နိုးရာ အမိမြန်မာပြည်၏ မြေပြင်ပေါ်မှာ စာဆိုတော်နေ့ဟူ၍ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးရှိလာခဲ့ပါပြီ။ မှတ်မှတ်ရရ စာဆိုတော်နေ့စတင်ခဲ့သည်မှာ ခရစ်နှစ် ၁၉၄၄ ခု ဇန်နဝါရီ ဂျပန်ခေတ်ကြီး။ မြန်မာနှစ်က ၁၃၀၆ ခုနှစ် ကဆုန်လဆုတ် ၁၂ ရက်။ ထိုနေ့က ရန်ကုန်မြို့ ကျောက်မြောင်းရပ် ဗျိုင်းရေအိုးစင်လမ်းရှိ ပညာရေးဝန်ကြီးဦးလှမင်း၏ ရုံးခန်း၌ စာဆိုတော်နေ့သတ်မှတ်ကျင်းပရန် အစည်းအဝေးကျင်းပခဲ့ကြခြင်းဖြစ်ပါသည်။

အစည်းအဝေး တက်ရောက်သူတွေက ထိတ်ထိတ်ကြဲတွေ။ ဒီးဒုတ်ဦးဘချို၊ သူကြီးဂေဇက်ဦးခင်မောင်၊ ဦးသိန်းဟန်၊ ဦးကောင်း၊ သူရိယ ဦးသိမ်းမောင်၊ ဇဝန၊ မြို့မဆရာဟိန်၊ ဂျာနယ်ကျော်ဦးချစ်မောင်နှင့် ပညာရေးဝန်ကြီးဦးလှမင်း။ သည်အစည်းအဝေးမှာ စာဆိုတော်နေ့အဖြစ် နတ်တော်လဆန်း ၁ ရက်နေ့ကို သတ်မှတ်ပေးပါရန် တင်ပြသူက ဂျာနယ်ကျော်ဦးချစ်မောင်ဖြစ်ပါသည်။ ထို့ပြင် စာဆိုတော်နေ့ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးပါရန် အဆိုတင်သွင်းသူက သတင်းစာဆရာကြီးသူရိယ ဦးသိမ်းမောင်။ ဒါကို အတည်ပြုပေးလိုက်သူက ထိုခေတ်၏ အဓိပတိ ဒေါက်တာဘမော်။ သို့ဖြင့် ခရစ်နှစ် ၁၉၄၄ မြန်မာနှစ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စာဆိုတော်နေ့ဖြစ်လာရခြင်း ဖြစ်ပါသည်။

သည်တုန်းက နိုင်ငံတော်အစိုးရက စာဆိုတော်နေ့ကျင်းပရန် ငွေတစ်သောင်းခွဲ ထောက်ပံ့ခဲ့သည်ဟုဆိုပါသည်။ ပထမဦးဆုံး စာဆိုတော်နေ့ ကျင်းပသောအခါ စလေဦးပုည၏ ဝိဇယပြဇာတ်ကို စာရေးဆရာများကိုယ်တိုင် ခင်းကျင်းကပြခဲ့ကြောင်းလည်း မှတ်သားရပါသည်။ သို့ဖြင့် နောက်ပိုင်းတွင်ကား နတ်တော်လဆန်း ၁ ရက်ကို ဗဟိုပြုကာ မြောက်လေနိုး၍ သဇင်သင်းသည့် ရက်များထဲ၌ မြန်မာနိုင်ငံ အနှံ့အပြားတွင် စာပေဟောပြောပွဲတွေ ကျင်းပလာလိုက်ကြသည်မှာ ခြိမ့်ခြိမ့်သဲသဲပင် ဖြစ်ပါသည်။

(နှစ်)

စာပေဟောပြောပွဲ စင်မြင့်များပေါ်သို့ မကြာခဏ ဆိုသလို ကျွန်တော် ရောက်ရောက်သွားတတ်ပါသည်။ မြန်မာနိုင်ငံမြောက်ဘက်အဖျားက မေခ၊ မလိခတို့ ဆုံတွေ့ရာ တစ်ဝိုက်ရှိ မြောက်ဘက်တောင်ကုန်းဒေသသို့ ကျွန်တော်ရောက်ဖူးပါသည်။ လိမ္မော်ခင်းတွေထဲမှာ နှင်းတွေနှင့် အေးခဲနေသော ကမ္ဘောဇ ရှမ်းတောင်တန်းကြီးများပေါ်သို့လည်း ကျွန်တော်ရောက်ဖူးပါသည်။ ရခိုင်ရိုးမကြီး၏ ပွတ်ကာသီကာ ရွာများ၊ မြို့များ၊ ပဲခူးရိုးမတစ် လျှောက်က နိမ့်ချည်မြင့်ချည်ရွာများ၊ မြို့များ၊ ရခိုင်ရိုးမ၏အနောက်ဘက်ကမ်းစပ် ဘင်္ဂလားပင်လယ်အော်ထဲက လှိုင်းတွေ တဖျတ်ဖျတ် လာရောက်ရိုက်ခတ်ရာ ရွာများ၊ မြို့များ၊ တက္ကသိုလ်၊ ကောလိပ် သိပ္ပံကျောင်းတော်ကြီးတို့၏ ခန်းမကျယ်ကြီးများ။ အော် . . . ရေတွက်၍ မဆုံးနိုင်ပါလေတော့။

အခု မွန်ပြည်နယ် ရာမည။ မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စာပေမြတ်နိုးသူတို့ စုပေါင်းကျင်းပသည့်ပွဲ။ ၂၀၁၀ ဒီဇင်ဘာ ၂၈ မှသည် ၂၀၁၁ ဇန်နဝါရီ ၁ ရက်အထိ ၅ ရက်တိတိ ကျင်းပသည့်ပွဲ။ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ကျွန်တော့်လက်ထဲသို့ လက်ကမ်းကြော်ငြာစာအုပ်ကလေး ရောက်လာခါစက စနစ်တကျချုပ်လုပ်ထားသည့် စာအုပ်ကလေးကို ကြည့်ကာ ကြည်နူးသွားမိသော်လည်း ရှည်လျားလှသော ပွဲစဉ်ရက်ကြီးကြောင့် လွယ်မှ လွယ်ပါ့မလားဟု စိုးရိမ်သွားမိတာကတော့ အမှန်ပဲ ဖြစ်ပါသည်။ ကျွန်တော်တို့က ရုပ်ရှင်မင်းသား၊ မင်းသမီးတွေမဟုတ်။ ထို့အပြင် အဆိုတော်တွေလည်း မဟုတ်။ ဆိုင်းမပါ ဗုံမပါဘဲနှင့် အခြောက်တိုက်ရပ်စကားပြောနေကြတာကို ၅ ညတိတိကြီး ထိုင်နားထောင်နေဖို့ ဆိုတာကြီးက။

ဒီဇင်ဘာ ၂၈ မှာက ဦးဘုန်း (ဓာတု)၊ ကျော်ရင်မြင့်၊ လှထွန်း။

ဒီဇင်ဘာ ၃၀ မှာက မြနှောင်းညို၊ အတ္တကျော်၊ ဂျူး။

ဒီဇင်ဘာ ၃၁ မှာက မောင်သာချို၊ ကြည်မင်း၊ ကိုတာ။

ဇန်နဝါရီ ၁ မှာက ချစ်ဦးညို၊ ဖေမြင့်၊ အော်ပီကျယ်။

သည်စာရေးဆရာတွေ အားလုံးကိုယ့်ရက်နှင့် ကိုယ် ဟောပြောကြလေသောအခါ ပျက်ကွက်သူ ဆရာမ မြနှောင်းညိုမှ တစ်ပါးတက်ညီ လက်ညီ ဟောပြောခဲ့ကြသည်သာမက ရာမည ပရိသတ်ကလည်း မဟာမြိုင်ပရိယတ္တိစာသင်တိုက်ကြီး၏ ကွင်းပြင်ကြီးထဲတွင် ထိုင်ခုံတွေပြည့်လျှံသွားပြီးသည့်နောက် မြက်ခင်းပြင်တွေပေါ်မှာပါ မိုးရေကာဖျင်ကြီးတွေ ခင်းပြီး ထိုင်ကြရသည်အထိ ဖွေးဖွေး လှုပ်လှုပ်ဖြစ်၍ သွားပါတော့သည်။

စာ(၁၁)သို့

## တစ်သက်တာ မမေ့နိုင်စရာ အချိန်တွေကို အမှတ်ရစေဖို့ နာရီလှလှတွေ ရွေးဝယ်နိုင်မယ့်နေရာ

အိဖြူလွင်

နှစ်သစ်မှာ သင်တန်ဖိုးထားရသူတွေကို ဘယ်လိုလက်ဆောင်မွန်များပေးပြီးပါပြီလဲ။

မပေးရသေးဘူး ဆိုရင်တော့ သူနှစ်သက်မယ့် လက်ဆောင်လေးပေးဖို့ ဈေးဝယ်ထွက်ကြည့်ကြရအောင်ပါ။

အရာရာတိုင်းကို သူနဲ့ကိုက်ညီအောင်လုပ်ရလေ့ရှိတဲ့ အရေးကြီးဆုံးနဲ့ ဘယ်တော့မှ ပြန်မရနိုင်တဲ့အရာဆိုတဲ့ 'အချိန်'ကို သိရှိနိုင်မယ့် နာရီလှလှလေးတွေပါ။

အလုပ်စားပွဲမှာဖြစ်ဖြစ်၊ နေအိမ်ဧည့်ခန်းမှာဖြစ်ဖြစ်၊ အိပ်ခန်းထဲမှာပဲဖြစ်ဖြစ် ဘယ်နေရာမှာမဆို ထားလို့လှတဲ့ အမြင်စုံ၊ ဒီဇိုင်းစုံနဲ့ ဒီနာရီလေးတွေက ပြုလုပ်ထားတာတွေချည်းဖြစ်တဲ့အတွက် ပိုပြီးသစ်ဆန်းနေတာပါ။

လူကြီး၊ လူငယ်၊ အရွယ်မရွေးအားလုံး နှစ်သက်နိုင်မယ့် ဒီဇိုင်းလေးတွေရှိပြီး စိတ်ကူးထဲမှာ ပုံဖော်ထားမိမှာမဟုတ်တဲ့ စားပွဲတင်နာရီဒီဇိုင်းဆန်းလေးတွေက မြင်ရသူတွေရဲ့ စိတ်ကို ဖမ်းစားနိုင်မှာ သေချာပါတယ်။

ဖန်တီးသူရဲ့ စိတ်ကူးနဲ့ Hand Made နာရီတွေက ထိုင်းနိုင်ငံက တင်သွင်းတာဖြစ်ပြီး လက်ဆောင်ရသူရဲ့ စိတ်မှာ တစ်သက်လုံးအမှတ်ရသွားစေနိုင်တဲ့ ပစ္စည်းလေးတွေဖြစ်တာကြောင့် နှစ်သက်မှာ သေချာပါတယ်။

ဈေးနှုန်းအနေနဲ့တော့ နာရီရဲ့ အရွယ်နဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းအမျိုးအစားပေါ် မူတည်ပြီး ကျပ်တစ်သောင်းကျော်ကနေ ငါးသောင်းကျော်အထိ အမျိုးအစားမျိုးစုံ ရှိနေတာကြောင့် စိတ်ကြိုက်ဝယ်ယူနိုင်မှာပါ။

နာရီကို Box လေးတွေထဲမှာ ထည့်ထားပြီး အလှဆင်ထားတဲ့ Hand Made နာရီလေးတွေကို ဝယ်ယူချင်တယ်ဆိုရင် ရန်ကင်းစင်တာ G-02 က Royal Floral Shop မှာ ရနိုင်ပါတယ်လို့ သတင်းပေးရင်း . . . . . ။





ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

# ချောင်းသာကမ်းခြေတွင် စျေးရောင်းပွဲတော် ကျင်းပမည်

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ-၁၄

ချောင်းသာကမ်းခြေ၌ ဖေဖော်ဝါရီလ ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့တွင် စျေးရောင်းပွဲတော် ကျင်းပမည်ဖြစ်ကြောင်း ချောင်းသာဇုန် ဟိုတယ်အသင်းမှ တာဝန်ရှိသူများက ပြောသည်။




အဆိုပါ စျေးရောင်းပွဲတော်တွင် The Tree တီးဝိုင်းနှင့်အတူ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ချစ်ကောင်း၊ Lဆိုင်းဇီ၊ ချမ်းချမ်းနှင့် ဝိုင်းစုခိုင်သိန်းတို့နှင့်အတူ ခေမီကို အကအဖွဲ့မှ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဖျော်ဖြေမည်ဖြစ်ပြီး ၂၇ ရက်၌ လူရွှင်တော် Fine Star အငြိမ့်အဖွဲ့တွင် ကပြဖျော်ဖြေမည်ဖြစ်သည်။ စျေးပွဲတော်ကာလအတွက် သီးသန့်အခန်းခစျေးနှုန်း သတ်မှတ်ခြင်းနှင့် ပို့ဆောင်ရေးအတွက်သီးသန့်စီစဉ်ထားခြင်း မရှိသေးကြောင်း ဟိုတယ်ဇုန်မှ တာဝန်ရှိသူများက ဆိုသည်။

စျေးရောင်းပွဲတော်တွင် ဒေသထွက် အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ အဓိကရောင်းချသွားမည်ဖြစ်ပြီး ဟိုတယ်များကလည်း မိမိဟိုတယ်အလိုက် စတုဒီသာကျွေးမွေးရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။









## စာ-၉၊ ပွင့်ပုံဆန်းသည့် သံလွင်မြစ်ကမ်းပေါ်က ရာမည သဇင်ခက်များ မှ

သံဃာတော်ပရိသတ်ကလည်း ဆောင်းညရဲ့ နှင်းစိုစိုတွေ အောက်မှာ ဝင်းထိန်ဝါရွှေလို့။ စာပေဟောပြောပွဲကျင်းပရာ ညများက ဒီဇင်ဘာ ၂၈၊ ၂၉၊ ၃၀၊ ၃၁ နှင့် ဇန်နဝါရီ ၁ရက်တို့ဖြစ်ကြရာ ခရစ္စမတ်အလွန် နေ့ရက်များနှင့် နှစ်သစ်ကူးညများဖြစ်နေသော်လည်း မူးယစ်သောက်စားကာ လာရောက်သောင်းကျန်းသူမရှိ။ နောက်ပြောင်သူမရှိ။ ဟေးလားဝါးလား အော်ဟစ်သူမရှိ။ ပကတိစာပေချစ်သောစိတ်အခံများနှင့် လာရောက်နားထောင်သော ရာမည ပရိသတ်၏ ယဉ်ကျေးသိမ်မွေ့ကာ အဆင့်အတန်းမြင့်လှပုံများကို ကြည့်ရင်း အခုတွေးမိတိုင်းလည်း မျက်ရည်ဝဲရပါသည်။

(သုံး)

သည်တိုင်းကျော် ပြည်ကျော် ရာမညစာဆိုတော်နေ့ပွဲတော်ရက်တွေ မတိုင်မီမှာကတည်းက မွန်ပြည်နယ်အနှံ့ လမ်းဘေးဝဲယာနှင့် လှည်းနေ၊ လှေအောင်၊ မြင်းဇောင်းမကျန်မှာ စာရေးဆရာတို့၏ဓာတ်ပုံ ဗီနိုင်းပိုစတာကြီးများကို ချိတ်ကပ်ထားပြီးဖြစ်ပါသည်။ စာရေးဆရာတို့၏ ဓာတ်ပုံနှင့် ကိုယ်ရေး အကျဉ်းပါဝင်သော စာအုပ်ငယ် တစ်သောင်းကလည်း လူထုပရိသတ် လက်ထဲသို့ ဖြန့်ဝေထားပြီးသား။ စာရေးဆရာတို့ တည်းခိုနားနေစရာ အဆင့်မြင့်ဟိုတယ်ကြီးတွေက အဆင်သင့်။ မော်လမြိုင်မြို့ပေါ်နှင့် နီးဝေးဝန်းကျင်ဒေသတို့မှ စာနာမည့်သူတို့ အသွားအပြန်အဆင်ပြေစေရန် မော်တော်ကားတွေက အခမဲ့ စီစဉ်ထားပြီးသား။

"သိန်းရာကျော်လိမ့်မယ် ထင်တယ်"

သံလွင်မြစ်ကြီးက မုတ္တမကွေ့ဘက်ဆီသို့ တသွင်သွင်စီးဆင်းသွားရာ ကမ်းစပ်နံဘေးရှိ စားသောက်ဆိုင်ကလေးထဲမှာ ကျွန်တော်က စကားစတော့ ကျော်ကျော်စာပေက ဦးကျော်က ပြုံးသည်။

"တော်တော့ကို ကျော်ပါတယ်ဆရာချိုရာ"

မှန်ပါသည်။ ဘယ်လိုမှ မကျော်လို့မရ။ စာရေးဆရာတစ်ယောက်အတွက် ချီးမြှင့်လက်ဆောင်ငွေတစ်ယောက် နှစ်သိန်း။ သွားစရိတ်၊ လာစရိတ်၊ စားစရိတ်၊ နေစရိတ်။ ဟောပြောပွဲခန်းမရှေ့မှာ ထိုးထားသည့် ပန်းကပန်းအစစ်များဖြင့် နေ့စဉ်အလှဆင်ထိုးထားခြင်းဖြစ်ရာ တစ်ရက်ပန်းဖိုးက သုံးသောင်းခွဲ။ ထိုင်ခုံတွေက အလုံး ၂၀၀၀ ဝန်းကျင်ချထားခြင်းဖြစ်ရာ ငါးညစာအတွက် ကျပ်ခုနစ်သိန်းခွဲ။ အသံချဲ့စက် အပျံစားသုံးထားသဖြင့် တစ်ညတစ်သိန်း။ စာရေးဆရာဟောပြောရာ စင်မြင့်နှင့် နောက်က ပရိသတ်ဝေးလွန်းသဖြင့် ဟောပြောသူ၏ ရုပ်ကို ထင်ထင်ရှားရှားမြင်နိုင်ရန် ပရိုဂျက်တာဖြင့် ထိုးပြထားရသည့် စရိတ်။

သည်ပွဲကြီးဖြစ်မြောက်ဖို့ မော်လမြိုင်မြို့နယ် စာပေစာနယ်ဇင်းနှင့်အတူ ရွှေကြီးရွှေဝတီမိသားစု၊ ရွှေကံ့ကော်မိသားစု၊ အေးချမ်းမြဆေးကုခန်း၊ ကျော်ကျော်စာပေ၊ ကိုလှထွန်းအမှုန့်မျိုးစုံလုပ်ငန်း၊ မြိုင်ရတနာစင်တာ၊ မော်လမြိုင်မြို့နယ် မထသ၊ စိုးမိုးကျော်ထီဆိုင်၊ သရဖူရွှေဆိုင်၊ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၊ ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး၊ ဂျပန်ကွန်ပျူတာစင်တာ၊ ကောင်းလာဘ်မိသားစု၊ ကျော်အော့ဖ်ဆက်၊ ရတနာမွန် အထူးကုဆေးကုခန်း၊ ငွေမိုးဟိုတယ်နှင့် အထူးကုဆေးခန်း၊ သင်းသင်းကြည်ကုန်မျိုးစုံရောင်းဝယ်ရေး၊ နွေပန်းသစ်ခွဲစက်၊ မော်လမြိုင်ကွန်ကရစ်ကျောက်တိုင်လုပ်ငန်း၊ တိုးရစ်ဦးသန်းထွန်း၊ မွမွလေးဦးစိန်မော်၊ မြနန်းသီတာဦးကျော်စိုး၊ မနွယ်နွယ်ဝင်း၊ မဝေ၊ မခင်နွယ်ဌေး စသည့် စာပေချစ်မြတ်နိုးသူတို့က သူတို့၏ ငွေကြေးများနှင့် မ တည်လိုက်ခြင်းဖြစ်ရာ သည်လောက်ကြီးကျယ်ခမ်းနားသော စာပေပြိုင်စံရှားပွဲကြီးဖြစ်မြောက်အောင်မြင်သွားသည်မှာ ဘာမှ မဆန်းကြယ်တော့ပါ။ ညီညွတ်သောရာမည။ နိုးကြားသော ရာမည။

ကျွန်တော်က သံလွင်မြစ်ကမ်းစပ်မှာ ရပ်ကာ ဟိုးတစ်ဖက်ကမ်းဆီက မုတ္တမဆိပ်ကမ်းကို လှမ်း၍ငေးမျှော်မိသည်။ သံလွင်မြစ်ကူးတံတားကြီး ပြီးကတည်းက သည်ဆိပ်ကမ်းကလေးက သွေ့ခြောက်သွားခဲ့ပြီ။ ဟိုအဝေးမှာ ခေါင်းဆေးကျွန်း၊ ဟိုမလှမ်းမကမ်းမှာ ဘီးလူးကျွန်း။ "ဘုံပြတ်ခေါ်မြင်းလှည်းလေးနဲ့ တူတူတွဲလို့ထိုင် မမတို့ မော်လမြိုင် မမတို့မော်ရွှေမြိုင်"ဆိုသည့် သီချင်းထဲက မော်လမြိုင်၏ အမှတ်အသားဘုံပြတ်တွေကတော့ မတွေ့ရသလောက်ကို ဖြစ်သွားပါပြီ။ မြို့လုံးအနှံ့မှာ ဆိုင်ကယ်တွေချည်း။ တစ်စီးနှစ်စီးလောက်တော့ ရှိဦးမယ်ထင်ပါရဲ့ဟု ဒေသခံ တစ်ဦးက ဘုံပြတ်ခေတ်ကို ပြန်လွမ်းကာ ကျွန်တော့်ကို ပြောပြသည်။ အညစ်အကြေးများဖြင့်ပြည့်လျှံနေသည့် လက်ဆွဲသံပုံးများကို ညနေစောင်းလျှင် မိလ္လာကားနှင့် လိုက်သိမ်းဖို့ အိမ်ရှေ့တွေမှာ ချထားတာလည်း မတွေ့ရတော့။

(လေး)

စာပေဟောပြောပွဲ ကျင်းပရာ မဟာမြိုင်ပရိယတ္တိစာသင်တိုက်ကွင်းပြင်ကြီးထဲမှာ ရန်ကုန်မြို့က စာအုပ်တိုက်ကြီး ၃၄ တိုက်က ဟောပြောပွဲကွင်းပြင်ကို ပတ်ဝိုင်းကာ စာအုပ်ဆိုင်တွေ ခင်းကျင်းထားကြသည်။ စာရေးဆရာတွေ အမှတ်တရ လက်မှတ်ထိုးပေးရာ အခန်းက သပ်သပ်တစ်ခန်း။ တစ်ယောက်ပြီးတစ်ယောက်ထိုးကြပေတော့။ ပရိသတ်က များပြားလှသဖြင့် လက်မှတ်မျှသာ ထိုးပေးနိုင်ကြသည်ကို မကျေနပ်ကြ။ တစ်ခုခုရေးပေးပါတဲ့။ သည်တော့လည်း ရေးပေးကြရသည်သာ။

ကျွန်တော်က ကိုယ်အလှည့်ကျရာ ၂၀၁၀ ပြည့်နှစ်၏ နောက်ဆုံးညကို မော်လမြိုင်မှာဟောပြီး နောက်တစ်နေ့ ကမာဝက်ကို ကူးရပါသည်။ မြန်မာစကားလုံးဝ မပြောသည့်ရွာကြီး။ တစ်ဒေသလုံး မွန်စကားသံတွေ။ ကိုယ့်ဘာသာစကားကို ကိုယ်ထိန်းသိမ်းထားတာလောက် ကျက်သရေရှိတာ ဘာမှမရှိ။ သည်ရွာကြီးမှာ ဆရာကြည်မင်း(ကျော်စောမင်း)နှင့်အတူ နေ့ပွဲဟောကာ မုဒုံသို့ ကူးရပြန်ပါသည်။ မှတ်မှတ်ရရ ၂၀၁၁ ၏ ပထမဆုံးည။ ဆရာကြည်မင်း ပြန်သွားသဖြင့် ကျွန်တော် တစ်ယောက်တည်း တစ်ကိုယ်တော် ဟောရမလိုဖြစ်နေစဉ် ကျိုက္ခမိက ပြန်လာသည့် ဆရာမဂျူးကို သွားခေါ်ကာ ဆက်ဟောခိုင်းသဖြင့် မုဒုံညက အလှကြီးလှသွားပါတော့သည်။ မွန်စကားသံတွေ၊ မွန်ရိုးရာအဝတ်အထည်တွေ၊ မွန်အစားအစာနဲ့ နေ့များ ညများဘဝများ။ အော် ချစ်လှစွာသော ရာမည။

မုဒုံပွဲအပြီး ညတွင်းချင်း မော်လမြိုင်ပြန်တော့ ဆရာဖေမြင့်၊ ဆရာချစ်ဦးညို၊ ကိုအော်ပီကျယ်၊ ကိုမျိုးမြင့်ညိမ်းတို့က ကျွန်တော်တို့ကို စောင့်နေကြသည်။

"မနက်လင်းရင် စာအုပ်ဆိုင်တွေက စုပေါင်းပြီး မဟာမြိုင်ပရိယတ္တိစာသင်တိုက်ကို မုန့်ဟင်းခါး ဆွမ်းကပ်မယ်ဗျ"

ဓူဝံစာပေက ကိုဝင်းချိုက ဆီးကြိုပြီး သတင်းပေးသည်။

ဇန်နဝါရီ ၂ မှာတော့ ရာမညကိုကျွန်တော်တို့ နှုတ်ဆက်ရပါပြီ။ သံလွင်မြစ်ကြီးနှင့်အတူ လမ်းဘေးဝဲယာက မျက်စိတစ်ဆုံး ရာဘာခင်းကြီးတွေက ဟိုးတောင်တန်းပြာပြာကြီးတွေ၏ ခြေရင်းအထိ သွယ်တန်းကာ ကျွန်တော်တို့ကို နှုတ်ဆက်သည်။ "မွန်တို့ ဌာနီ ရာမညသာစွာနေပြည် သာစွနေပြည်ဝေသီခေါင်လွင့်မြင့်မြင့်မားမားဝင့်ကြွားဟန်ချီ ဝင့်ကြွားဟန်ချီ ထန်းပင်ထန်းလက် ထန်းရွက်ဝေစီ ကျိုက်မရော မြို့က သာယာလှပေသည်"တဲ့။ ကားထဲက သီချင်းညည်းသံအချို့။

မဟာမြိုင် ပရိယတ္တိစာသင်တိုက် ဆရာတော်က သာဓုခေါ်သံတွေ ကြားရတာများလွန်းနေတယ်တဲ့။ ရင်ထဲရောက်မရောက် မသိဘူးတဲ့။ လူတွေရင်ထဲ ရောက်အောင်ရသကလေးနဲ့ လုပ်ပါဦးတဲ့။ ဓူဝံကိုဝင်းချိုက စာပေဟောပြောပွဲအတွက် ဆရာတော်၏ ဆန္ဒမှန်ကို ကားပေါ်မှာ ပြောပြနေခဲ့သည်။

ရင်ထဲကို ရောက်ဖို့။ မှန်ပါသည်။ နှလုံးသားပြောင်းမှ လူသားက ပြောင်းပါသည်။ နှလုံးသားပြောင်းဖို့ ကျွန်တော်တို့ တတ်စွမ်းသမျှ ဟောပြောခဲ့ကြပါသည်။ ကြီးကျယ်ခမ်းနားသော နှလုံးသားဖြင့် အင်အားကြီးသော ပွဲကို တည်ခင်းခဲ့ကြသော ရာမညမြေက သွေးချင်းသားချင်းများကို အစဉ်ထာဝရ အောက်မေ့သတိရနေကြပါမည်။



# မိမိကိုယ်ကိုယ်ကောင်းစွာ ဆုံးမခြင်း.....

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

မကောင်းမှုကို မိမိပြုလျှင် မိမိသည်ပင် ပူပန်ညစ်ညူးရ၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသည်ပင် စင်ကြယ်၏။ မိမိ၏ စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းကို မိမိသည်ပင် ပြုလုပ်၏။ တစ်ယောက်သောသူသည် အခြားသူတစ်ယောက်ကို ကိလေသာ အညစ်အကြေးမှ စင်ကြယ်အောင် မသုတ်သင်နိုင်။ (ဓမ္မပဒ-၁၆၅)

သူတစ်ပါးကို ဆုံးမသကဲ့သို့ မိမိကိုယ်ကိုယ်ဆုံးမရာ၏။ မိမိကိုယ်ကိုယ်ကောင်းစွာဆုံးမပြီးမှ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကိုယ်ဆုံးမရန်ကား အလွန်ခဲယဉ်း၏။ (ဓမ္မပဒ-၁၅၉)

မကောင်းမှုပြုသော သူပင်ဖြစ်သော်လည်း မိမိပြုသော မကောင်းမှုအကျိုးမပေးသေးသမျှ ကောင်းကျိုးနှင့် တွေ့နေရမည်သာ။ မကောင်းမှု အကျိုးပေးသောအခါ ထိုမကောင်းမှုပြုသော သူသည်မကောင်းကျိုးဆင်းရဲဒုက္ခနှင့် တွေ့ရ၏။ (ဓမ္မပဒ-၁ ၁၉)

မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ သူတစ်ပါးသည် မိမိ၏ ကိုးကွယ်အားထားရာ အဘယ်မှာ ဖြစ်ရာအံ့နည်း။ မိမိကိုယ်ကိုယ် ကောင်းစွာဆုံးမခြင်းအားဖြင့် ရခဲလှသည့် နိဗ္ဗာန်တည်းဟူသော ကိုးကွယ်ကိုရလေ၏။ (ဓမ္မပဒ-၁၆၀)

ရည်ညွှန်း - "ဓမ္မပဒ" ကမ္ဘာ့သာသနာပြုသက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလဘိဝံသ (၁၈၉၆ - ၁၉၉၇)

# ချောက်မြို့ အထက(၁)အာစရိယပူဇော်ပွဲ (၈)ကြိမ်မြောက်ကျင်းပမည်

**ချောက်၊**
**ဇန်နဝါရီ - ၁၆**

ချောက်မြို့၊ အထက(၁)ကျောင်းသား၊ ကျောင်းသူဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်(ပြည်ထောင်စုနေ့) စနေနေ့ နံနက် ၈ နာရီအချိန်တွင် ချောက်မြို့၊ လမ်းမတော်၊ တော်ဝင်နန်းခန်းမ (ယခင်မှန်နန်းရောင်ရုပ်ရှင်ရုံ)၌ ကျင်းပမည်ဟု သိရပါသည်။

အာစရိယပူဇော်ပွဲတွင် အငြိမ်းစားဆရာ၊ ဆရာမကြီး (၁၀၀) ဦးအား ပူဇော်ကန်တော့ နိုင်ရန်အတွက် အလှူငွေများကို ချောက်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစာရင်းအမှတ်(SF-၃၂၈)သို့ ပေးပို့လှူဒါန်းနိုင်ကြပါသည်။

အာစရိယပူဇော်ပွဲအတွက် အောက်ပါကော်မတီဝင်များထံသို့လည်းဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

ဦးချစ်နိုင်-၀၁-၅၅၁၇၁၉၊ ဦးကြည်မိုးချစ်-၀၉-၅၀ ၁၁၆၄၃၊ ဦးကိုကိုဝင်း - ၀၉ ၅၁ ၇၁၄၈၃၊ ဒေါ်သန္တာဖုန်းဝင်း-၀၂-၈၀၁၉၇၊ ဦးဉာဏ်သောင်း-၀၆၀-၂၁၁၇၃၊ ဦးစိုးလွင် -၀၉-၂၃၀၅၁၂၇၊ ဒေါ်ဌေးကြည်-၀၆၀-၂၁၂၃၆ တို့ ဖြစ်ပါသည်။

# မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

**သန်းဌေး**
**ရန်ကုန်၊ ဇန်နဝါရီ - ၁၁**

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားအား ယခုလ ၂၂ ရက်နှင့် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အရင်နှစ်တွေလို ပြိုင်ပွဲတွေ တော့မပါတော့ဘူး။ အဖွဲ့ချုပ်နဲ့ ညီနောင်အသင်းတွေရဲ့ပြခန်းတွေ တော့ပါမယ်"ဟု ၎င်းကပြောကြားသည်။

ခွေးနှင့်ကြောင်ပြိုင်ပွဲများကို ယခင်က ရန်ကုန်မြို့ရှိ အဖွဲ့ချုပ်တည်ရှိရာ ကြို့ကုန်းတွင် ကျင်းပရာမှ ယခုနှစ်တွင် မန္တလေးမြို့၌ 'အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ'အဖြစ် ယခုလ ၂၈ ရက်နှင့် ၂၉ ရက်နေ့များတွင် ကျင်းပပေးမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကွဲဆည်ကန်တွင် ကျင်းပမည်ဖြစ်၍ ခွေးတစ်ကောင်အတွက် ၅,၀၀၀ ကျပ်၊ ကြောင်တစ်ကောင်အတွက် ၃,၀၀၀ ကျပ်နှုန်း ပြိုင်ပွဲဝင်ကြေးပေးသွင်းခြင်းကို ယခုလ ၂၅ ရက်အထိ ခွင့်ပြုထားကြောင်း ပြိုင်ပွဲကျင်းပရေးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။



ရန်ကုန်မြို့၊ အနောက်ကြို့ကုန်းရပ်ကွက်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကိုလည်း ယခုလ ၁၅ ရက်တွင်ကျင်းပမည်ဖြစ်သည်။ အဆိုပါ အဆောက်အအုံတွင် ရုံးချုပ်ဖွင့်လှစ်ထားသော မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ပြပွဲများဖြင့်သာ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်းသိရသည်။ လာမည့် ၂၀၁၂ ခုနှစ်တွင်ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## မျက်နှာဖုံး- ဗီဇာအတုဖြင့် မလေးရှားသို့ စေလွှတ်ခံရသော အလုပ်သမားများကို စတင်ကြပ်မတ် မှ

"သံရုံးက consular officer ရဲ့လက်မှတ်ပုံစံ မတူတာနဲ့ သံရုံးကိုအကြောင်းကြားပြီး စစ်ဆေးကြည့်တာ အတုတွေဖြစ်နေတယ်" ဟု အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူက ပြောသည်။

ထိုကဲ့သို့ ခရီးသည်အယောက် ၂၀ အားစစ်ဆေးနေချိန်တွင် အဆိုပါခရီးစဉ်ဖြင့် လိုက်ပါရန် လက်မှတ်ဝယ်ထားသော ကျန်အလုပ်သမား ၃၆ ဦးမှာ လေယာဉ်ခရီးစဉ်ဖျက်သိမ်းသွားကြောင်း အဆိုပါလေကြောင်းလိုင်း တာဝန်ရှိသူကပြောသည်။

မလေးရှားနိုင်ငံ KLIA လေဆိပ်ရှိလူဝင်မှု ကြီးကြပ်ရေးအရာရှိက ဗီဇာပြည်ဝင်ခွင့် ကြိုတင်ရယူထားခြင်းမရှိသော လုပ်သားများအား လေယာဉ်စီးနင်းခွင့် မပြုရန် ဇန်နဝါရီ ၁၁ ရက်မှစ၍အကြောင်းကြားလာသဖြင့် လေကြောင်းလိုင်းများက စစ်ဆေးခဲ့ခြင်းဖြစ်သည်။

"မနေ့က လူ ၅၀ ပြန်ပို့ခဲ့ရတယ်။ ဇန်နဝါရီ ၁၁ရက်က ၁၄ ရက်ထိ အလုပ်သမား ၁၀၀ လောက်ရှိသွားပြီ။ မလေးရှားလေဆိပ်ကနေ မြန်မာနိုင်ငံကို ပြန်ပို့ခံရတာ" ဟု ရန်ကုန်လေဆိပ်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အား လာဘ်စားမှုဖြင့် ထောင်ဒဏ် ၅ နှစ်ကျခံရန် အမိန့်ချမှတ်လိုက်ပြီးနောက် ဥပဒေများအား ပြင်ဆင်တင်းကြပ်ခဲ့သည်။

"အရင်တုန်းက လေဆိပ်က လ. ဝ. ကနဲ့ ပေါင်းပြီး calling အတုတွေနဲ့ စေလွှတ်တယ်။ လေဆိပ်က လ. ဝ. က ကလည်း တစ်လပြည်ဝင်ခွင့် ထုပေးလိုက်ပြီး ပြည်ဝင်ခွင့်ပေးလိုက်တယ်။ အဲဒီပုံစံနဲ့ သွားနေကြတာများတယ်" ဟု ရန်ကုန်-ကွာလာလမ်ပူခရီးစဉ် ပျံသန်းခဲ့သော လေကြောင်းလိုင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်လုပ်ကိုင်နေသော ပြည်ပနိုင်ငံမှ လုပ်သားပေါများလာခြင်းကြောင့် မလေးရှားပြည်ထဲရေးဝန်ကြီးဌာနက အလုပ်သမားခေါ်ယူခွင့်အား သေချာစီစစ်၍ ထုတ်ပေးခဲ့သည်။

ထို့ကြောင့် လုပ်ထုံးလုပ်နည်းအတိုင်း တရားဝင် သွားရောက်လုပ်ကိုင်နိုင်ရန် လုပ်သားတစ်ဦးမှ ယခင်ကကဲ့သို့ မလွယ်ကူတော့ဘဲ အနည်းဆုံး သုံးလခန့်စောင့်ဆိုင်းလာကြရသည်။



လုပ်ငန်းခွင်ဝင်နေသည့် မလေးရှားနိုင်ငံရှိ ဆီအုန်းခြံလုပ်သားတစ်ဦး။

"တရားဝင် calling အစစ်နဲ့ ဗီဇာအစစ်နဲ့ သွားမယ်ဆိုရင် သုံးလေးလကြာတယ်။ အတုနဲ့ လွှတ်နေတဲ့ သူတွေက တစ်ပတ်၊ နှစ်ပတ်တည်းနဲ့သွားလို့ရတော့ တချို့ကလေးတွေကို ပိုက်ဆံပြန်အမ်းရတယ်။ အဲဒီလူတွေဆီမှာပဲ လူတွေစုပြုံတိုးကြတာ။ ကလေးတွေကလည်း အတုမှန်း မသိကြဘူး" ဟု အေဂျင်စီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့သော နည်းဖြင့် စေလွှတ်နေသော အကျိုးဆောင်များမှာ တစ်ပတ်နှစ်ပတ်အတွင်း သိန်းထောင်ချီတန်သော ကားများဝယ်စီးနိုင်ပြီး အလုပ်ဖြစ်နေချိန်တွင် တရားဝင်လိုင်စင်ရယူ၍ တရားဝင်စေလွှတ်နေသော အေဂျင်စီများမှာ အလုပ်လက်မဲ့ဖြစ်ကာ လက်ပိုက်ကြည့်နေခဲ့ရကြောင်း အေဂျင်စီအချို့မှ တာဝန်ရှိသူများကဆိုသည်။

"စမ်းချောင်းက ကလေးတစ်ယောက်ဆို အိမ်ကို ၁၀ တိုးနဲ့ ပေါင်ပြီး အေဂျင်စီကို ပိုက်ဆံ ၇ သိန်းခွဲပေးထားတာ ခြောက်လရှိပြီ။ အခုလွှတ်တော့လည်း အတုနဲ့ လွှတ်တယ်။ သူပြောပြတာကို နားထောင်ရတာ ကိုယ်တောင်စိတ်မကောင်းဖြစ်မိတယ်" ဟုအဆိုပါ အဖြစ်အပျက်အား ကြုံတွေ့ခဲ့ရသူ လေဆိပ်ဝန်ထမ်းတစ်ဦးက ပြန်လည်မျှဝေသည်။

လေဆိပ်၌ ဗီဇာတုံးအတုဖြင့် စေလွှတ်ခံသူ ၂၀ ဦးထဲမှ မြောင်းမြမြို့နယ်တွင် နေထိုင်သူ ငါးဦးမှာ ပြန်စရာလမ်းစရိတ်၊ စားစရာငွေကြေးနှင့် အိပ်စရာ နေရာမရှိသဖြင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်မှ တာဝန်ရှိသူများနှင့် လေကြောင်းလိုင်းမှ ဝန်ထမ်းများက ပိုက်ဆံစု၍ ပေးခဲ့ရကြောင်း သတင်းရရှိသည်။

ဗီဇာတုံးနှင့် လက်မှတ်အတုပြုလုပ်၍ စေလွှတ်ခံရသော အလုပ်သမား အယောက် ၂၀ ဦးအား သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးပြီးနောက် မလေးရှားသံအမတ်ကြီး၏ အာမခံချက်ဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

"ဒီကလေးတွေက ခံရတာ။ တကယ်လုပ်တာက ငွေယူထားတဲ့ အေဂျင်စီတွေပဲ။ သူတို့တွေမှာပဲ တာဝန်ရှိတာလို့ သံအမတ်ကြီးက ပြောပြီးပြန်လွှတ်ခိုင်းတာပါ" ဟု လေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

ထိုကဲ့သို့ အဖြစ်အပျက်ဖြစ်ပေါ်ပြီး နောက်တစ်နေ့မှစ၍ မလေးရှားနိုင်ငံသို့သွားရောက်ရန် လက်မှတ်ဝယ်ယူထားသူများနှင့် လက်မှတ်များအား စရံငွေပေး၍မှာယူထားသူအေဂျင်စီများမှာ ခရီးစဉ်ဖျက်သိမ်းလာကြကြောင်း လက်မှတ်ရောင်းကိုယ်စားလှယ်ကြီးများကပြောသည်။

"လက်မှတ်တွေ ယူမယ်ပြောလို့ လေကြောင်းလိုင်းကနေထုတ်ထားပြီ။ အခုတော့ မယူတော့ဘူး၊ စရန်အဆုံးခံမယ်လို့ ပြောကြတယ်။ တော်တော်ကတိမတည်တဲ့သူတွေ ပဲ" ဟု လေယာဉ်လက်မှတ်ရောင်းချသူတစ်ဦးက ဆိုသည်။

လေကြောင်းလိုင်းများက ဇန်နဝါရီလ ၁၃ ရက်မှစ၍ မလေးရှားနိုင်ငံသို့ ဗီဇာရယူ၍စေလွှတ်သော အလုပ်သမားများအား သက်ဆိုင်ရာကုမ္ပဏီက တာဝန်ယူကြောင်း စာရွက်စာတမ်းပါ ပူးတွဲဖော်ပြမှသာ လေယာဉ်စီးခွင့်ပြုမည်ဟု သတ်မှတ်လိုက်ကြောင်း အေဂျင်စီမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဒီစနစ်ကို အရမ်းကြိုက်တယ်။ ကလေးတွေအတွက်လည်း အရမ်းကောင်းသွားတယ်။ တရားဝင်လုပ်နေတဲ့ အေဂျင်စီတွေလည်း အသက်ရှူချောင်သွားမယ်။ အမြဲတမ်း ဒါမျိုးဖြစ်နေဖို့ပဲ လိုတယ်" ဟု အေဂျင်စီတစ်ခုမှ တာဝန်ရှိသူများကဆိုသည်။

မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံမှ ခေါ်စာအတုဖြင့် စေလွှတ်ခံရသူ လုပ်သားများစွာ ရှိနေပြီး ထိုသူများမှာ တစ်လနေထိုင်ပြီးနောက် တရားမဝင်နေထိုင်သူဖြစ်သွားကာ အဖမ်းခံရပါက ထောင်ထဲအပို့ခံရခြင်းနှင့် အချို့မှာ UN ၌ဒုက္ခသည်အဖြစ်လျှောက်ထား၍ ဒုက္ခသည်ကတ်ကိုင်ဆောင်နေထိုင်သူများ ယခုနှစ်အတွင်း အထူးများပြားလာခဲ့သည်။

မလေးရှားနိုင်ငံ၌ လုပ်ကိုင်နေသော မြန်မာလုပ်သား နှစ်သန်းခန့်ရှိနေပြီဖြစ်ကြောင်း ခန့်မှန်း ပြောဆိုကြသည်။

## မျက်နှာဖုံး-ပုဂလိကဘဏ်သစ်တစ်ဘဏ်လျှင် အပ်ငွေ ကျပ် ၅၀ ဘီလီယံဝန်းကျင်ရှိ မှ

စီးပွားရေးလုပ်ငန်းသို့ ချေးငွေထုတ်ပေးခြင်းအတွက် အတိုးမှာ တစ်နှစ်လျှင် ၁၇ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ငွေစုခြင်းအတွက် ၁၀၀ ကျပ်လျှင် တစ်လအတိုးနှုန်း ၁ကျပ် ဘဏ်ကပေးခြင်းဖြစ်သည်။

"အခြားဘက်ကတွေးမယ်ဆိုရင်လည်း အတိုးနှုန်းတစ်လ တစ်ကျပ်ရတာကို အပ်တဲ့သူတွေများတော့ လူတွေက ကိုယ်တိုင်စီးပွားရေးလုပ်တာက ဘယ်လောက်နွေးကွေးပြီး မသေချာလို့လဲဆိုတာ စဉ်းစားကြည့်လို့ရတယ်။ စီးပွားရေးလုပ်ငန်းတွေက တအားနွေးကွေးနေလို့ ကိုယ်တိုင်စီးပွားရေးမလုပ်ဘဲ ဘဏ်အပ်ကြတာပေ့ါ" ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကပြောသည်။

ဘဏ်အသစ်များတွင် ချေးငွေများကိုလည်း စတင်ထုတ်ပေးနေပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။

## မျက်နှာဖုံး-အစိုးရပိုင်ရွှေများ အများပြည်သူသို့ ထုတ်ရောင်း မှ

ပြည်တွင်းရွှေဈေးကွက် တည်ငြိမ်ရေးနှင့်အသုံးပြုသူများ အရည်အသွေးမြင့်ရွှေသုံးနိုင်ရန်အတွက် ရည်ရွယ်ရောင်းချခြင်းဖြစ်ကြောင်းသိရသည်။ ရန်ကုန်နှင့် နေပြည်တော်ကျောက်မျက်ရတနာပြခန်းတွင် ရောင်းချပေးလျက်ရှိပြီး မန္တလေး၌ အစိုးရဘဏ်တစ်ခုနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့တွင် ရောင်းချပေးနေကြောင်း သက်ဆိုင်ရာဌာနများမှ သိရှိရသည်။

ရောင်းချမှုပုံစံမှာ သာမန်ပြည်သူများအပြင် ရွှေလုပ်ငန်းရှင်များကိုပါ ရောင်းချပေးပြီး ရောင်းချမှုပမာဏကန့်သတ်ထားခြင်း မရှိဘဲ နိုင်ငံသားစိစစ်ရေးကတ် (မှတ်ပုံတင်)ဖြင့် စာရင်းပေးဝယ်ယူနိုင်သည်ဟုသိရသည်။

"ကမ္ဘာ့ရွှေပေါက်ဈေးကိုမှီပြီးရောင်းချပေးတာပါ။ ပြင်ပရွှေဈေးနဲ့တော့ သိပ်မကွာဘူး။ အနည်းဆုံး ကျပ်ထောင်ဂဏန်းလောက်ပေ့ါ။ ရောင်းခါစတော့ အပြင်နဲ့ထောင်ဂဏန်းလောက်ကွာတော့ ရွှေဆိုင်တွေ သွားဝယ်ကြတယ်။ ဝယ်ဖို့စာရင်းပေးပြီးရင် နေ့လယ် ၁၂ နာရီမှာ ရွှေတစ်ကျပ်သား ဘယ်ဈေးဆိုပြီး စာရင်းဖွင့်ပြီးတော့ စာရင်းပေးထားသူတွေကို အကန့်အသတ်မထားဘဲ ရောင်းချပေးတာ" ဟု လသာရွှေဆိုင်တန်းမှ ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

၂၀၁၁တွင် အကျဖြင့် ဝင်လာသော ပြည်တွင်းရွှေဈေးမှာ တရိပ်ရိပ်ကျဆင်းလာနေချိန်တွင် ယခုကဲ့သို့ အစိုးရက ရွှေများထုတ်ရောင်းသည့်အတွက် ဈေးကွက်သို့သက်ရောက်မှုရှိနိုင်ကြောင်း လုပ်ငန်းရှင်တို့က ခန့်မှန်းကြသည်။

"အရည်အသွေးကတော့ ကောင်းပါတယ်။ ကမ္ဘာ့ရွှေပေါက်ဈေးကိုမှီပြီး ဈေးဖွင့်ရောင်းတာ။ ဘယ်သူမဆို မှတ်ပုံတင်နဲ့ငွေပါရင် လွတ်လွတ်လပ်လပ် ဝယ်လို့ရပါတယ်"ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ ဦးကျော်ဝင်းက 7 Day News သို့ပြောကြားသည်။

## မျက်နှာဖုံး-ပုဂံတွင် ပဒေါင်တိုင်းရင်းသားကို ကြည့်ရှုနိုင်ပြီ မှ

ပုဂံမြို့ မြင်းကပါရွာအနီးရှိ မနူဟာဘုရားအနီးတွင် ဖွင့်လှစ်ထားသော လမင်းအိမ်ရက်ကန်း ပစ္စည်းအရောင်းဆိုင်တွင် ပဒေါင်သားအမိနှစ်ယောက် ရက်ကန်းရက်လုပ်နေပုံအား နိုင်ငံခြားသားတစ်ဦးလျှင် သုံးဒေါ်လာပေး၍ ယခုလဆန်းမှစ၍ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ဧည့်လမ်းညွှန်များကပြောသည်။

"လာတဲ့ဧည့်သည်တိုင်း ဝင်ကြည့်ကြတယ်။ တော်တော်စိတ်ဝင်စားကြတယ်"ဟု ပုဂံဒေသခံ ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

အဆိုပါပဒေါင်တိုင်းရင်းသားများ၏ ဆံထိုးပုံစံနှင့် လည်ပင်းတွင် ခေါင်းပွကြေးခွေကြီးများ စွပ်ထားခြင်းကို ကမ္ဘာလှည့်ခရီးသွားများက အထူးအဆန်းအဖြစ် ကြည့်ရှုလေ့လာကြသည်။

ငွေဆောင်ကမ်းခြေအနီးရှိ ဆင်စခန်းတွင်လည်း ၂၀၀၄-၀၅ ခုနှစ်များ၌ ပဒေါင်တိုင်းရင်းသားများ နေထိုင်ပုံအား လေ့လာနိုင်ရန် စီစဉ်ထားခဲ့သော်လည်း ရာသီဥတုနှင့် မကိုက်ညီသဖြင့် တစ်နှစ်သာ နေထိုင်ကြပြီး နေရပ်သို့ပြန်ခဲ့ကြသည်။

ပုံမှန်အားဖြင့် ပဒေါင်တိုင်းရင်းသားများနှင့် ယင်းတို့၏ လူနေမှုဘဝအား ကမ္ဘာကျော်အင်းလေးကန်အတွင်းရှိ ကျေးရွာအချို့တွင်သာ လေ့လာကြည့်ရှုနိုင်သည်ဟု သိရှိရသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် အာဆီယံတိုက်တွန်း မှ

မြန်မာနိုင်ငံသည် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးပြီးဖြစ်ကာ အခြားသော အကြောင်းပြချက်တစ်ခုတို့ကြောင့် ဖြစ်ကြောင်း ပြောဆိုထားသည်။

အမေရိကန်နှင့် အနောက်နိုင်ငံအချို့သည် လူ့အခွင့်အရေး၊ နိုင်ငံရေး အကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့်နိုင်ငံရေးပိတ်ဆို့တားဆီးမှုများချမှတ်ထားသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ်က ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အာဆီယံအဖွဲ့၏ တိုက်တွန်းမှုသတင်းမထွက်ပေါ်မီ ဇန်နဝါရီ ၁၅ရက်က ရွေးကောက်ပွဲအနိုင်ရတိုင်းရင်းသားပါတီများက ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းရေး စဉ်းစားပေးရန် တောင်းဆိုရာတွင်မူ သမိုင်းအဆက်ဆက် ဖွံ့ဖြိုးမှု နောက်ကျနေသည့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးရေးအတွက် အရေးကြီးသော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခေတ်မီနည်းပညာများ ရရှိရေး လုပ်ငန်းစဉ်များ အခက်အခဲဖြစ်ပေါ်နေခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်သည့် တိုင်းရင်းသားပါတီငါးခုမှာလွှတ်တော်နှစ်ရပ်အတွက် ကိုယ်စားလှယ် ၂၂ ဦး ရွေးချယ်ခံထားရသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ၁၆ဦး ရွေးချယ်ခံထားသည့် ရခိုင်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုယ်စားလှယ်၄ဦးရွေးချယ်ခံရသည့် ချင်းအမျိုးသားပါတီ၊ ကိုယ်စားလှယ် ၇ဦးရွေးချယ်ခံရသည့် မွန်ဒေသလုံးဆိုင်ရာပါတီ၊ ကိုယ်စားလှယ် ၅ဦးရွေးချယ်ခံရသည့် ဖလုံစဝေါ်ဒီမိုကရက်တစ်ပါတီတို့ဖြစ်သည်။

ယခုကဲ့သို့ တိုင်းရင်းသားပါတီများ ပူးပေါင်းကာ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်ဟု ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုင်မ်က ပြောကြားသည်။

၂၀၁၀ရွေးကောက်ပွဲရလဒ်အဖြစ် လွှတ်တော်အစည်းအဝေးများကို ဇန်နဝါရီ၃၁ရက်တွင် ကျင်းပမည်ဖြစ်ကာ ပေါ်ထွက်လာမည့်အစိုးရသစ်တစ်ရပ်ကို ပြည်တွင်းပြည်ပ အသိုင်းအဝိုင်းမှ စောင့်ကြည့်လျက်ရှိသည်။

Ref; Jakata Globe

## စာ-၄၊ တ ုတ်နှစ်ကူးနီးလာ နယ်စပ်အရောင်းအဝယ် ပြန်လည်လှုပ်ရှားလာ မှ


မြန်မာနယ်စပ်နှင့် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့မှ ကုန်သွယ်ရေးတန်ဖိုးမှာ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်၊ ဧပြီမှ နိုဝင်ဘာထိ စီးပွားကူးသန်း၏ စာရင်းများအရ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် (၁၂၆၄သန်းကျော်)ရှိသည်။ ယင်းတို့ထဲတွင် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးသည် အများဆုံးဖြစ်ပြီး ပို့ကုန်ကန်ဒေါ်လာ ၅၆၇သန်းဖိုးနှင့်၊ သွင်းကုန်ကန်ဒေါ်လာ ၄၈၆သန်း ကျော်ဖိုး ရှိကြောင်း အထက်ပါစာရင်းဇယားအရ သိရသည်။

Health
7 DAY NEWS JOURNAL
Vol.9, No.43 · JANUARY 20, 2011

အသည်းသည် လူ၏အတွင်း ကလီစာများတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်လှုပ်ရှားလျက်ရှိသော ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် လူတို့၏အနေအထိုင်ပုံစံများကြောင့် အသည်းအားထိခိုက်ပျက်စီးစေသည့်အကြောင်းအရင်းများစွာ ပေါ်ပေါက်စေသကဲ့သို့ ပြင်ပမှ ဗိုင်းရပ်စ်များကြောင့်လည်း အ သည်း အား ထိခိုက်ပျက်စီးစေကာ ရောဂါရစေနိုင်သည်။

ပြင်ပမှ ဗိုင်းရပ်စ်များကြောင့် အသည်းအား ထိခိုက်ရောဂါရစေသောအကြောင်းများတွင် အသည်းရောင် အသားဝါရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အသည်းရောင်အသားဝါ ဗိုင်းရပ်စ်များအား A, B, C D, E, G ဟူ၍ခွဲခြားနိုင်ကြောင်းပညာရှင်များ၏ အဆိုအရသိရသည်။

ထိုဗိုင်းရပ်စ်များထဲမှ အသည်း ရောင်အသားဝါ - ဘီ ဗိုင်းရပ်စ်သည် ပတ်ဝန်းကျင်တွင် အတွေ့ရအများဆုံးနှင့် ကူးစက်မှုနှုန်းအများဆုံးဖြစ်သည့် ဗိုင်းရပ်စ်တစ်မျိုးဖြစ်ကြောင်းသိရသည်။



# ဂရုထားရမည့် အသည်းရောင် အသားဝါ(ဘီ)

သီဟ

အသည်းရောင်အသားဝါ ဘီသည် အခြားသောလူမှုပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ရောဂါများထက်ကူးစက်မှုနှုန်းပိုမိုများပြားပြီး မြန်ဆန်စွာ ကူးစက်နိုင်ကြောင်း သိရသည်။

ထို့အပြင် အသည်းကင်ဆာဖြစ်နိုင်ခြေရှိသည့် အသည်းရောင်အသားဝါရောဂါများတွင် ဘီ နှင့် စီ ဟူ၍နှစ်မျိုးရှိရာ ဘီ သည် စီထက်အသည်းကင်ဆာဖြစ်နိုင်ခြေပိုမိုများပြားပြီး အသည်းကင်ဆာဖြစ်သူများ၏ ၄၆ ရာခိုင်နှုန်းသည် အသည်းရောင် အသားဝါ ဘီမှ ဖြစ်ပွားသွားခြင်းဖြစ်ကြောင်း အသည်းအထူးကု ဆရာဝန်ကြီးပါမောက္ခဒေါက်တာခင်မောင်ဝင်းက ပြောသည်။

ထို့အပြင် အသည်းရောင်အသားဝါ ဘီ သည် လူ့ဘောင်ကို ခြိမ်းခြောက်နေသည့် HIV ဗိုင်းရပ်စ်ကူးစက်နှုန်းထက် အဆတစ်ရာကျော်ခန့် သာလွန်ကြောင်း သိရသည်။

"သာမန်လက်ဖက်ရည်ဇွန်းတစ်ဇွန်းမှာ အသည်းရောင် အသားဝါ-ဘီ ဗိုင်းရပ်စ်ပိုး ငါးသန်းပါတယ်။ အိတ်အိုင်ဗီက ငါးသောင်းပဲပါတယ်။ ရေကူးကန်တစ်ခုတည်းကို အသည်းရောင်အသားဝါ ဘီပိုးပါတဲ့သွေး တစ်ဇွန်းထည့်လိုက်ရင် လာကူးသမျှလူတွေကို ကူးစက်ဖို့လုံလောက်သွားပြီး အိတ်အိုင်ဗီဆိုရင် တစ်ဂါလန်လောက်ထည့်မှရတယ်"ဟုပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက အသည်းရောင်အသားဝါ-ဘီ ၏ကူးစက်မှုနှုန်းအားဥပမာပေး၍ရှင်းပြသည်။

အသည်းရောင် အသားဝါ ဘီကူးစက်ပုံများနှင့် ပတ်သက်၍လည်းပတ်ဝန်းကျင်တွင် အယူအဆအမျိုးမျိုးရှိနေကြရာ တကယ်တမ်းတွင်မူအသည်းရောင် အသားဝါ ဘီသည် အရေပြားကိုဖောက်၍ကူးစက်တတ်သည့် ဗိုင်းရပ်စ်တစ်မျိုးဖြစ်ပြီး လိင်ဆက်ဆံမှုမှလည်းကူးစက်နိုင်သော ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည်။

ဘီ ဗိုင်းရပ်စ်ပိုးရှိသည့် သွေးအားမတော်တဆကိုင်တွယ်မိလျှင်ပင် မိမိ၏အရေပြား၌ဒဏ်ရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကူးစက်ခံရနိုင်ကြောင်း သိရသည်။

"ပိုးရှိတဲ့သူရဲ့သွေးက တခြားသူရဲ့ အရေပြားကိုထိရင်ကူးတယ် အရေပြားမှာ အပွန်းအပဲ့၊ အနာရှိမှကူးတယ်လို့ ထင်တာမှားတယ်။ ရှိစရာမလိုဘူး ဗိုင်းရပ်စ်ပိုးက လူ့ခန္ဓာကိုယ်မှာရှိတဲ့ ချွေးပေါက်ထက်သေးတယ်"ဟု ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

အခြား ကူးစက်နိုင်သည့်နည်းလမ်းတစ်ခုမှာ မိခင်မှကလေးသို့ကူးစက်ခြင်းပင်ဖြစ်သည်။ မိခင်မှကလေးသို့ကူးစက်ခြင်းတွင် မိခင်သည် ကိုယ်ဝန်ဆောင်နေချိန်၌ ကလေးသို့ကူးစက်ခြင်းမဟုတ်ဘဲ ကလေးမွေးဖွားချိန်တွင် ကူးစက်ခြင်းဖြစ်သည်ဟု သိရသည်။

စာ(၂၈)သို့



# အရေပြားဆိုင်ရာရောဂါဖြစ်ပွားမှု ငါးဆခန့်မြင့်တက်

ဝတ်ရည်

လူတို့၏ခန္ဓာကိုယ်တွင် အကြီးဆုံးအစိတ်အပိုင်းဆိုလျှင် အရေပြားပင်ဖြစ်သည်။ ထိုအကြီးမားဆုံးဖြစ်သည့် အရေပြားနှင့်ပတ်သက်သော ရောဂါအမျိုးမျိုးကိုလည်း လူတိုင်းတစ်ချိန်မဟုတ်တစ်ချိန်ကြုံတွေ့ရနိုင်ပြီး ယခုနောက်ပိုင်းတွင် အရေပြားရောဂါများ လူအများတွင်ဖြစ်ပွားမှု ယခင်ကထက် ငါးဆပိုမိုများပြားလာကြောင်း အရေပြားဆိုင်ရာ ဆရာဝန်များက ပြောသည်။

အရေပြားတွင် ဖြစ်ပွားသည့် ရောဂါများမှာ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း၊ ပတ်ဝန်းကျင်အခြေအနေများကြောင့် ဓာတ်မတည့်ခြင်း စသည့်များကြောင့် ဖြစ်ပွားသည်များရှိသကဲ့သို့ အချို့မှာ ခန္ဓာကိုယ်အတွင်းဖြစ်ပွားနေသည့် ရောဂါများကြောင့် အရေပြားတွင် ရောဂါများဖြစ်ပွားကြသည်များလည်းရှိကြောင်း ဒေါက်တာမြင့်ဦးကပြောသည်။

ယခုဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်သူများတွင် ခြင်ကိုက်ခြင်း၊ ရေမသန့်ခြင်းများကြောင့် ဖြစ်ပွားလေ့ရှိသော နှင်းခူဟုခေါ်သည့် အရေပြားရောဂါများ ဖြစ်ပွားမှုများပြားကြောင်း အရေပြားအထူးကုဆရာဝန်ဒေါက်တာမြင့်ဦးကပြောသည်။

"ကုသိုလ်ဖြစ် ဆေးခန်းကို ရောက်လာတဲ့ လူနာအများစုက နှင်းခူဖြစ်လို့ ရောက်လာတဲ့လူနာများတယ်။ လူတွေကလည်း ဆင်ခြေဖုံးက လူတွေများတယ်" ဟု အဆိုပါဆရာဝန်က ပြောသည်။

နှင်းခူသည် အရေပြားရောင်ရမ်းခြင်း တစ်မျိုးဖြစ်ပြီး အဓိကခံစားရခြင်းသည် ယားယံခြင်းဖြစ်ပြီး ယားယံခြင်းအား ကုတ်ရာမှ ဘက်တီးရီးယားပိုးများ အရေပြားအတွင်းဝင်ရောက်ပြီး အနာများဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

အရေပြားတွင် အနာများမှ အရည်ကြည်များထွက်နေခြင်းသည် နှင်းခူအစိုဖြစ်ပြီး အချိန်တိုအတွင်း ပျောက်ကင်းနိုင်သော်လည်း အရေပြားခြောက်သွေ့ပြီး ဖြစ်ပွားသည့် နှင်းခူသည် သက်တမ်းကြာရှည်ကြောင်း သိရသည်။

ထိုနှင်းခူရောဂါသည် မသန့်ရှင်းသော ရေများ၊ ဓာတုပစ္စည်း ပါဝင်သော ပစ္စည်းများ ထိတွေ့မှုကြောင့် ဓာတ်မတည့်ရာမှလည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။

"စက်ရုံတော်တော်များများက ဆင်ခြေဖုံးနေရာတွေမှာ ရှိနေကြတာ။ ပြီးတော့ စက်ရုံက စွန့်ပစ်လိုက်တဲ့ စွန့်ပစ်ရေတွေကလည်း သန့်စင်ပြီး စွန့်ပစ်လိုက်တာမဟုတ်တဲ့အတွက် အဲဒီထဲမှာ ဓာတုပစ္စည်းတွေလည်း ပါနေတယ်။ အဲဒီအရေဆိုးတွေက ချောင်းတွေ၊ မြောင်းတွေကတစ်ဆင့် လူတွေအသုံးပြုမိကြတဲ့အခါ ဆင်ခြေဖုံးမှာနေတဲ့သူတွေ အရေပြားရောင်ရမ်းနာတွေလည်း ဖြစ်ပွားလာကြတယ်" ဟု ဒေါက်တာမြင့်ဦးကပြောသည်။

စာ(၂၈)သို့



Regional
7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# အမြန်လမ်းမကြီးယာဉ်ရပ်နားစခန်းတွင် အမှိုက်များစွန့်ပစ်က ဒဏ်ငွေကျပ် ၅,၀၀၀ ပေးဆောင်ရမည်

ထူးသန့်

**နေပြည်တော်၊ ဇန်နဝါရီ-၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးတွင် တည်ဆောက်ထားသည့် ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းအတွင်း အမြင်မတင့်တယ်စေသော အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်ပါက ဒဏ်ငွေ ၅၀၀၀ ကျပ် တပ်ရိုက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာအဖွဲ့က အသိပေးကြေညာလျက်ရှိကြောင်း သိရသည်။

မုန့်ပဲသရေစာ အိတ်ခွံအမှိုက်များ စွန့်ပစ်ခြင်း၊ ကွမ်းတံထွေးထွေးခြင်း၊ ရေသန့်ဘူးနှင့် ဆေးလိပ်တိုများ စွန့်ပစ်ခြင်းတို့ပြုလုပ်ပါက ဒဏ်ငွေများတပ်ရိုက်သွားမည်ဟု သက်ဆိုင်ရာက အသိပေးကြေညာကြောင်း ခရီးသွားတစ်ဦးက ပြောကြားသည်။

"Rest Camp ထဲ ကားဝင်ကတည်းက အဲဒီသတိပေးချက်ကို ကြားနေရတယ်။ ကားပေါ်က ဆင်းတော့လည်း ကောင်လေးတစ်ယောက် အမှိုက်ခြင်းလေးနဲ့ စောင့်နေတာ တွေ့ရတယ်။ အမှိုက်ကို အဲဒီခြင်းထဲ စွန့်ပစ်ဖို့ပေါ့။ ကောင်းပါတယ်။ သန့်စင်ခန်းတွေလည်း ကောင်းတယ်။ ဒီအတိုင်းပဲ ဆက်လက်ကောင်းသွားဖို့ မျှော်လင့်ပါတယ်" ဟု ၎င်းကပြောကြားသည်။ အဆိုပါ လမ်းမကြီး၏ မိုင်တိုင် ၁၁၅ မိုင်ခန့်၊ ဖြူးမြို့နယ်အတွင်းပါဝင်သော ယင်းယာဉ်ရပ်နားစခန်းကို အမှီပြု၍ ဒေသခံလူငယ်အချို့လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။



ဓာတ်ပုံ - နေလင်းအောင်

# ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း မော်လမြိုင်တွင်ဖွင့်လှစ်

မိုင်ခရိုစကုပ်

**မော်လမြိုင်၊ ဇန်နဝါရီ- ၁၀**

မော်လမြိုင်မြို့ပေါ်ရှိ လူမှုရေးလုပ်ငန်းများတွင် စေတနာထားစိတ်ဝင်စားကြသည့် ရပ်မိရပ်ဖများနှင့် ဆရာဝန်များစုစည်း၍ ဖြိုးမေတ္တာ(၁)အခမဲ့ကုသိုလ်ဖြစ် ဆေးခန်းကို ယခုလ ၄ ရက်က မော်လမြိုင်မြို့ သီရမင်္ဂလာရပ်ကွက် သမာဓိလမ်းနှင့်သီရိမင်္ဂလာလမ်းထောင့်တွင် ဖွင့်လှစ်ခဲ့သည်။

အပတ်စဉ်၊ ဗုဒ္ဓဟူး၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကုသရန်အခက်အခဲရှိသည့် နွမ်းပါးသောလူနာများအားလည်း ဆေးဝါးကုသစရိတ်များထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်သည်။ ရေရှည်လုပ်ငန်း လည်ပတ်နိုင်ရန်အတွက် လူနာတင်ယာဉ်တစ်စီးဝယ်ယူကာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဇေယျာသီရိရပ်ကွက်တွင်လည်း တစ်လအတွင်း ဖြိုးမေတ္တာ (၂)အခမဲ့ ဆေးကုခန်းကို ဖွင့်လှစ်ပေးရန်စီစဉ်ထားသည်ဟု သိရသည်။

"ဆင်ခြေဖုံးရပ်ကွက်တွေမှာက အခြေခံ လူတန်းစားအများစုနေထိုင်တော့ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးအတွက် လိုအပ်ချက်ကိုတတ်စွမ်းသရွေ့ ဖြည့်ဆည်းကူညီပေးစေချင်တဲ့ ဒီနေရာမှာရွေးချယ်ဖွင့်လှစ်ရတာပါ"ဟု ဆေးခန်းဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာလှဦးမှ ရှင်းပြသည်။

# ခရီးသည်တင်သင်္ဘောများမှ ဧရာဝတီမြစ်အတွင်း ပလတ်စတစ်အမှိုက်များ စွန့်ပစ်နေ

အိဖြူမွန်

**ဗန်းမော်၊ ဇန်နဝါရီ-၁၂**

မန္တလေးမြို့နှင့် ကချင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် ပလတ်စတစ်ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားသော်လည်း မြစ်ကြောင်းတစ်လျှောက် ပြေးဆွဲနေသော ခရီးသည်တင်သင်္ဘောများမှ ပလတ်စတစ်အမှိုက်များ မြစ်အတွင်း တိုက်ရိုက်စွန့်ပစ်မှုများရှိကြောင်း မန္တလေးမြို့မှ သဘာဝပတ်ဝန်းကျင်ချစ်သူများနှင့် ဒေသခံအချို့မှသိရသည်။ "ပစ်ချတာကပလတ်စတစ်အမှိုက်ဗျာ။ မြစ်ညစ်ပတ်တာပေါ့။ ဒီမြစ်ကြောင်းတိုးရစ်တွေလည်းစီးကြတယ်။ အခုလိုရုပ်ဆိုးတာတော့ မကောင်းဘူးပေါ့ဗျာ။ ပစ်ချတာကလည်း သင်္ဘောစီးတဲ့ခရီးသည်တွေပဲ။ ဒီလိုမှမပစ်ရင်လည်းမရဘူးလေ။ သင်္ဘောပေါ်မှာအမှိုက်ပုံးမပါဘူး" မြစ်ကြောင်းနှင့်ပတ်သက်၍ ဧည့်လမ်းညွှန်လုပ်နေသူတစ်ဦးကပြောသည်။

မြစ်အတွင်းသို့ ပလတ်စတစ်ပစ်ချမှုကိုဟန့်တားနိုင်ရန် ယင်းမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးမှုများလိုအပ်ကြောင်း၊ ထို့အပြင်ပြည်တွင်းရေကြောင်းမှ ပြေးဆွဲသော သင်္ဘောများနှင့် ပုဂ္ဂလိကသင်္ဘောလိုင်းများတွင် အမှိုက်ပုံးများထားရှိရန်လိုအပ်ကြောင်း၊ မြစ်အတွင်း အမှိုက်ပစ်ချပါက မည်သို့မည်မျှဒဏ်ရိုက်ခံရမည်ဆိုသည် သတ်မှတ်ချက်လည်းလိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင်ကို အလေးအနက်ထားသူအထက်ပါပုဂ္ဂိုလ်ကပြောသည်။ ဧရာဝတီမြစ်တွင် မြန်မာနိုင်ငံ၏မျိုးစိတ်တစ်ခုဖြစ်သော ဧရာဝတီလင်းပိုင်များ ကျက်စားရာဒေသလည်းဖြစ်သည်။ ယင်းငါးမျိုးစိတ်များက အစားအဖြစ်စားသောက်မိပါက အသက်ဆုံးရှုံးနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

# နေပြည်တော် ပျဉ်းမနားတွင် ဆိုင်ကယ်ဦးတက်ပါမှ ဓာတ်ဆီရောင်းချပေးတော့မည်

ကျော်ဇေယျ

**နေပြည်တော်၊ ဇန်နဝါရီ- ၁၃**

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ New Day စက်သုံးဆီအရောင်းဆိုင်တွင်ဆီလာထုတ်သော ဆိုင်ကယ်များအား ဆိုင်ကယ်ဦးတက်ပါမှသာလျှင် ဓာတ်ဆီရောင်းချပေးတော့မည်ဖြစ်ကြောင်း သိရှိရသည်။



"အရင်တုန်းက ဒီအတိုင်းဆီလာထုတ်နေကြဗျ။ ဒီမှာဆီလာမဝယ်တာ ၅ ရက်လောက်တော့ ရှိပြီ။ ဒီနေ့ကျတော့ ဦးတက်ပြပါလို့တောင်းတော့ ကျွန်တော်တောင် နည်းနည်းကြောင်သွားတယ်။ ကျွန်တော်က ဆိုင်ကယ်မှာ ဦးတက်တစ်ခါတည်းကပ်ထားလို့တော်သေးတာပေါ့။ အဲဒါနဲ့ ဆိုင်ကယ်က ဖြုတ်ပြီး ယူပြရသေးတယ်။ တချို့ဆိုရင် ဦးတက်မရှိလို့လား၊ ဦးတက်မပါလို့လားတော့ မသိဘူး။ ဆီမရဘဲ ပြန်သွားကြလေရဲ့" ဟု ဓာတ်ဆီလာထုတ်သူဆိုင်ကယ်သမားတစ်ဦးက ပြောသည်။

"တရားဝင်မှတ်ပုံတင်ထားသော ယာဉ်များသာလျှင် ဆီရောင်းချပေးရမည်လို့ စည်းကမ်းချက်ထဲမှာ အစကတည်းကပါပြီးသားပဲ။ အရင်ကတော့ ဦးတက်မပြလည်းဖွင့်ပြီးရောင်းပေးတာပဲလေ။ အခုဟာကျတော့ ဆီထုတ်ပြီး ရောင်းစားတဲ့သူတွေက လိုင်စင်မရှိတာမရှိတဲ့ ဆိုင်ကယ်လေးတစ်စီးပြပြီး လူ ၃ ယောက်ကနေ ၅ ယောက်လောက် အုပ်စုဖွဲ့ပြီး ဆီတွေထုတ်နေတာကို တွေ့ရပါတယ်။အဲသည်လို အဖွဲ့တွေများလာတော့ အမှန်တကယ်ဝယ်ယူအသုံးပြုတဲ့သူတွေအတွက် အချိန်ပိုစောင့်ရတဲ့အခက်အခဲတွေနဲ့ အခြားအခြားသော အခက်အခဲတွေရှိလာတဲ့အတွက် ဒီလိုလုပ်လိုက်ရတာပါ။တခြားဘာအကြောင်းမှ မဟုတ်ပါဘူး။ ဒီလိုလုပ်လိုက်တာ ဇန်နဝါရီလ ၉ ရက် နေ့လယ်ပိုင်းလောက်ကစတင်လုပ်လိုက်တာပါ" ဟု တာဝန်ရှိဝန်ထမ်းတစ်ဦးကပြောသည်။ အဆိုပါ စက်သုံးဆီအရောင်းဆိုင်တွင် တစ်နေ့လျှင် ဆိုင်ကယ်အစီးရေ ၈၀၀ ကျော် လာရောက်ထုတ်ယူပြီး ဂါလန်ပေါင်း ထောင်ချီ၍ ရောင်းချနေရကြောင်းနှင့် ယခင်က ဆီထုတ်ပြီး ပြန်လည်ရောင်းချနေသောသူများအနေဖြင့် တစ်နေ့လျှင် သောင်းချီသော ဝင်ငွေရှိကြောင်း သိရှိရသည်။



7 DAY NEWS JOURNAL
Vol.9, No.43 · JANUARY 20, 2011

# အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်များ မုံရွာမြေမှ သွားရောက်ဖူးမြော်နိုင်

မျိုးမင်းဦး

**မုံရွာ၊ ဇန်နဝါရီ- ၁၃**

မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ အလောင်းတော်ကဿပဘုရားဖူး ခရီးစဉ်များအား မုံရွာမြို့မှ နေ့စဉ် ဘုရားဖူး ယာဉ်လိုင်းများအဖြစ် ပြေးဆွဲပေးလျက်ရှိပြီး ခရီးသည်များ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ကျွမ်းကျင်ယာဉ်မောင်းများဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

"နယ်ဒေသစုံက အလောင်းတော်ကဿပဘုရားဖူးယာဉ် လေအိတ်ကားကြီးတွေက မုံရွာမှာ ရပ်နားပြီး မုံရွာ-အလောင်းတော်ကဿပဘုရားဖူးယာဉ်တွေနဲ့ တစ်ဆင့်ပြောင်းစီးရတယ်။ မုံရွာမြို့ပေါ်မှာ ဘုန်းကြီးကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေမှာ ဘုရားဖူးခရီးသည်တွေတည်းခိုနိုင်ပြီး အလောင်းတော်ကဿပ ဘုရားဖူးယာဉ်လိုင်းတွေကလည်း ဘုရားဖူးခရီးစဉ်အတိုင်း ဝန်ဆောင်မှုတွေ အပြိုင်အဆိုင်ပေးကြတယ်။ မုံရွာ-အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်မှာ မိုင် ၅၀ ကျော်ပြီး မိုင်



၃၀ က မြေပြန့်ခရီး ၂၀ မိုင်ကတောင်ပေါ်အကွေ့အကောက် ခရီးတွေမို့ ပုံမှန်မောင်းနှင်နေတဲ့ ကျွမ်းကျင်ယာဉ်မောင်းတွေ လိုအပ်ပါတယ်။ မုံရွာ-အလောင်းတော်ကဿပ ဘုရားဖူးယာဉ်လိုင်းတွေမှာ လူစီးသီးသန့် လေအိတ်ကားတွေ၊ မီနီဘတ်စ်တွေ၊ လိုက်ထရပ်ကားတွေ ပြေးဆွဲပေးပါတယ်။ ခရီးသည်တစ်ဦးကိုကျပ်တစ်သောင်းနှုန်းနဲ့ ပြေးဆွဲပေးပါတယ်" ဟု မုံရွာ-အလောင်းတော်ကဿပ ဘုရားဖူးယာဉ်လိုင်းပြေးဆွဲသူတစ်ဦးက ပြောကြားသည်။

အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၀ ဒီဇင်ဘာလ ၂၄ ရက်က ကျင်းပခဲ့ပြီး မုံရွာ-အလောင်းတော်ကဿပဘုရားဖူးခရီးစဉ်ယာဉ်လိုင်းများ ဒီဇင်ဘာလ ၂၀ ရက်တွင် စတင်ပြေးဆွဲခဲ့ကြောင်း သိရှိရသည်။ မုံရွာမြို့မှ အလောင်းတော်ကဿပပိတ်ဆေးသစ်တောစခန်း အထိယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိရာ အောင်ကမ္ဘာ၊ ရတနာပုံ(ဦးညီမင်းနှင့်ရောင်းရင်းများ)၊ မဟာနွယ်စသည့်ယာဉ်လိုင်းများအပြင် ကိုယ်ပိုင်ယာဉ်ငယ်အသင်းမှယာဉ်ငယ်များပါ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။ မုံရွာမြို့မှ အလောင်းတော်ကဿပ (စံကျောင်းအထိ) ၅၆ မိုင် မန္တလေးမြို့မှ အလောင်းတော်ကဿပစံကျောင်းတော်ထိ မိုင် ၁၄၀၊ ရန်ကုန်မြို့မှ အလောင်းတော်ကဿပ စံကျောင်းတော်အထိ မိုင် ၉၈၀၊ ကပိုင်လမ်းစခန်းမှအလောင်းတော်ကဿပ စံကျောင်းတော်အထိ ၂၀ မိုင်ကွာဝေးပြီးအဆိုပါ လမ်းပိုင်းအတွင်း နတ်ထိပ်တောင်သည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၂,၀၀၀ ကျော်မြင့်ပြီး မဟူတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၂၇၆ ပေရှိကြောင်း သိရှိရသည်။

ပြာပူတောင်တွင် အကွေ့အကောက် ၁၂ ခုရှိပြီး ချောင်းမကြီးချောင်းသည် အကွေ့အကောက်များဖြင့် ၄ နေရာ ပတ်မောင်းရသော ချောင်းကြီးကိုလည်း ကြုံတွေ့ရသည်။

ရေအသွင်သွင် စီးဆင်းနေသော သပိတ်ဆေးချောင်း၊သပိတ်ဆေးသစ်တောစခန်းမှစံကျောင်းတော်အထိဆင်စီးခရီးလမ်း၊ သစ်ပင်များ အုံ့ဆိုင်းညို့မှိုင်းနေသော သက်ရင့်သစ်တောကြီးများ၊လိုဏ်ဂူတော် အဆင်းအထပ်ထပ်သော လှေကားထစ်လမ်းနှင့်ကျောက်စက်ကျစမ်းရေကြောက အလောင်းတော်ကဿပစံကျောင်းတော်ကို နေ့စဉ် ဘုရားဖူးကားများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

## အိန္ဒိယနိုင်ငံတော်နေ့ အထိမ်းအမှတ် ပန်းချီပြပွဲ ကျင်းပမည်

ညီညီဇော်

**မန္တလေး၊ ဇန်နဝါရီ - ၁၃**

(၆၂) နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲတွင် 'သဘာဝပတ်ဝန်းကျင်' အမည်ဖြင့် ရေးဆွဲပြိုင်ပွဲဝင်ရမည်ဟု အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး(မန္တလေး)မှ သတင်းရရှိသည်။

အိန္ဒိယသမ္မတနိုင်ငံတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်သော်လည်း အခြားခေါင်းစဉ်ဖြင့် ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်ပြီး ၎င်းရုံးမှ တာဝန်ရှိသူတစ်ဦးက "အခုဆို ကမ္ဘာမြေကြီးက တဖြည်းဖြည်း ပူနွေးလာတဲ့အတွက် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမလဲဆိုတဲ့ နည်းလမ်းတွေလိုလာပါပြီ။ ဒီသဘာဝပတ်ဝန်းကျင်အမည်နဲ့ ရေးဆွဲစေတော့ ငယ်ရွယ်နုနယ်တဲ့ကလေးတွေဆီကနေ ထူးခြားတဲ့အမြင်လေးတွေ ရလာနိုင်တာကြောင့်စီစဉ်ဖြစ်တာပါ"ဟု ပြောသည်။ ပန်းချီပြိုင်ပွဲကို ၂၀၁၁ ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အသက် ၅ နှစ်မှ ၁၀နှစ်အထိ အငယ်တန်း၊ အသက် ၁၁ နှစ်မှ ၁၆ နှစ်အထိ အကြီးတန်းဟူ၍ ခွဲခြားထားသည်။ ပြိုင်ပွဲဝင်လိုပါက ၂၀၁၁ ဇန်နဝါရီလ ၂၀ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဟု သိရသည်။ ပြိုင်ပွဲဝင်များအနေဖြင့် ပန်းချီရေးဆွဲရန်အတွက် ဆေးရောင်စုံပစ္စည်းများ ယူဆောင်လာရမည်ဖြစ်ပြီး ပုံဆွဲစာအုပ်ကို စီစဉ်ပေးမည်ဟုသိရသည်။ အိန္ဒိယ ကောင်စစ်ဝန်ချုပ်ရုံးကို တ-၁၊ ၂၅၊ ၆၅ လမ်းနှင့် ၄ဝလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည်။

## ကျောက်ဖြူမြို့တွင် ဘိုးဘွားရိပ်သာတည်ဆောက်မည်

နနဖွေ

**ကျောက်ဖြူ ဇန်နဝါရီ-၁၂**

ရခိုင်ပြည်နယ်ကျောက်ဖြူမြို့တွင် ဘိုးဘွားရိပ်သာတစ်ခုကိုထူထောင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဘိုးဘွားရိပ်သာအဆောက်အအုံကို ကျောက်ဖြူမြို့ ဥပစာကောလိပ်ဟောင်းအနီး မြေကွက် ၅ ဒသမ ၂ ဧကရှိမြေပေါ်တွင် ဆောက်လုပ်သွားမည်ဖြစ်သည်။

ကျောက်ဖြူမြို့မှာ ခရိုင်မြို့ကြီးတစ်မြို့ဖြစ်သော်လည်း ဘိုး ဘွားရိပ်သာမရှိသေးခြင်းကြောင့် အသက်အရွယ်ကြီးမြင့်ပြီးခိုကိုးရာမဲ့အဘိုးအဘွားများအား ကူညီစောင့်ရှောက်သွားနိုင်ရန်ရည်ရွယ်ပြီး စေတနာရှင်များစုပေါင်း၍ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီသည် လိုအပ်သောအလှူငွေများစုဆောင်းလျက်ရှိကာ ဘိုးဘွားရိပ်သာအဆောက်အအုံအား စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ခိုကိုးရာမဲ့သက်ကြီးအဘိုးအဘွားများအား ကူညီစောင့်ရှောက်ခြင်းလုပ်ငန်းများကို စစ်တွေမြို့ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာ၊ တောင်ကုတ်မြို့ ဘိုးဘွားရိပ်သာ၊ သံတွဲမြို့ဘိုးဘွားရိပ်သာများ ထူထောင်ထားရှိကြပြီးဖြစ်သည်။ ကျောက်ဖြူမြို့တွင်လည်း သက်ကြီးရွယ်အိုများ နားနားနေနေ လာရောက်တရားသီလဆောက်တည်နိုင်သည့် တရားစခန်းအသွင်ရိပ်သာတစ်ခုကို ဖွင့်လှစ်ထားရှိကြောင်းသိရပြီး ဂွမြို့နယ် ကျိန္တလီကျေးရွာ(မြို့နယ်ခွဲ)တွင်လည်း သက်ကြီးရွယ်အို အဘိုးအဘွားများအားအိမ်တိုင်ရာရောက်သွား၍ စောင့်ရှောက်ပေးလျက်ရှိသည်။ ကျောက်ဖြူမြို့ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ကျောက်ဖြူမြို့ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီ (ဖုန်း-၀၄၃-၄၆၈၅၇) သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# အမေရိကန်ကုမ္ပဏီတစ်ခုက မြန်မာတူရိယာမောင်းများ မှာယူ

ဦးလွင်

**မန္တလေး၊ ဇန်နဝါရီ - ၁၃**



အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို အခြေစိုက် ကယ်လီဖိုးနီးယားပါကားရှင်းကုမ္ပဏီသည် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တမ္ပဝတီ၊ ချိပါ၊ ယွန်းစုဒေသထွက် မောင်းတူရိယာအမျိုးအစား အရွယ်စုံတင်ပို့ပေးရန် အော်ဒါမှာယူထားကြောင်း Golbal Gong ကုမ္ပဏီပိုင်ရှင် ဦးသိန်းထွန်းခိုင်ကပြောသည်။

"ဆန်ဖရန်စစ္စကို အခြေစိုက် ကယ်လီဖိုးနီးယားပါကားရှင်းကုမ္ပဏီက အမှာစာကို ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းလောက်က လက်ခံရရှိခဲ့ပါတယ်။ အခုချိန်မှာ Golbal Gong ကုမ္ပဏီအနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ မောင်းတူရိယာအမျိုးအစား အရွယ်စုံကို စတင်စုဆောင်းထုတ်လုပ်နေပါပြီ"ဟုဎင်းကဆိုသည်။

"ယခုနှစ် အစမှာ ဂျာမနီအော်ဒါများကိုလည်း မန္တလေးဒေသခံကြေးကုန်ဆိုင်အချို့ လက်ခံရရှိနေတယ်လို့သိရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဥရောပနဲ့ အမေရိကဈေးကွက်တွေမှာ မန္တလေးဒေသထွက် မြန်မာ့တူရိယာမောင်းတွေဟာ ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ရရှိနေပါပြီ"ဟု ဎင်းက ဆက်လက်ပြောသည်။

မောင်းကို မြန်မာ့ဆိုင်းဝိုင်းများနှင့် သုံးစွဲပုံမတူကြောင်းသိရှိရပြီး ဥရောပနှင့် အမေရိကတိုက်တို့တွင် ပါကားရှင်းတစ်ခုအနေနှင့် အသုံးပြုကြကြောင်းသိရှိရသည်။ ထို့အပြင် မောင်းကိုအသုံးပြုသည့်နေရာတွင် စီးရီးအလိုက် ဂီတသံစဉ်များ $C_2$ မှ $C_3$(မောင်း ၁၃လုံး တစ်စုံ)အထိ အသုံးပြုကြကြောင်း သိရသည်။ ဆန်ဖရန်စစ္စကို အခြေစိုက် Conservatory of Music အနုပညာမှာ မြန်မာပြည်မှထွက်သည့် မောင်းတီးခတ်ပုံ တစ်စိတ်တစ်ဒေသကို သင်ကြားပေးလျက်ရှိကြောင်းပြည်ပသို့ မောင်းတူရိယာတင်ပို့နေသူ ဦးသိန်းထွန်းခိုင်ကပြောသည်။ "ဒီလို ဘာလို့ပြောနိုင်ရသလဲဆိုရင် အဲဒီအနုပညာကျောင်းမှာ မြန်မာ့မောင်းအသံသွင်ပုံ၊ အသံညှိပုံကို နိုင်ငံတကာကျောင်းသားတွေရှေ့မှာ သရုပ်ပြပွဲပြုလုပ်ခဲ့လို့ပါ"ဟု ဎင်းကဆိုသည်။

Global Gong ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက "မြန်မာ့မောင်းတွေကို နိုင်ငံတကာက Thai Gong (ထိုင်းမောင်း)တွေလိုပဲ အသိများကြတယ်။ တကယ်တမ်းကျ အဲဒီမောင်းတွေက မြန်မာနိုင်ငံမန္တလေးဒေသ တမ္ပဝတီအရပ်က ထွက်တဲ့အနုပညာပစ္စည်းပါ" ဟု ဆိုသည်။

မန္တလေးဒေသခံ ကြေးကုန်လုပ်ငန်းများအနေဖြင့် နိုင်ငံခြားနှင့်တိုက်ရိုက်ဆက်သွယ်ကာ အခွင့်အလမ်းပိုမိုရရှိအောင် ကြိုးစားလုပ်ကိုင်သင့်ကြောင်း မောင်းတူရိယာကိုစတင်လုပ်ဆောင်ရာတွင် မောင်းခတ်ပညာရှင်၊ မောင်းအသံသွင်းပညာရှင်၊ မောင်းတီးခတ်ပညာရှင်တို့နှင့် အဆင့်ဆင့်လုပ်ဆောင်ရကြောင်း မန္တလေးဒေသထွက် မောင်းတူရိယာများသည် နိုင်ငံတကာ တူရိယာအဆင့်မီကြောင်း အထက်ပါပုဂ္ဂိုလ်က သူ၏အမြင်ကိုပြောကြားသည်။

# ရခိုင်ပြည်နယ်အတွင်း ရေကြောင်းသွားလာရေးအတွက် နေ့ချင်းပြန် အမြန်သင်္ဘောများ ပြေးဆွဲ

ရဲပန်ဇင်း

**စစ်တွေ၊ ဇန်နဝါရီ-၁၃**

ရခိုင်ကမ်းရိုးတန်းမြို့နယ်သို့ ဆက်သွယ်ရေးအတွက် မြန်နှုန်းမြင့် ရှော်တယ်အမြန်ယာဉ်များ ပြေးဆွဲလျက်ရှိရာ စစ်တွေ-ဘူးသီးတောင်၊ စစ်တွေ-မြောက်ဦးနှင့် တောင်ကုတ်-မာန်အောင် နေ့ချင်းပြန်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိနေကြောင်း သိရသည်။

အမြန်ယာဉ်သင်္ဘောပြေးဆွဲခြင်းလုပ်ငန်းကိုလွန်ခဲ့သည့် ၂၀၀၀ ပြည့်လွန်နှစ်များမှ စတင်ခဲ့ခြင်းဖြစ်ရာ ထိုစဉ်က စစ်တွေ- ကျောက်ဖြူ-ရမ်းဗြဲ-တောင်ကုတ် ခရီးစဉ်ကိုသာ ဦးစားပေးပြေးဆွဲခဲ့ခြင်းဖြစ်ပြီး တောင်ကုတ်-မာန်အောင် နေ့ချင်းပြန်၊ စစ်တွေ-မြောက်ဦးနေ့ချင်းပြန်ခရီးစဉ်များကို ပြေးဆွဲခဲ့ဖူးကြောင်း သိရသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေ့ချင်းပြန်ခရီးစဉ်များ ရပ်နားခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နှောင်းပိုင်းလများမှ စတင်ကာပြန်လည်ပြေးဆွဲလာခဲ့ခြင်းဖြစ်သည်။

အမြန်သင်္ဘောပြေးဆွဲခြင်းလုပ်ငန်းကိုလည်း ယခင်က ကုမ္ပဏီတစ်ခုတည်းကသာ ပြေးဆွဲခဲ့သော်လည်း ယခုအခါ ကုမ္ပဏီလေးခုမှ အမြန်ယာဉ် ၈ စီးဖြင့် ပြေးဆွဲလာခြင်းဖြစ်ကြောင်း သိရသည်။

ခရီးစဉ်သစ်များကိုလည်း ပြေးဆွဲလာပြီဖြစ်ရာ စစ်တွေ-ကမ်းထောင်းကြီး(မြေပုံမှတစ်ဆင့်)၊ စစ်တွေ-ကျောက်နီမော်(စစ်တွေ-တောင်ကုတ်လမ်းအကြား)ကျေးရွာကြီးများသို့ ပြေးဆွဲပေးနေပြီဖြစ်သည့်ပြင် စစ်တွေ-မင်းပြား ခရီးစဉ်ကိုလည်း တိုးချဲ့ပြေးဆွဲပေးနေပြီဖြစ်သည်။

ပြည်တွင်ရေကြောင်းပို့ဆောင်ရေးသင်္ဘောများ ပြေးဆွဲသည့်လမ်းကြောင်းများတွင် ကုန်စည်များကို အဆိုပါသင်္ဘောများဖြင့် တင်ဆောင်ကြပြီး ခရီးသည်များမှာ အမြန်သင်္ဘော စီးနင်းလိုက်မှုများပြားကြောင်း သိရသည်။

# စစ်တွေ ရွှေပန်းထိမ်သမားများ ရွှေအပ်ထည်ရရှိမှု မြင့်တက်

မောင်သန်းဝင်း

**စစ်တွေ၊ ဇန်နဝါရီ- ၁၄**

ရခိုင်ပြည်နယ်၏ စီးပွားရေးမြို့တော် စစ်တွေ၌ လုပ်ငန်းရှင်လယ်သမားများ စပါးပေါ်ချိန် ကောက်ပဲသီးနှံများပေါ်ချိန်များရောက်ရှိလာပြီး ရွှေအပ်ထည်ရရှိမှုနှုန်းမှာ မြင့်တက်လာကြောင်း ပန်းထိမ်လုပ်ငန်းရှင်များကပြောသည်။

စစ်တွေမြို့ ရွှေပန်းထိမ်ဈေးကွက်များအတွင်း စစ်တွေမြို့နယ်ဧရိယာနယ်မြေများမှ အပ်နှံမှုများကြောင့်လည်းသိရသည်။ ရခိုင်ပြည်နယ်ရွှေပန်းထိမ်ဈေးကွက်များအတွင်း ရန်ကုန်မှ ရွှေလုပ်ငန်းရှင်များကစက်ခတ်၊ လက်ခတ်ဒီဇိုင်းမျိုးစုံဆွဲကြိုး၊ လက်ကောက်၊ နားဆွဲစသည့် လက်ဝတ်ရတနာရွှေပစ္စည်းများ ဝင်ရောက်ရောင်းချမှုများရှိရာ ထိုသို့ရောင်းချလေ့ရှိပါက ရွှေအပ်ထည်ရရှိမှုနည်းပါးကြောင်းလည်း သိရသည်။

"နှစ်စဉ်နှစ်တိုင်းလို ရခိုင်ပြည်နယ်ရွှေဈေးကွက်အတွင်း ပွင့်လင်းရာသီဆို ရန်ကုန်မှရွှေလုပ်ငန်းရှင်တွေ စက်ခတ်၊ လက်ခတ်ရွှေဆွဲကြိုးလက်ကောက်နားဆွဲဒီဇိုင်းမျိုးစုံကို ဝင်ရောက်ရောင်းချလေ့ရှိပါတယ်။ သူတို့ဒီလိုဝင်ရောက်ရောင်းချရင် ရွှေပန်းထိမ်လုပ်ငန်းရှင်တွေက အပ်ထည်ရရှိ မှုနှုန်းနည်းပါးတယ်။ ဘာကြောင့်လဲဆိုတော့ ဝယ်တဲ့သူတွေက အပ်ဖို့ရည်ရွယ်ခဲ့တဲ့ရွှေအပ်ထည်တွေကို မအပ်တော့ဘဲသီးသန့်ရောင်းချကြပြီး ရန်ကုန်ကဝင်လာတဲ့ စက်ခတ်၊ လက်ခတ်ဒီဇိုင်းဆန်းပစ္စည်းတွေကိုပဲ ဝယ်သွားကြတယ်" ဟု စစ်တွေမြို့ရွှေပန်းထိမ်လောကမှ ဝါရင့်ရွှေပန်းထိမ်လုပ်ငန်းရှင်ဦးဝင်းမောင်သန်းက ပြောသည်။

စစ်တွေမြို့ ရွှေပန်းထိမ်ဈေးကွက်အတွင်း မောင်တောနယ်စပ်မှ အရည်အသွေးစံချိန်မီ ကိုးသုံးလုံးရွှေ(၉. ၉၉) အခတ်ပြားရွှေ၊ အခေါက်ရွှေများလည်း ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

# စစ်တွေကမ်းခြေတွင် ရှားပါးလိပ်ကြီးတစ်ကောင်တွေ့ရှိ



ဂျွန်ကိုလင်း

**စစ်တွေ၊ ဇန်နဝါရီ-၁၄**

စစ်တွေဟိုတယ် အနောက်ဘက်တစ်မိုင်အကွာရှိ ဘာဆာကျေးရွာတွင် ယခုလ ၁၀ ရက် နံနက် ၆ နာရီခွဲအချိန်က ရှားပါးပင်လယ်လိပ် အမျိုးအစားလိပ်စောင်းလျားကြီး တစ်ကောင်ကမ်းခြေသို့တက်လာခဲ့သည်ဟု သိရသည်။ ရှားပါးလိပ်စောင်းလျားမှာ ရခိုင်ကမ်းရိုးတန်းနှင့် ဘင်္ဂလားဒေ့ရှ်ပင်လယ်အော်၌သာမက ကမ္ဘာပေါ်တွင် ရှားပါးမျိုးတုံးလုနီးပါးဖြစ်နေပြီး ရခိုင်ဒေသတွင်တွေ့ရှိခဲ့သမျှတွင် အရွယ်အစားအကြီးမားဆုံးဖြစ်ကြောင်း ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှဒုဦးစီးမှူးဦးစောရွှေကပြောသည်။

'ငါးလုပ်ငန်းကို ၉ နာရီလောက်မှ သတင်းလာပေးတော့ သွားကြည့်လိုက်တဲ့အခါ ခေါင်းမှာ ဒဏ်ရာနည်းနည်းရနေတာတွေ့ရတယ်။ ပင်လယ်ထဲကနေ သဲသောင်ထက်ကုန်းမြင့်ကိုလည်းတက်လာခဲ့တယ်။တွေ့ဖူးသမျှထဲမှာ အကြီးဆုံးလိပ်မကြီးပါပဲ' ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။လိပ်မကြီးမှာ ဦးခေါင်းမှ အမြီးအထိ ခြောက်ပေခွဲရှည်လျားပြီး အခွံမှာအလျားလေးပေရှစ်လက်မ၊ အနံလေးပေလေးလက်မနှင့် ကိုယ်ထည်လုံးပတ် ခုနစ်ပေနှစ်လက်မ၊ ခေါင်းပတ်လည်သုံးပေ၊ အမြီးအရှည် လေးလက်မ၊ ရှေ့ရေယက်အရှည်နှစ်ပေ၊ နောက်ရေယက်အရှည်တစ်ပေခွဲရှိကြောင်း သိရသည်။

ရှားပါးပင်လယ်လိပ်များကို ရခိုင်ဒေသတွင် မကြာခဏတွေ့ရတတ်ပြီး အများအားဖြင့် ပြင်သာလိပ်နှင့် လိပ်လောင်းများသာတွေ့ရသည်ဟုသိရသည်။ အဆိုပါလိပ်မကြီးအား နံနက် ၁၀ နာရီခွဲတွင် ဘင်္ဂလားပင်လယ်အော်ထဲသို့ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

Small Size Classes
Fees Accepted by Installment
Getting Individual Attention
IELTS CLASSES
Free IELTS Practice Session
With latest Edition IELTS Book
OPEN IN JAN 22
By English Dept (Retd) Professor Daw Khin Aye Nwe
Global Enchanting Education Centre: 73127074, 09 5181316
Rm 211(B), 2nd Floor, Bayint Naung Tower 2, Kamayut Tsp.

ဂုဏ်ထူး ဦးအောင်ခိုင်
Summer Grammar Classes
Tel : 252 919, 730 97 909, 09 50 179 55

ညနေပိုင်း-ညဦးပိုင်း
FOOD CENTER

# Education

7DAY NEWS JOURNAL

Vol.9, No.43 • JANUARY 20, 2011


## အင်တာနေရှင်နယ်ကျောင်းအပြီး ပညာဆက်သင်ရန် ကျောင်းသားအချို့ အခက်ကြုံ

ဇန်နဝါရီ-၁၃

ပြည်တွင်းရှိအင်တာနေရှင်နယ်ကျောင်းများတွင် ပညာသင်ယူနေသော မြန်မာကျောင်းသားအချို့ အတန်းပြီးဆုံးချိန်တွင်အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရန် အခက်အခဲကြုံတွေ့ရမှုများရှိနေကြောင်းသိရသည်။

အင်တာနေရှင်နယ်ကျောင်းတွင် အတန်းပညာပြီးဆုံးခဲ့သောကျောင်းသားအနေဖြင့်အရည်အချင်းလိုအပ်ချက်ကြောင့်လည်းကောင်း၊ မိဘ၏ငွေကြေးပံ့ပိုးနိုင်မှုအခက်အခဲကြောင့်လည်းကောင်းနိုင်ငံရပ်ခြားတွင်ပညာသင်နိုင်ခြင်းမရှိသောအခါ ကျောင်းသား၏ပညာရေးလမ်းကြောင်းလွဲချော်မှုနှင့်ကြုံတွေ့နေရလျက်ရှိသည်။

"ကျွန်တော်ဆီမှာနာမည်ကြီးအင်တာနေရှင်နယ်ကျောင်းက ကျောင်းသားသုံးလေးယောက်ရှိတယ်။မိဘကဆယ်နှစ်လောက်ပံ့ပိုးပြီး ထပ်ကုန်ဖို့အခက်အခဲရှိတော့ပြည်တွင်းမှာပဲတက္ကသိုလ်တက်လို့ရအောင်ပါ။ ဒါပေမဲ့ ကျောင်းသားတွေရဲ့အခြေအနေကဘယ်လိုမှတက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ဖို့မလွယ်ဘူးလေ။ မြန်မာစာအရမ်းအားနည်းတယ်။ ဒီမှာကမြန်မာလိုအကုန်အလွတ်ကျက်ရတော့အဆင်မပြေဘူးဖြစ်နေတာပေါ့"ဟုတက္ကသိုလ်ဝင်တန်းဘော်ဒါဆောင်ပိုင်ရှင်တစ်ဦးကပြောသည်။ အင်တာနေရှင်နယ်ကျောင်းများတွင် ပညာသင်ယူနေကြသောကျောင်းသားအများစုသည်အတန်းပြီးဆုံးချိန်တွင် ဂျီစီအီးကဲ့သို့သော နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်ဝင်ခွင့်စာမေးပွဲများဝင်ရောက်ဖြေဆို၍ ပြည်ပနိုင်ငံများတွင် အဆင့်မြင့်ပညာများဆက်လက်သင် ယူနိုင်ရန်ရည်ရွယ်ကြသည်။

"သားကသုံးတန်းပါ။ အစိုးရကျောင်းမတက်ဘူး။ ဒီမှာကဂျီစီအီးအိုထိတက်လို့ရတယ်။နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ကအဓိကပေါ့။ ပြည်တွင်းကအင်ဂျင်နီယာတို့ဆရာဝန်ကျောင်းတို့တော့တက်လို့မရတော့ဘူးပေါ့။ နိုင်ငံခြားမသွားဖြစ်ရင်တော့ ဒီကပြင်ပသင်တန်းတက်ပြီး ကိုယ်ပိုင်အလုပ်၊ ပုဂ္ဂလိကအလုပ်ပဲလုပ်လို့ရတော့မှာပေါ့။ အစိုးရအလုပ်တော့လုပ်လို့မရတော့ဘူး"ဟု အင်တာနေရှင်နယ်ကျောင်းတစ်ခုတွင် သားဖြစ်သူအားပညာသင်ယူနေစေသော မိခင်တစ်ဦးကဆိုသည်။ ပြည်တွင်းရှိအင်တာနေရှင်နယ်ကျောင်းများသည် ပြည်ပမှသင်ရိုးညွှန်းတမ်းများဖြင့်သင်ကြားလျက်ရှိပြီး ၎င်းကျောင်းများအားစိတ်ဝင်စားသောမိဘများလည်းမြင့်တက်လာလျက်ရှိကာယခုနှစ်ပိုင်းတွင် အင်တာနေရှင်နယ်ကျောင်းများလည်း တိုးပွားလာလျက်ရှိသည်။

## PSB အကယ်ဒမီမှ ဩစတြေးလျ ပညာရေးစနစ်အကြောင်း ဟောပြောမည်

သီဟ

ရန်ကုန်၊ဇန်နဝါရီ-၁၂

စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိက တက္ကသိုလ်တစ်ခုဖြစ်သော PSB Academy တွင်တက်ရောက်နိုင်မည့်ဩစတြေးလျမှပေးအပ်သည့် ဘွဲ့များအကြောင်းနှင့် ဩစတြေးလျ ပညာရေးစနစ်အကြောင်းများအား လာမည့် ဖေဖော်ဝါရီ ၁၁ တွင်ပြုလုပ်မည့် Singapore Education Road Show 2011 တွင် PSB Academy မှလာရောက်ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဩစတြေးလျနိုင်ငံ University of Newcastle မှပေးအပ်သည့် Bachelor of Engineering(Electrical) နှင့် Bachelor of Engineering (Mechanical) အစရှိသည့် အင်ဂျင်နီယာဘာသာရပ်များနှင့် အသစ်ထပ်မံသင်ယူနိုင်မည့် အင်ဂျင်နီယာဒီပလိုမာများ၊ စီးပွားရေးဘာသာရပ်များဖြစ်သည့် Banking & Finance အထူးပြုဘာသာရပ်များ အကြောင်းလည်း ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့အပြင် အားကစား အထူးပြုဘာသာရပ်များဖြစ်သည့် Sport & Exercise Science, Sport and Leisure ဒီပလိုမာများနှင့် Double Major ယူနိုင်သည့် ဘာသာရပ်များအကြောင်းကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဘာသာရပ်များအပြင် ကမ္ဘာ့အဆင့် ၂ တွင် ပါဝင်သည့် The University of Wollongong မှချီးမြှင့်သည့် Bachelor of Commerce ဘွဲ့အား Finance, Marketing, Management, Public Relation, Supply Chain Management အစရှိသည့် ဘာသာရပ်များလည်း လေ့လာသင်ယူနိုင်ကြောင်း သိရသည်။ အထက်ပါ ဘာသာရပ်များနှင့် ဘွဲ့များအတွက် ဝင်ခွင့်နှင့်ပတ်သက်၍ ပြပွဲနေ့တွင်အသေးစိတ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

## MDIS တွင် ဆေးပညာဆက်စပ်ဘွဲ့များ တက်ရောက်နိုင်

သီဟ

ရန်ကုန်၊ဇန်နဝါရီ-၁၃

ဆေးပညာရပ်ကိုစိတ်ဝင်စားသူများနှင့် ဆေးပညာနှင့်ပတ်သက်၍ နိုင်ငံတကာအသိအမှတ်ပြုဘွဲ့ရလိုသူများအတွက် M.Sc(Health Care Management)နှင့်Medical Biochemistry ဘာသာရပ်နှင့် Cancer Biology ဘာသာရပ်များကိုစင်ကာပူနိုင်ငံရှိ MDISတွင် တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါဘာသာရပ်များတွင် M.Sc(Health Care Management) တစ်ခုတည်းသာမဟာဘွဲ့ဖြစ်ပြီး ကျန်ဘာသာရပ်များမှာ ပထမဘွဲ့သင်တန်းများဖြစ်သည်။

M.Sc(Health Care Management) ဘာသာရပ်အား MBBSဘွဲ့အပါအဝင် ဆေးပညာ ဆက်စပ်ဘွဲ့များနှင့် အခြားဘွဲ့များလည်းလျှောက်ထားနိုင်ကြောင်း သိရသည်။ သင်တန်းကာလမှာ တစ်နှစ် ဖြစ်ပြီး တက်ရောက်လိုသူများသည်အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS 6.5နှင့် TOEFL 570 ရရှိရန်လိုအပ်သည်။ အခြားဘာသာရပ်နှစ်ခုဖြစ်သည့် Biochemistry နှင့် Cancer Biology ဘာသာရပ်များသည် ပထမဘွဲ့သင်တန်းများဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအပါအဝင် အခြားဘွဲ့ရများလည်း လျှောက်ထားနိုင်ကြောင်းသိရသည်။ အဆိုပါဘာသာရပ်များသည် သုံးနှစ်တက်ရောက်ရမည်ဖြစ်ပြီး MBBS ဘွဲ့ရရှိသူများလျှောက်ထားပါက ပထမနှစ်မှတစ်ဘာသာနှင့် ဒုတိယနှစ်မှ တစ်ဘာသာသင်ယူရမည်ဖြစ်ပြီး နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

Biochemistry နှင့် Cancer Biology တက်ရောက်လိုသူများသည် အင်္ဂလိပ်စာလိုအပ်ချက်အနေဖြင့် IELTS 6 သို့မဟုတ် TOEFL 550 ရရှိထားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများဝင်ခွင့်နှင့်ပတ်သက်၍အသေးစိတ်အချက်အလက်များအား လာမည့်ဖေဖော်ဝါရီ ၁၁ ရက်တွင် Summit Park View ဟိုတယ်၌ကျင်းပမည့် Singapore Education Roadshow 2011 တွင်အသေးစိတ်စုံစမ်းနိုင်ကြောင်းသိရသည်။



ပညာရေးသတင်းတိုများ

### နိုင်ငံခြားပညာသင်အခွင့်အလမ်း ဟောပြောပွဲကျင်းပမည်

ဇန်နဝါရီ-၁၀

၂၀၁၁ နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းများခေါင်းစဉ်ဖြင့် ပညာရေးဟောပြောပွဲကို ဖေဖော်ဝါရီလ၅ရက်၊ နေ့လယ် ၁နာရီမှ ၃နာရီထိ ကုန်သည်ကြီးများဟိုတယ်တွင် ပြုလုပ်မည်ဟုသိရသည်။ ဗြိတိန်နိုင်ငံရှိဝီဂန်အင်လိဒ် ကောလိပ်မှတာဝန်ရှိသူတစ်ဦးနှင့် နဝရတ်ပညာရေးမှ ဒေါက်တာနေတို့ဆွေးနွေး ဟောပြောမည်ဖြစ်သည်။

### စင်ကာပူတွင် ပညာသင်လိုသော ကလေးငယ်များအတွက် ပညာရေးဟောပြောပွဲကျင်းပမည်


ဇန်နဝါရီ-၁၂


စင်ကာပူနိုင်ငံရှိအခြေခံပညာ ကျောင်းများတွင်သွားရောက် ပညာသင်ယူလိုသော ကလေးငယ်များအတွက် ပညာရေးဟောပြောပွဲကို ယခုလ ၂၃ရက်၊ညနေ၄နာရီမှ ၅နာရီထိကုန်သည်ကြီးများ ဟိုတယ်တွင် ပြုလုပ်မည်ဖြစ်သည်။ ကျောင်းဝင်ခွင့်စာမေးပွဲများ ဖြစ်သော AEISနှင့် QT တို့ အတွက်ပြင်ဆင်မှုများ၊ ကျောင်းလျှောက်ရန်လိုအပ်ချက် များအားဆွေးနွေး ဟောပြောမည်ဟု E Gate ပညာရေးဝန်ဆောင်မှုသိရသည်။

### ထွန်းဖောင်ဒေးရှင်းပညာရှင်ဆု ဇန်နဝါရီလကုန် နောက်ဆုံးထားလျှောက်နိုင်

ဇန်နဝါရီ-၁၂

၂၀၁၀ခုနှစ်၊မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သော ကျောင်းသားများအနေဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေးအား ယခုလကုန်နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ငွေကြေးချို့တဲ့သော ကျောင်းသားများအတွက် လစဉ်ပညာသင်ထောက်ပံ့ကြေး အားဘွဲ့ရသည်အထိ ထွန်းဖောင်ဒေးရှင်းဘဏ်မှ ပေးအပ်လျက်ရှိပြီး လျှောက်ထားလိုသူများအနေဖြင့် ဖုန်း-၃၈၀၂၄၂သို့ဆက်သွယ် နိုင်သည်။

7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

## ရုရှားဘာသာစကား ပညာဒါန သင်တန်းဖွင့်

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ရုရှားဘာသာစကားအား စိတ်ဝင်စားလေ့လာလိုသောသူများအတွက် ရုရှားလူမျိုးတစ်ဦးက ရုရှားဘာသာစကားပညာဒါနသင်တန်းဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း Better Life သင်တန်းကျောင်းမှ သိရသည်။

"RUSSKIY MIR" Foundation ၏ပံ့ပိုးမှုဖြင့် ရုရှားလူမျိုး ဆရာကိုယ်တိုင်သင်ကြားမည့် ရုရှားဘာသာစကားအခြေခံနှင့် အဆင့်မြင့်တန်းများကို ဖေဖော်ဝါရီလပထမပတ်တွင် စတင်ဖွင့်လှစ်ရန်စီစဉ်ထားပြီး စိတ်ဝင်စားသူများအနေဖြင့် ယခုလကုန်နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

"ရုံးချိန်ပြင်ပ ဖွင့်လှစ်သင်ကြားမှာပါ။ ကြားရက်သုံးရက်နဲ့ စနေ၊ တနင်္ဂနွေကို နှစ်ရက်ဖွင့်လှစ်မှာပါ။ ပညာဒါနဖြစ်တဲ့အတွက် သင်တန်းတက်တဲ့သူတွေအနေနဲ့ အတန်းပြီးဆုံးတဲ့အထိ တက်စေချင်ပါတယ်"ဟု လပြည့်ဝန်းပလာဇာရှိ Better Life သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၎င်းပညာဒါန သင်တန်းများမှာ သင်တန်းကာလ သုံးလကြာမြင့်မည်ဖြစ်ပြီး လူဦးရေကန့်သတ်သင်ကြားမည်ဖြစ်ကြောင်းသိရသည်။

## ဦးဝင့်ကျော် LCCI ပညာသင်ဆု ၄၅ ဦးရရှိ

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ဦးဝင့်ကျော် LCCI ပညာသင်ဆုအတွက် စာရင်းကိုင် ဘာသာရပ်များသင်ကြားရန် ကျောင်းသား ၄၅ ဦးရွေးချယ်ခဲ့ကြောင်း MHR သင်တန်းကျောင်းမှ သိရသည်။

ပညာသင်ဆုရရှိသော ကျောင်းသားများအနေဖြင့် LCCI သင်တန်း ၁၃ ကျောင်းတွင် စာရင်းကိုင်ဘာသာရပ်များ လေ့လာသင်ယူရရှိမည်ဖြစ်သည်။

"ပညာသင်ဆုအတွက် ကျောင်းသား ၁၀၄ဦး လျှောက်ထားပါတယ်။ အများစုက မိန်းကလေးတွေပါ။ အသက်အရွယ်အားဖြင့် အများစုက ဆယ်တန်းအောင်ကနေ အသက် ၃၅ နှစ်အရွယ်ထိ လျှောက်ထားကြတယ်။ LCCI သင်တန်းအတွက် ၄၅ ဦးနဲ့ Abe သင်တန်းတက်ဖို့အတွက် ၈ ဦးရွေးချယ်ထားပါတယ်" ဟု MHR သင်တန်းမှ တာဝန်ရှိသူက ပြောသည်။

၎င်းပညာသင်ဆု အစီအစဉ်ကို တစ်နှစ်လျှင် နှစ်ကြိမ်ဆောင်ရွက်ရန်ရှိပြီး ပြည်တွင်းမှ LCCI သင်တန်းကျောင်းများ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုနှစ် ဧပြီ၊ မေလအတွင်း ၎င်းပညာသင်ဆု အစီအစဉ်အား ထပ်မံဆောင်ရွက်မည်ဖြစ်ပြီး စာရင်းကိုင် ဘာသာရပ်အား လေ့လာသင်ယူလိုသော လစာနည်း ဝန်ထမ်းသားသမီးများ၊ ငွေကြေးချို့တဲ့သူများ၊ မိဘမဲ့ဂေဟာမှကျောင်းသားများလျှောက်ထားနိုင်ကြောင်း သိရသည်။

## ထိုင်းနိုင်ငံ Webster University မှ ကျောင်းသားများအား ပညာသင်ဆုပေးအပ်မည်

သီဟ

**ရန်ကုန်၊ဇန်နဝါရီ-၁၁**

ထိုင်းနိုင်ငံရှိ ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်သော Webster University မှတက်ရောက်နေသော ကျောင်းသားများအား ပညာသင်ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုများအား လက်ရှိအဆိုပါ တက္ကသိုလ်တွင် တက်ရောက်လျက်ရှိသော ကျောင်းသားများထဲမှ အရည်အချင်းအလိုက် သတ်မှတ်ရွေးချယ်၍ Merit Based Scholarship, Need Based Scholarship, Rector's Scholarship, Need Based Book Scholarship, Entrance Scholarship, Prime Minister Scholarship ဟူ၍ခွဲခြားပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ပညာသင်ဆုများအားပေးအပ်ရာတွင် Merit Based Scholarship တွင် ပညာသင်ဆုရရှိသည့် ကျောင်းသားအား အမြင့်ဆုံး ငါးနှစ်အထိပေးအပ်သွားမည်ဖြစ်ပြီး တစ်နှစ်လျှင် ပညာသင်ကြေး ဘတ် ၅၂,၀၀ ချီးမြှင့်မည်ဖြစ်သည်။

Need Based Scholarship တွင် ကျောင်းသား ၁၂ ဦးအားပေးအပ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ပညာသင်စရိတ် ဘတ် ၆၀,၀၀၀ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

Rector's Scholarship တွင် မဟာဘွဲ့သင်တန်းသားတစ်ဦးနှင့် ပထမဘွဲ့သင်တန်းသားတစ်ဦးအားပေးအပ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ဘတ် ၄၀,၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ထို့အတူအခြားပညာသင်ဆုများတွင်လည်းသတ်မှတ်ချက်အလိုက် ပေးအပ်သွားမည်ဖြစ်ကြောင်း ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် MSIမှ သိရသည်။

ပညာသင်ဆုရရှိသော ကျောင်းသားများ၏ အရည်အချင်းကိုလည်း ပညာသင်ဆုပေးအပ်ရေးအဖွဲ့မှ ဆက်လက်စောင့်ကြည့်မည်ဖြစ်ပြီး အရည်အချင်းဆက်လက်ပြည့်မီမှသာ ရှေ့နှစ်အတွက်ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Webster University Thailand သည် အမေရိကန်တက္ကသိုလ်တစ်ခုဖြစ်ပြီး မြန်မာကျောင်းသား ၁၂ ဦး တက်ရောက်လျက်ရှိရသည်။

**အောင်ချမ်းမြေ**

(I) 06:30 am to 08:30 am (V) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (VI) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm
(IV) 12:30 pm to 02:30 pm

09:30 am to 03:30 pm

(Open 6:00 am To 7:00 Pm)

http://www.acmnursingtraining.com

ESWL
USG
(24 hr service)

လေ့လာစရာဒစ်ဂျစ်တယ်ဓာတ်ပုံပညာ

Lighting
Image Sensor
File Format
Exposure
Composition
Portrait

MP3, MP4, iPod, Phone .........

Date
GSM, CDMA, MP3, MP4, i pod
Format
Data
lock
Virus
Data file
MP3, MP4
Tools
Setting
Computer
Install

Technology
7 Day News Journal
Vol.9, No.43 • JANUARY 20, 2011

# တစ်ဖက်နှင့် တစ်ဖက် ပုံပါမြင်နိုင်မည့် ဖုန်းအမျိုးအစားသစ်တစ်မျိုး မိတ်ဆက်

**နေလင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

ဖုန်းသုံးစွဲသူအချင်းချင်း ရုပ်မြင်ဗီဒီယိုဖုန်းအဖြစ် အသုံးပြုနိုင်မည့် စီဒီအမ်အေဖုန်းအမျိုးအစားသစ် TD-SCDMA ဟူသည့် ဖုန်းတစ်မျိုးအား နဝမအကြိမ်မြောက် မြန်မာ့အိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ပြည်တွင်းကုမ္ပဏီတစ်ခုမှ စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါဖုန်းလိုင်းအမျိုးအစားသစ် TD-SCDMA ဖုန်းသည် ဂျီအက်စ်အမ်၊ စီဒီအမ်အေကွန်ရက်အမျိုးအစားများကဲ့သို့ဖြစ်ပြီး တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် Datung ကုမ္ပဏီက မြန်မာနိုင်ငံတွင်ဝန်ဆောင်ခွင့်ရရှိရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ကမ်းလှမ်းလျက်ရှိကြောင်း သိရသည်။

ယင်း TD-SCDMA ဖုန်း၏ ထူးခြားချက်မှာ ဖုန်းသုံးစွဲသူအချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ရုပ်မြင်ပြောဆိုနိုင်မည်ဖြစ်ကြောင်း Datung ကုမ္ပဏီနှင့် ပူးပေါင်းမည့် FISCA ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါ ဖုန်းလိုင်းအား ယခုပြပွဲတွင် ပထမဆုံးအကြိမ် မိတ်ဆက်ပြသထားခြင်းဖြစ်ပြီး ဝန်ဆောင်မှုနှင့် သုံးစွဲခွင့်ရရှိရေးတို့မှာမူ မသေချာသေးဘဲ မြန်မာ့ဆက်သွယ်ရေး၏ ခွင့်ပြုချက်ပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# နည်းပညာပြန့်ပွားရေးဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းမှ နည်းပညာပြန့်ပွားရေးနှင့်ပတ်သက်သော ဆွေးနွေးပွဲတစ်ခုစီစဉ်ထားပြီး ယင်းဆွေးနွေးပွဲတွင် နည်းပညာနှင့် ဝန်ဆောင်မှုလုပ်သက် ၂၅ နှစ်ရှိ ကျွမ်းကျင်ပညာရှင်တစ်ဦးကို ဖိတ်ခေါ်ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဓိကအားဖြင့် ခေတ်မီနည်းပညာရပ်များ လေ့လာမှုနည်းလမ်းများဖော်ဆောင်ရန်အတွက် (UNDP) မှ Chief, Infrastructure Service မှ ဦးရဲအောင်မှ Infrastructure Operation and Management in SLA (Servic Level agreement Operation) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည် ဖြစ်သည်။

ဟောပြောပွဲအား ၂၁ ရက်သောကြာ နေ့လယ် နှစ်နာရီတွင် မြန်မာအင်ဖိုတက်၊ အခန်း ၂၀၅ တွင်ကျင်းပမည်ဖြစ်ပြီး နည်းပညာနှင့်ဆက်နွယ်သည့် ဝန်ဆောင်မှုနယ်ပယ်မှ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

# McWill ကွန်ရက် မြို့ပေါင်းငါးဆယ်ကျော်အပါအဝင် တစ်နိုင်ငံလုံးသုံးနိုင်ရန်စီစဉ်



**နေလင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၅**

လက်ရှိမိုဘိုင်းဈေးကွက်တွင် စိတ်ဝင်စားမှုရရှိနေသည့် McWill ဖုန်းကွန်ရက်မှာ မကြာသေးမီကာလအတွင်း မြို့ပေါင်း (၅၀) ကျော်အပါအဝင် တစ်နိုင်ငံလုံးသုံးစွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီး ၃ မြို့အတွက် လျှောက်လွှာစတင်ရောင်းချပေးခဲ့သော MCWill ဖုန်းအမျိုးအစားအတွက် မြန်မာနိုင်ငံအောက်ပိုင်း ထားဝယ်မြို့မှ အထက်စွန်းပိုင်းမြစ်ကြီးနားအထိ သုံးစွဲနိုင်ရန် (Smart Antenna) များတပ်ဆင်သွားရန် စီမံကိန်းချထားကြောင်း ရတနာပုံ တယ်လီပို့ကုမ္ပဏီနှင့် ပူးပေါင်းထားသည့် FISCA ကုမ္ပဏီမှအထွေထွေမန်နေဂျာ ဦးကျော်ထူးလှိုင်က 7Day News သို့ပြောကြားသည်။

လက်ရှိကာလတွင် မြဝတီ၊ ထားဝယ်၊ မော်လမြိုင်မြို့မှ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြို့များနှင့် အထက်မြန်မာပြည်မြို့များအထိ ကွန်ရက်များရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"အခုရထားတဲ့မက်ဝဲလ်ကွန်ရက်ရှိတဲ့မြို့တွေနဲ့ သိပ်မကြာခင်ပဲတစ်နိုင်ငံလုံး ရနိုင်မှာပါ။ ကျွန်တော်တို့ဆီက (Smart Antenna) တွေကို တစ်ဆင့်ချင်း မြို့တွေအားလုံးတပ်သွားမှာပါ"ဟု ဦးကျော်ထူးလှိုင်ကပြောသည်။

အဆိုပါ McWill ကွန်ရက်သည်ပြီးခဲ့သည့်နှစ် နေပြည်တော်ကျောက်မျက်လုပ်ငန်းရှင်များ အားမရောင်းချမီကတည်းက ခန္တီး၊ ဟုမ္မလင်း၊ ဗန်းမော်၊ ပင်လည်ဘူးစသည့် အထက်မြန်မာပြည်မြို့များတွင် ရရှိနေပြီး ယခုအခါ ကလေးဝ၊ မင်းကင်း၊ မုံရွာစသည့် မြို့များတွင်ပါ ကွန်ရက် ချိတ်ဆက်ထားပြီး ဖြစ်သည်။

ဆက်လက်တပ်ဆင်သွားမည့်မြို့များနှင့် တပ်ဆင်ဆဲမြို့များပြီးစီးပါက McWill ကွန်ရက်သည်တစ်နိုင်ငံလုံး ရရှိလာမည်ဖြစ်သည်။


# ရတနာပုံ နည်းပညာမြို့သစ်တွင် စက်ရုံများ စတင်လည်ပတ်

**နေလင်းအောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

ရတနာပုံ နည်းပညာမြို့သစ်တွင် ကုမ္ပဏီ (၁၆) ခုမှ မြေကွက် ၂၂ ကွက်အား ဝယ်ယူငှားရမ်းရန် ကတိပြုခဲ့ရာ ယခုနှစ်တွင် ယင်းအထဲမှ စက်ရုံလေးရုံမှာ စတင်လည်ပတ်လျက်ရှိနေပြီဖြစ်သည်။

၂၀၀၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သော ရတနာပုံနည်းပညာမြို့သစ်သည် ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး လက်ရှိတွင် နည်းပညာဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် အိုင်တီဆိုင်ရာ ထုတ်ကုန်များဖြန့်ဖြူးရေး ဆောင်ရွက်နေနိုင်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။



နည်းပြညာမြို့သစ်ရှိ ရတနာပုံ Fiber Optical Factory စက်ရုံ။
ဓာတ်ပုံ- နေလင်းအောင်

အဆိုပါစီမံကိန်းနယ်မြေအတွင်း ၂၀၀၉ ခုနှစ်က MCC Training Instute (ရတနာပုံ) နှင့် ၂၀၁၀ ခုနှစ်တွင် နည်းပညာတက္ကသိုလ်ရတနာပုံဆိုက်ဘာစီးတီးတို့ကိုဖွင့်လှစ်ထားခဲ့ပြီး ယခု (၂၀၁၁) နဝမအကြိမ် အိုင်စီတီပြပွဲတွင်မူ ယင်းဒေသတွင် ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများ၏ ထုတ်ကုန်များဝန်ဆောင်မှုများကို စတင်လုပ်ကိုင်ခဲ့ကြသည်။


အလားတူ ရတနာပုံ ဝက်ဘ်ပေါ်တယ်၏ ဝန်ဆောင်မှုများမှာ ယခုနှစ်ဆန်းပိုင်းတွင် အတည်တကျစတင်ဆောင်ရွက်နေပြီး စတင်လည်ပတ်သည့် ကုမ္ပဏီများအတွက်ဖိုင်ဘာကေဘယ်လ်ကြိုးများ ထုတ်လုပ်သည့် ရတနာပုံ Fiber Optical Factory စက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများထုတ်လုပ်သည့် Asia Mega Link ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ နည်းပညာဆိုင်ရာ လုံခြုံရေးပစ္စည်းများ ထုတ်လုပ်မည့် FISCA, Yandanarpon Pan Myanmar ကုမ္ပဏီလီမိတက်နှင့် WCDMA, CDMA, GSM နှင့် မိုဘိုင်းဆက်စပ်ပစ္စည်းများထုတ်လုပ်မည့် Elite ကုမ္ပဏီတို့ပါဝင်သည်။

လာမည့်နှစ်တွင် ယင်းဒေသ၌ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအနက်လုပ်ငန်း ၁၀ ခုနီးပါးမှာ ယခုစတင်သည့် ကုမ္ပဏီများကဲ့သို့ လည်ပတ်နိုင်ဖွယ်ရှိကြောင်း ယင်းမြို့တော်တွင် ရင်းနှီးမြှုပ်နှံထားသည့်ကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။




အကြွေးစာရင်းထိန်းကွန်ပျူတာစနစ်




Unilever
ခံတွင်းသန့်စင်ဆေးရည်
closeup
ပိုနီးလေ ပိုကောင်းလေ
Crystal Frost အစေ့လေးများ
Active Gel
Closeup
ခံတွင်းသန့်စင်ဆေးရည်နှင့် Crystal Frost အစေ့လေးတွေပါဝင်သည့်
closeup အသစ်ရဲ့စွမ်းအားကို ခံစားကြည့်လိုက်ပါ
ခံတွင်းရနံ့သင်းသင်းလေးနဲ့ သွားဖြူဖြူလေးတွေ ဖြစ်သွားပြီ

7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011




# အထူးစစ်တမ်း

အာဝါသ

အံ့ဩစရာ မကောင်းသော တိုက်ဆိုင်မှုဟု ဆိုရမည်လားတော့ မပြောတတ်။

တစ်နေ့သ၌ ကျွန်တော်သည် အလုပ်သွားရန် အိမ်မှထွက်ခဲ့ရာ ကားမှတ်တိုင်သို့ အရောက် အရင်ဆုံး ထိုးဆိုက်လာသည့် အထူးကားပေါ် အပြေးအလွှား တက်ရောက်ကာ စီးနင်းလိုက်ပါလာခဲ့ပြီး ရုံးနှင့် အနီးဆုံးသောက်နေကျ လက်ဖက်ရည်ဆိုင်၌ ရှယ်(အထူး) လက်ဖက်ရည်တစ်ခွက်ကို (လကုန်ပြီး စနေ့ဖြစ်၍) မှာသောက်မိသည်။ လက်ဖက်ရည်သောက်နေစဉ် ဆိုင်ရှေ့ မျက်စောင်းထိုး လမ်းဆုံတွင် လှမ်းတွေ့ရသည့် အထူးတရားပွဲ" ကြော်ငြာစာတန်းအား အတန်ကြာမျှငေးစိုက်ကြည့်ကာ ပူးတွဲဖော်ပြထားသော ဆရာတော်ကြီး၏ ဓာတ်ပုံကိုပါ ကြည်ညိုစွာ ဦးခိုက်ဖူးလိုက်ရသည်။ ရုံးသို့ ရောက်သော် နေ့လယ် ၁ နာရီတိတိတွင် ကျင်းပပြုလုပ်ရန် ရှိသည့် "အထူးအစည်းအဝေး" အတွက်ကြိုတင်ပြင်ဆင်စရာ ရှိသည်များအား ပြင်ဆင်ကာ ပုံမှန်လုပ်ငန်း တာဝန်များ ဆောင်ရွက်နေခဲ့သည်။ ညနေရုံးဆင်း၍ အိမ်ပြန်သောအခါ ဘတ်စ်ကားမှတ်တိုင်နောက်ဘက်ရှိ လူအုံနေသော ထီဆိုင်ကို မြင်လိုက်မှ သတိရပြီး "အထူးမင်္ဂလာစုံတွဲ" တစ်ကတ်ဝင်ထိုးကာ မှောင်ရိပ်သန်းချိန် ကျွန်တော်အိမ်သို့ ပြန်ရောက်လာခဲ့သည်။

ထိုညက အိပ်ရာဝင်သောအခါ ကျွန်တော် တော်တော်နှင့် အိပ်မပျော်နိုင်သေးဘဲ တစ်နေ့တာ ကြုံတွေ့ပတ်သက်ခဲ့ရသည့် အထူးကား၊ အထူးလက်ဖက်ရည်၊ အထူးတရားပွဲ။ အထူး အစည်းအဝေး၊ အထူးမင်္ဂလာစုံတွဲဆိုသည်များအား ပြန်သတိရကာ အိပ်ရာထဲတွင် တစ်ယောက်တည်း ပြုံးမိလေသည်။ ပြုံးမိရုံမက အခုမှပင် ပတ်ဝန်းကျင်တွင် 'အထူး' တွေ ဤမျှခေတ်စားတွင်ကျယ်နေမှန်း သတိပြု ရိပ်စားမိလိုက်ရသည်။

အလို ဟုတ်ပါရဲ့ မေ့နေလိုက်တာ၊ ဟိုဟိုဒီဒီသွားလာ လှုပ်ရှားရင်းဖတ်ရှုမှတ်သားမိတဲ့ "အထူး" တွေက မနည်းမနေပါလား။ ဘာတဲ့ အထူးဈေးရောင်းပွဲတော်၊ အထူးဆံပင်ဖြောင့်ဆိုင်၊ အထူးဟောပြောပွဲ။ အထူး အင်္ဂလိပ်စကားပြောသင်တန်း၊ အထူးဗေဒင်ယတြာ၊ အထူးယားနာပျောက်ဆေး၊ တော်သင့်ပေပြီ။ ကြာလျှင် အထူးကုဆေးခန်းတန်းရောက်သွားလို့။ သို့နှင့်ပင် ကျွန်တော်သည် မထင်မှတ်ဘဲ "အထူးသုတေသီ" တစ်ဦးဘဝရောက်မှန်းမသိ ရောက်ရချေတော့သည်။

"အထူး" ၏ ကြိယာဝိသေသနအား မြန်မာအဘိဓာန်တွင် "သီးသန့်၊ ထူးထူးခြားခြား" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရကား ဆန့်ကျင်ဘက် အနက်အဓိပ္ပာယ်အားဖြင့် ရိုးရိုး၊ သာမန်၊ တော်ရုံလျော်ရုံစသည်ဖြင့် မှတ်ယူရပေလိမ့်မည်။ အထူးဟူသည် သာမန်ရိုးရိုးအဆင့်ထက် သာလွန်ခြင်း၊ ပိုကဲခြင်း သဘောကိုဆောင်နေသဖြင့် လူတိုင်း ထူးတာ၊ ကောင်းတာကိုသာ နှစ်သက်ခုံမင်တတ်ကြသည်မှာ သဘာဝဟု ဆိုရပေမည်။ မည်သူမှ တော်ရုံလျော်ရုံလေး လုပ်ပေးစမ်းပါဟု တောင်းခံလေ့မရှိကြ။ (ယုတ်စွအဆုံး သေလွန်ပြီး အလောင်းတောင် ထူးထူးခြားခြား လှနေမှ သင်္ဂြိုဟ်လို့ အားရတယ်ထင်မှတ်ကြသေးတာ) ထူးလျှင်ဘယ်လောက်ထူးထူး၊ ကောင်းလျှင်ဘယ်လောက်ကောင်းကောင်း တော်ရုံနှင့်လက်ခံရောင့်ရဲသည်ဟူ၍ မရှိ။ ဤသည်ကိုပင် လောဘဟု ဆိုကြသည် မဟုတ်လား။ လူတို့၏ လောဘတစ်နည်းအားဖြင့် မရောင့်ရဲနိုင်သော လိုအင်ဆန္ဒအတွက် လူတို့ကပင် မထူးထူးအောင်၊ မကောင်းကောင်းအောင် အမျိုးမျိုးသော တီထွင်ဆန်းသစ်မှုများ၊ ထုတ်လုပ်ဖြန့်ချိမှုများ၊ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ အထူးပြုညွှန်းဆိုကြော်ငြာမှုများကိုပါ အပြိုင်ကြိုးပမ်းအားထုတ်လာကြသည်။ မြွေမြွေချင်းသော်မှ ခြေမြင်သေးသည်ဟု ဆိုစမှတ်ရှိရာ မျက်စိကြီးနားကြီး မနုဿများ အချင်းချင်းလည်း ရင်ထဲ၊ အသည်းထဲအထိ ထိုးဖောက်ကြည့်မြင်နိုင်စွမ်းရှိကြသည့် အားလျော်စွာ လူတိုင်းအဖို့ "အထူး" ဟူသော ဝေါဟာရအသုံးက တစ်နေ့တခြားရေပန်းစားတွင်ကျယ်လာတော့သည်။

"အထူးဗေဒင်ယတြာ" ဟူ၏။ တကယ်မှန်မမှန် တစ်ကဏ္ဍထားကာ ဗေဒင်ကိစ္စတွင် အကယ်၍ လူတစ်ယောက် ထီပေါက်ကိန်း ကျိန်းသေရှိသည်ဟု မြင်နေပါလျက် အထူးအဟောမခံမိခြင်းကြောင့် သိခွင့်မရှိတော့ပြီလား။ တစ်ဖန်ကြီးစွာသော ဒုက္ခနှင့်ရင်ဆိုင်ရမည့် အန္တရာယ်ရှိနေသူအား တန်သလောက်သာ ဟောပေးမည်ဆိုကာ ထိန်ချန်ထားခဲ့ပါလျှင် တရားနည်းလမ်းကျပါဦးမည်လား။

အရောင်၊ အနံ့၊ အရသာကဲ့သို့သော စားသုံးရာတွင် ကျေနပ်မှုကို ဖြစ်စေသည့် စားသောက်ကုန် အမျိုးမျိုးနှင့် လွယ်ကူသက်သာမှု၊ တာရှည်ခံမှု၊ မြန်ဆန်ခရီးတွင်မှုကို အရည်အသွေးမြင့် လူသုံးကုန်ပစ္စည်းများအပြင် ထုပ်ပိုးမှု၊ ခင်းကျင်းပြင်ဆင်မှု။ ဝန်ဆောင်မှုလုပ်ငန်းများ မှန်သမျှပါမကျန် အထူးဖြစ်မှု နယ်ပယ်အတွင်း စပ်ဆိုင်အကျုံးဝင်လာသည်။ ဤတွင် အရာအားလုံးသည် ထူးတာနှင့် ကောင်းတာ တစ်ထပ်တည်းကျမနေနိုင်သည်ကို တွေ့ရှိရပြန်သည်။ ထူးပြီးကောင်းတာတွေလည်း ရှိသည်။ ထူးလျက်မကောင်းတာတွေလည်း ရှိနိုင်သေးသည်။

ဥပမာအားဖြင့် အရောင်လှခြင်း၊ အနံ့မွှေးခြင်း၊ ထုပ်ပိုးမှုသပ်ယပ်ခန့်ညားခြင်း၊ အဖိုးနည်းပေါချောင်ခြင်း စသည်များမှာ ထူးခြင်းဖြစ်ပြီး၊ အရသာရှိခြင်း၊ သန့်ရှင်းခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ တာရှည်ခိုင်ခံ့ခြင်းတို့ကဲ့သို့သော အကျိုးဖြစ်စေမှုများမှာ ကောင်းခြင်းကို ကိုယ်စားပြုသည်ဟုဆိုရပေမည်။

ထူးခြင်းနှင့် ကောင်းခြင်းမှာ သီးခြားစီရှိ ဖြစ်နေသော ဂုဏ်သတ္တိများအနေဖြင့် ခြားနားနေလင့်ကစား ထူးတာ၊ လှတာကိုမှ နှစ်ခြိုက်သဘောကျလေ့ရှိသော လူတို့၏ စိတ်ဆန္ဒသဘာဝကြောင့် တစ်ခါတစ်ရံ ဆန့်ကျင်ဘက် ဆိုးကျိုးများ တန်ပြန်ရရှိတတ်သည်ကို မေ့လျော့မထားအပ်ပေ။ အားလုံးသိရှိခဲ့ကြပြီး ဖြစ်သည့်အတိုင်း လက်ဖက်ကို ဆေးရောင်ဆိုးခြင်းသည် အပေါ်ယံဆွဲဆောင်မှုသက်သက်အတွက်ဖြစ်ပြီး ထူးခြားလှပနေသည်မှန်သော်လည်း လက်ဖက်၏ မူလသဘာဝအရသာကိုအထောက်အကူမပြုရုံမက အန္တရာယ်မကင်းသော ဆိုးကျိုးများကိုပင် ရရှိစေခဲ့သည် မဟုတ်ပါလား။ မြင်သာ၊ ထင်သာရှိစေလိုသည့် ရည်ရွယ်ချက်နှင့်ပြောရရလျှင် ထူးတိုင်း မရှူးသင့်သော သို့မဟုတ်အထူးဟုဆိုလေတိုင်း မျက်စိမှိတ်ယုံစားဖို့ခက်သော သင်ခန်းစာအဖြစ် စံထားသင့်ကြပေသည်။

ကိစ္စရပ်တိုင်းသည် ကြောင်းကျိုးဆက်စပ်မှု သဘာဝယုတ္တိနှင့် ကင်းလွတ်သည်ဟူ၍ မရှိ။ အကြောင်းကြောင့် အကျိုးထင်ရသည်ချည်းပင်။ ထူးတာ မက်သူအတွက် ကျေနပ်လက်ခံချင်အောင် တစ်ဖက်က ဖြည့်ဆည်းဆောင်ရွက်ပေးရမြဲတည်း။ သို့ရာတွင် အများညီ "ဤ"ကို "ကွဲ" ဖတ်ဟူသော စကားရှိထားသည်နှင့်အညီ ယနေ့ကာလတွင် အယူလွဲ၊ အမှတ်လွဲဖွယ် အထူး"လုပ်ရပ်"အချို့ (အထူးအားလုံးကို မဆိုလို) အား တွေ့မြင်နေရရာ "အမှားကြာ အမှန်ဖြစ်" မသွားဖို့သည်လည်း အရေးကြီးပြန်သည်။

နောက် ရှိပါသေးသည်။ "အထူး ဗေဒင်ယတြာ" ဟူ၏။ တကယ်မှန်မမှန် တစ်ကဏ္ဍထားကာ ဗေဒင်ကိစ္စတွင် အကယ်၍ လူတစ်ယောက် ထီပေါက်ကိန်း ကျိန်းသေရှိသည်ဟု မြင်နေပါလျက် အထူးအဟောမခံမိခြင်းကြောင့် သိခွင့်မရှိတော့ပြီလား။ တစ်ဖန်ကြီးစွာသော ဒုက္ခနှင့်ရင်ဆိုင်ရမည့် အန္တရာယ်ရှိနေသူအား တန်သလောက်သာ ဟောပေးမည်ဆိုကာ ထိန်ချန်ထားခဲ့ပါလျှင် တရားနည်းလမ်းကျပါဦးမည်လား။

ဤကား "အထူး" အချို့နှင့် ပတ်သက်သော ဘေးထွက်အားနည်းချက်များအား ပကတိအမြင်ဖြင့် ဥပမာထုတ် ဆန်းစစ်တင်ပြခြင်းသာ ဖြစ်ပါသည်။


ဤနေရာတွင် ဘာသာစကားအသုံးအနှုန်းနှင့် စပ်လျဉ်း၍ ကွယ်လွန်သူဆရာကြီး(ဦး)တက်တိုး၏ အတွေ့အကြုံ တစ်ခုအား တစ်ဆင့်ဝေမျှလိုပါသည်။ တစ်ခါက လမ်းမှာဆုံသော ဆရာကြီး၏ မိတ်ဆွေအမျိုးသမီးက ဆရာကြီးအား "ဆရာကြီးရေ၊ ဆရာ့အသက်နဲ့ စာရင် စာတွေအရမ်းရေးနိုင်တာပဲ"ဟူ၍ အစချီကာ နှုတ်ဆက်သည်ဆို၏။ ထိုအခါ ဆရာကြီးက "ဟေ၊ အရမ်းမရေးပါဘူး။ ဘယ်ဆောင်းပါးမှာ အရမ်းရေးတာပါသွားလို့လဲ" ဟု မဆိုင်းမတွ ပြန်မေးသဖြင့် အဆိုပါ အမျိုးသမီးက ဝါးလုံးကွဲ ရယ်မောလိုက်ပြီးမှ "ဆရာက စာရေးဆရာလုပ်နေပြီး ခေတ်ပေါ်ဝေါဟာရတွေ မလေ့လာဘဲကိုး" ဟု ခွန်းတုံ့ပြန်သွားသေးရာ ထိုအဖြစ်အပျက်အား ပြန်ရေးသော ဆရာကြီး၏ ဆောင်းပါးတစ်ပုဒ်တွင် မျိုးဆက်သစ်များနှင့်ပတ်သက်၍ "ရမ်းကားဂျယ်နရေးရှင်း (Younger Generation)" ဟူသော ခပ်ထေ့ထေ့စကားလုံးဖြင့်ပင် ညွှန်ပြရေးသားထားသည်ကို ယခုတိုင်အမှတ်ရလျက်ရှိပါသေးသည်။

ဆိုခဲ့ပြီးသည့်အတိုင်း 'အထူး' ဟူသော ဝေါဟာရအသုံးမှာ ခေတ်ပေါ်ဗန်းစကားတစ်ခု မဟုတ်လေရာ နေရာတကာပေါ့ပေါ့တန်တန် ဆွဲယူသုံးစွဲခြင်းဖြင့် မူလအနက်ရင်းကိုသာမကသူနှင့် တွဲဖက်ဖြစ်ပေါ်လာသော အနက်ပွားကိုပါ အဓိပ္ပာယ်တိမ်းစောင်းပြောင်းလဲသွားနိုင်သဖြင့် အလေးဂရုပြုရမည့်ကိစ္စဟု ဆိုရပေမည်။ အထူး၏ မူရင်းအနက်အတိုင်း "သီးသန့်တရားပွဲ၊ ထူးထူးခြားခြားတရားပွဲ" ဟု တိုက်ရိုက်ဘာသာ ပြန်ကြည့်ခဲ့မည်ဆိုပါက အဓိပ္ပာယ်မှာ မူလဆိုလိုရင်းနှင့် သိသိသာသာ ကွာခြားသွားသည်ကို တွေ့ရပါလိမ့်မည်။

"ဝေါဟာရတို့သည် လူကထင်သလို လျှောက်လုပ်ထားသော ရှေးအစဉ်အလာမှရသည့် လူသုံးပစ္စည်းမျှသာ မဟုတ်ပေ။ (Words are not mere man-made asbitrary and covnntional artifacts)"ဟု ဘာသာဗေဒပါမောက္ခ ဟန်းစ်အားစလက်ဖ် (Hans Aarslef) ထောက်ပြခဲ့သောအဆိုကား သတိပြုရာသည်။

အချုပ်ကို ဆိုရသော် သူများ "ထူး"၍ ရောယောင်လိုက် "ထူး" ခြင်းသည် အမည်ခံအပေါ်ယံ ဟိတ်ဟန်ထုတ်ခြင်းမျှသာ ဖြစ်၍ ကြာရှည်ခံနည်းကောင်း၊ လမ်းကောင်းမဟုတ်။ ဝေါဟာရ စကားလုံးလှလှ ဘယ်မျှပင်သုံးသုံး ရေရှည်ခုတုံးလုပ်၍ မရ။ "အထူး" ဟူသော ဝိသေသစကားရပ်နှင့် တကယ်ကိုက်ညီမှု ရှိ မရှိမှာ လက်ခံသုံးစွဲသူ၏ အကဲဖြတ်ချက်ပေါ်တွင်သာ မူတည်မြဲဖြစ်သည်ကို "အထူးပြောနေစရာ" လိုမည်ဟု မထင်မိပါကြောင်း ။ ။

7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011



# ခဲပေါက်သူများနှင့် စကားပြောခြင်း

ချမ်းငြိမ်း

ခုတလောရထားကို ခဲနှင့်ပေါက်ခြင်း၊ ကားကိုခဲနှင့်ပေါက်သူများကို ဖမ်းဆီးအရေးယူခြင်း အစရှိသောသတင်းများ ပြည်တွင်းသတင်းများ၌ ဖတ်ရှုရပါသည်။ သတင်းဖတ်စဉ်က အမှုမဲ့အမှတ်မဲ့ဖြစ်သော်လည်း ထိုဖြစ်ရပ်မျိုးနေရာအချို့၌ ဖြစ်ပွားခဲ့သည်ကို ဆင်ခြင်မိသောအခါ ခဲပေါက်ခြင်းသတင်းသည် တဖြည်းဖြည်းတွေးစရာဖြစ်လာသည်။ ၂၀၁၀ ဒီဇင်ဘာ နောက်ဆုံးအပတ်က နေပြည်တော်မှရန်ကုန်သို့ မောင်းနှင်လာသော ခရီးသည်တင်အိတ်စ်ပရက်ကားကြီးတစ်စီး ခဲပေါက်ခံရသဖြင့် မှန်များကွဲအက်သွားခြင်း၊ ယင်းမတိုင်မီကလည်း ခရီးသည်တင်ယာဉ်တစ်စီး လောက်လေးခွနှင့်အပစ်ခံရ၍ မှန်ပေါက်သွားပြီး ယာဉ်ပေါ်၌ လိုက်ပါလာသော ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ခြင်း၊ ၂၀၁၀ ဒီဇင်ဘာ ၂၀ ရက်ညက မန္တလေးမှ ရန်ကုန်သို့မောင်းနှင်လာသော မှန်လုံကားတစ်စီးအား လူတစ်စုကခဲများနှင့် ဝိုင်းပေါက်၍ ကားမှန်အက်ကွဲခဲ့ပြီး ဆိုင်ရာမှစုံစမ်းဖော်ထုတ်ခဲ့ရာတွင် တရားခံအဖြစ် လူသုံးဦးကို ဖမ်းဆီးနိုင်ခဲ့ခြင်းသတင်းများက ဤဆောင်းပါးရေးဖို့ရာ တွန်းအားဖြစ်လာပါသည်။

အဘယ်သူတို့သည် မည်သို့သော အကြောင်းအရာကြောင့် ယခုကဲ့သို့ မိမိလည်း အကျိုးမရှိ သူတစ်ပါးအကျိုးလည်း ဆုတ်ယုတ်ပျက်စီးစေသော အဆင်ခြင်မဲ့လုပ်ရပ်မျိုးကို ပြုရက်နိုင်ပါသနည်း။

## ကိုယ်တွေ့နှင့် ကြားသိခဲ့ရတာလေးတွေ

၁၉၈၇ ဆောင်းရာသီ စာဆိုတော်လက ချယ်ရီမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာစာရေးဆရာအောင်ပြည့်သည် အခြားသောစာရေးဆရာများနှင့် မိတ္ထီလာမြို့သို့ သွားရောက်ကာ စာပေဟောပြောခဲ့သည်။ မိတ္ထီလာမှရထားဖြင့်အပြန် ပဲခူးဘူတာအထွက် ရထားပြူတင်းဝမှ ဟိုငေးသည်ငေးပြုနေစဉ် မည်သူမည်ဝါပစ်ပေါက်လိုက်သည်မသိသောကျောက်စလစ်ခဲများက ဆရာ အောင်ပြည့်၏ နားထင်သို့ ထိမှန် စေခဲ့သည်။

သွေးများ ဖြာခနဲ၊ ရဲခနဲ . . .။ ရထားမှာ အရှိန်ရပြီး ထွက်ခွာနေပြီမို့ ပစ်ပေါက်သူကို ချက်ချင်းအရေးမယူနိုင်၊ ရထားဝန်ထမ်းအချို့က ပါလာသည့် ဆေးဝါးများနှင့် ယာယီကုသမှုပေးပြီး ရန်ကုန်ရောက်တော့ ဆရာအောင်ပြည့် လေးချက်တိတိချုပ်လိုက်ရကြောင်း စာတစ်ပုဒ်၌ ဖတ်ခဲ့ဖူးသည်။

ကျွန်တော်သည် လွန်ခဲ့သော ဆယ့်လေးငါးနှစ်က အကြောင်းကိစ္စတစ်ရပ်ကြောင့် ရန်ကုန်မှ မုတ္တမသို့ မကြာခဏ ရထားစီးရရာ လမ်းခရီးတစ်နေရာ၌ ပြူတင်းပေါက်မှ ကျစ်စာခဲ(မြေစိုင်မြေခဲ) များရထားတွဲထဲသို့ ကျလာသည်။ ခရီးသည်များက "တံခါးချ၊ တံခါးချခဲကျတယ်" ဆိုကြ၍ ကမန်းကတန်းနံဘေးရှိ သစ်သားတံခါးအားအတင်းဆွဲတင်ကာ ပိတ်ခဲ့ရသည်။ ယင်းသို့သော အောက်တန်းကျ၍ အဓိပ္ပာယ်မဲ့ ပစ်ပေါက်ခဲ့သူအချို့ကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်မျိုးမျိုး ထိခိုက်ပျက်စီးခဲ့ရသည့် ပြည်သူများ ရှိပါလိမ့်မည်။ ထိုသို့သောအမှုမျိုးကို လက်ရဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်မျိုးရှိသလိုအချို့လည်းလွတ်မြောက်သွားပါသည်။ တရားဥပဒေအရ အများပြည်သူပိုင်ပစ္စည်းဖြစ်စေ၊ နိုင်ငံသားတစ်ဦးဦးကိုဖြစ်စေ အကြောင်းမဲ့ ထိခိုက်နစ်နာပျက်စီးစေသော ပြစ်မှုကျူးလွန်သူတစ်ဦးအား ထောင်ဒဏ် နှစ်ကြီးပြစ်ဒဏ်ပေးနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်အရ ပြစ်ဒဏ်ကျခံခဲ့ရသူများလည်း ရှိခဲ့ပါသည်။

လမ်းစဉ်ပါတီခေတ်က သတင်းစာများတွင် ယင်းသို့ ခဲပေါက်ခြင်းသတင်းမျိုးကို မကြာခဏဖတ်ရှုရလေ့ရှိသော်လည်း သည်ဘက်ခေတ်မှာအချိန်အတော်ကြာကြီး လျော့နည်းပပျောက်သွားပြီး ယခုတစ်ဖန်ခေါင်းထောင်၊ ခေါင်းပြူလာခြင်းဖြစ်သည်။ ဤသို့သောအမှုဘာကြောင့်ပြုရသနည်း ဟုနဖူးပေါ်လက်တင် စဉ်းစားမိလေသည်။

## လူတွေဘယ်အချိန်တည်းက ခဲနှင့်ပေါက်

ဧကန်စင်စစ်ခဲနှင့်ပေါက်ခြင်းသည် လူ့ယဉ်ကျေးမှုမရှိသော ရှေးပဝေသဏီကျောက်ခေတ်ကပင် အစပြုခဲ့မည်ထင်သည်။ ကျောက်ခေတ်လူသားများသည် ဝမ်းစာအတွက် ရှာဖွေစားသောက်ရာ၌ ကျောက်လက်နက်များတီထွင်၍ သားကောင်ကိုသတ်ဖြတ်ခြင်းသာမက ခဲနှင့်ပစ်ပေါက်ခြင်း၊ကျောက်တုံးများနှင့်ထုသတ်ခြင်းမျိုးပြုလုပ်ခဲ့ကြပေလိမ့်မည်။ မိမိထက် အင်အားကြီးသော အန္တရာယ်ပြုမည့် တောရိုင်းတိရစ္ဆာန်ဘေးမှကာကွယ်ရန် ကျောက်ခဲကို အသုံးပြုခဲ့ကြသည်။

ယင်းနောက် လူ့အဖွဲ့ အစည်းအတွင်း ဓား၊ လှံ၊ တူမီး၊ ရိုင်ဖယ်အစရှိသောလက်နက်များ တီထွင်နိုင်ကြသည့်အခါ ကျောက်တုံးကျောက်ခဲအသုံးပြုမှုကို ပစ်ပယ်ခဲ့ကြပေလိမ့်မည်။ သို့သော် ကျောက်တုံးကျောက်ခဲများသည် လူ့ပတ်ဝန်းကျင်၌ အလွယ်တကူရရှိနိုင်သော အရာဝတ္ထုဖြစ်၍လည်းတစ်ဦးနှင့်တစ်ဦး ဖြစ်စေ၊အစုအဖွဲ့လိုက်ဖြစ်စေ ရန်ပြုစရာ အခြားသောလက်နက်မရှိသည့်အခါ အန္တရာယ်ပြုနိုင်သောအရာအဖြစ် ယနေ့တိုင်ကျင့်သုံးနေကြခြင်းဖြစ်ပေသည်။ အာဖရိကတိုက်ရှိ နိုင်ငံအချို့နှင့် အိန္ဒိယပြည်ကြီးတွင် ကျောက်တုံး ကျောက်ခဲများသည် လူအများအတွက် မကြာသေးမီနှစ်များအထိ လက်နက်သဖွယ်ဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကျယ်ပြောလှသည့်အလျောက် အမျိုးဇာတ်ခွဲခြားမှုမှာလည်း ၂၀၀ ကျော်ရှိရာ အယူဝါဒအမျိုးမျိုးဖြင့် ထွေးရောယှက်တင် ပဋိပက္ခရှိခဲ့ကာတစ်အုပ်စုနှင့် တစ်အုပ်စု၊အဖွဲ့နှင့်တစ်ဖွဲ့ ငြိစွန်းတိုက်ခိုက်ကြပါကကျောက်တုံးကျောက်ခဲများနှင့် ပစ်ပေါက်လေ့ရှိခဲ့သည်။ ထိုသောအခါ လူသားတို့အကြား အမုန်းတရားများ၊ အငြိုးအတေးများ၊ မကျေနပ်မှုများ၊ အနိုင်ယူလိုမှုများနှင့် တညီးညီး တောက်လောင်နေခဲ့သည်။

ဗုဒ္ဓဘာသာတရား၏ ဆိုဆုံးမမှုရှိခဲ့သော မြန်မာနိုင်ငံတွင်မူ ကျေးလက် တောရွာများ၌ အိမ်တစ်အိမ်အိမ်တွင် တစ်ဦးဦးက လူ့ကျင့်ဝတ်နှင့် မကိုက်ညီသော မဖွယ်မရာအမူအကျင့်မျိုး ပြုလုပ်ပါက အရပ်က ညဘက်ခဲပေါက်လေ့ရှိသည့်အပ အခြားသော ပုံစံတစ်မျိုးမျိုးနှင့် ခဲပေါက်ခြင်းမျိုးမရှိခဲ့ပါ။ အရပ်က ခဲနှင့်ပစ်ပေါက်သည် ဆိုရာ၌လည်း လူကိုပစ်ပေါက်ခြင်းမဟုတ်။ ရပ်ရွာက မကျေနပ်မှုအကြောင်းတစ်စုံတစ်ရာကိုသိစေလို၍ သတိပေးခြင်းသဘောဖြင့် အိမ်ခေါင်မိုးပေါ်သို့ ခဲနှင့်ပစ်တင်ခြင်းသာဖြစ်ပါသည်။ ဆိုရလျှင် လူ့အသိုင်းနှင့် ဆန့်ကျင်သော လုပ်ရပ်မျိုးကို အရပ်က လက်သင့်မခံကြောင်း ဖော်ပြရုံအဓိပ္ပာယ်သက်သက်သာဖြစ်ပါသည်။ ယင်းထက်မပို၊

## စိတ်ပိုင်းဆိုင်ရာ ပြဿနာနှင့် အသိပညာပေးမှု

ပျော်၍ဖြစ်စေ၊ မကျေနပ်မှုအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ၊ လူအထင်ကြီးခံလို၍ဖြစ်စေ၊ အရက်သေစာ သောက်စားပြီး မူး၍ပဲဖြစ်စေ မည်သို့သော အကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေအပြစ်မဲ့သူတစ်ဦးတစ်ယောက်အားခဲနှင့်ပေါက်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ပြဿနာတစ်ရပ်ပင်ဖြစ်ပါသည်။ အချို့သော တောသူတောင်သားများသည် နေဝင်မိုးချုပ်လယ်ထဲဆင်းကြရသဖြင့် အသိဉာဏ်နုံနဲ့ကြပါသည်။ အားလုံးကိုမဆိုလို။ ထိုသို့သော တောဘက်နယ်ဘက်မှ လူအချို့သည် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဘေးဒုက္ခများအား မကျေမနပ်ဖြစ်ခါ အလွယ်တကူကျူးလွန်နိုင်သော ခဲပေါက်ခြင်းအမှုမျိုးကို ပြုလုပ်လေ့ရှိကြသည်။ လူတိုင်းမှာ ခံစားချက်ရှိသလို မကျေနပ်မှုများလည်း ရှိပါသည်။ သို့သော် မိမိပစ်ပေါက်လိုက်သော ခဲတစ်လုံးထိမှန်သွားသူသည် မိမိနှင့်မည်သည့်အခါမှ သိကျွမ်းခဲ့ခြင်းမရှိသော ယာဉ်မောင်း (သို့မဟုတ်) စက်ခေါင်းမောင်းသူ တစ်ဦးဦးဖြစ်ပါက ပေါ်ထွက်လာနိုင်မည့် ရလဒ်ကား တွေးပင်မတွေးဝံ့။ လူရာချီလိုက်ပါလာသောရထားစီးခရီးသည်များ၊ လူဆယ်ချီလိုက်ပါလာသော မော်တော်ယာဉ်စီးသူများ၏ အသက်အန္တရာယ်မှာ တစ်မုဟုတ်ချင်း ကျရောက်နိုင်ပါသည်။

မိမိ၏ မကျေနပ်မှု ဒေါသတစ်စုံတစ်ရာကြောင့် တဒင်္ဂအတွင်းလူ့အသက်ပေါင်းမြောက်မြားစွာဆုံးရှုံးသွားနိုင်သည်။

တွေးကြည့်လျှင် ထိခိုက်နစ်နာမှုကြီးမားလေဖြစ်ပါသည်။ ယင်းသို့သော ပြစ်မှုမျိုး လျော့နည်းပပျောက်စေရန်မှာလည်း သက်ဆိုင်ရာ ကျေးရွာလူကြီးမှစ၍ အဆင့်ဆင့်တာဝန်ရှိပါ၏။ ရပ်ထဲရွာထဲ အထိဆင်းခါ ယင်းသို့သော ပြစ်မှုမျိုး မကျူးလွန်ကြစေရန်နှင့် ကျူးလွန်ပါက မည်သို့သော ပြစ်ဒဏ်မျိုးကျခံရမည်ကို အသိပညာပေးဟောပြောမှုများ၊ ကျိုးကြောင်းပြဆင်ခြင်စကားများဖြင့် နားဝင်အောင် မဖြစ်မနေအသိပညာပေးဆောင်ရွက်သင့်သော အရေးကိစ္စလည်းဖြစ်ပါသည်။

ရွှေသွေးလား၊ တေဇရုပ်စုံလားမသိ၊ ငယ်စဉ်က ဖတ်ခဲ့ဖူးသော ရုပ်ပြကာတွန်းလေးတစ်ခု ယနေ့တိုင် ရင်ထဲစွဲထင်နေဆဲဖြစ်ပါသည်။ ရွာမှ လူငယ်တစ်စုသည် မကြာခဏ အပျော်သဘောဖြင့် ရွာအနီး ဖြတ်သန်းသွားလေ့ရှိသော ရထားအား အဝေးမှ ခဲပစ်ပြိုင်ကြသည်။ အလောင်းကစားသဘောမျိုးဖြင့် ရထားကို ခဲမှန်အောင် ပစ်နိုင်သူကအနိုင်ရလေ့ရှိသည်။ တစ်နေ့တွင် မောင်ပုဆိုသော လူငယ်လေး ထိုခဲပစ်ပြိုင်ပွဲ၌ ပစ်မှတ်ကို တည့်တည့်ထိ၍ အလောင်းကစား၌ အနိုင်ရခဲ့သည်။ ညနေနေစောင်း၍ အိမ်အပြန် မြို့သို့ ဈေးသွားရောင်းနေသော မိခင်ရွာအပြန်ခရီး၌ ခဲထိမှန်ကာ မျက်စိကွယ်သွားရခြင်း သတင်းက စောင့်ကြိုနေပါသည်။

အများပြည်သူ စီးနင်းလာသော ယာဉ်တစ်မျိုးမျိုးကို အကြောင်းမဲ့ ခဲနှင့် ပေါက်မည်ဆိုတိုင်း ဤဖြစ်ရပ်လေးကို သတိရစေချင်ပါတော့သည်။ ။

> မိမိပစ်ပေါက်လိုက်သော ခဲတစ်လုံးထိမှန်သွားသူသည် မိမိနှင့် မည်သည့်အခါမှ သိကျွမ်းခဲ့ခြင်း မရှိသော ယာဉ်မောင်း(သို့မဟုတ်) စက်ခေါင်းမောင်းသူ တစ်ဦးဦးဖြစ်ပါက ပေါ်ထွက်လာမည့် ရလဒ်ကား တွေးပင်မတွေးဝံ့။ လူရာချီ လိုက်ပါလာသောရထားစီး ခရီးသည်များ၊ လူဆယ်ချီ လိုက်ပါလာသော မော်တော်ယာဉ် စီးသူများ၏ အသက်အန္တရာယ်မှာ တစ်မုဟုတ်ချင်း ကျရောက်နိုင်ပါသည်။

### ခရီးသည်တင်ကားကို ခဲနှင့်ပစ်ပေါက်သူ အရေးယူ

**မိတ္ထီလာ၊ ဇန်နဝါရီ – ၆**

**မန္တလေးမှ ခရီးသည်များတင်ဆောင်လာသည့် မှန်လုံကားတစ်စီးသည် ရန်ကုန်ဘက်သို့ မောင်းနှင်လာရာ မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ ရန်ကုန် – မန္တလေး ကားလမ်းဘေးရှိ ရွှေဘုန်းပွင့်ဘုရားအနီးအရောက် ဒီဇင်ဘာ ၂၀ ရက် ည ၉ နာရီခွဲခန့်က ကား၏ယာဘက်ဘေးမှ မှန်ကိုခဲဖြင့် ပစ်ခတ်ခြင်းခံရပြီး ကားမှန်အက်ကွဲခဲ့ရသည်။ ခဲပေါက်သူကိုစုံစမ်းရာပြာရေဝေကျေးရွာအုပ်စု ရေဝေကျေးရွာနေ ကျော်မြိုင်ကြီး၊ တင်ကိုလွင်နှင့် တင်ဝင်းဆိုသူတို့ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**

(၇. ၁. ၂၀၁၁) ကြေးမုံသတင်းစာပါ သတင်း

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.43 • JANUARY 20, 2011

## တိုင်းရင်းသားပါတီအချို့သာ ပါတီပိုင် စီးပွားရေးလုပ်ငန်း လုပ်ရန် အခြေအနေရှိ

**ကျော်သီဟ၊သန်းဌေး** **ရန်ကုန်၊ ဇန်နဝါရီ-၁၂**

နိုင်ငံရေးပါတီများအား ပြည်ထောင်စုကော်မရှင်မှ နိုင်ငံရေးပါတီ နည်းဥပဒေများအရ စီးပွားရေးလုပ်ငန်း၆မျိုးကို လုပ်ကိုင်ခွင့်ပြုထားသော်လည်း တိုင်းရင်းသားပါတီအချို့သာ ယင်းစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြကြောင်း သိရသည်။

ထိုစီးပွားရေးလုပ်ငန်း ၆မျိုးအား လုပ်ဆောင်နိုင်သော နိုင်ငံ ရေးပါတီများမှာ တိုင်းရင်းသားပါတီများဖြစ်ပြီး ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာပါတီနှင့် ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သာဖြစ်ကြောင်း သိရသည်။ အဆိုပါ ပါတီများမှာလည်း လုပ်ငန်း ၆မျိုးစလုံး လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ယင်းအထဲမှ လေးမျိုးကိုသာ လုပ်ကိုင်နိုင်ပြီး ၎င်းတို့မှာ ဆန်စပါးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းနှင့် ဒေသအတွင်း လမ်းတံတား ဆောက်လုပ်ရေးလုပ်ငန်းများကိုသာ လုပ်ကိုင်နိုင်ကြသည်။

နိုင်ငံရေးပါတီအများစုမှာ ရွေးကောက်ပွဲသို့ ဝင်ရောက်ရန်ပြင်ဆင်ချိန်မှအစပြု၍ အများပြည်သူအလှူငွေများနှင့် ဆောင်ရွက်ခဲ့ရခြင်းကြောင့် ယင်းကဲ့သို့ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် အင်အားမရှိနိုင်ဟု နိုင်ငံရေးလေ့လာနေသူတစ်ဦးက သုံးသပ်ပြောသည်။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှာလည်း ယင်းကဲ့သို့ စီးပွားရေးလုပ်ငန်း ၆ မျိုးအား လုပ်ဆောင်နိုင်ခြင်းမရှိသေးကြောင်း ရန်ကုန်အခြေစိုက်ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပါတီကြီးများအနေဖြင့် ယင်းကဲ့သို့ လုပ်ကိုင်နိုင်ခြင်းမရှိသော်လည်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကမူ လုပ်ငန်းကြီးများလုပ်ကိုင်နိုင်သော အင်အားရှိကာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြောင်း နိုင်ငံရေးပါတီများကို လေ့လာနေသူတစ်ဦးက သုံးသပ်ပြောကြားသည်။

"စဉ်းစားထားတာက အဓိကဒေသစိုက်ပျိုးရေးလုပ်ငန်းလုပ်ဖို့ ရှိတယ်" ဟု ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊ ပင်လုံမြို့မှ တာဝန်ရှိသူ ဦးစပ်ဆိုင်းဟန်က 7Day News သို့ပြောသည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီဥက္ကဋ္ဌ ဦးနိုင်ငွေသိမ်းက "ကျွန်တော်တို့မှာ ငွေမရှိတော့ အရှုံးအမြတ်ဖြစ်မယ့် စီးပွားရေးလုပ်ငန်းမျိုး မလုပ်နိုင်ပါဘူး။ အရှုံးမရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်းမျိုးတော့လုပ်မယ်။ ရေလုပ်ငန်း၊ ဆန်စပါး၊ ရာဘာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကို ပါမစ်ရဖို့ လုပ်ပေးမယ်။ ကော်မရှင်ယူမယ်။ အခုပိုက်ဆံရှိတဲ့ လုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးနေပြီ"ဟု ၎င်းကပြောသည်။

စိုက်ပျိုးရေးတွင် မြေဩဇာရောင်းသောဒိုင်နှင့် သုံးမည့်သူများကြား၊ ရာဘာလုပ်ငန်းတွင် ခြံလုပ်ငန်းရှင်နှင့် ရာဘာဒိုင်ကြား၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် ရေးမြို့နှင့် မော်လမြိုင်မြို့ကြား သယ်ယူပို့ဆောင်ရေးကိစ္စ စသည့်လုပ်ငန်းများကို ဝန်ဆောင်ပေးခြင်းနှင့် ပါမစ်ရရှိအောင် အစိုးရသစ်ထံတွင် ပါတီအနေဖြင့် တောင်းယူခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

## မလေးရှားသို့ လာမည့် မြန်မာလုပ်သားများ ပြည်ဝင်ခွင့်ဗီဇာကြိုယူပြီးမှ ဝင်ရောက်နိုင်မည်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ – ၁၄**

**မလေးရှားနိုင်ငံသို့ အလုပ်လုပ်ရန် သွားရောက်ကြမည့် လုပ်သားများအား သက်ဆိုင်ရာနိုင်ငံရှိ မလေးရှားသံရုံးမှ ပြည်ဝင်ခွင့်ဗီဇာရယူပြီးမှ လာရောက်ကြရန် မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနက ဇန်နဝါရီလ ၁၁ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်သည်။**

အဆိုပါထုတ်ပြန်ချက် အား မလေးရှားနိုင်ငံကွာလာလမ်ပူ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနမှ ရန်ကုန်-ကွာလာလမ်ပူပျံသန်းနေသော လေကြောင်းလိုင်းများအား ထပ်ဆင့်အကြောင်းကြားလာသဖြင့် လေကြောင်းလိုင်းများကလည်း ဗီဇာရယူထားခြင်းမရှိသော လုပ်သားများအား ဇန်နဝါရီလ ၁၁ ရက်မှစ၍ လေယာဉ်စီးနင်းခွင့်မပြုတော့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံရှိမလေးရှားသံရုံးမှ တာဝန်ရှိသူများကလည်း ရန်ကုန်လေဆိပ်ရှိ လေကြောင်းလိုင်းမှတာဝန်ရှိသူများအား ဗီဇာတုံးအတုနှင့်အစစ်ခွဲခြားနည်းများအား လာရောက်သင်ကြားပေးကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ကွာလာလမ်ပူသို့ သွားရောက်မည့် လုပ်သား ၂၀ ဦးတွင် သံရုံးမှ ထုတ်ပေးသော ပြည်ဝင်ခွင့်ဗီဇာနှင့် သံရုံးအရာရှိလက်မှတ်များအားအတုပြုလုပ်ထားသည်ကို တွေ့ရှိခဲ့သဖြင့် သံရုံးမှ လာရောက်၍ အတုအစစ်ခွဲခြားနည်းအား ပြသပေးခဲ့ခြင်းဖြစ်သည်။

ပြည်ဝင်ခွင့်ဗီဇာရယူပြီးမှ လာရောက်ကြရန် သတ်မှတ်လိုက်သော ထုတ်ပြန်ချက်အား အေဂျင်စီအသိုင်းအဝိုင်းက ကြိုဆိုကြောင်း အေဂျင်စီမှ တာဝန်ရှိသူများက ပြောသည်။

"ဒီစနစ်နဲ့ဆို အတုတွေနဲ့ ပို့နေတဲ့လူတွေ ရပ်သွားမှာ။ ဒါသွားသွားမယ့်ကလေးတွေအတွက် အရမ်းကောင်းတယ်"ဟု ကျောက်တံတားမြို့နယ်အတွင်းရှိ အေဂျင်စီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ လုပ်သားများအားလုံး ဗီဇာရယူပြီးမှ သွားရောက်ရမည်ဟု သတ်မှတ်ပေးခဲ့သော်လည်း မလေးရှားလေဆိပ်ရှိ လူဝင်မှု ကြီးကြပ်ရေးမှ လူအချို့နှင့် ပူးပေါင်းကာ ဗီဇာမရယူဘဲ သွားရောက်ခဲ့သည်။ သို့သော် ယခုနောက် တစ်ကြိမ်ထုတ်ပြန်ခဲ့သည့် နေ့မှစ၍ ပြည်ဝင်ခွင့်ကြိုတင်ရယူထား ခြင်းမရှိဘဲ သွားရောက်ခဲ့သည့် လုပ်သားများအား ကွာလာလမ်ပူ လေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်ပို့ပေးခဲ့သဖြင့် လေကြောင်းလိုင်းများကလည်း ပြည်ဝင်ခွင့်ကြိုတင်ရယူထားခြင်းမရှိသော လုပ်သားများအား စီးနင်းခွင့်မပြုတော့ကြောင်း သတင်းရရှိသည်။



## တရားမဝင် ပစ်ခတ်မှုများကြောင့် ရခိုင်ိုးမအနီး တောဆင်ိုင်းများလျော့နည်းလာ

**ဉက္ကာကိုကို**

**သံတွဲ၊ ဇန်နဝါရီ-၁၁**

သံတွဲမြို့နယ် အနီးအနားရှိ ရိုးမတောတစ်ဝိုက်တွင် မုဆိုးများ၏ တရားမဝင် ပစ်ခတ်ဖမ်းဆီးမှုကြောင့် တောဆင်ရိုင်းများ ယခင်ကထက် လျော့နည်းလာပြီး တောတောင်စပ်များတွင်လည်း အတွေ့ရနည်းလာကြောင်း ဒေသခံများဆီမှ သိရသည်။

သံတွဲမြို့နယ်အတွင်းရှိ ချောင်းဖျားဒေသများဖြစ်သော မျှားချောင်းရွာ၊ ပေါက်တူးရွာ၊ ကျောက်ကြီး-ဂျိတ္တောကျေးရွာများ အနီးအနားသို့ ဆောင်းဦးပေါက် စပါးပေါ်ချိန်တွင် တောဆင်ရိုင်းများ ဆင်းလာကြလေ့ရှိပြီး ယခုနှစ်ပိုင်းတွင်လာရောက်မှု မတွေ့ရသလောက် ဖြစ်သွားကြောင်း သိရသည်။

"ခုစပါးပေါ်ချိန်မှာ ငါးကောင်ပဲတွေ့တယ်။ ၂၀၀၉လောက်တုန်းက ၂၅ကောင်လောက် အုပ်စုလိုက်ဆင်းသေးတယ်။ အရင်က စွယ်စုံဆင်တွေကိုပဲ ပစ်တာများတယ်။ အခုဆင်မတွေကိုပါ ပစ်လာတယ်။ ဆင်သားရေ၊ အရိုး၊ အသားပါ ရောင်းလို့ရတယ်လေ"ဟု ဒေသခံဆင်ပိုင်တစ်ဦးဖြစ်သော ကိုဇေယျာမင်းကပြောပြသည်။

တရားမဝင် တောဆင်ရိုင်းများ ပစ်ခတ်ခြင်းကို ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ဆိုးရွားစွာပြုလုပ်လာကြသောကြောင့် ပုဂ္ဂလိကသစ်ဆွဲဆင်များကိုပါ ထိပါးလာမည်ကို နယ်ခံဆင်ပိုင်ရှင်များက စိုးရိမ်မှုများရှိနေကြသည်ဟု သိရသည်။

ဆင်စွယ်တစ်ပိဿာလျှင် အရပ်ပေါက်ဈေး ၁၅ သိန်းခန့်ရှိပြီး ဆင်အရေပြားတစ်ပိဿာလျှင် နှစ်သောင်းကျပ်ခန့်ရှိကာ ဆင်သားအား ဆတ်သားခြောက်ဟုဆို၍ လိမ်ညာရောင်းချမှုများလည်းရှိကြောင်း သိရသည်။


"ဒီကိစ္စတွေက များသောအားဖြင့် ဒေသခံတွေပါမှ ဖြစ်နိုင်တဲ့အရာပါ" ဟု ဆင်ပိုင်ဆိုင်သူတစ်ဦးကဆိုသည်။

## ဆန်ချောနှင့် ဆန်ကြမ်းဈေး ပြန်လည်မြင့်တက်

**ပြည်သိမ်း၊ ဇာဇာနီ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ထိုင်း-မြန်မာ နယ်စပ်သို့ တင်ပို့ရောင်းချမှုကြောင့် ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ချော၊ ဆန်ကြမ်းနှစ်မျိုးစလုံး ယခုလ လယ်ပိုင်းမှစတင်၍ ဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်း ဆန်ကုန်သည်များထံမှ သတင်းရရှိသည်။



ရန်ကုန်ဆန်ဈေးကွက်သည် ဆန်သစ်ပေါ်သည့် ရာသီဖြစ်သဖြင့် အရောင်းအဝယ်အေးပြီး ဈေးနှုန်းများဆက်တိုက် ကျဆင်းလာသော်လည်း ယခုလလယ်ပိုင်းမှစ၍ နယ်စပ်သို့ တင်ပို့နေရမှုများကြောင့် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်သည်။ ထို့အပြင် ပြည်ပပို့ကုန်ရငွေတန်ဖိုး ဈေးခေတ္တငြိမ်နေသည့်အတွက် ပြည်ပသို့ ဆန်အနည်းငယ် တင်ပို့လာခြင်းလည်း ပါကြောင်း လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးက သုံးသပ်သည်။

"ဒီရက်ပိုင်းမှ ပြည်တွင်းအဝယ်လည်း နည်းနည်းပြန်ဆွဲလာတယ်။ ထိုင်းကိုလည်း ထွက်တဲ့အတွက် ရန်ကုန်မှာ တစ်အိတ်ကိုတစ်ထောင်ကျပ်လောက်ဈေးတက်တယ်"ဟု မော်တင်ဆန်ဈေးကွက်မှ ကုန်သည်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ ဦးစိန်ဝင်းလှိုင်က "ဆန်အချောကို အခု ယူအေအီးနိုင်ငံကိုပို့ဖို့ ကုမ္ပဏီအချို့လုပ်နေတယ်။ ဈေးနှုန်းကိုတော့ မသိရသေးဘူး" ဟုပြောသည်။

ရန်ကုန်ဆန်ဈေးကွက်သည် ၂၀၁၀ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တဖြည်းဖြည်းကျဆင်းခဲ့ပြီး ကုန်သည်များအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ယင်းအချိန်က စပါးဈေးသည် ဆန်ဈေးထက်မြင့်နေသည့်အတွက် ရန်ကုန်သို့တင်ပို့မှုတွင် လျော့နည်းခဲ့ကြောင်း မြောင်းမြမြို့မှ စက်ပိုင်တစ်ဦးကရှင်းပြသည်။

စက်တင်ဘာ၊ အောက်တိုဘာလများက စံချိန်တင်ဈေးနှုန်းများ မြင့်တက်မှုလည်း ကြုံတွေ့ခဲ့ရသည်။ ယင်းအချိန်က ဆန်ချော (ပေါ်ဆန်း)တစ်အိတ်လျှင် ၃၅,၀၀၀ ကျပ်ထိ ဈေးမြင့်တက်ခဲ့ပြီး ယခုနှစ်ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးအထွက်နည်းခြင်းကို ကုန်သည်များက ကြိုတင်၍ ထိန်းချုပ်ခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းကာလနောက်ပိုင်းတွင် ဆန်ဈေးသည် ပြန်လည်ကျဆင်းလာပြီး ဆန်ချော(ပေါ်ဆန်း)တစ်အိတ်လျှင် ၂၀,၀၀၀ ကျပ်ဝန်းကျင်၊ ဆန်ကြမ်းတစ်အိတ်လျှင် ၁၃,၀၀၀ ကျပ်ဝန်းကျင်ထိ ဈေးကျခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်ဆန်ဈေးကွက်၌ ဆန်ချောသည် ၂၃,၀၀၀ ကျပ်မှ ၂၁,၀၀၀ ကျပ်ကြား၊ဆန်ကြမ်းသည် ၁၅,၅၀၀ ကျပ်မှ ၁၄,၇၀၀ ကျပ်ကြား ဈေးများမြင့်တက်လာသည်။ နယ်ဈေးကွက်တွင် စပါးဈေးမှာလည်း ဧည့်မထအမျိုးအစားကို တင်းတစ်ရာလျှင် ၃၅၀,၀၀၀ ကျပ်၊ မနောသုခအမျိုးအစားမှာ ၃၈၀,၀၀၀ ကျပ်ဝန်းကျင်၊ ပေါ်ဆန်းစပါးတင်းတစ်ရာကို ၆၀၀,၀၀၀ ကျပ်မှ ၆၅၀,၀၀၀ ကျပ်ကြား ဈေးရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

မြန်န္တာသီချင်းတေးသွားကို ကိုယ်ပိုင်စာသားထည့်ကာ အိုးစည်ဒိုးပတ်ဖြင့် တီးခတ်သီဆိုနေသော အသံက ပတ်ဝန်းကျင်တစ်ခွင်တွင် ပျံ့လွင့်နေသည်။ ဂျပ်စက္ကူထူထူဖြင့် ပုံသွင်းဖန်တီးထားသော လူတစ်ရပ်စာ အရုပ်ကြီးက ယိမ်းနွဲ့နေသလို တီရှပ်ဆင်တူဝတ် အမျိုးသမီး တစ်စုကလည်း ခြေလက်ခေါင်းခါးညီညီ စည်းချက်အလိုက် ကခုန်နေကြသည်။

# ကြောက်စိတ်တို့ ပြယ်ချိန်

အေးမြကျော်



ဓာတ်ပုံ - အေးမြကျော်

ရွာမှလှပျိုဖြူများ ပါဝင်ကပြနေသည့် အကအလှနှင့် လူဝင်စက္ကူရုပ်ကြီးကို ဒေါ်စန်းနှင့်တကွ ရွာသူရွာသားများ သဘောတကျ ငေးမောနေကြသည်။ ထိုစဉ် ရုတ်တရက်ဘေးနားသို့ ရပ်ကာမေးလိုက်သော သတင်းထောက်၏ အမေးကြောင့် ဒေါ်စန်း၏အတွေးများက လွန်ခဲ့သော ၂ နှစ်နှင့် ၈ လ အချိန်များသို့ ရုတ်ခြည်းပြန်ရောက်သွားသည်။ မျက်စိရှေ့မှမြင်ကွင်းများကိုမေ့လျော့သွားဟန်ဖြင့် အဝေးသို့ တစ်ချက်ငေးရင်း လေးတွဲ့စွာပြန်လည်ဖြေကြားလိုက်သည်။ "ပါတာပေါ့။ အဒေါ့်ဆွေမျိုးသားချင်းတွေ တော်တော်များများသေကုန်ကြတယ်"

ထိုသို့ပြောအပြီးတွင်တော့ လွန်ခဲ့သော မိနစ်အနည်းငယ်က မြင်ကွင်းများကို သဘောတကျ လိုက်ကြည့်နေခဲ့သော မျက်ဝန်းအိမ်တွင် ဝေ့တက်လာသော မျက်ရည်ကြည်များကို ထွက်မကျစေရန် မျက်တောင်ပုတ်ခတ်ရင်း ဆက်ပြောလေသည်။

"အဲဒီတုန်းကသာ ဟောသလိုမျိုးတွေရှိမယ်ဆိုရင် သူတို့တွေ သေကြမယ်မထင်ဘူး။ သူတို့ကို သတိရမိတယ်။ အခုလို ဆောက်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ရှေ့ရှိ အဝါရောင်နှစ်ထပ်အဆောက်အအုံရှည်မျောမျောကို လက်ညှိုးညွှန်ရင်း သူမက ပြောခဲ့သည်။

အသက် ၆၃ နှစ်ရှိပြီဖြစ်သော သူမသည် ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ၏ အိပ်မက်ဆိုးဟု အချို့ကတင်စားကြသော နာဂစ်မုန်တိုင်းဒဏ်အဆိုးဆုံးခံခဲ့ရသည့် ဘိုကလေးမြို့နယ်ထဲမှ ပျဉ်ဘိုးကြီးရွာဇာတိဖြစ်သည်။ သူမ လက်ညှိုးညွှန်ခဲ့သော အဆောက်အအုံမှာ ယနေ့(ဇန်နဝါရီ ၁၄) တွင် အခမ်းအနားဖြင့် သူမတို့ရွာသားများက လက်လွှဲပြောင်းရယူလိုက်သော သူမတို့၏ အသက်အိုးအိမ်များကို ကာကွယ်ပေးမည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံးပင်ဖြစ်သည်။

တစ်နှစ်ကြာအချိန်ယူတည်ဆောက်ခဲ့သော ထိုအဆောက်အအုံနှစ်လုံးကို နိုင်ငံတကာအလှူရှင်များက လှူဒါန်းမှုဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)က ဆောက်လုပ်ပေးကာ ပျဉ်ဘိုးကြီးရွာသားများထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ဒေါ်စန်းနှင့်အတူ ပျဉ်ဘိုးကြီးရွာသားများအခေါ် "ရှယ်တာဖွင့်ပွဲ"အတွက် အလုပ်များခဲ့ကြရင်း ရွာထဲတွင်လည်း ပုံမှန်နေ့များထက် ပိုမိုစည်ကားနေခဲ့သည်။

"ပျော်စရာရွှင်စရာ ဒီဖွင့်ပွဲမှာ၊ ရှယ်တာဖွင့်ပွဲမှာ၊ သဘာဝဘေးမှ ကာကွယ်ဖို့ရာ၊ အသက်ဘေးမှ ကာကွယ်ဖို့ရာ၊ ဒို့ကျေးရွာမှာ"ဆိုသည့် သံပြိုင်ဆိုလိုက်သည့် သံချပ်က အိုးစည်ဒိုးပတ်သံနှင့်အတူ ပျံ့လွင့်လာသည်။ ရွာသားများ ကိုယ်တိုင်ရေးစပ်ထားသော စာသားများဖြင့် သီကုံးထားသော သီချင်းကို ခပ်မြူးမြူးဆိုရင်း ရှယ်တာ(မုန်တိုင်းဒဏ်ခံအဆောက်အအုံ)ဖွင့်ပေးမည့် အလှူရှင်များကို လှေဆိပ်တွင် စောင့်ကြိုနေကြသည်။

စောင့်ဆိုင်းနေသည့် ရွာသားများထဲက ပါးကွက်ကျားလိမ်းထားသော အမျိုးသမီးငယ်တစ်ဦးက "အရင်ကတော့ကြောက်တာပေါ့။ နာဂစ်ကိုကိုယ်တိုင်လည်း ကြုံလိုက်ရတယ်။ ဆွေမျိုးတွေနဲ့ မိသားစုဝင်တွေပါသေခဲ့တာ။ ကံကောင်းလို့ ကျွန်မလည်း အသက်ရှင်တာပါ။ အခုလား။ အခုတော့ သိပ်မကြောက်တော့ပါဘူး။ တစ်ခုခုဖြစ်လာရင် ရှယ်တာဆီပြေးလို့ရတာပဲ"ဟု "အရင်လိုကြောက်သေးသလား"ဟူသည့် အမေးစကားကို ပြန်လည်ဖြေကြားခဲ့သည်။

လွန်ခဲ့သော ၂ နှစ်ကျော်က ဖျက်အားပြင်းပြင်းနှင့် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ခန့်မှန်းခြေ လူပေါင်း တစ်သိန်းလေးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရသည့်အထဲ ပျဉ်ဘိုးကြီးရွာမှ လူဦးရေတစ်ဝက်ကျော်မှာလည်း ထိုစာရင်းတွင်ပါဝင်ခဲ့သည်။

ပျဉ်ဘိုးကြီးရွာမှ ရွာသူရွာသား ၃၇၄ ဦးတို့၏ အသက်ဇီဝိန်ကို နာဂစ်ကခြွေခဲ့သည်။

"အခုတော့ရွာမှာ ၉၀၂ ယောက်ရှိတယ်။ အဲဒါ နောက်မှတိုးလာတဲ့စာရင်းလဲပါတယ်"ဟု ရွာ၏ ကျေးရွာဥက္ကဋ္ဌတာဝန်ယူထားသော ဦးသိန်းဝင်းကပြောသည်။

ရှယ်တာဖွင့်ပွဲနေ့တွင် တက်ရောက်အားပေးသောရွာပရိသတ်များတွင် ခါးထစ်ခွင်ချီထားသော အခါလည်သားအရွယ် ကလေးများ၊ နို့တိုက်နေရသည့် လသားအရွယ်နှင့် အော်ဟစ်ငိုကြွေးကာ မုန့်တောင်းနေသော မတ်တတ်ပြေးအရွယ်ကလေးများက ပျဉ်ဘိုးကြီးရွာ၏ နောက်တိုးလူဦးရေများပင်ဖြစ်သည်။

ယခုအချိန်ထိဆိုလျှင် ထိုသားသည် အမေများနှင့်သက်ကြီးရွယ်အိုများပါမကျန် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက လုပ်ဆောင်ရမည့်နည်းစနစ်တို့ကို သုံးကြိမ်တိုင်အောင် ဇာတ်တိုက်လေ့ကျင့်ပြီးဖြစ်သဖြင့် မုန်းတိုင်းသတိပေးချက်ရောက်လာလျှင် မည်သို့လုပ်ဆောင်ရန် ပြောစရာပင်မလိုတော့ကြောင်း တစ်နှစ်သားကလေးငယ် ချီပိုးထားသော မိခင်တစ်ဦးက ရယ်မောပြောဆိုခဲ့သည်။

"အခုတော့ ဘာလာလာ သိပ်မမှုတော့ဘူး။ ဒီရှယ်တာကြီးတွေရှိနေပြီဆိုတော့ စိတ်ထဲမှာ အားကိုးရာရတယ်လို့ ခံစားရတယ်။ နာဂစ်တုန်းကတော့ ရွာထဲက ခိုင်ခိုင်ခံ့ခံ့ရှိတဲ့ သားချင်းတစ်ယောက်အိမ်မှာခိုခဲ့ရလို့ ကံကောင်းလို့မသေတာ။ အဲဒီနောက်ပိုင်း ညတိုင်းလိုလို အိပ်လို့မရခဲ့ဘူး။ အခုတော့သိပ်မကြောက်တော့ဘူး"ဟု ပျဉ်ဘိုးကြီးရွာ၏ အသက်အကြီးဆုံးစာရင်းဝင် ၇၂ နှစ်အရွယ် အဘိုးအိုတစ်ဦးကရှယ်တာဖွင့်ပွဲလာရင်း ပြောကြားသွားသည်။

အမြင့်ပေ ၄၀ ကျော်ရှိပြီး ပေတစ်ရာအရှည်ရှိသော အဆောက်အအုံနှစ်လုံးက ပျဉ်ဘိုးကြီးရွာသားများအပြင် ဘေးပတ်ဝန်းကျင်မှ ကန့်မလာချောင်း ဝက်ခေါင်းကျ၊ ကနခိုမူ၊ ပျဉ်ဘိုးလေးစသည့်ရွာများမှ ရွာသားများပင် လာရောက်ကာ ဘေးလွတ်ရာ ခိုနားနိုင်သည်ဟု မုန်တိုင်းသင့်အဆောက်အအုံထိန်းသိမ်းရေးကော်မတီဝင်ရွာသားတစ်ဦးက ပြောသည်။

"လူတိုင်းအတွက်ခိုလှုံရာ ဆိုင်ကလုန်းရှယ်တာ"ဟု ပျဉ်အိုး



ကြီးရွာသားများဝတ်ဆင်ကြသောတီရှပ်များထဲမှစာသားများ အတိုင်း သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်ပါက မုန်တိုင်းဒဏ်ခံအဆောက်အအုံတစ်လုံးတွင် လူပေါင်း ၃၀၀ အထိ ခိုနားနိုင်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုလျှင် သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်လေ့ရှိသဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိအမြင်နှင့် လိုက်နာကျင့်သုံးရမည့် နည်းနာများကို အကျွမ်းတဝင်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံသည်လေပြင်း၊ ရေဘေး၊ မြေငလျင်၊ ဆူနာမီစသည့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသတွင်ပါဝင်လာသည့်အလျောက်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး (Disaster Risk Reduction)ဆိုင်ရာ အသိအမြင်များကို လူထုသို့ မြှင့်တင်အသိပညာပေးရန်မှာလည်းလိုအပ်လာလေသည်။


၂၀၀၆ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို ခံစားရသည့် နိုင်ငံစာရင်းတွင်ပါဝင်လာပြီး နှစ်စဉ်လိုလို မုန်တိုင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ခံစားလာရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ထိုသို့ သဘာဝ ဘေးအန္တရာယ်များထဲမှ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းနှင့် ၂၀၁၀ ပြည့်နှစ်အတွင်း တိုက်ခတ်ခဲ့သည့် ဂီရိမုန်တိုင်းတို့မှာ ဖျက်အားအပြင်းဆုံးနှင့် ဆုံးရှုံးမှုအများဆုံးမုန်တိုင်းများအဖြစ်သမိုင်းဝင်ခဲ့သည်။

လူပေါင်း တစ်သိန်းခွဲနီးပါး သေကျေပျက်စီးခဲ့ရသော နာဂစ်မုန်တိုင်းအပြီးတွင် နိုင်ငံတကာအဖွဲ့ အစည်းများ၊ အစိုးရနှင့် ပြည်တွင်းအလှူရှင်များပူးပေါင်းကာ မုန်တိုင်းဒဏ်အပြင်းဆုံးခံခဲ့ရသော ဧရာဝတီတိုင်းအတွင်းတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ တည်ဆောက်ခဲ့ရာ ဘိုကလေးမြို့နယ်တစ်ခုတည်းမှာပင် အလုံးပေါင်း ၉၅လုံးတည်ဆောက်ပြီးစီးပြီဖြစ်ပြီး ပျဉ်ဘိုးကြီးရွာမှ ရှယ်တာနှစ်လုံးလည်း အပါအဝင်ဖြစ်သည်။

ပျဉ်ဘိုးကြီးရွာမှ မုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံးမှာ ရွာသားများ၏ အတိတ်မှ အရိပ်ဆိုးများကို ပျောက်ကွယ်အောင် မကုစားနိုင်သော်လည်း မိုးညိုလာလျှင် ပိုလာသော ကြောက်စိတ်များကို ဖြေဖျောက်ပေးနိုင်ပေလိမ့်မည်။

သဘာဝ ဘေးအန္တရာယ်ကြုံတွေ့ရခြင်းမရှိသည့် သာမန် အချိန်များတွင် ရွာ၏ သာရေးကိစ္စများဖြစ်သည့် မင်္ဂလာပွဲ၊ အလှူပွဲများလက်ခံကျင်းပရာ မင်္ဂလာဌာနအဖြစ် ရှယ်တာကို အသွင်ပြောင်းရန် ပျဉ်ဘိုးကြီးရွာသားများ အစီအစဉ်ဆွဲထားပြီးဖြစ်သည်။ "မင်္ဂလာဆောင်ဆို တစ်သောင်း၊ အလှူဆိုရင် တစ်သောင်းခွဲနဲ့ လက်ခံသွားမယ်"ဟု ရွာလူကြီးကပြောသည်။

လာမည့်နွေဦးပေါက်တွင် သူတို့ရွာမှ ပထမဆုံး မင်္ဂလာပွဲကို မုန်တိုင်းဒဏ်ခံအဆောက်အအုံတွင် ဆင်နွှဲရန်ဟန်ပြင်နေကြလေပြီ။


ဓာတ်ပုံ-အိဖြူမွန်

# နောင်… ကလေးတွေ ဧရာဝတီကို မြင်ရပါစ

**အိဖြူမွန်**

## မြင်ကွင်း(၁)

ရာချီသော ရေစုပ်စက်များသည် မေခမြစ်၏ မြစ်ကမ်းဘေးတွင် အကျအန နေရာယူထားကြသည်။ စုပ်တင်လိုက်သော မြစ်ရေဖြင့် မြစ်ကမ်းဘေးအနီးရှိ အနက်ပေ ၃၀ တူးဖော်ထားသော တောင်ကမ်းပါးယံအား ဖျန်းပက်နေသည်။ တူးဖော်ရာမှ ထွက်ရှိလာသော လူအရပ် ၆ယောက်စာ မြင့်သည့် ကျောက်ပုံများကို ဆယ်ဧကကျယ်ဝန်းသည် မြေကွက်လပ်တွင် ဟိုတစ်ပုံ ဒီတစ်ပုံတွေ့ရသည်။ တောင်ကမ်းပါးယံမှ ပက်ဖျန်းပြီးသော မြစ်ရေသည် ရွှေကျင်ရာ ဖြုန်းဆိုင်းဆီသို့ အဆင့်ဆင့်ဖြတ်ကျော်ရသည်။ ကျော်ဖြတ်ပြီးသော နီကျင်ကျင်မြေသားအနှစ်များက မေခမြစ်အတွင်းသို့ ပြန်လည်စီးဝင်သည်။

မြစ်ဖျားခံရာ ရေခဲတောင်မှ စီးဆင်းလာသော မေခမြစ်သည် ရေစုပ်စက်များရှိရာနေရာတွင် ရေနောက်တစ်ဝက်၊ ရေကြည်တစ်ဝက်အဖြစ်သို့ ပြောင်းလဲလာသည်။ ထိုနေရာသည်အား ဧရာဝတီ မြစ်အစ မေခမြစ်၏ ပုံရိပ်များပင်ဖြစ်သည်။

"ရွှေတူးတာ နှစ်ပေါင်းရာကျော်ပြီလေ။ ဒီမြစ်ရဲ့ တောက်လျှောက်မှာ ရွှေကျင်တဲ့ဖြုန်းဆိုင်းတွေ အများကြီးပဲ။ အခုက ပိုများလာတယ်။ ဒီကျောက်ပုံတွေက ဒီအတိုင်းပဲထားရတာပေါ့။ ပစ်စရာနေရာမှ မရှိတာ။ ဒီမြေကြီးအနှစ်ရည်တွေက ဒီအတိုင်းပဲ မြစ်ထဲကို ပြန်စီးဝင်တာပေါ့။ ဘာမှ လုပ်စရာမလိုဘူး။ သူဟာနဲ့ သူ စီးဝင်သွားတာပဲ"

ရေစုပ်စက်သံ ဆူညံနေသော မေခမြစ်၏ ရွှေမှော်တစ်ခုမှ ရွှေကျင်လုပ်သား ကိုဖိုးခွား(အမည်ပြောင်း)က စက်သံကြားမှ အသံအားယူ၍ မေးခွန်းများကို ဖြေဆိုရင်းက တစ်ဖက်တွင် ကျောက်ပုံကိုရှင်းနေသည်။

ရွှေမှော်များမှ စီးဆင်းကျလာသော စွန့်ပစ်မြေစေးများ ဧရာဝတီမြစ်အတွင်း စီးဝင်လာသည်ကို ရွှေကျင်ရာ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တွေ့မြင်ရသည်။ ရွှေဂူမြို့အထက် ဒုတိယမြစ်ကျဉ်းစတင်ရာနေရာတွင် စွန့်ပစ်မြေစေးများကို မြစ်၏ တစ်ဖက်တစ်ချက်တွင်တွေ့မြင်ရသည်။

ဧရာဝတီမြစ်ကမ်း၏ အချို့သော နေရာများတွင် တောင်ကတုံးများကို တွေ့မြင်ရသည်။ ရေစုပ်စက်သံများကို ရွှေကူမြို့အထက်ပိုင်းတွင်လည်း ကြားရမည်ဖြစ်သည်။ ဟောင်းနွမ်းပြီး ဆက်လက်တူးဖော်ခြင်းမရှိသော လုပ်ကွက်များတွင် လူအရပ်သုံးရပ်ခန့် အမြင့်ရှိ ကျောက်ပုံများ၊ ပြိုပွဲကျနေသော မြေသားများကို တွေ့မြင်ရမည်ဖြစ်သည်။

"ဧရာဝတီမြစ် အထက်ဘက်က ရွှေတူးတဲ့သူ တော်တော်များတယ်။ သူတို့ဆီကကျလာတဲ့ မြေသားတွေက မြစ်ကိုတိုက်ရိုက် စီးဝင်တာပဲလေ"ဟု မန္တလေးမှဗန်းမော်မြို့သို့ သင်္ဘောဖြင့် မကြာခဏ သွားလာနေ သူခရီးသည်တစ်ဦးက ဆိုသည်။

မေခမြစ်၏ ရွှေမှော် တစ်ခုမှ ရွှေကျင်လုပ်သား ကိုဖိုးခွားအားရွှေမှော်တူးရာမှ စီးကျလာသော အနယ်အနှစ်တွေကြောင့် နောင် တစ်ချိန်တွင် မြစ်ကောသွားခဲ့ရင်ဟု ကြိုတွေးမျှော်သည့် မေးခွန်းမေးလိုက်ရာ

"ကျွန်တော်တို့ တစ်သက်တော့ မကောနိုင်သေးဘူးဗျ၊ အခုဒီကစွန့်ပစ်လိုက်တဲ့ မြေနှစ်တွေကလည်း မြစ်ရေစီးနဲ့ စီးဆင်းနေတာပဲလေ။ မေခက မြစ်ရေစီးကြမ်းတယ်။ ဒီမှာတော့ မကျန်နိုင်ဘူး။ သိပ်တော့ မပြောတတ်ဘူးလေ"ဟု သူကဆိုသည်။

မေခနှင့် မလိခမြစ်ဆုံစည်းရာတွင် နေထိုင်ကြသူများက ရေကြည်၊ ရေနောက်တစ်ဝက် စီးဆင်းနေသော မြစ်ရေကို အသုံးပြုနေတုန်းပင်ဖြစ်သည်။ တစ်ချိန်က ကြည်လင်ခဲ့သော ရေခဲမြစ်နှစ်စင်း၏ အလှကို ပုံပြောပြနေသော ကချင်လူမျိုးများလည်း ရှိနေသေးသည်။

စာ(၂၈)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

## စာ- ၂၇၊ နောင်...ကလေးတွေ ဧရာဝတီကို မြင်ရပါစ မှ

“အရင်က မြစ်ဆုံက သိပ်လှတာ။ မြစ်ဆုံက ကချင်အမျိုးသားတွေရဲ့ အထိမ်းအမှတ်ပဲလေ။ မြစ်ကြီးနားကို မြစ်ဆုံကြောင့် လူသိပိုများတာပေါ့”ဟု ကချင်တိုင်းရင်းသူ ဆိုင်းရာကဆိုသည်။

### မြင်ကွင်း(၂)

ည ၈ နာရီထိုးပြီ။ ဒီဇင်ဘာ ၂၃ ရက်ည။ တိမ်တွေ ကင်းစင်နေသည့် ခရမ်းပြာရောင် ကောင်းကင်ထက်ဆီမှလဝန်းကြီး အရောင်က မြစ်ပြင်တွင် ဘော်ငွေရောင် တလက်လက်ရောင်ပြန်ဟပ်နေသည်။ မန္တလေးမှ ဗန်းမော်သို့ ဆန်လာသော သင်္ဘောကြီးသည် မလှမ်းမကမ်းရှိ ညောင်ပင်သာဆိပ်ကမ်းကို ဆိုက်ကပ်ရန် ဟန်ပြင်နေသည်။ မြစ်ပြင်ကျယ်ကျယ်တွင် လမ်းကြောင်းရှာနေသည့် ထိုသင်္ဘောကြီးသင်္ဘောရှေ့တွင် စက်သံရပ်နေသော သင်္ဘောတစ်စင်းက လက်နှိပ်ဓာတ်မီးဖြင့် တစ်ချက်နှစ်ချက်မီးထိုး၍ အချက်ပြလိုက်သည်။

ထိုအချက်ပြသင်္ကေတက သူတို့သင်္ဘောသောင်တင်နေသည်။ သည်လမ်းကလာလျှင် သောင်တင်နိုင်သည်ဟု အချက်ပြခြင်းဖြစ်သည်။ သင်္ဘောက ဗန်းမော်မှ တစ်နာရီကားစီးရုံဖြင့် ရောက်နိုင်သော ညောင်ပင်သာ ဆိပ်ကမ်းကို ည၉နာရီကျော်သည်အထိ မဆိုက်ကပ်နိုင်သေးချေ။ မြစ်ပြင်ကျယ်ကျယ်တွင် လမ်းကြောင်းရှာရင်း ဝေ့လည်လည်ဖြစ်နေသည်။

သင်္ဘောကြီးသည် ည ၉နာရီခွဲတွင် မြစ်၏ ညာဘက်ကမ်းတွင် သောင်တင်သွားတော့သည်။ ထိုနေရာကကြည့်လျှင် ဗန်းမော်မြို့ ဆက်သွယ်ရေးရုံး၌ တပ်ဆင်ထားသော တာဝါတိုင်မှ မီးတိုင်နီနီက ညအမှောင်မှာ လင်းလင်းထင်ထင်မြင်နေရသည်။

သင်္ဘောပေါ်တွင် မြစ်အတွင်း ဘယ်နေရာရောက်ရင် သောင်တင်လေမလဲ ရင်တမမဖြင့်တွေးရင်း လိုက်ပါ စီးနင်းလာသော ခရီးသည်များ အခုမှ ရင်အေးရတော့သည်။ အခု သောင်တင်သည့် နေရာက ဗန်းမော်မြို့ကို ပျပျလေး လှမ်းမြင်နေရ၍ဖြစ်သည်။

“ဟိုးအောက်ဘက်မှာ သောင်တင်ရင်သွားရော။ တချို့မြို့တွေဆိုရင် ညနေခြောက်နာရီဆိုရင် မြို့ထဲကိုဝင်လို့ မရတော့ဘူး။ သင်္ဘောပေါ်မှာပဲ ညအိပ်ရတယ်။ အခု ဗန်းမော်နဲ့နီးတော့ အကြိုစက်လှေခေါက်ပြေးတွေလာနိုင်တယ်”ဟု ခပ်ဝေးဝေးတွင် မြင်ရသောမီးအနီလေးကို ကြည့်ရင်း ဗန်းမော်မြို့သားခရီးသည်တစ်ဦးက ပြောသည်။

သင်္ဘောကြီးသောင်တင်ပြီဆိုသည့်အခါ သင်္ဘောပေါ်တွင် လိုက်ပါသော ခရီးသည်များ စုရုံးစုရုံးဖြင့် စားသောက်ခန်းဆီသို့ သွားသူသွား၊ ထုပ်ပိုးထားသော အိပ်ရာလိပ်ကို ပြန်ဖြေ၍ အိပ်ရန် ပြင်ဆင်သူများလည်း ပြင်ကြသည်။

သောင်တင်ပြီး မကြာလိုက်၊ သင်္ဘောမောင်းနှင်းသူ ရေယာဉ်ကြီးကြပ်သူ (ရေယာဉ်မှူး)က မနက်နှင်းကွဲသည့်အချိန်တွင် သင်္ဘောဆိပ်ကမ်းကို ဆိုက်နိုင်မည်ဟု ခရီးသည်များကို အသိပေးလိုက်သည်။ ခရီးသည်များက ရေယာဉ်မှူးမပြောမီကပင် ညသင်္ဘောပေါ်တွင် အိပ်ရမည်ဆိုသည်ကို သိနေနှင့်ပြီးဖြစ်သည်။

နှစ်ထပ်သင်္ဘောပေါ်ပိုင်း စက်ခန်းအတွင်းရှိသော ရေယာဉ်မှူးက “ဧရာဝတီမြစ်ကို ချစ်တာပေါ့။ ဒါနဲ့ပဲ လုပ်စားလာရတာလေ။ လုပ်သက် ၃၂နှစ်ရှိပြီ။ အောက်ခြေသိမ်းကနေ ဒီနေရာရောက်အောင်လာခဲ့ရတာ။ ရေကြောင်းခန့်မှန်းတာကို သတိနဲ့ လုပ်နေရတာပေါ့။ ဝန်ထမ်းတွေ ညီညွတ်မှ ဒီသင်္ဘောကြီးက ရွေ့နိုင်မှာလေ။ သောင်ထွန်းတာကတော့ ဘယ်နေရာကြည့်ကြည့် တွေ့နေရတာပဲ” ဟုဆိုသည်။

မိုးရာသီတွင်တော့ သောင်တင်မည်ကို မပူရချေ။ သို့သော် မိုးအကုန်ဆောင်းရာသီတွင် သင်္ဘောမောင်းနှင်ရသည်မှာ အဆင်မပြေတော့။ တစ်နှစ်တစ်နှစ် မြင့်တက်လာသော မြစ်ကြမ်းပြင်ကြောင့် ရေယာဉ်မောင်းနှင်သူတွေ သတိလက်လွတ်နေ၍ မဖြစ်။ နေခင်းပဲဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ် ရေကြောင်းကို ရှာဖွေနေရသည်။

သင်္ဘောမောင်းနှင်သူ ဆလင်ကြီး (ရေယာဉ်မှူးကြီး)လည်း အနားရသည်မဟုတ်။ စက်ခန်းမှ “ကလင်၊ ကလင်”ဟူသော အချက်ပေးသံ ကြားရသည်နှင့် သင်္ဘော အောက်ထပ်ဦးပိုင်းကို အပြေးအလွှားလာရသော သင်္ဘောသားများလည်း မနားရချေ။ သင်္ဘောသားတွေက သင်္ဘောကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ရေသတ်မှတ်ချက်ရှိသော ဝါးလုံးဖြင့် မြစ်ထဲတွင် ထိုးစိုက်ပြီး ပါးစပ်မှလည်း ရေအနက်ကို အော်ရသေးသည်။

“ရေစူးက ငါးပေလို့ သတ်မှတ်ထားတာကိုး။ သတ်မှတ်ချက်တိုးလာတဲ့အခါ တိုးရေလို့အော်ရတယ်။ မတိုးဘူးဆိုရင် လေးပေ၊သုံးပေလို့ အော်ရတယ်။ ဟိုးမှာ တွေ့လား၊ မြစ်ပြင်က မညီညာဘူးလေ။ ဒီဘက်က ရေစီးရှိတယ်။ဟိုဘက်က ရေစီးမရှိဘူး။ ဟိုးဘက်က ရေတွေက ဒီဘက်ထဲကို မသိမသာ စီးဆင်းနေတယ်။ အဲဒါ သောင်ထွန်းတော့မှာ အဲဒီနေရာတွေမှာ သင်္ဘောမတင်ရအောင် ဂရုစိုက်ရတာပေါ့။ ၁၀နှစ်အတွေ့အကြုံရပြောရရင် မြစ်ရေပါးလာတယ်ဗျာ။ မြစ်ကြီးက ကျယ်သွားပြီး ရေတိမ်လာတယ်”ဟု အတွေ့အကြုံရှိ သင်္ဘောသားတစ်ဦးက မြစ်ပြင်ကို လှမ်းညွှန်ပြရင်းပြောသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းရှိရာ ဧရာဝတီမြစ်တွင် ရုံးလေးနေရာခွဲ၍ ထိန်းသိမ်းရေးကို လုပ်ကိုင်နေသည်။ သို့သော် ရေလမ်းထိန်းသိမ်းရေးကိုသာ ပြုပြင်ထိန်းသိမ်းခြင်းဖြစ်သည်။ ယခုလက်ရှိတွင် ရေလမ်းကြောင်း သွားလာလို့ မရသည့်နေရာများအား သဲစုပ်တင်ပေးနေသည်ကိုတွေ့ရသည်။

“တကယ်တော့ ထိန်းသိမ်းရေးဟာ ဌာနတစ်ခုတည်း မဟုတ်ဘူး။ အားလုံးနဲ့ဆိုင်တယ်။ လိုအပ်တာထက် ပိုပြီး ထုတ်ယူသုံးစွဲနေကြတယ်ဆိုရင် မြစ်က အနှေးနဲ့အမြန်ကောမှာပဲ။ အဲလိုမဖြစ်အောင် ဘက်ပေါင်းစုံ၊ ဌာနပေါင်းစုံက ဝိုင်းဝန်းကူညီရမှာ။ ပျက်ပြီး ပြန်ပြင်ရင် ကျပ်သန်းပေါင်းများစွာ ကုန်မှာပဲ၊ ဌာနကလည်းရလာတဲ့ အသုံးစရိတ်အလိုက် ပြင်သင့်တဲ့နေရာကို နှစ်အလိုက် ပြင်နေတယ်” ဟု ရေအရင်းအမြစ် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မည်သည့်အချိန်မေးမေး ဤသို့ပင်ဖြေသည်။

### မြင်ကွင်း(၃)

နှစ်ထပ်သင်္ဘောကြီး ထီးချိုင့်မြို့အကျော်တွင် မြစ်ညာဘက်ရှိ လယ်ကွင်းများသည် မြစ်ကမ်းနှင့်နီးနီးတွင် တွေ့ရသည်။ တကယ်တော့ ဒီလယ်ကွင်းတွေသည် တစ်ချိန်က မြစ်ကမ်းနှင့် ခပ်ဝေးဝေးသာရှိခဲ့သည်။

အပေါ်ယံမြေဆီလွှာကို ဖြတ်တိုက်စားသောကြောင့် အောက်ခြေသဲကြမ်းသာကျန်သည့် ရေတိုက်စားခံရသည့် လယ်ကွင်းအချို့ ကွင်းပြင်ကြီး ဖြစ်နေသည်။

လက်ကြားထဲက ဖက်ကြမ်းဆေးလိပ်တိုကို ရှိုက်ဖွာရင်းက လွန်ခဲ့သော ၂နှစ်ခန့်က မြစ်ရေတိုက်စားခံရသော လယ်ကွင်းကိုကြည့်၍ ထီးချိုင့်နယ်သား ဦးခင်မောင်ရင်က “ဒီနေရာက မြေဆီသြဇာ သိပ်ကောင်းတာ။ အရင်က မြစ်ကမ်းနဲ့ ခပ်ဝေးဝေးပါ။ အခု မြစ်က တဖြည်းဖြည်း ကျယ်လာတော့ မိုးတွင်းဆိုရင် လယ်ကွင်းတွေ ရေတိုက်စားခံရတယ်။ ဦးတို့ လယ်ကွက်ဆိုရင် တစ်မြန်နှစ်က (၂နှစ်) ရေတိုက်စားလို့ကုန်ပေါ့။ အခုတော့ လုပ်စားစရာ မရှိလို့မြို့ထဲမှာ ဆိုင်ကယ်ပြင်တယ်။ ဆိုင်ကယ်အတွက်လိုအပ်တဲ့ ပစ္စည်းတွေဝယ်ခြမ်းပြီး ကုန်ကူးတယ်။ အဆင်ပြေပါတယ်” ဟု သူက အထက်အညာသံဝဲဝဲဖြင့် စကားဆိုသည်။

ယခုအချိန်တွင် ဧရာဝတီမြစ်၏ ပြောင်းလဲမှုကြောင့် ဦးခင်မောင်ရင်လိုပင် ပျက်စီးဆုံးရှုံးသူများလည်း ရှိသည်။ သိသာမြင်သာသော ပြောင်းလဲမှုများကို တွေ့မြင်ရသေးသည်။ နောင်တစ်ချိန်တွင် ဧရာဝတီမြစ်ကြီး၏ ဂေဟစနစ်သည်လည်း ပြောင်းလဲလာမည်ကို တွက်ဆလို့ မရအောင် များပြားလာနိုင်သည်။

မထိန်းသိမ်းနိုင်ပါက ဧရာဝတီမြစ်တွင် သွားလာနေကြသော သင်္ဘောပေါ်တွင် ယဉ်ကျေးမှုတစ်ခုဟုပင် ယူဆလို့ရသည့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ မြန်မာတို့၏ ဇီဝမျိုးစိတ်တစ်ခုဖြစ်သည့် ဧရာဝတီ လင်းပိုင်များ၊ မမြင်ရသောဇီဝမျိုးစုံမျိုးကွဲများလည်းပျောက်ကွယ်လာနိုင်သည်။

“ပြုပြင်နိုင်စွမ်းမရှိရင်တော့ ကောချင်လည်း ကောသွားနိုင်တယ်လေ။ နောင်လာမယ့် ကလေးတွေ မမြင်ဖူးဘူးဆိုရင် ဧရာဝတီမြစ်ရဲ့ရာဇဝင်ကို ရှင်းပြရုံသာရှိတာပေါ့”ဟု (ရေယာဉ်မှူး) ရေယာဉ်ကြီးကြပ်သူက ဆိုလေသည်။

## စာ-၁၃၊ အရေပြားဆိုင်ရာရောဂါဖြစ်ပွားမှု ငါးဆခန့် မြင့်တက် မှ

ထို့အပြင် အရေပြားရောင်ရမ်းမှု(နှင်းခူ)ဖြစ်ပွားနိုင်မှု အလားအလာများသူများတွင် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဘိလပ်မြေများနှင့် ထိတွေ့မှုများသူများလည်း ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသူများသည် ကျန်းမာရေးနှင့်ဆိုင်ရာ ဗဟုသုတနည်းပါးနေသေးပြီး ရေရှည်တွင် ထိခိုက်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာများအား ဂရုပြုမှုနည်းပါးကြောင်း အဆိုပါ ဆရာဝန်ကပြောသည်။

ဘိလပ်မြေနှင့် အမြဲထိတွေ့နေတဲ့သူများတွင် ဘိလပ်မြေတွင် ပါဝင်သည့် ဓာတုပစ္စည်းများ အရေပြားအတွင်း တဖြည်းဖြည်း စိမ့်ဝင်ရာမှတစ်ဆင့် အချိန်ကြာလာပါက အရေပြားရောင်ရမ်းမှုများ ဖြစ်ပွားလာပြီး အချိန်ကြာပါက ကုသရန် ခက်ခဲသွားကြောင်း သိရသည်။

“ကျွန်တော်အလုပ်လုပ်တာက ဆောက်လုပ်ရေးလုပ်ငန်းတွေဆိုတော့ အမှုန်တွေလည်း အရမ်းများတယ်။ လက်အိတ်တွေ၊ နှာခေါင်းစည်းတွေသုံးလို့ သူငယ်ချင်းတွေက အကြံပေးကြပေမယ့် အလုပ်ထဲမှာ ဘယ်သူမှလည်း အဲလိုမလုပ်တော့ ကျွန်တော်လည်း အဲဒါတွေမသုံးဖြစ်ဘူး။ ဒါပေမဲ့ ညနေအိမ်ပြန်ရင် အမှုန်တွေကြောင့် လည်ချောင်းထဲမှာ ပိတ်နေတာမျိုးတောင်ရှိတယ်” ဟု အသက် ၂၂ နှစ်အရွယ် အမျိုးသားတစ်ဦးကပြောသည်။

“လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ်ရဲ့အလုပ်သမား ဝန်ထမ်းတွေကို အန္တရာယ်ကင်းတဲ့ ပတ်ဝန်းကျင်ဖြစ်အောင် သူတို့ကိုယ်တိုင်က လုပ်ပေးသင့်ပါတယ်။ အမှုန်တွေပေါ်တဲ့ အလုပ်ခွင်မှာ မဖြစ်မနေ နှာခေါင်းစည်းသုံးစေတာမျိုး၊ လက်အိတ်တွေ သုံးစေတာမျိုးဆိုရင်တော့ ကျန်းမာရေးအန္တရာယ်တွေ လျော့နည်းလာစေနိုင်ပါတယ်” ဟု ဒေါက်တာမြင့်ဦးကပြောသည်။

ယားနာသည် အများအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းသူများတွင် ဖြစ်ပွားလေ့ကြောင်း လူအများနားလည်ထားကြသော်လည်း အချို့အိမ်ထဲတွင် သန့်ရှင်းစွာထားသည့် ကလေးငယ်များတွင်လည်း အရေပြားရောဂါများ အဖြစ်များကြကြောင်း အရေပြားအထူးကုဆရာဝန် ဒေါက်တာစိုးဝင်းဦး၏ စာအုပ်ထဲတွင် ရေးသားထားသည်။

တောနေကလေးများသည် မြို့နေကလေးများထက် သန့်ရှင်းမှုနည်းခြင်းသည် တစ်နည်းအားဖြင့် ဘက်တီးရီးယားပိုးမွှားများ ခန္ဓာကိုယ်အတွင်း ခုခံမှုစနစ်အား လှုံ့ဆော်ပြီးဖြစ်ပြီး ခုခံအားစနစ်များ လှုပ်ရှားနေသည့်အတွက် ဓာတ် မတည့်မှုဖြစ်စဉ်များ နည်းပါးသွားလေ့ရှိကြောင်း သိရသည်။ ကလေးဘဝတွင် အနာဖြစ်ခြင်း၊ ရောဂါပိုးဝင်ခြင်းများသည် ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ နှာချေခြင်းများကို လျော့ကျသွားစေကြောင်း သိရသည်။

ကျေးရွာများတွင် နေထိုင်သည့် ကလေးများသည် အိမ်အပြင်တွင်နေထိုင်သည့်အချိန် ပိုမိုများပြားသည့်အတွက် ရောဂါပိုးများ ဖြစ်ပွားလွယ်သော်လည်း မြို့ပြတွင်နေထိုင်သည့် ကလေးများမှာ အိမ်အတွင်း နေထိုင်သည့်အချိန်များပြား၍ အိမ်အတွင်း ဓာတ်မတည့်မှုဖြစ်စေသည့် ပစ္စည်းများနှင့် ထိတွေ့မှုများပြားခြင်းကြောင့် ကျေးလက်ထက် မြို့ပြမှာ ယားနာဖြစ်ပွားမှုများပြားကြောင်း သိရသည်။

## စာ – ၁၃၊ ဂရုထားရမည့် အသည်းရောင်အသားဝါ(ဘီ) မှ

အသည်းရောင် အသားဝါဘီသည် လူကြီးများတွင် ကူးစက်ခံရပါက ကူးစက်ခံရသူ၏ ၈၀မှ ၉၀ရာခိုင်နှုန်းသည် ကိုယ်တွင်းခုခံအားစနစ်ကြောင့် အလိုအလျောက် ပြန်လည်ကောင်းမွန်သွားလေ့ရှိပြီး ၁၀ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိသာ နာတာရှည်ရောဂါသယ်ဆောင်သူအဖြစ် ရောက်ရှိသွားမည်ဖြစ်သည်။

သို့သော်လည်း ကလေးများတွင်ကူးစက်ခံရလျှင် ကလေးသည် ကိုယ်တွင်းခုခံ အားစနစ်မကောင်းသည့်အတွက် ကူးစက်ခံရသည့် ကလေးသူငယ်များ၏ ၉၀ရာခိုင်နှုန်းသည် နာတာရှည်ပိုးသည်ဆောင်သူများ အဖြစ်ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အသည်းရောင် အသားဝါဘီဖြစ်ပွားနှုန်းမှာ နှစ်စဉ်သန်း၅၀ခန့် တိုးမြင့်ဖြစ်ပွားလျက်ရှိပြီး နာတာရှည်ပိုးသယ်ဆောင်သူသန်းပေါင်း ၃၅၀ ခန့်ရှိပြီး အဆိုပါပုဂ္ဂိုလ်များထဲမှ ၁ဒသမ ၂သန်းသည် နှစ်စဉ်သေဆုံးလျက်ရှိကြကြောင်း သိရသည်။

အသည်းရောင်အသားဝါဘီပိုးကူးစက်ခံရသူသည် လူကြီးဖြစ်ပါက ဆေးစစ်စဉ်ဘီပိုး တွေ့ရှိသည်ဟု အဖြေရရှိပါက ခြောက်လခန့်အကြာတွင် နောက်တစ်ကြိမ်ထပ်မံစစ်ဆေးသင့်ကြောင်း သိရသည်။

ပထမတစ်ကြိမ်စစ်ဆေးစဉ် ပိုးတွေ့ရှိသော်လည်း လူ၏ခုခံအားစနစ်များမှ အဆိုပါပိုးအား တိုက်ဖျက်မှုအောင်မြင်သွားလျှင် ယင်းရောဂါပိုးသည် ခန္ဓာကိုယ်အတွင်းမှ အလိုလျောက်ပြန်ထွက်သွားတတ်သောကြောင့် ဖြစ်ကြောင်း သိရသည်။

သို့သော် ခြောက်လအကြာ ပြန်လည်စစ်ဆေးစဉ်တွင်ပိုးထပ်မံတွေ့ရှိသည်ဟုအဖြေထွက်ရှိပါက အဆိုပါပုဂ္ဂိုလ်သည် နာတာရှည် ပိုးသယ်ဆောင်သူအဖြစ်ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

သို့သော် နာတာရှည်ပိုးသယ်ဆောင်သူတိုင်း ဆေးကုသရန် လိုအပ်သည်မဟုတ်ဘဲ ခန္ဓာကိုယ်၏ တုံ့ပြန်မှုအားစောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ မိမိသည် နာတာရှည်ပိုးသယ်ဆောင်သဖြစ်ပါက အဆင့်လေးဆင့်အား စောင့်ကြည့်ရမည်ဖြစ်သည်ဟု ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

ပထမအဆင့်သည် မိမိတွင်ပိုးဝင်သည်ဟု သိရှိပါက ခန္ဓာကိုယ်အတွင်းမှ ခုခံအားစနစ်များက အဆိုပါပိုးများအား တိုက်ခိုက်ကြသည်။ သို့သော်အောင်မြင်မှုမရှိသဖြင့် ခုခံအားစနစ်များနည်းပါးနေချိန်တွင် ပိုးများ ခန္ဓာကိုယ်အတွင်း၌ ပျံ့နှံ့နေမည်ဖြစ်သည် ထိုအဆင့်အား Immune Tolerant ဟုခေါ်ဆိုပြီး ထိုအဆင့်တွင် ပိုးများအဆမတန်ပွားများနေသော်လည်း ခန္ဓာကိုယ်မှတိုက်ထုတ်မှုမရှိသဖြင့် ဆေးကုသရန် မလိုအပ်ကြောင်း သိရသည်။

ထိုအဆင့်သည် ၁၀နှစ်မှ အနှစ် ၂၀အထိကြာမြင့်လေ့ရှိကြောင်းသိရသည်။ ထိုနောက်ပိုင်းတွင် ခုခံအားစနစ်များပြန်လည်ကောင်းမွန်လာပြီး ပိုးများအား တိုက်ထုတ်ချိန်တွင် ပြင်ပမှအကူအညီဖြစ်သည့် ဆေးကုသမှုခံယူရမည်ဖြစ်သည်။ ဆေးကုသမှုခံယူရမည့်အဆင့်အား Immune Clearance ဟုခေါ်ကြောင်းသိရသည်။

ထို့နောက်တွင်မူ ပိုးများဆက်လက်ပြန့်ပွားခြင်းမရှိတော့ဘဲ ပြန်လည်ငြိမ်သက်သွားသည့်အခြေအနေ Inactive Carrier State သို့ရောက်ရှိသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ Inactive Carrier State မှအခြေအနေတစ်ခုခုကြောင့် ကင်ဆာဆေးများ၊ တီဘီဆေးများ အစရှိသည့်ဆေးများ သုံးစွဲရမည်ဆိုပါက အသည်းရောင်အသားဝါဘီကုသဆေးများလည်း ပြန်လည်သုံးစွဲရမည်ဖြစ်ကြောင်းသိရသည်။ ထိုအဆင့်အား Reactivation ဟုခေါ်ကြောင်းသိရသည်။

“တချို့က ပိုးဝင်တယ်။ စစ်ကြည့်လိုက်တော့ ခန္ဓာကိုယ်ထဲမှာပိုးတွေများနေတယ်။ အဲဒါနဲ့ ဆေးကုချင်ကြတယ်။ ဒါပေမဲ့ ဒီအခြေအနေမှာ ဆေးကုဖို့မလိုသေးဘူး။ ခန္ဓာကိုယ်ကမှုပြန်မတိုက်သေးတာ။ ဆေးကုသင့်တာက အထက်ကပြောခဲ့တဲ့ အဆင့်နှစ်ဆင့်မှာပဲကုသင့်တာ”ဟုပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

အသည်းရောင် အသားဝါဘီပိုးသည် ကူးစက်နှုန်းမြန်ဆန်လွယ်ကူသည်ဆိုသော်လည်း ကြိုတင်ကာကွယ်နိုင်ကြောင်းသိရသည်။

မိမိတွင် အသည်းရောင်အသားဝါ-ဘီ ပိုးကူးစက်ခံရခြင်းမရှိပါက ကာကွယ်ဆေးထိုးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပြီး ကလေးများအတွက်လည်း မွေးကင်းစအချိန်မှပင် ကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း ကာကွယ်ဆေးအား စိတ်ချလက်ချထိုးနှံနိုင်ကြောင်း ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ဆက်လက်ပြောကြားခဲ့သည်။


ထို့ကြောင့် လူထုများအနေဖြင့် အသည်းရောင်အသားဝါဘီနှင့်ပတ်သက်သည့် ဗဟုသုတများ ရှိနေစေရန်လိုအပ်ပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်သွားကြရန် လိုအပ်ကြောင်း ပညာရှင်များကပြောကြားသည်။

7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

CHICKEN SOUP

# ပျော်စရာမကောင်းရင် ဘာလုပ်မလဲ

အိန်ဂျယ်လင်း



လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်ကနှစ်သစ်ကူးပိတ်ရက်ကာလတစ်ခုပေါ့။ အဲဒီအချိန်က ဘာတွေအလုပ်ရှုပ်ခဲ့မှန်းမသိဘူး။ နှစ်သစ်ကူးအတွက်ထူးထူးခြားခြားပြင်ဆင်ထားတာကျွန်တော့်မှာဘာမှမရှိခဲ့ဘူး။ ပြောရရင်ဟိုးအရင်နှစ်တွေကလို နှစ်သစ်မှာ ဘာတွေပြောင်းလဲမယ်ဆိုပြီး ဆုံးဖြတ်ချက်တွေ ဘာတွေချဖို့တောင် မေ့သွားခဲ့တယ်။ အားလပ်ရက်ပြီးတော့ ရုံးပြန်ဖွင့်တဲ့အထိ ကျွန်တော်ဒါကို သတိမရသေးဘူး။ ရုံးမှာ တခြားလုပ်ဖော်ကိုင်ဖက်တွေက သူတို့ရဲ့နှစ်သစ်ကူး သံန္နိဋ္ဌာန်တွေအကြောင်းကို ပြောတော့မှ ကျွန်တော့်မှာဘာတစ်ခုမှမရှိသေးဘူးဆိုတာသွားသတိရတယ်။ သူတို့ကကျွန်တော့်ကိုလည်းမေးတယ်။ ကျွန်တော်က ပြီးစလွယ်ပဲ ကျွန်တော့်မှာမရှိပါဘူးလို့ပြောလိုက်ရတယ်။ ဒါပေမဲ့ ဒါဟာတကယ်မဟုတ်ဘူး။ ကျွန်တော့်မှာလည်းနှစ်သစ်သံန္နိဋ္ဌာန်တစ်ခုရှိပါတယ်။ ကျွန်တော်မေ့သွားလို့သာဖြစ်ပါတယ်။ နှစ်သစ်ကူးတာ တစ်ပတ်လောက်ကျော်သွားလို့ ကျွန်တော့်ဟာကဖြစ်ရောဖြစ်ပါဦးမလားလို့ ထင်မိတယ်။

ကျွန်တော့ရဲ့စိတ်ကူးကိုဘယ်ကရတယ်ဆိုတာတော့ မမှတ်မိတော့ဘူး။ ကျွန်တော်က ပါဝါပွိုင့်ပရိုဂရမ်ကိုဖွင့်ပြီး ဧရာမစာလုံးအမည်းကြီးတွေနဲ့ စာကြောင်းတစ်ကြောင်းကိုရိုက်လိုက်တယ်။ ဒီစာရွက်ကို မင်နှိပ်လိုက်ပြီး ကျွန်တော့်စားပွဲခုံနောက်မှာကပ်ထားလိုက်တယ်။ စာရွက်မှာကဒီလိုရေးထားတယ်။ 'ပျော်စရာမကောင်းရင်ဘာအလုပ်ကိုမှငါမလုပ်ဘူး'

ပြီးတော့မှတခြားလုပ်ဖော်ကိုင်ဖက်တွေက ဒီနှစ်ကျွန်တော့်နှစ်သစ်သံန္နိဋ္ဌာန်ဘာချထားသလဲလို့လာမေးရင်ကျွန်တော်က အဲဒီစာရွက်ကိုပဲလက်ညှိုးထိုးပြလိုက်တယ်။ ကျွန်တော့်စာတန်းကိုကြည့်ပြီး လူတိုင်းကရယ်ကြတယ်။ တချို့ကလည်းတီးတိုးတီးတိုးနဲ့အတင်းပြောကြတာပေါ့။

ကျွန်တော်တို့ဘော့စ်ကတော့ "ဒါဆိုခင်ဗျားက ရှိသမျှအလုပ်ရဲ့တစ်ဝက်လောက်ကိုပဲ ခင်ဗျားကလုပ်မှာပေါ့ဆိုပြီးကျွန်တော့်ကို လာပြောတယ်။ ဒါဆိုခင်ဗျား အတွက် ကျွန်တော်တို့လက်ထောက်ကောင်မလေးတစ်ယောက် ခန့်ပေးရတော့မယ်ထင်တယ်ဆိုပြီး ကျွန်တော့်ကိုနောက်နေပါသေးတယ်။

ကျွန်တော်တို့ကုမ္ပဏီကသေးသေးလေးဆိုတော့ ဒီလိုပဲ လူကြီးတွေကအစဝန်ထမ်းအားလုံးနောက်နောက်ပြောင်ပြောင် နေနေကြပဲ ဖြစ်ပါတယ်။ လက်ထောက်ကောင်မလေးချောချောရောက်လာတော့လည်းကောင်းတာပေါ့ ဘော့စ်ရဲ့။ ကျွန်တော်တို့ဝန်ထမ်းတွေရွှင်ရွှင်လန်းလန်းဖြစ်သွားတာပေါ့လို့ ပြန်ပြောလိုက်တယ်။

အေးဗျ၊ ကျွန်တော်လည်း အဲဒီလိုပဲထင်ပါတယ်။ ဒီအကြောင်းကိုခင်ဗျားနဲ့ဆွေးနွေးရဦးမယ်ထင်တယ်လို့ ဘော့စ်ကကျွန်တော့်ကိုပြန်နောက်တယ်။

နောက်လေးငါးခြောက်ရက်လည်းကြာရော ကျွန်တော်တို့ဆီကအရောင်းမန်နေဂျာကမန်းကတမ်းနဲ့ရောက်လာတယ်။ ကျွန်မတော့အလုပ်တွေတစ်ပုံတစ်ပင်ဖြစ်နေပြီရှင့်။ ရှင့်အလုပ်လက်ကျန်တွေအရင်ရှင်းထားဦး၊ ရှင်ကျွန်မကိုကူရလိမ့်မယ်ထင်တယ်။ အခုကျွန်မတို့ ပရိုမိုးရှင်းပွဲတစ်ခုလုပ်ရမယ်လေ။ အဲဒါအတိအကျစီစဉ်ထားတာတော့မရှိဘူးပေါ့။ ရှင်ကအခုလိုပွဲအစီအစဉ်လုပ်တာတွေကျွမ်းကျင်တယ်ဆိုတော့ ရှင်အစွမ်းပြရလိမ့်မယ်ထင်တယ်။ ကျွန်မတို့ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ပြိုင်ပွဲတစ်ခုလုပ်မယ်။ အဲဒါတီရှပ်တွေရိုက်တာတို့၊ အသံပိုင်းဆိုင်ရာတို့ဘာတို့ကို ရှင်ပြင်ဆင်ရလိမ့်မယ်။ တီဗီကနေလွှင့်မှာလေ။ နောက်သုံးလလောက်ဆိုစမှာဆိုတော့အခု ကတည်းကအစီအစဉ်ဆွဲထားတော့လေ" သူက သူပြောချင်တာတွေကိုဆက်တိုက်ပြောနေပြီးမှ ကျွန်တော့်စားပွဲနောက်က ဆိုင်းဘုတ်ကိုတွေ့ပြီးရုတ်တရက်ပါးစပ်ပိတ်သွားတယ်။

အရောင်းမန်နေဂျာအစ်မကြီးကသူ့စာအုပ်မှာ ခဲတံနဲ့တစ်ခုခုကိုရေးမှတ်လိုက်တယ်။ ပြီးတော့စာတန်းကိုခဏငေးကြည့်နေတယ်။ ပြီးတော့မှကျွန်တော့်ဘက်ကိုလှည့်ပြီး။ "ဒီပွဲကပျော်စရာတွေအများကြီးပါလိမ့်မယ့်လေ။ ရှင်သဘောကျမှာပါ။ ဒါကတစ်ပြည်လုံးကကြည့်ကြမယ့်ပြိုင်ပွဲကြီးဆိုတော့ ဒီပွဲကိုစီစဉ်ကျင်းပခွင့်ရတာကို သားစဉ်မြေးဆက်ရှင်ဂုဏ်ယူရလိမ့်မယ်ထင်တယ်။ နာမည်ကျော်တွေနဲ့ရှင်တွေ့ရမယ်။ ရေဒီယိုမှာ လွှင့်ဖို့ကြော်ငြာစာသားတွေ ရှင်ရေးရမယ်။ နောက်တော့မှရှင်ကျွန်မကိုကျေးဇူးတင်ရလိမ့်မယ်" လို့ပြောသွားတယ်။

ဒီလိုနဲ့အဲဒီပြိုင်ပွဲကြီးဖြစ်ခဲ့တယ်ဆိုကြပါစို့၊ အဲဒီတုန်းကပွဲဖြစ် မြောက်ရေးမှာပါဝင်ခဲ့တဲ့သူတိုင်းက ကျွန်တော့်စားပွဲနောက်ကဆိုင်းဘုတ်ကိုဆက်စပ်ပြီးမှတ်မိကြပါလိမ့်မယ်။ ပြိုင်ပွဲရဲ့ဝင်ခွင့်စာရွက်တွေကိုရိုက်ပြီး အပိုင်းခြောက်ပိုင်းဖြစ်အောင်ပြန်ဖြိုကြရတယ်။ ဒီအလုပ်ကလက်ညောင်းပေမယ့်လို့ တကယ်လုပ်ကြည့်တဲ့အခါကျတော့စိတ်ပင်ပန်းတာတွေပြေပျောက်စေတဲ့အလုပ်ဖြစ်တယ်ဆိုတာကိုတွေ့ရတယ်။ နောက်ပြီး ဂိုဒေါင်တွေ၊ အရောင်းဆိုင်တွေကို ကုန်အမှာအတွက် အခေါက်ခေါက်အခါခါ ပြေးရတဲ့အတွက် လေ့ကျင့်ခန်းလုပ်ပြီးသားလိုဖြစ်နေတာပေါ့။ ပျင်းစရာကောင်းတဲ့နေ့လယ်ခင်းတွေမှာ အရင်လိုမဟုတ်ဘဲပြိုင်ပွဲနဲ့ ပတ်သက်တဲ့တယ်လီဖုန်းအမျိုးမျိုးကိုဖြေကြားပေးနေရတဲ့အတွက် အရင်လိုငိုက်မြည်းချိန်မရတော့ဘူးပေါ့။မှတ်မှတ်ရရ ကျွန်တော်တို့ဘော့စ်ကလည်းအပတ်စဉ်အစည်းအဝေးကိုဆော်ဒါဘူးတွေဖာလိုက်ဝယ်လာပြီး"ဒီနေ့တော့လေချဉ်တက်ပြိုင်ပွဲလုပ်မယ်"လို့ နောက်ပါတယ်။

ဟုတ်တယ်။ ပျော်စရာမကောင်းရင်ဘာအလုပ်မှ ကျွန်တော် လုပ်မှာ မဟုတ်ဘူး။ ဒါဆိုပျော်စရာမကောင်းတဲ့အလုပ်တွေအားလုံးကိုမလုပ်ဖူးလို့ကျွန်တော်ငြင်းဆန်ခဲ့ပါသလား။ မငြင်းခဲ့ပါဘူး။ ဒီလိုငြင်းရင်ကျွန်တော်အလုပ်ပြုတ်သွားမှာပေါ့။ ကျွန်တော့်စိတ်ကို ကျွန်တော်ပြန်ပြင်ဆင်ပြီး ပျော်စရာကိုမြင်တတ်အောင်ရှာရတာဖြစ်ပါတယ်။ တကယ်တမ်းလုပ်ကြည့်တော့သိပ်တော့မခက်ပါဘူး။ ကုန်အမှာစာတွေ၊ ကုန်ပစ္စည်းပို့ရမှာတွေ၊ ဖောက်သည်တွေရဲ့ဖုန်းတွေကိုဖြေဆိုရတာတွေအားလုံးဟာတစ်ဖက်တစ်လမ်းကပြောင်းကြည့်ရင်ပျော်စရာစိတ်ဝင်စားစရာကောင်းတဲ့ အတွေ့အကြုံတွေပဲ ဖြစ်ပါတယ်။

ကြုံတွေ့ရတဲ့ဇာတ်လမ်းတွေအားလုံးကတော့ရယ်ရွှင်စရာမဖြစ်ဘူးပေါ့၊ တစ်ခါတလေကျရင်တစ်နေ့တာအလုပ်ချိန်ကုန်ဆုံးလို့အအေးတစ်ခွက် ဒါမှမဟုတ်အကြံစပရက်ဆိုကော်ဖီတစ်ခွက်လောက်နဲ့အနားယူတဲ့အခါကျမှသာ ပျော်စရာတွေစတွေ့ရတဲ့နေ့မျိုးလည်းရှိတာပါပဲ။ ဒီလိုပါပဲ။ ကျွန်တော့်အလုပ်ရဲ့သဘာဝကတော့ အပြောင်းအလဲမရှိပါဘူး။

ကျွန်တော့် သဘောထားပြောင်းလဲသွားတဲ့အခါပျော်စရာတွေကိုပိုပြီးတွေ့လာရတယ်။ တကယ်တော့ပျော်ရွှင်စရာတွေဆိုတာဟိုနေရာသည်နေရာမှာ အလွယ်တကူတွေ့နိုင်တဲ့အရာတွေပါပဲ။ နာကျင်မှုတွေ၊ ဝမ်းနည်းစရာတွေ၊ ပျင်းရိစရာတွေ၊ ဖိအားတွေ၊ ဝမ်းနည်းကြေကွဲစရာတွေကလည်းဒီလိုပါပဲ။ ဟိုနေရာသည်နေရာတွေမှာအလွယ်တကူတွေ့နိုင်တဲ့သဘောတရားတွေပဲဖြစ်ပါတယ်။ ဒါတွေကြားထဲကမှ ဘာကိုကျွန်တော်တို့ကရွေးမှာလဲ၊ ဘယ်လိုတုံးပြန်မှာလဲဆိုတာကိုသာ ကျွန်တော်တို့ကရွေးချယ်ရမှာပဲ ဖြစ်ပါတယ်။

*Ref: 'My Resolution' by Vickey Kalambakal*

---

## ဇုန်ကားများလည်း အရစ်ကျ ရောင်း

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၅**

တိုက်ခန်း၊ ကွန်ဒိုများသာမက စက်မှုဇုန်ထုတ်ကားများကိုလည်း အရစ်ကျအကြွေးစနစ်ဖြင့် ရောင်းချပေးနေကြောင်းကို စုံစမ်းသိရသည်။ စက်မှုဇုန်ထုတ်ကားများကို အကြွေးစနစ်ဖြင့်ရောင်းချခြင်း ၂၀၀၇ ခုနှစ်မှ စတင်ခဲ့ပြီး ယခုနှစ်တွင်ပိုမိုရောင်းချရန် စီစဉ်ထားကြောင်း ယင်းသို့ရောင်းချပေးရခြင်းသည် ဝန်ထမ်းများနှင့် အလယ်အလတ်ငွေကြေးတတ်နိုင်သူများ ကားစီးနိုင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း အားမာန်သစ်မော်တော်ကားထုတ်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးစိုးသန်းက ဆိုသည်။

"အကြွေးစနစ်နဲ့ ဝယ်မယ်ဆိုရင်နှစ်မျိုးရှိတယ်။ ၅၀ ရာခိုင်နှုန်းပေးပြီး ကားအသုံးပြုနိုင်တဲ့ စနစ်ရှိသလို၊ ၇၀ ရာခိုင်နှုန်းပေးပြီး ကားသုံးနိုင်တဲ့စနစ်ဆိုပြီးခွဲထားတယ်" ဟုဦးစိုးစိုးသန်းက ရှင်းပြသည်။ ယင်းသို့ရောင်းချရာတွင် ပွဲတော်ကာလအတွင်း၌ ၁၀ရာခိုင်နှုန်းဈေးလျှော့ပေးပြီး ဤကာလများတွင် ရောင်းဈေးအတိုင်း ရောင်းချပေးမည်ဖြစ်သည်။

ပြည်တွင်း၌ လက်ရှိကားထုတ်နေသည့် ကုမ္ပဏီများသည် တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့်သာချိတ်ဆက်ပြီး ထုတ်လုပ်နေကြခြင်းဖြစ်သည်။ နည်းပညာမှာလည်း တရုတ်၊ ဂျပန်ဖက်စပ်နည်းပညာများဖြစ်ပြီး လက်ရှိအချိန်အထိ မော်တော်ယာဉ်ပစ္စည်းများကို တရုတ်ပြည်မှသာတင်သွင်းပြီး တပ်ဆင်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

## မြန်မာငွေတန်ဖိုး မြင့်တက်နေချိန် ဘင်္ဂလားဒေ့ရှ် ကုန်ပစ္စည်းတင်သွင်းမှုများနေ

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ- ၁၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောငွေလဲလှယ်မှုဈေးကွက်တွင် မြန်မာငွေတန်ဖိုးများ ဆက်တိုက်မြင့်တက်လာသည့်အတွက် မောင်တောနယ်စပ်နှင့်တက္ကနဖ်သို့ ကူးသန်းသွားလာနေသူ တစ်ပိုင်တစ်နိုင်သမားများမှာ မောင်တောနယ်စပ်မှ ပို့ကုန်ပစ္စည်းများ ထက်ဘင်္ဂလားဒေ့ရှ်မှ သွင်းကုန်ပစ္စည်းများကိုသာ တင်သွင်းမှုများနေကြောင်း သိရသည်။

မောင်တောနယ်စပ်နှင့်တက္ကနဖ်သို့ နေ့ချင်းပြန်တစ်ရက်ဗီဇာဖြင့် ကူးသန်းသွားလာနေသူဦးရေမှာ တစ်ရက်လျှင် တစ်ရာကျော်ခန့်ရှိပြီးတစ်ရက်အတွက် ကုန်ပစ္စည်း သယ်ယူခွင့်ကို ဘင်္ဂလားဒေ့ရှ် တာကာငွေလေးရာဖိုး (မြန်မာကျပ်ငွေလေးထောင့်ရှစ်ရာဖိုးခန့်) သတ်မှတ်ခွင့်ပြုထားကြောင်း သိရသည်။

## လှည်းကူးဆရာတတ်သင် မြတ်ဆရာ ပူဇော်ပွဲ ကျင်းပမည်

**သန်းငွေး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

လှည်းကူး ဆရာအတတ်သင်ကျောင်း၊ ပညာရေးကောလိပ် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား မတ်လ ၂ ရက် (တောင်သူလယ်သမားနေ့) တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အထက်ပါ ပူဇော်ပွဲတွင် ၁၉၈၆ မှ ၂၀၁၀ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ နှစ်အထက် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်သည်။

အဆိုပါနေ့နံနက် ၉ နာရီမှစတင်ကာ လှည်းကူးပညာရေးကောလိပ်ခန်းမတွင် ကျင်းပမည်ဖြစ်၍ ပါဝင်လှူဒါန်းလိုသူများသည် အထက်ပါကျောင်းအုပ်ကြီး ရုံးခန်း ဖုန်းနံပါတ် ၀၁ ၆၂၉၁၅၀ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

၁၉၈၆ မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာ၊ ဆရာမကြီးများနှင့် သင်တန်းတက်ရောက်ခဲ့သော ဆရာ၊ ဆရာမများ တက်ရောက်ကြစေလိုကြောင်း မြတ်ဆရာပူဇော်ပွဲကျင်းပရေးဦးဆောင်သူများက နှိုးဆော်ထားသည်။

7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# သိချင်လိုက်တာနော်

ကမာရွတ်မြို့နယ် အမှတ် ၈ ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ တိုက်ခန်းတွေဟာ အမြင်မလှပေမယ့် ဆောက်လုပ်ရေးပစ္စည်းတွေ ဈေးသိပ်မကြီးခင်က ဆောက်လုပ်ခဲ့တာတွေမို့ အကြံအဖန်နည်းပြီး ထုထည်ကြီးမားခိုင်ခံ့တယ်လို့နာမည်ကြီးခဲ့ပါတယ်။ အိမ်ခန်းတွေကလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့မို့ အခန်းကျယ်မှအသက်ရှူချောင်မှာဆိုပြီး ပင်စင်ယူတော့ မိသားစုတွေတစ်ပိုင်တစ်နိုင်ငွေလေးနဲ့ အပေါ်ဆုံးထပ်ရှစ်လွှာတစ်ခန်းဝယ်ပြီး ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ အပေါ်ဆုံးထပ်ဝယ်မိတာကလည်း အရင့်အရင်အောက်ထပ်တွေမှာ နေခဲ့ဖူးသမျှ ကာလပတ်လုံးကိုယ့်အပေါ်ထပ်ကနေတဲ့သူတွေ၊ အနေအထိုင်မဆင်မခြင်၊ ကိုယ်ချင်းမစာနာတတ်ကြတဲ့ ဒဏ်တွေခံခဲ့ရတာများတော့ အောက်ထပ်မှာနေရမှာကြောက်လွန်းလို့ပါ။

အခုအပေါ်ထပ်ရောက်ပြန်တော့ အောက်ခန်းတွေမှာ ထပ်ရောက်လာတဲ့ လူသစ်တွေက ဒါလောက်ထူထပ် ခိုင်ခိုင်မာမာကြီး ဆောက်လုပ်ထားတဲ့ အခန်းနံရံတွေကို ဖြိုဖျက်ထုရိုက်ပြီး အခန်းအသစ်ပြန်ဖွဲ့ကြ၊ စိတ်ကြိုက်ပြင်ကြသတဲ့လေ။ သစ်သားအိမ်မို့ သစ်သားတန်းတွေကို၊ ပျဉ်းပြားလေးတွေကိုပြန်ခွာရတာ အကြောင်းလား။ ထုထည်ကြီးမားတဲ့ အုတ်တံတိုင်းနံရံကြီးတွေကို အလုပ်သမားတွေက ဆယ်ပေါင် တူကြီးတွေနဲ့ မြန်မြန်ပြိုရင် ပြီးရောဆိုပြီး မပြိုမချင်း နေ့စဉ်ရက်ဆက်တစ်နေ့ကုန် ထုရိုက်ဖြိုဖျက်နေကြတဲ့ ဒဏ်ဟာ မသေးပါဘူး။ တိုက်ခန်းတွေမို့ တိုက်သံမြည်ဟိန်းပြီး ထွက်လာတဲ့ အသံကြီးတွေကို ခန့်မှန်းကြည့်ကြပါ။ အပေါ်ထပ်အောက်ထပ်၊ ဘေးပတ်ဝန်းကျင်က လူတွေဘယ်လိုမှ နားမခံသာဘူး။ တစ်ပတ်နဲ့လည်း ဖြိုလို့မပြီး၊ နှစ်ပတ်နဲ့လည်း ဖြိုလို့မပြီး။ ဩော် တိုက်ခန်းတွေမှာနေရတဲ့ ဒုက္ခကြီးလေစွ။

နားမသက်သာရုံနဲ့တင်မပြီး။ အကြီးအကျယ်လည်း သောကရောက်ကြရပါတယ်။ ဒါလောက်ခိုင်ခိုင်ခံ့ခံ့ ဆောက်ပေးထားတဲ့ ဖောင်ဒေးရှင်းကြီးကို ဖြိုချပစ်လိုက်တော့ သူ့နေရာနဲ့သူ အကွက် ချ ဆောက်လုပ်ထားတဲ့ အဆောက်အအုံအနေအထားဟာ ဟန်ချက်ညီညီနဲ့ အရင်လို ခိုင်ခံ့ပါတော့မလား။ အခြေခိုင်ပါတော့မလား။ မဆင်မခြင် မစိုးရိမ်တတ်တဲ့လူတွေရဲ့ အလွယ်တကူ လုပ်ဆောင်မှုဟာ သူ့ကိုရော၊ သူ့ပတ်ဝန်းကျင်ကိုပါ အန္တရာယ်များ ဖြစ်စေနိုင်သလား။ တစ်ဦးကလုပ်ပြတော့ နောက်လာတဲ့လူတွေကလည်း ထုကြ၊ ရိုက်ကြ၊ ဖြိုကြ၊ ဖျက်ကြပြန်ရော။ အဲဒါတွေကို ကြောက်လန့်စိုးရိမ်မိပေမယ့် ကျွန်မတို့အနေနဲ့ ဘာများတတ်နိုင်မလဲ။နောက်တစ်ခုကတော့ မြေညီထပ်အခန်းတွေ ပလက်ဖောင်းအထိ အခန်းချဲ့၊ အမိုးမိုးပြီး ဆိုင်ခန်းငှားစားကြတဲ့ကိစ္စ။ သူတို့အခန်းတွေငှားထားပြီး စားသောက်ဆိုင်တွေ ဖွင့်တာ၊ တစ်ခုတော့ကောင်းပါတယ်။ ကိုယ်မချက်ချင်ရင် အလွယ်တကူ ဆင်းဝယ်စားလို့ရတာမို့ ကျေးဇူးတောင် တင်ပါသေးတယ်။ ဒါပေမဲ့ အပေါ်မှာပြောခဲ့သလို အပေါ်ထပ်တွေအားလုံး ကြိုးတွေချမရတဲ့ ဒုက္ခထက်၊ လူသွားလမ်းပလက်ဖောင်း ပျောက်ပြီး လူသွားစရာလမ်း လုံးဝမရှိတော့တာပါ။ ကလေးတွေဆိုရင် လူကြီးမပါဘဲ အောက်ကိုမလွှတ်ရဲဘူး။ ကျောင်းကြိုကား၊ ရုံးကြိုကား၊ တွန်းလှည်းနဲ့တစ်မျိုး၊ ဆိုက်ကားနဲ့တစ်သွယ် ဈေးသည်မျိုးစုံ စည်ကားတဲ့နေရာမှာ ပလက်ဖောင်းမရှိရင် ဘယ်လိုလုပ်မလဲ။

ပလက်ဖောင်းအစပ်ထိ ဆိုင်ခန်းတွေချဲ့ထားပြီး လူသွားလမ်းပလက်ဖောင်းပေါ်ကျတော့ ထိုင်ခုံတွေချ၊ စားပွဲတွေချ၊ ဝါးလုံးတွေထောင်၊ အမိုးတွေလို့ မိုးဆိုတော့ လူတွေက ကားလမ်းပေါ်မှာ ကားတွေနဲ့ရောပြီး လျှောက်နေကြရတာလေ။ အချို့ဆိုရင် ကားလမ်းပေါ်မှာတော့ ခုံတွေ၊ စားပွဲတွေ ထွက်ချထားတာကြောင့် ကားရပ်စရာ နေရာမရှိတော့ဘူး။ ဒါတွေကို ကျွန်မတို့အနေနဲ့ ဘာများ တတ်နိုင်မှာလဲ။

သည်လို တရားဝင်ဆောက်ထားတဲ့ အဆောက်အဦတွေကို အချိန်မရွေး ကိုယ့်စိတ်ကြိုက် ပြန်လည်ထုရိုက် ဖြိုဖျက်ပြင်ဆင်ခွင့်ရှိပါသလား။ အချိန်မရွေး ကိုယ့်စိတ်ကြိုက် ထပ်မံချဲ့ထွင်ဆောက်လုပ်ခွင့်ရှိပါသလား။ မြေညီထပ်အိမ်ခန်း၊ ဈေးဆိုင်ခန်းတွေ၊ ပလက်ဖောင်းပေါ်အထိ စားပွဲချ၊ ခုံချပြီး၊ စီးပွားရှာခွင့်ရှိပါသလား။

တိုက်ခန်းအထပ်မြင့်နေ ကျွန်မတို့လို လူတန်းစားတွေအနေနဲ့ သိချင်လိုက်တာနော်။ ။



သမီးမိုက်(ပြည်ရိပ်မွန်အိမ်ရာ)

## JOKE

### အပန်းဖြေခရီး

အင်ဂျင်နီယာတစ်ဦးနှင့် ရှေ့နေတစ်ဦး ပင်လယ်ကမ်းခြေတစ်ခုတွင်အပန်းဖြေနေကြသည်။ အခြားအဖော်လည်း မရှိဘဲဖြစ်နေရာ သူတို့၏အပန်းဖြေခရီးအကြောင်းပြောဆိုနေကြသည်။

ပထမဦးစွာရှေ့နေက "ကျွန်တော် ဒီရောက်နေတာ ကျွန်တော့်အိမ်မီးလောင်သွားလို့ဗျ။ ကျွန်တော်ပိုင်ဆိုင်သမျှမီးထဲပါသွားတယ်။ ဒါပေမဲ့ အာမခံကုမ္ပဏီကအကုန်လုံးပြန်လျော်ပေးတယ်လေ" ဟု ဆိုပါ၏။

ဤတွင် အင်ဂျင်နီယာက "ဟာ တိုက်ဆိုင်လိုက်တာဗျာ။ ကျွန်တော်တို့ဒေသမှာ ရေအကြီးအကျယ်ကြီးလို့ ကျွန်တော့်ပိုင်ဆိုင်သမျှတွေဆုံးရှုံးပြီး ကျွန်တော်လည်း ဒီရောက်လာတာဗျ။ အာမခံကုမ္ပဏီက အလျော်ပေးလို့ တော်သေးတာပေါ့" ဟုပြောရာ ရှေ့နေကအင်ဂျင်နီယာကို နားမလည်နိုင်စွာကြည့်ရင်း "ခင်ဗျားတို့ အင်ဂျင်နီယာတွေ ရေကြီးအောင်ဘယ်လိုလုပ်သလဲ" ဟု မေးပါလေ၏။

### အဆောင်စည်းကမ်း

တက္ကသိုလ်မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင် ပါမောက္ခချုပ်က အဆောင်နေ ကျောင်းသားများလိုက်နာရမည့် စည်းကမ်းများကို ရှင်းပြသည်။ "မိန်းကလေးတွေရဲ့ အဆောင်ကို ယောကျ်ားလေး မသွားရဘူး။ ယောကျ်ားလေးတွေရဲ့အဆောင်ကို မိန်းကလေးမဝင်ရဘူး။ ဒီစည်းကမ်းကို ချိုးဖောက်တာတွေ့ရင် ပထမတစ်ကြိမ်မှာ ဒေါ်လာ ၂၀ ဒဏ်ရိုက်မယ်။ ဒုတိယအကြိမ်ဆိုရင် ဒေါ်လာ ၆၀၊ တတိယအကြိမ်မိရင် ဒေါ်လာ ၁၈၀၊ ကဲ . . . မင်းတို့ ဘာမေးချင်သလဲ" ပါမောက္ခချုပ်၏ စကားအဆုံးတွင် ကျောင်းသားတစ်ယောက်က အခုလိုမေးသည်။ "တစ်နှစ်ပတ်လုံးအတွက်ဆိုဘယ်လောက်ကျသင့်ပါသလဲခင်ဗျ" ဟူ၍။

## စာ(၄၅)၊ နေတိုးနှင့်တွေ့ဆုံခြင်း မှ

**တိုင်းရင်းသားတွေကအစ်ကို့ကို ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဆက်ဆံခဲ့တာလား။**

သူတို့တွေက ရိုးရှင်းပါတယ်။ ရိုးရှင်းပြီးဘာအရောင်မှ မရှိတဲ့လူတွေကြားထဲကို ကျွန်တော်တို့ ရောက်သွားခဲ့တဲ့အခါ သူတို့ရဲ့ရိုးသားမှုကကိုယ့်ဆီကို ပူးကပ်လာတယ်။ ကျွန်တော့်ရဲ့ ပင်ပန်းမှုတွေကိုတောင်ပြေပျောက်သွားစေနိုင်ပါတယ်။ ကျွန်တော် သွားရိုက်ခဲ့တဲ့ဖလမ်းဒေသမှာ စိတ်ကျေနပ်မှု၊ နွေးထွေးမှု၊ ဒီကားအတွက် လိုချင်တဲ့ ကာရိုက်တာပိုင်းရော အကုန်ပီပြင်အောင် သရုပ်ဆောင်နိုင်ခဲ့တဲ့ကားဆိုရင် မမှားပါဘူး။

**အကယ်ဒမီပွဲတက်ဖို့အတွက် ဘာတွေပြင်ဆင်နေပြီလဲရှင့်။**

အကယ်ဒမီတက်ဖို့ ပြင်ဆင်ဖို့ကယောကျ်ားလေးတစ်ယောက်အတွက်ကတော့ ပြင်ဆင်စရာ ဘာမှသိပ်မရှိပါဘူး။ အဓိကက တိုက်ပုံချုပ်တာတို့၊ ပုဆိုးချုပ်တာတို့ပေါ့။ အဲဒါတွေကို ရွှေပိုးအိမ်က စပွန်ဆာပေးထားပါတယ်။ ဒီဇိုင်နာကတော့ ကျွန်တော့်ရဲ့ ဒီဇိုင်နာ ဆွိအန်စမတ်က ကိုမိုးထက်စံပါပဲ။

**အကယ်ဒမီခရီးစဉ်အတွက် ဘယ်လိုရေးဆွဲထားပါသလဲ။ အဖွဲ့တွေစုသွားကြမှာလား။**

တချို့ကျတော့လည်း ရန်ကုန်မှာမရှိဘူး။ အဖွဲ့ရယ်လို့တော့ မဟုတ်ပါဘူး။ အားလုံးက သူငယ်ချင်းတွေလိုဖြစ်နေကြတော့ အဓိကက သူငယ်ချင်းတွေလည်းပါမယ်။ တခြားလူတွေလည်းပါမယ်။ တစ်ချိန်တည်းတော့သွားကြမှာပေါ့။ ကားတစ်စီးတည်းတော့မဟုတ်ပါဘူး။

**၂၀၀၉ မှာ အစ်ကို့ရဲ့ဇာတ်ကားခြောက်ကားရှိခဲ့တယ်။ ခြောက်ကားလုံးဟာဇာတ်ကောင်လည်းစုံတယ်။ ဟာသရော ဒရာမာတွေပါမျှတယ်။ ဒီတော့အစ်ကို့ရဲ့အကယ်ဒမီရင်ခုန်သံလေး သိပါရစေ။**

မာမီရှိန်းကတော့ ကျွန်တော့်အတွက် ခက်ခဲတဲ့အရာတစ်ခုကို စလုပ်တဲ့ကားလို့ပြောရမယ်။ မိန်းမတောင်မှ မိန်းမကြီးတစ်ယောက်ပေါ့။

ဦးစားပေးရတာတော့ အသံပေါ့လေ။ အသံနဲ့ရုပ် တစ်ထပ်တည်းကျအောင်လုပ်ပြီး ပြောရတဲ့အခါ တော်တော်လေးလည်း စိတ်ထဲမှာ Tension တွေ ရှိခဲ့တယ်။ မာမီရှိန်းအရွယ်ရှိတဲ့ သရုပ်ဆောင်မိန်းမကြီးတွေ ဥပမာ ဒေါ်နွဲ့နွဲ့စန်း ကားတွေကြည့်ပြီး လေ့လာခဲ့ရတယ်။ ကာရိုက်တာနှစ်ခုကိုကွဲအောင် လုပ်ဖို့က ဒါရိုက်တာရဲ့ ပံ့ပိုးမှု၊ ဝတ်စားဆင်ယင်မှု အပိုင်းတွေလည်း အများကြီးယူခဲ့ရပါတယ်။ ပရိသတ်အရမ်းအားပေးထားတဲ့ကားတစ်ကား ဖြစ်တဲ့အခါကျတော့ အဲဒီကားပေါ်မှာလည်း ကျွန်တော်မျှော်လင့်ပါတယ်။ အကယ်ဒမီမျှော်လင့်ချက် ဒီလိုအကယ်ဒမီအချိန်မှာ ကိုယ့်ကားလေးတွေအပေါ်မှာ ပြန်စဉ်းစားသုံးသပ်မိတာမျိုးတော့ ရှိပါတယ်။ အကယ်ဒမီဆိုတာက ကျွန်တော်တို့ အနုပညာရှင်တွေ အမြဲတမ်းမျှော်လင့်တဲ့ဆုလာဘ်တစ်ခုပါ။ ဒီနှစ် အကယ်ဒမီမှာတော့ ကျွန်တော့်ရဲ့ကားတွေလည်း များတဲ့ အတွက်ကြောင့် ကျွန်တော့်ရဲ့ မျှော်လင့်ချက်က အကောင်အထည်ပေါ်နိုင်တဲ့ နှစ်လည်း ဖြစ်နိုင်ပါတယ်။

ကျွန်တော့်စိတ်ထဲမှာ အကယ်ဒမီအပေါ် ယုံယုံကြည်ကြည်နဲ့ မျှော်လင့်နေတာမျိုးမဟုတ်ဘူးဆိုရင်တောင်မှ အကယ်ဒမီရင်ခုန်မှုတော့ရှိပါတယ်။

ပရိသတ်တွေရဲ့ စိတ်ထဲမှာလည်းကျွန်တော့်ကို ရစေချင်တဲ့ စေတနာရှိတာကို တွေ့ရ၊ ကြားရတဲ့အတွက် ကျွန်တော် ကျေနပ်ပါတယ်။ ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိုန်းရိုန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေး။ **လိုဂျစ်တစ်-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7Day News Hotline : 73032006

Business

7 DAY NEWS JOURNAL

Vol.9, No.43 • JANUARY 20, 2011

# ဘိလပ်မြေဈေး ရုတ်တရက်ကောင်း၍ ဆောက်လုပ်ရေးလုပ်ငန်းအချို့ရပ်ဆိုင်းလုဖြစ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၅**

နယ်ဈေးကွက်တွင် ဘိလပ်မြေဈေး ရုတ်တရက်မြင့်တက်ပြီး ပမာဏအနည်းငယ်သာ ရောင်းချသည့်အတွက် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းလုနီးပါးဖြစ်နေကြောင်းကို ဆောက်လုပ်ရေး လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

လက်ရှိအချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများသည် ဘိလပ်မြေများစွာ အသုံးပြုရမည့် ကွန်ကရစ်လမ်းများ၊ တိုက်ခန်းများတွင် (စလတ်ဒ်)ကြမ်းခင်းလောင်းခြင်းတို့ကို ခတ္တရပ်နားထားရကြောင်း ဘိလပ်မြေအနည်းငယ်သာ အသုံးပြုရသည့် အုတ်စီခြင်းတို့ကိုသာ ဦးစားပေးလုပ်နေရကြောင်း နေပြည်တော်ရှိ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"အခုဈေးနှုန်းက လုပ်ဖို့ခက်တယ်။ လုပ်ငန်းတွေကို ဘိလပ်မြေ ၅၀၀၀ ကျပ်ဈေးနဲ့တွက်ပြီး လက်ခံထားတာ။ အခုလို တစ်အိတ်ကို ၇၅၀၀ ကျော် ရုတ်တရက်ဈေးတက်သွားမယ်လို့ ထင်မထားဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

နယ်ဈေးကွက်တွင် ယင်းကဲ့သို့ဘိလပ်မြေဈေးမြင့်တက်ရခြင်းသည် ဝယ်ဈေးထက် သယ်ယူပို့ဆောင်ရေးစရိတ်ဖြင့် တက်ခြင်းကြောင့်ဖြစ်သည်။ အာဆီယံသတ်မှတ်ချက်အရ ကုန်တင်ယာဉ်များသည် တင်ဆောင်သည့်တန်ချိန်ကို ထက်ဝက်နီးပါးလျှော့ခဲ့ရသည်။ ကုန်ပစ္စည်းသယ်ယူစရိတ်များလည်း ယခင်ထက် ၂ ဆကျော်မြင့်တက်ခြင်းကြောင့်ဖြစ်ကြောင်း ရန်ကုန်မှ ဘိလပ်မြေကုန်သည်တစ်ဦးက ရှင်းပြသည်။

"ဆိုက်တွေမှာ ဘိလပ်မြေကို အများအားဖြင့် ဆင်ကိုပဲ သုံးကြတယ်။ ဈေးဖွင့်တာတောင်သူကို ကြည့်ပြီး တခြားဘရန်းဒ်တွေက ဈေးဖွင့်ကြတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လက်ရှိအချိန်တွင် နယ်မြို့များ၌ ဘိလပ်မြေရောင်းချမှုသည် လိုအပ်သည့် ပမာဏအတိုင်းဝယ်ယူ၍မရဘဲ အိတ်အနည်းငယ်ကိုသာ ရောင်းချပေးကြောင်း ရန်ကုန်မှ ပစ္စည်းဝင်ရောက်မှုကလည်း နည်းသဖြင့် ထိန်းရောင်းပေးနေခြင်းဖြစ်ကြောင်း နေပြည်တော်မှ ပြန်လာသည့် ကန်ထရိုက်တစ်ဦးက ပြောသည်။

ဘိလပ်မြေသည် ရန်ကုန်ဈေးကွက်တွင်လည်း With holding Tax ပင်ရင်းမှ နုတ်ယူပေးသွင်းခွန် ပြဋ္ဌာန်းပြီးနောက် ၁၀ ရက်ကျော်ကြာတွင် ဈေးစတင်ပြောင်းလဲလာခဲ့သည်။ နိုဝင်ဘာ၊ ဒီဇင်ဘာလများက ငြိမ်သက်နေသော ဈေးနှုန်းမှာ ယခုအခါ တစ်အိတ်လျှင် ၄၀၀ ကျပ်ကျော်မြင့်တက်လာသည်။ ယခင်လများက ၅၀၀၀ ကျပ်ဝန်းကျင်သာ အမြင့်ဆုံးဈေးရှိပြီး ယခုအခါ ၅၄၀၀ ကျပ်ထိ ဈေးမြင့်လာကြောင်း ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များမှစုံစမ်းသိရသည်။



၂၀၁၀ အတွင်း အရှိန်ကောင်းခဲ့သော မြန်မာ့ရွှေဈေးက နှစ်သစ်တွင် အစမကောင်းနိုင်ဖြစ်နေသည်။ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

## ရွှေဈေးအကျဘက်သို့ ဆက်သွားနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးအပြောင်းအလဲထက် ပြည်တွင်းဝယ်လိုအားရောင်းလိုအားပေါ်မူတည်ကာ ဈေးနှုန်း အတက်အကျဖြစ်နေသည်ဟု ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁,၃၇၀ ဒေါ်လာမှ ၁,၃၈၃ ဒေါ်လာထိမြင့်လာ၍ တစ်အောင်စပေါ်တွင် ၁၃ ဒေါ်လာထိ မြင့်တက်လာခဲ့သည်။ ယင်းအခြေအနေတွင် ပြည်တွင်းရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၁,၅၀၀ ဝန်းကျင်သာ ဈေးနှုန်းအတက်အကျရှိခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုနှစ်ဆန်းပိုင်းမှစ၍ အကျဘက်သို့ဦးတည်နေခဲ့ပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၃၀,၀၀၀ ကျပ်ဝန်းကျင်၌သာ လည်ပတ်နေ၍ ပြည်တွင်းဈေးကွက်၌ အပိုင်းဈေးကွက်ဝယ်လိုအား မြင့်တက်လာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အပိုင်းဈေးကွက်၏ ရွှေဝယ်လိုအားမှာ ယခုရက်ပိုင်းတွင် ၂၅ ရာခိုင်နှုန်းခန့်ထိ မြင့်တက်လာခဲ့သည်ဟု ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းရှိ ရွှေဆိုင်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

"ရွှေက ဈေးကျလို့ ဝယ်တဲ့သူများတာရယ်၊ ဈေးကစားလို့ အရောင်းအဝယ်တက်တဲ့သဘောပဲ" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုကဲ့သို့ ပြည်တွင်းရွှေဈေးနှုန်းကျဆင်းနေခြင်းမှာ ကမ္ဘာ့ရွှေဈေးအနိမ့်ပိုင်းတွင် ရှိနေခြင်းနှင့် ပြည်တွင်းရှိ ရွှေတူးဖော်ရေးလုပ်ငန်းများမှ ရွှေအထွက်နှုန်းများလာခြင်းများကြောင့်ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးမြင့်နေသော်လည်း ယခုရက်ပိုင်းတွင် ပြည်တွင်း ရွှေဈေးနှုန်းသိသာစွာပြောင်းလဲမှုမရှိခြင်းမှာ ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေပေါက်ဈေးထက် ကျပ် ၁၀,၀၀၀ ကျော်မြင့်နေခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းသည် လက်ရှိဈေးနှုန်းထက် ပင်ဈေးကျဆင်းမှု ဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောသည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၀၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၆၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၉၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၈၇၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၃၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၇၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၄. ၅၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၄၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၈၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၉၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၃၀၅၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၁. ၀၀၉၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၉. ၉၉၀၁ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၆၀. ၅၀၀ |
| ရေနံစိမ်း | စည် | ၉၈. ၃၈၀ |
| ငွေ | ၁ အောင်စ | ၂၈. ၃၂၀ |
| ကြေးနီ | ပေါင် | ၄၄၁. ၂၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၄၇၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဇန်နဝါရီ ၁၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# အရောင်း၊ အဝယ်ထက် အငှားသွက်နေသော အိမ်ခြံမြေ



လူစည်ကားသည့် ယုဇနပလာဇာအနီးပတ်ဝန်းကျင်ရှိ လူနေတိုက်ခန်းများ။
ဓာတ်ပုံ- အောင်အောင်

ဇာဇာနီ

ရန်ကုန်၊ ဇန်နဝါရီ-၁၁

ယခုနှစ်ဆန်းပိုင်းကာလတွင် အိမ်ခြံမြေအရောင်းအဝယ်များ အေးစက်လာသော်လည်း အငှားဈေးကွက်သွက်လာခဲ့ကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

"ဒီနှစ်ဆန်းမှာ အရောင်းအဝယ်က တော်တော်လေး အေးလာတယ်။ ဒါပေမဲ့အငှားဈေးကွက်ကတော့ ကိုးဆယ်ရာခိုင်နှုန်းလောက်ဖြစ်လာတယ်"ဟု ယူနတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးဇော်ဇော်က 7Day News သို့ ပြောသည်။

ယင်းသို့ အိမ်ခြံမြေအရောင်းအဝယ် အေးစက်လာသည်မှာ မြန်မာငွေတန်ဖိုးမြင့်တက်နေခြင်းနှင့် လွှတ်တော်ခေါ်ယူခြင်းကိစ္စများကြောင့် ငွေရှိသူများက အခြေအနေကို စောင့်ကြည့်နေကြခြင်းကြောင့်ဖြစ်ကြောင်း ထိုပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

"လွှတ်တော်တွေလည်း ခေါ်တော့မယ်ဆိုတော့ စီးပွားရေးမူဝါဒတွေက ပြောင်းလဲလာနိုင်တယ်။ ဒီလိုပြောင်းလဲလာရင် အခုဖြစ်နေတဲ့ ဈေးနှုန်းတွေက ကျလာနိုင်သလို မြင့်လည်းလာနိုင်တယ်။ ဒီအချိန်မှာ အဘက်ဘက်က စီးပွားရေးအနေအထားကလည်း မကောင်းသေးဘူး။ မြန်မာငွေတန်ဖိုးကလည်းမာနေတော့ စောင့်ကြည့်နေတာ"ဟု မဏ္ဍိုင်အကျိုးဆောင်လုပ်ငန်းမှ တာဝန်ရှိသူက ပြောသည်။


အရောင်းအဝယ်အေးစက်နေသော်လည်း ရန်ကုန်မြို့တွင်းရှိ မြေညီထပ်တိုက်ခန်းများနှင့် ကွန်ဒိုများ၊ တန်ဖိုးအသင့်အတင့်ရှိသော ရွှေလင်ပန်းစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်၊ ဒဂုံအရှေ့စက်မှုဇုန်၊ ဒဂုံဆိပ်ကမ်းတို့တွင် စက်မှုဇုန်မြေကွက်များနှင့် ဂိုဒေါင်များ အငှားသွက်လာကြောင်း သိရသည်။ စက်မှုဇုန်များတွင် အထည်ချုပ်လုပ်ငန်းနှင့် သစ်လုပ်ငန်းလုပ်ကိုင်ရန် အများဆုံးငှားရမ်းကြကြောင်း ဦးဇော်ဇော်က ဆိုသည်။

ထိုစက်မှုဇုန်နေရာများရှိ မြေကွက်များတွင် ပေ ၁၀၀× ပေ ၂၀၀ ပတ်လည်ရှိ ဂိုဒေါင်မှာ ကျပ် ၁၅ သိန်းနှင့်သိန်း ၂၀ ခန့်ရှိသည်။ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းရှိ စက်မှုဇုန်မြေကွက်မှာ တစ်ဧကလျှင် ကျပ်သိန်း ၆၀၀ ရှိကာ လှိုင်သာယာစက်မှုဇုန်တွင် တစ်ဧကလျှင် ကျပ်သိန်း ၂,၀၀၀ ကျော်ထိရှိကြောင်း သိရသည်။










# 7DAY BOOK REVIEW

## ဆရာတော်ဦးဖုဇ်
## (သခင်အောင်ဖေ)




ထေရဝါဒဗုဒ္ဓသာသနာတော်တွင် ဖုဇ်သုံးဖုဇ်ပေါ်ထွန်းခဲ့သည်ဟု ဆိုစမှတ်ရှိကြရာ ပထမဖုဇ်သည်ကား ဗုဒ္ဓမြတ်စွာဖြစ်ပြီး ဒုတိယဖုဇ်မှာ ရှင်မဟာဗုဒ္ဓဃောသဖြစ်ကာတတိယဖုဇ်မှာ ယခုစာအုပ်တွင်ရည်ညွှန်းဖော်ပြထားသော ဆရာတော်ဦးဖုဇ်ဖြစ်ပါသည်။ ဆရာတော်ဦးဖုဇ်သည် ခဲရာခဲဆစ် နိဿယကျမ်းပေါင်း ၆၀ ကျော်ကိုရေးသားပြုစုခဲ့သောသာသနာ့အာဇာနည် အရှင်သူမြတ်ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် ဘကြီးတော် မင်းတရားလက်ထက်တွင် ပေါ်ထွန်းခဲ့ပြီး သက်ရှိထင်ရှားရှိစဉ်က ဆရာတော်ဦးဖုဇ်၏ပုံရိပ်ကို စာရေးသူ သခင်အောင်ဖေသည် စာကိုးကျမ်းကိုးများစွာ ကိုးကား၍ ပေါ့ပါးသွက်လက်သော စကားပြေဖြင့် အောက်ပါအတိုင်း ရေးသားခဲ့သည်။

ဘကြီးတော်မင်းတရားသည် ဆရာတော်ဦးဖုဇ်ကို အလွန်တရာကြည်ညိုရကား တစ်နေ့တွင် ဆရာတော်ဦးဖုဇ်ကို ဖူးတွေ့ရန် ကျောင်းတော်သို့ သွား၏။ မင်းတရား၏ ရှေ့ပြေးများသည် ကျောင်းတော်သို့ အလျင်သွားနှင့်ကြပြီး ဆရာတော်ဦးဖုဇ်အား မင်းတရားကြီးလာနေပါပြီ။ ဆရာတော်ကို ဖူးမြော်ရန်အတွက်ဟု လျှောက်၏။ "နင်တို့ရှင်ဘုရင်လာတာ ငါက အာဂန္တုကဝတ်ပြုရဦးမှာလား"ဟု ပြတ်ပြတ်ပင် မိန့်ကြားကာ တံမြက်ကို လှဲနေပေ၏။ မင်းတရားကား ဆရာတော်ဖုဇ်ကို ခပ်ဝေးဝေးသင့်တော်သော နေရာမှ ဦးချ၍ပြန်ခဲ့ရ၏။ (စာ-၄၀)

လယ်တီဆရာတော်ကြီးသည်ညောင်ကန်ရွာသို့ရောက်သောအခါ ပထမအဦးဆုံး ဆရာတော်ဖုဇ် နေထိုင်သီတင်းသုံးသွားသည့် ကျောင်းတိုက်သို့ကြွ၏။ ကျောင်းကြီးအား သုံးပတ်လှည့်၍ ကြည့်ရှုကာ ဆရာတော်ဖုဇ်နေထိုင်သွားသည့်နေရာကို လက်အုပ်ချီမိုးရှိခိုးပြီး "ဆရာတော်ဦးဖုဇ်၏ ကျေးဇူးတော်ကြောင့် ယခုလို တတ်သိလိမ္မာရပါပေတယ်" ဟူ၍ မိန့်ကြား၏။ (စာ-၅၃)

မိခင်ဒေါ်မွှေးသည် အတော်ပင်ကြာသည်အထိ သားတော်ကို ကြည့်ပြီးကြည်ညိုနေငြားလည်း သားတော်သည် သူ့ကိုနှုတ်မဆက်ဘဲ စာကြည့်မြဲ ဆက်ကြည့်နေရကား

မိခင်သည် ဝမ်းနည်း၍ တရှုပ်ရှုပ် ငိုကြွေးလေတော့၏။ ဆရာတော် ဖုဇ်သည် မယ်တော်ငိုကြွေးသည်ကို ကြားသဖြင့် မော်ကြည့်ပြီး "ခင်ဗျားကြီးက သည်မှာလာပြီးဘာပြုလို့ ငိုနေရတာလဲ" ဟုမေး၏။ မယ်တော်ဒေါ်မွှေးသည် "တပည့်တော်မမှာ အရှင်ဘုရားကို ဖူးမြင်ချင်လို့ အဆင်းရဲအပင်ပန်းခံကာ နေပြည်တော်သို့ လိုက်လာပြီး ခြေတော်ရင်း၌ ရှိခိုးဦးချ၍ စောင့်နေသော်လည်း အရှင်ဘုရားက နှုတ်မဆက်လို့ ဝမ်းနည်းလှ၍ ငိုပါတယ်"

"ဒကာမကြီး သည်လိုငိုခဲ့ရတဲ့ဘဝတွေ မရေတွက်နိုင်တော့ဘူး" ဟုမိန့်ကြားပြီး (စာ-၆၆)

ဆရာတော်ဦးဖုဇ်သည် ဘကြီးတော် မင်းတရားကြီး၏ မင်းဆရာတော်အဖြစ် အင်းဝနေပြည်တော်အုတ်ကျောင်းကြီး၌ ကျောင်းထိုင်တော်မူသည့် အရွယ်တွင် ၄၃ နှစ်မျှသာ ရှိသေးသည်။ စာပေကျမ်းဂန် တစ်ဖက်ကမ်းခတ်တတ်ကျွမ်းရုံမျှမက နှုတ်စကားအလွန်နည်းပြီး ပြောလျှင်လည်း စကားတဲ့တိုးပြောတတ်သော ဆရာတော်ဦးဖုဇ်သည် တည်ကြည်မှု (သမာဓိ) အရာ၌ အခြားသော ဆရာတော်ကြီးများနှင့် အခြား အသက်အရွယ်နှင့် မလိုက်အောင် တည်ကြည်သူ ဖြစ်ခဲ့သည်။ ထိုအခြင်းအရာများအား ယခုစာအုပ်တွင်ဖတ်ရှုရမည်ဖြစ်ပြီး ဗုဒ္ဓသာသနာတော်၌ ဖုဇ်သုံးဖုဇ်အနက် တတိယဖုဇ်ဟု အမည်ခေါ်တွင်သောဆရာတော် ဦးဖုဇ်အကြောင်း စုံစေ့စွာသခင်အောင်ဖေက ရေးသားပြုစုထားပါသည်။

အလင်းသစ်စာပေမှ တန်ဖိုး ၁,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ငါးများချိတ်၊ ပိုက်ကွန်၊ ငါးစာမပါဘဲ ငါးဖမ်းနည်း

ငါးဖမ်းသည်ဟုဆိုရာ၌ လူတိုင်းငါးများချိတ်၊ ငါးစာအပြည့်ပါသည့်ပုံးငယ် စသည့်ဆီလျော်သည့်ကိရိယာတန်ဆာပလာအစုံဖြင့် ငါးဖမ်းသူများရှိသလို၊ ပိုက်ကွန်ဖြင့် တစ်အုပ်တစ်မဖမ်းကြသူများကိုလည်း တွေးတောမိကြ၊ မြင်ဖူးကြပေလိမ့်မည်။ အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံရှိ ဒေသအချို့တွင် ငါးများချိတ်၊ ငါးစာနှင့်ပိုက်ကွန်မသုံးဘဲ သဘာဝကဖန်တီးပေးထားသော ငါးစာဖြင့်ငါးဖမ်းနေကြဆဲဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံဒေသတွင်းသာ ပေါက်ရောက်သည့် အပင်တစ်မျိုး၏ အမြစ်ကိုရေထဲတွင်စိမ်ထားပေးသည့်အခါ အဆိုပါအပင်၏အမြစ်မှစိမ့်ထွက်လာသောအရည်များက ရေထဲသို့ပျော်ဝင်သွားကာ ငါးများကို သတိလစ်မူးမိုက်သွားစေသည်။ ငါးများရေပေါ်သို့ အသီးသီးပေါ်လာချိန်တွင် လိုက်လံကောက်ယူသိမ်းဆည်းသည့် ငါးဖမ်းနည်းပုံစံတစ်မျိုးဖြစ်သည်ဟုဆိုသည်။ —Source: Wisdom Monthly Digest

## တစ်ပတ်တာကံကြမ္မာ

**ဇန်နဝါရီ ၁၉ ရက် မှ ၂၅ ရက် အထိ**

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)
လုပ်သမျှအောင်မြင်မည်။ အခက်အခဲနှင့်ရင်ဆိုင်ပြီးမှ လိုရာအောင်မြင်မည်။ အပြိုင်အဆိုင်များမည်။ ပေါ်လာသည့်အကြံအစည်များကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ပါ။ ရွှေအဝင်မတော်ပါ။ အဖိုးထိုက်အဖိုးတန်ပစ္စည်းများ အထားအသိုပေါ့လျော့၍ မပျောက်သင့်ဘဲ ပျောက်ဆုံးရမည်။ ငွေကြေးကိစ္စ စကားပြောဆိုမှုများ အထူးကောင်းသည်။ စာရွက်စာတမ်းကိစ္စများ ဆောင်ရွက်၍ အဆင်ပြေမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)
ငွေဝင်ကောင်းမည်။ အလုပ်အကြံအစည်အောင်မြင်မည်။ ကာလအတန်ကြာ ဖြေရှင်းမရ၊ တစ်ပိုင်းတစ်စဖြစ်နေသည်များကို ပြီးမြောက်အောင်ဆောင်ရွက်အဆုံးသတ်နိုင်မည်။ မနာလို၊ ရန်အနှောင့်အယှက်ကြားမှ အလုပ်စီးပွားနှင့် ဘဝတိုးတက်မှုများ အခိုင်အမာရရှိမည်။ တစ်ပါးသူပေးသော ကတိစကားများကို အလွယ်တကူလက်ခံ၍ ယုံကြည်ရန်မသင့်။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)
မိမိဆောင်ရွက်နိုင်စွမ်းရှိသည်ထက်ပိုပြီး အလုပ်များလုပ်ရမည့်အနေအထားရှိသည်။ အားနာ၍ တာဝန်ယူထားသောကိစ္စများအတွက် အချိန်ကုန်၊ လူပင်ပန်းခံပြီး လုပ်နေရမည်။ မိမိအလုပ်ကိစ္စများ နှောင့်နှေးမည်။ ပေါ်ပေါက်လာသည့်အခြေအနေများ အသုံးချ၍ လုပ်ငန်းသစ်များ လမ်းသစ်ထွင်ပြီး လုပ်လိုစိတ်များပေါ်နေသည်။ ဖောဖောသီသီ ငွေသုံးလိုစိတ်ပြင်းထန်နေသည်။ ပညာရေးကံကောင်းသည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)
စိတ်ချမ်းမြေ့ဖွယ်ရာများ တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့ရမည်။ ထူးခြားသောလက်ဆောင်ပစ္စည်းများရမည်။ မမျှော်လင့်ဘဲ ဆောင်ရွက်လိုက်သည့်ကိစ္စမှ ကောင်းသောအကျိုးဆက်ရရှိမည်။ ရေသုံးစွဲစဉ် ခေတ္တယာယီချွတ်ထားသည့် လက်ဝတ်ရတနာပစ္စည်းများ မေ့ကျန်ပျောက်ဆုံးတတ်သည်။ ဆွေမျိုးအတွက်စိတ်ရှုပ်ရမည်။ သူစိမ်းအကျိုးပေးမည်။ မိခင်ဘက်မှ ဆွေမျိုးများထံမှ လက်ဆောင် သို့မဟုတ် အထောက်အကူရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)
ရုတ်တရက်ပေါ်လာသည့်ပြဿနာများကို ချက်ချင်းမဖြေရှင်းသေးဘဲ အချိန်ယူသုံးသပ်ပြီးမှ ဆောင်ရွက်ပါ။ ပြိုင်ဆိုင်သူ မိမိခြေလှမ်းအပေါ် မျက်ခြည်မပြတ် လိုက်လံလေ့လာနေသူများရှိသည်။ လုပ်ကိုင်မည့်ကိစ္စမှန်သမျှကို ကြေညာမောင်းခတ်မနေဘဲ သွက်သွက်လက်လက်လုပ်ပြီး အောင်မြင်မှုကို ဖန်တီးရယူပါ။ သူတစ်ပါးပြဿနာဝင်ဖြေရှင်းရင်း အမှုအခင်းဖြစ်တတ်သည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)
မထင်မှတ်ထားသောငွေဝင်မည်။ မမျှော်လင့်ဘဲ ခရီးသွားရမည်။ မိသားစုတွင် အိမ်သုံးပစ္စည်းအဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ ကြိုတင်မရည်ရွယ်ဘဲ လုပ်ဖြစ်မည်။ နေအိမ်အနီးအပါးသို့ လူသစ်များ ပြောင်းရွှေ့လာတတ်သည်။ မျက်နှာပွင့်ခြင်း၊ စန်းပွင့်ခြင်းများဖြစ်ပေါ်မည်။ ဥစ္စာခနတိုးပွားမည်။ ကံမြင့်မည်။ ပစ္စည်းပျောက်မည်။ အထင်လွဲခံရမည်။ အကြီးအကဲငြိုငြင်မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)
အကောက်ကြံသူပေါ်မည်။ ငွေလိမ်ခံရမည်။ ခွေးကိုက်ခံရတတ်သည်။ လုပ်သမျှ အံချော်မည်။ ဝင်သင့်သည့်ငွေ မဝင်၊ ရသင့်သည့်အခွင့်အလမ်းနောက်ကျ၊ မိမိနှင့် သူတစ်ပါးကြား ကုန်းချောချောက်တွန်းသူပေါ်မည်။ မထင်မှတ်သော အသေးစားကိစ္စကိုပင် ကြီးမားသောပြဿနာသဖွယ်ဖြေရှင်းရမည်။ လူမျိုးခြားအကျိုးပေးမည်။ စေတနာနှင့် ကူညီမှုများလျှော့ပါ။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)
တစ်ပါးသူကို ငဲ့ညှာနေရ၍ စိတ်သွားတိုင်း ကိုယ်မပါ၊ နှောင့်နှေးနေရခြင်းကြုံမည်။ ဆက်ဆံရသောဝန်းကျင်တွင် အပြောင်းအလဲများရှိလာပြီး ကံမြင့်မားခြင်းကြုံမည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ လိုသည်ထက်ပို၍ စေတနာထားခြင်း၊ အားနာခြင်းလျှော့ပါ။ ကိုယ့်အတွက် နစ်နာတတ်သည်။ မိဘအကြီးအကဲကျန်းမာရေးချူချာတတ်သည်။ မေတ္တာရေးကံကောင်းမည်။ စန်းပွင့်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)
ရသင့်သည့် ရပိုင်ခွင့်ဟောင်းများ ပြန်လည်ရရှိမည်။ လက်စမသိမ်းသေးသည့်ကိစ္စများမှ အကျိုးဆက်ကောင်းများကြုံပြီး လုပ်ငန်းအပြီးသတ် ဆောင်ရွက်နိုင်မည်။ ကြွေးဟောင်းများ ပြန်ရမည်။ ရပ်တန့်ထားသည့် လုပ်ငန်းဟောင်းများ ပြန်လည်စတင်နိုင်မည်။ ပြဿနာဟောင်းများကို ပြန်လည်ဖြေရှင်းနိုင်မည်။ ကိစ္စဟောင်းများ အသစ်သဖွယ်ဖြေရှင်းရခြင်းမျိုးကြုံမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)
လမ်းသစ်ပွင့်၍ ကံမြင့်မားခြင်းကြုံမည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့ဆောင်ရွက်နိုင်မည်။ အခက်အခဲများကို ကျော်လွှားအောင်မြင်နိုင်မည်။ အပြောင်းအလဲနှင့် တိုးတက်မှုကောင်းများရရှိမည်။ နေရာအပြောင်းအရွှေ့ ရှိမည်။ ခရီးကိစ္စကြုံမည်။ ဦးတည်လိုက်တိုင်း နေရာတိုင်း အခက်အခဲရှိမည်။ မဖြစ်မနေလုပ်မှုကြောင့် အဆုံးတွင် အောင်မြင်သော်လည်း အလွယ်တကူချောမွေ့မှုမရှိ။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)
လုပ်သမျှအောင်မြင်မည်။ ကံမြင့်မည်။ စိတ်ကူးရည်မှန်းချက်များ လက်တွေ့ဆောင်ရွက်သင့်သည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ ငွေကြေးကံကောင်းသည်။ မိသားစုတွင် အလျှုမင်္ဂလာကိစ္စများကြုံမည်။ ပြဿနာတစ်ခုခုဖြစ်ပါက ရှည်လျားထွေပြားစွာ ဖြေရှင်းရတတ်သည်။ အလွန်ငွေကုန်မည်။ မေတ္တာရေးတွင် အထင်မှားစရာများ ဖြစ်ပေါ်မည်။ ပြဿနာလေးမှ ပြဿနာကြီးအထိဖြစ်တတ်သည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)
မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ ပစ္စည်းများ အပျက်အစီး အကုန်အကျများမည်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ နှောင့်နှေးတတ်သည်။ မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်လာသောကိစ္စများကြောင့် လုပ်ငန်းကိစ္စများ ရပ်တန့်သွားတတ်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အဝင်မတော်။ ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး လုပ်သောအလုပ်များ ရှောင်ပါ။

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.43 · JANUARY 20, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 57,500 |
| Intel P4 Dual Core 3.06 (E 6600) Processor | 65,100 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 118,300 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 96,300 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 242,500 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 53,200 |
| MSI G41 TM-P33 (775) Motherboard | 51,500 |
| MSI P43- C51 (775) Motherboard | 66,800 |
| MSI P55M-E32 (1156) Motherboard | 80,300 |
| ASUS P7H55D-ELX (775) Motherboard | 131,000 |
| ASUS P7P55-LX (1156) Motherboard | 97,200 |
| ASUS P5P41T-LE (775) Motherboard | 70,100 |
| ASUS P5G41T-MLX (775) Motherboard | 52,400 |
| Gigabyte H55M-S2 (1156) Motherboard | 82,800 |
| Gigabyte EP43T-UD3L (1156) Motherboard | 84,500 |
| **Memory** | |
| 1 GB DDR2 (400) Kingston Memory | 19,400 |
| 2 GB DDR2 (800) Kingston Memory | 33,000 |
| 2 GB DDR3 (1333) Kingston Memory | 22,800 |
| **Harddisk** | |
| 500 GB Seagate SATA | 38,000 |
| 1TB Seagate SATA | 55,800 |
| **PCI Express Card** | |
| MS R4350-MD 1GB DDR2 1GB PCI Express Card | 50,700 |
| MSI N 210 MD1G 1GB D3 PCI Express Card | 61,700 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 82,000 |
| ASUS EAH 5750 Formula 1GB PCI Express Card | 133,500 |
| ASUS ENGT 210 1GB PCI Express Card | 57,500 |
| ASUS EAH 4350 1GB PCI Express Card | 49,000 |
| Gigabyte Geforce 240 OC 1GB DDR5 PCI Express Card | 100,600 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 76,900 |
| Gigabyte 8400 STC 512MB PCI Express Card | 37,200 |
| **Memory Stick** | |
| Memory Stick Kingston 16 GB | 29,000 |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8GB | 16,000 |
| Memory Stick Kingston 8 GB | 16,000 |
| Memory Stick Imation 32 GB | 38,700 |
| Memory Stick Toshiba 4 GB | 9,000 |
| Memory Stick Kingston (G3) 4GB | 8,500 |
| Memory Stick Sony 4 GB | 31,000 |
| Memory Stick Adata (C906) 8GB | 17,000 |
| **UPS** | |
| SVC (600VA) | 27,900 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| Power Tree (650 VA) | 38,000 |
| Allways (650 VA) | 32,000 |
| East (650 VA) | 28,700 |
| East (1.2KVA) | 54,900 |
| **DVD Writer** | |
| Sony (SATA) | 25,400 |
| ASUS (SATA) | 27,000 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | 150,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၁၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

**မှတ်ချက်–** အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၁၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (Insee) (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၄၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၄)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၅,၀၀၀-၆,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၅၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ (၁၄) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၈၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၅,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၇၀၀-၃,၇၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၂၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၈၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၂၁,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၂,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၁,၈၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၄၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၁၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |

ဇန်နဝါရီလ (၁၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၀၀-၂၁၀ |
| စူဇူကီး ဝက်ဂွန် R+ | | ၇ခ/၉ခ | ၂၀၀ |
| စူဇူကီးR- (2 Way) | - | ၁၀/၂၀ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၄၀ | ၃၀၀ |
| မတ်ခ်တူး | ၂၀၀၄ | ၄၀ | ၉၅၀-၉၀၀ |
| မတ်ခ်တူး(ခာတ်ဆီ) ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀-၈၅၀ |
| တိုယိုတာလီမိတက်(ဖင်ကောက်) | ၉၇ | ၅၀/၄၀ | ၄၅၀-၅၀၀ |
| ပါဂျဲရို 46 EFI | ၉၅/၉၆ | ၄၀ | ၉၀၀ |

ဇန်နဝါရီလ(၁၃) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Jan(7) | Jan (8) | Jan (9) | Jan (10) | Jan (11) | Jan (12) | Jan (13) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Premier ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |

Environment
7DAY NEWS JOURNAL
Vol.9, No.43 · JANUARY 20, 2011

# ဧရာဝတီမြစ် သုံးနှစ်အတွင်း သိသာစွာပြောင်းလဲလာ

အိဖြူမွန်

ဗန်းမော်၊ ဒီဇင်ဘာ-၂၀

သုံးနှစ်တာကာလအတွင်း ဧရာဝတီမြစ်တွင် သဲသောင်ဖြစ်ထွန်းမှုများလာခြင်း၊ မြစ်ကြမ်းပြင်မြင့်တက်လာခြင်းနှင့် မြစ်ကြောင်းပြောင်းလဲမှုမြန်ဆန်လာခြင်း စသည်ဖြင့် သိသာစွာပြောင်းလဲလာကြောင်း ဧရာဝတီမြစ်တွင်း ရေယာဉ်မောင်းသူတစ်ဦးနှင့် မြစ်အနီးနေထိုင်ကြသော ဒေသခံများကပြောသည်။



ဓာတ်ပုံ - အိဖြူမွန်

ဧရာဝတီမြစ်၏ အချို့သော နေရာများတွင် ရေဆူးကန့်သတ်ချက်လေးပေရှိသော သင်္ဘောများ မောင်းနှင်သွားလာ၍ မရသည်အထိ မြစ်ကြမ်းပြင် မြင့်လာကြောင်း၊ သဲသောင်ဖြစ်ထွန်းမှုသည် ပိုမိုများလာပြီး အချို့သော နေရာများတွင် သဲသောင်များကြောင့် မြစ်ကြောင်း ကျဉ်းလာကြောင်း ဧရာဝတီမြစ်၌ နှစ်ပေါင်း ၆၀ ကျော်ရေယာဉ်မောင်းနှင်သူတစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

“ဧရာဝတီမြစ်ရဲ့ အတိမ်ဆုံးအပိုင်းတွေမှာ လေးပေ၊ သုံးပေလောက်ပဲ ရှိတော့တယ်။ မြစ်ကြမ်းပြင်က တဖြည်းဖြည်းနဲ့ မောက်မောက်လာတယ်။ တစ်နှစ်ထက်တစ်နှစ် မောက်လာတဲ့အတွက် ရေကလည်း နည်းနည်းလာတယ်”ဟု ၎င်းကပြောသည်။

မြစ်ကြောင်း ပြောင်းလဲမှုမြန်ဆန်လာခြင်းကြောင့် မြစ်ကမ်း၏ အဝေးတွင်တည်ထားသော ကျေးရွာအချို့သည် မိုးတွင်းကာလ၌ မြစ်ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုမှုများ ကြုံရကြောင်း ဧရာဝတီမြစ်ကမ်းအနီးရှိ ထုံးဘိုရွာတွင် နေထိုင်သူတစ်ဦးက ပြောသည်။

“မြစ်ရေ တိုက်စားလို့ ရွာကပျက်နေပြီဗျာ။ အရင်က မြစ်ကမ်းနဲ့ ဝေးတဲ့နေရာမှာ ရွာရှိခဲ့တာ။ အခုတော့ မြစ်ကမ်းက ရွာနားရောက်နေပြီ။ ဒီနှစ်မိုးတွင်းမှာလည်းရွာက အိမ်အချို့ ကမ်းပြိုတဲ့အထဲပါသွားပြီ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဧရာဝတီမြစ်အတွင်း သဲသောင်ဖြစ်ထွန်းမှုကို ယင်းတို့အနေဖြင့် အတိအကျ မှတ်တမ်းတင်ထားခြင်း မရှိသော်လည်း ဗန်းမော်မြို့အောက်ဘက် ၅ မိုင်အကွာ ညောင်ပင်သာရွာအထိ သင်္ဘောဆိုက်ကပ်၍မရနိုင်အောင် သောင်တင်သည့် သင်္ဘောများ များလာကြောင်း၊ ရွှေဂူမြို့အထက်ဘက် ဒုတိယမြစ်ကျဉ်းအကျော်တွင် သဲသောင်ဖြစ်ထွန်းမှု ပိုမိုများလာကြောင်း ဒေသခံများက ယင်းတို့၏အတွေ့အကြုံများကို ပြောပြသည်။

ဧရာဝတီမြစ်၏ သဲသောင်ဖြစ်ထွန်းမှုများလာခြင်းကို စစ်ကိုင်းမြို့နှင့် ပခုက္ကူမြို့၊ မကွေးမြို့တို့တွင်သိသာထင်ရှားစွာ တွေ့မြင်ရကြောင်း မကွေးမြို့တွင် နေထိုင်သူတစ်ဦးက ပြောကြားသည်။

## အင်းတော်ကြီးကန်တွင် ငါးမျိုးစိတ်အချို့ မျိုးတုံးပျောက်ကွယ်

အိဖြူမွန်

အင်းတော်ကြီး၊ ဒီဇင်ဘာ-၂၉

မြန်မာနိုင်ငံတွင် အကြီးဆုံးရေတိမ်ဒေသတစ်ခုဖြစ်သော အင်းတော်ကြီးကန်၌ ငါးမျိုးစိတ်အချို့ မျိုးတုံးပျောက်ကွယ်နေကြောင်း အင်းတော်ကြီးတွင်နေထိုင်ကြသောဒေသခံတံငါ သည်များထံမှ စုံစမ်းသိရှိရသည်။

ပျောက်ကွယ်သော ငါးမျိုးစိတ်အချို့သည် ပိဿာချိန်တစ်ဆယ်ချီ၍ အလေးချိန်ရှိသော ငါးမျိုးစိတ်များဖြစ်သည်။ ယင်းပျောက်ကွယ်သွားသောငါးမျိုးစိတ်မှာ ၇ မျိုးရှိပြီး ဒေသအခေါ်အဝေါ်ငါးကြီးချမ်း၊ ငါးဖန်းမ၊ ငါးမြင်း၊ ငါးပြေတောက်၊ ငါးကလောင်၊ ငါးကြီးကြား၊ ငါးလိပ်တောက်တို့ဖြစ်သည်။ ငါးမျိုးစိတ်များပျောက်ကွယ်ခြင်းအပြင် ဖမ်းဆီးရရှိသည့် ငါးပိဿာချိန်လည်းလျော့နည်းလာကြောင်း၊ ဒေသခံအခေါ်အဝေါ် ငါးဒိန်းငါးမျိုးစိတ်တစ်မျိုးသည်လည်း ရံဖန်ရံခါသာ တွေ့ရှိရတော့ကြောင်း ဒေသခံများက ပြောသည်။

“အကောင်ကြီး မိတာမျိုးမရှိတော့ဘူး။ တစ်နှစ်နဲ့တစ်နှစ်လျော့သွားတာပဲရှိတယ်။ အရင်တုန်းက တံငါသည်တစ်ဦးကိုငါးပိဿာချိန်တစ်ဆယ်အထက်ရတာ။ အခုဆိုရင်တစ်ပိဿာ၊ နှစ်ပိဿာလောက်ပဲရတယ်။ အဲဒါကလည်း တစ်ဦးစ၊ နှစ်ဦးစပဲ။ အချို့ဆိုရင် တစ်ဆယ်သား၊ နှစ်ဆယ်သားလောက်ပဲရတယ်” ဟု လွယ်မွမ်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

အင်းတော်ကြီးကန်တွင် ငါးမျိုးတုံးရခြင်းမှာ ကန်အတွင်းငါး ဖမ်းဆီးရာ၌ဆေးချခြင်း၊ မိုင်းခွဲဖမ်းဆီးခြင်းနှင့် ရေအောက်ကြမ်းပြင်အထိ ရောက်ရှိသော ငါးဖမ်းပိုက်များအသုံးပြုခြင်း၊ ဘက်ထရီရှော့တိုက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ၂၀၀၆ ခုနှစ်တွင် အင်းတော်ကြီးကန်အား လေ့လာသုတေသနပြုခဲ့ဖူးသူတစ်ဦးကဆိုသည်။ ယင်းပုဂ္ဂိုလ်၏ လေ့လာချက်အရ အချို့သောငါးမျိုးစိတ်များသည် ရှားပါးလာပြီး မိကျောင်းသွားကြားထိုး ငါးသည် လုံးဝပျောက်ကွယ်နေသည်ဟုဆိုသည်။ အင်းတော်ကြီးကန်တွင် ငါးမျိုးစိတ်ပေါင်း ၆၅ ခုရှိကြောင်း သိရှိရသည်။

## အင်းလေးရှိ သဘာဝမြေဩဇာသုံး စိုက်ခင်းများကို ဒေသခံများ စိတ်ဝင်စားမှုရှိ

**အေးမြကျော်**

ရန်ကုန်၊ ဇန်နဝါရီ-၁၂

အင်းလေးဒေသတွင် သဘာဝမြေဩဇာသုံးစိုက်ခင်းများ စိုက်ပျိုးခြင်းကို ဒေသခံများ စိတ်ဝင်စားပါဝင်လုပ်ကိုင်လာစေရန် ရည်ရွယ်၍ စမ်းသပ်စိုက်ခင်းများ တည်ထောင်ထားရာ ဒေသခံများ၏ စိတ်ဝင်တစားတုံ့ပြန်မှုမှာ အားရစရာကောင်းကြောင်းစမ်းသပ်လုပ်ကိုင်နေသော မြန်မာ့စိုက်ပျိုးအားမာန်အဖွဲ့အစည်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်စန်းစန်းရီက ပြောသည်။

အင်းလေးကန်အတွင်း သဘာဝမြေဩဇာသုံး စိုက်ခင်းများကို ကေလာရွာနှင့် ပေပင်အင်းရွာတို့တွင် ခရမ်းချဉ်အလံ ၈၀၀၀ ကျော်ကို စိုက်ပျိုးပြသထားပြီး ယခုအခါအသီးဆွတ်ခူး၍ရသည့် အနေအထားသို့ ရောက်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့စိုက်ပျိုးအားမာန်နှင့် အင်းလေးကန်ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းကာ ဆောင်ရွက်ခဲ့သော သဘာဝမြေဩဇာသုံး စိုက်ခင်းများ စမ်းသပ်စိုက်ပျိုးခြင်းကို အင်းလေးကန်ထိန်းသိမ်းရေး လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ စမ်းသပ်သဘာဝမြေဩဇာစိုက်ခင်းများ ထူထောင်ခြင်းအပြင် ဒေသခံများကို မြေဩဇာများ ဖြန့်ဝေပေးခြင်း၊ မျိုးစေ့များပေးခြင်းနှင့် သဘာဝမြေဩဇာ၏ အသုံးဝင်ပုံ၊ ဓာတ်မြေဩဇာ သုံးစွဲခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဒေသခံများ သဘောပေါက်နားလည်စေရန် ရှင်းလင်းဟောပြောခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Environment Cartoon



## သီးပင်နှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး သင်တန်းပို့ချ

ရန်ကုန်၊ ဇန်နဝါရီ-၁၂

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကမ်းစပ်ဒေသများဖြစ်သော ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲရှိ မင်္ဂလာသောင်တန်းကျေးရွာတွင် ဒေသခံများ သီးပင်နှင့်သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရေးသင်တန်းတစ်ခုကို ပြုလုပ်ခဲ့ကြောင်း သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုး တက်ရေးနှင့် ထိန်းသိမ်းရေးအသင်း(FREDA) မှသိရသည်။ အဆိုပါသင်တန်းကို ဒေသခံများကိုသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းတတ်စေရန်ရည်ရွယ်ကာ ဂျာမန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သော DKH နှင့် FREDA တို့ ပူးပေါင်းကာ ၅ ရက်ကြာ သင်တန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါဒေသတွင် ဒီရေတောမဟုတ်သော အပင်များဖြစ်သည့် လေကာပင်များဖြစ်သော မလေးရှားပိတောက်၊ ပုန်းညက်၊ မယ်ဇလီ စသည့်အပင်ပေါင်း ၄၈,၀၀၀ ကို ဧက ၄၀ ရှိ ကမ်းရိုးတန်းတစ်လျှောက် စိုက်ပျိုးထားသော သစ်ပင်များကို ဒေသခံများပြုစုထိန်းသိမ်းနိုင်စေရန်လည်း သင်တန်းတွင်ထည့်သွင်းပို့ချပေးခဲ့ကြောင်း FREDAမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



Tourism
7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# နိုင်ငံသားပိုင်လေကြောင်းလိုင်း အသစ်ဝယ်ယူထားသော ပြင်သစ်နိုင်ငံထုတ်လေယာဉ်တစ်စီး ထပ်မံရောက်ရှိ

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ-၁၂

ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲရန်စီစဉ်နေသော နိုင်ငံသားပိုင်းလေကြောင်းလိုင်းသစ် Asia Wings မှ ဝယ်ယူထားသည့် ပြင်သစ်နိုင်ငံထုတ် ATR-72 လေယာဉ်သစ်တစ်စီး ထပ်မံရောက်ရှိလာကြောင်း သတင်းရရှိသည်။

ခရီးသည် ၇၀ ဦးလိုက်ပါနိုင်သော အဆိုပါ ATR-72-500 လေယာဉ်မှာ ဇန်နဝါရီ ၁၂ ရက်ညနေက ရန်ကုန် လေဆိပ်သို့ ရောက်ရှိလာခဲ့ကြောင်း လေဆိပ်နှင့်နီးစပ်သူများက ပြောသည်။

အဆိုပါ လေကြောင်းလိုင်းမှ ဝယ်ယူထားသော XY-AIS ATR-72 လေယာဉ်အသစ်တစ်စင်းမှာလည်း နိုဝင်ဘာ ၁၁ ရက်က ရောက်ရှိပြီးဖြစ်သည်။

Asia Wing လေကြောင်းသည်သက်ဆိုင်ရာက ခွင့်ပြုချက်များရရှိထားပြီးဖြစ်၍ ယခုနှစ်ဖေဖော်ဝါရီ လဆန်းတွင် စတင်ပျံသန်းနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း လေယာဉ်လက်မှတ်ရောင်း ကိုယ်စားလှယ်များက ပြောသည်။

လေကြောင်းလိုင်း စတင်ပျံသန်းမည်ဆိုပါက မန္တလေး၊ ဟဲဟိုး၊ ညောင်ဦးနှင့် သံတွဲမြို့များသို့ အဓိကထား ပျံသန်းမည်ဖြစ်ပြီး ပြည်တွင်း၌ လက်ရှိပျံသန်းနေသော လေကြောင်းလိုင်း ၂ ခု၏ ဈေးနှုန်းအတိုင်းသာ လက်မှတ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။



## ပုဂံ–မန္တလေး အမြန်ရထား လမ်းချော်မှုဖြစ်

ဋ္ဌေးဋ္ဌေးမောင်

နွားထိုးကြီး၊ ဇန်နဝါရီ- ၁၀

ပုဂံညောင်ဦးမှ မန္တလေးသို့ ထွက်ခွာလာသော ပုဂံအမြန်ရထားသည် ယခုလ ၃ ရက်က နွားထိုးကြီးမြို့နယ် ဒေါင်းဦးဘူတာအနီးတွင် လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

လမ်းချော်မှုကြောင့်အထက်တန်းတွဲ (၁)တွဲ လမ်းချော်ကျခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း နွားထိုးကြီးဘူတာရုံမှ တာဝန်ရှိသူက ပြောသည်။ မြန်မာ့မီးရထားတိုင်း (၃)က ရထားတွဲများကို "မ" တင်နိုင်ခဲ့ပြီး ယင်းနေ့ညပိုင်းတွင် ရထားများပြန်လည်ပြေးဆွဲနိုင်သည်ဟုဆိုသည်။ ရထားလမ်းချော်မှုကြောင့် ကုန်ရထားများအချိန်နောက်ကျသွားကြောင်း သိရသည်။

ပုဂံ-မန္တလေး၊ ရထားလမ်းပိုင်းတွင် လမ်းချော်ကျမှု မကြာခဏဖြစ်ပွားလျက်ရှိပြီး ဇလီဖားတုံးအစား ကွန်ကရစ်တုံးများအစားထိုးနိုင်သော်လည်းမီးရထားလမ်းသုံး ကျောက်များဖြည့်ဆည်းမပေးနိုင်သည်မှာ ကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

# အဲမန္တလေးက တစ်မြို့နှင့်တစ်မြို့ ဆင့်ကဲသွားနိုင်မည့်လမ်းကြောင်းများပျံသန်းပြေးဆွဲမည်



သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ-၁၂

အဲမန္တလေး လေကြောင်းလိုင်းက ယခုလ ၁၀ ရက်မှစ၍ ရန်ကုန်-တာချီလိတ်ခရီးစဉ် တိုးချဲ့ပျံသန်းပေးနေသကဲ့သို့ လမ်းကြောင်းအလိုက် မြို့တစ်မြို့နှင့်တစ်မြို့ဆင့်ကဲသွားနိုင်သော လေကြောင်းခရီးစဉ်များကိုလည်း တိုးချဲ့ပျံသန်းပေးနေပြီဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မှ တာချီလိတ်ခရီးစဉ်ကို တနင်္လာ၊ သောကြာနှင့်တနင်္ဂနွေနေ့များတွင် နံနက် ၆နာရီခွဲတွင် ပျံသန်းပြေးဆွဲပေးနေပြီဖြစ်သည်။ ထို့အပြင် ဟဲဟိုးမှသံတွဲမြို့သို့သွားသော ခရီးစဉ်ကိုလည်းနေ့စဉ်မွန်းလွဲပိုင်းများတွင် တိုးချဲ့ပျံသန်းပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ၎င်းတိုးချဲ့ပျံသန်းသော ခရီးစဉ်များကို ATR-72 လေယာဉ်သုံးစီးဖြင့် ပျံသန်းသွားမည်ဖြစ်သည်။ ယင်းသို့တိုးချဲ့ပျံသန်းရခြင်းမှာ နိုင်ငံခြားခရီးသွားများအနေဖြင့် ပြည်တွင်းခရီးစဉ်များအား တစ်ဆက်တည်းခရီးဆက်နိုင်ရန်ရည်ရွယ်၍ တိုးချဲ့ရခြင်းဖြစ်သည်ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။ထို့ကြောင့် ယခုကဲ့သို့ တိုက်ရိုက်တိုးချဲ့ပျံသန်းသော 'စူးစမ်းဖွေရှာပြည်မြန်မာ' ခရီးစဉ်များကြောင့် နိုင်ငံခြားခရီးသွားများမှာ မြန်မာပြည်၏ အဓိကမြို့များဖြစ်သော မန္တလေး၊ ပုဂံ၊ ဟဲဟိုးမှတစ်ဆင့် ငပလီကမ်းခြေအထိ ဆင့်ကဲလေကြောင်းများဖြင့် တိုက်ရိုက်ခရီးဆက်နိုင်သော အခွင့်အရေးများရရှိမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ထို့အပြင် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးကန်၊ ငပလီစသည့် ခရီးစဉ်များကိုလည်း တိုက်ရိုက်သွားနိုင်မည်ဖြစ်သည်။ "အခုလို တိုက်ရိုက်လေကြောင်းတွေကို တိုးချဲ့ပျံသန်းတာက ပြည်ပဧည့်သည်တွေအနေနဲ့ ခရီးစဉ်တွေ တစ်ဆက်သွားနိုင်အောင် စီစဉ်ပေးလိုက်တဲ့သဘောပဲ" ဟု ၎င်းလေကြောင်းလိုင်းမှတာဝန်ရှိသူက ဆက်လက်ရှင်းပြသည်။







7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# Cartoon

The Cartoon Logo





















7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# လာအိုနိုင်ငံ၏ ပထမဆုံးသော စတော့ဈေးကွက် စတင်ဖွင့်လှစ်



**ဗီယန်ကျင်း၊ ဇန်နဝါရီ - ၁၁**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် နိုင်ငံ၏ ပထမဆုံးသော စတော့ဈေးကွက်ကို ဇန်နဝါရီ ၁၁ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ လာအိုစီကျူရိတီအိတ်ချိန်း(LSX)ဟု အမည်ပေးထားသည့် ယင်းစတော့ ဈေးကွက်သည် နိုင်ငံ၏ကုန်သွယ်ရေးတွင် မှတ်တိုင်သစ်တစ်ခုပင်ဖြစ်သည်။

အိတ်ချိန်းကော်မရှင်၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် မစ္စဗာသန်နာဒယ်လာလွိုင်က ဦးဆောင်မည်ဖြစ်ကာ၊ အိတ်ချိန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ သူမက "ဒါဟာ လာအိုအတွက်တော့ သမိုင်းဝင်ကာလပါပဲ။ ဒီအိတ်ချိန်းဟာ ပြည်တွင်းနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် အဆင်ပြေစေမှာပါ။ ဒါဟာ လာအိုရဲ့ ရင်းနှီးမြှုပ်နှံမှုဈေးကွက်တိုးတက်ဖို့ အချက်ကောင်းပြတာပဲဖြစ်ပါတယ်"ဟုပြောသည်။

LSX ၏ ဥက္ကဋ္ဌဒေ့သ်ပေါင်ဗန်မော်လာရတ်ကလည်း "အိတ်ချိန်းမှာ စာရင်းဝင်ထားတဲ့ ကုမ္ပဏီတွေက ဆယ်ခုလောက်ရှိပါတယ်။ လက်ရှိမှာလည်း လာအိုမှာ မှတ်ပုံတင်ထားတဲ့ တခြားနိုင်ငံခြားကုမ္ပဏီလုပ်ငန်းတွေက စိတ်ဝင်စားမှုလည်း ရရှိနေပါတယ်။ တချို့ကတော့ စတော့ဈေးကွက်ထဲဝင်ဖို့ အဆင်သင့်ဖြစ်ပြီလားကျွန်မတို့ မသေချာသေးပါဘူး။ တချို့ကတော့ ပြင်ဆင်နေတုန်းပါပဲ။ အချိန်စောင့်ရမှာပါ"ဟုပြောသည်။

*—Ref: Xinhua*




# ဗီယက်နမ်ကွန်မြူနစ်ပါတီကွန်ဂရက် စတင်ကျင်းပ

**ဟန္နိုင်း၊ ဇန်နဝါရီ - ၁၂**

ဗီယက်နမ်နိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သော ဗီယက်နမ်ကွန်မြူနစ်ပါတီသည် ငါးနှစ်တစ်ကြိမ်ကျင်းပနေကျ ပါတီကွန်ဂရက်ကို ဇန်နဝါရီ ၁၁ ရက်နေ့က စတင်ကျင်းပခဲ့ကြောင်းသိရသည်။

တစ်ပါတီလုံးမှ ကိုယ်စားလှယ်များတက်ရောက်ကြမည့် ကွန်ဂရက်ဆွေးနွေးပွဲ၏တာဝန်မှာ တိုးတက်လာသော စီးပွားရေးအခွင့်အလမ်းများမှတစ်ဆင့် တိုင်းပြည်ကိုပဲ့ကိုင်ရန် ပါတီခေါင်းဆောင်သစ်များရွေးချယ်ရေးဖြစ်သည်။ ကိုးရက်ကြာကျင်းပမည့် ကွန်ဂရက်တွင် ပါတီဗဟိုကော်မတီကို အဖွဲ့ဝင်နှစ်ရာဖြင့် ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီသည် နိုင်ငံတော်အာဏာချုပ်ကိုင်ထားမှုကို လက်လွှတ်မည်မဟုတ်သော်လည်း ပါတီတွင် စွမ်းအင်ရှိသည့်၊ ပြုပြင်ပြောင်းလဲရေးလိုလားသည့်လူသစ်များ လိုအပ်နေကြောင်းဆိုသည်။ ကွန်ဂရက်တွင် လာမည့်ဆယ်စုနှစ်အတွက် လူမှုစီးပွားရေးမဟာဗျူဟာကို ချမှတ်သွားမည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားပေါများရေး၊ အခြေခံအဆောက်အအုံများ ကောင်းမွန်ရေးနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ထိရောက်စွာလုပ်ရေးတို့ကို ဆွေးနွေးသွားမည်ဟုသိရသည်။

*—Ref: BBC*



# ထိုင်းနိုင်ငံသားနှစ်ဦးကို သူလျှိုမှုဖြင့် ကမောဒီးယား တရားစွဲ

**ဖနွမ်းပင်၊ ဇန်နဝါရီ - ၁၁**

ကမ္ဘောဒီးယားအစိုးရသည် ထိုင်းနိုင်ငံသားနှစ်ဦးအား သူလျှိုလုပ်မှုဖြင့် တရားစွဲဆိုထားကြောင်းသိရသည်။ အဆိုပါလူနှစ်ဦးမှာ ပြီးခဲ့သော ဒီဇင်ဘာလက နှစ်နိုင်ငံအငြင်းပွားနေသော နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုဖြင့် အဖမ်းခံခဲ့ရသော ထိုင်းနိုင်ငံရေးသမားခုနစ်ဦးမှဖြစ်သည်။ အာဏာပိုင်များက အဆိုပါပုဂ္ဂိုလ်နှစ်ဦးသည် သူလျှိုလုပ်ကြောင်း အထောက်အထားသစ်များတွေ့ ရသည့်အတွက် တရားစွဲဆိုရခြင်းဖြစ်ကြောင်းဆိုသည်။ ကမ္ဘောဒီးယားတွင် သူလျှိုလုပ်မှုဖြင့် အပြစ်ပေးခံရပါက ၎င်းထိုင်းနိုင်ငံသားနှစ်ဦးသည် အမြင့်ဆုံးထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရဖွယ်ရှိသည်။ ထိုင်းဝန်ကြီးချုပ်အဘီဆစ်ဝစ်ဂျာဂျီဗကမူ ၎င်းထိုင်းနိုင်ငံသားနှစ်ဦးသည် အပြစ်မရှိကြောင်း၊ ၎င်းတို့ကို အာမခံဖြင့်ပြန်လွှတ်နိုင်ရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက နည်းလမ်းရှာနေကြောင်းဆိုသည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း နယ်စပ်ကိစ္စနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်ကာ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့သည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011





## Leader's Profile

# ဆီယာရာလီယွန်နိုင်ငံသမ္မတ အားနက်စ်ဘိုင်ကိုရိုမာ

ရဲမင်း

အားနက်စ်ဘိုင်ကိုရိုမာသည် အနောက်အာဖရိကရှိ ဆီယာရာလီယွန်နိုင်ငံ၏ စတုတ္ထမြောက် သမ္မတဖြစ်သည်။ ဆီရီယာရာလီယွန်၏ သမ္မတအဖြစ် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက် နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ကိုရိုမာကို ၁၉၅၃ အောက်တိုဘာ ၂ ရက်နေ့တွင် ဆီယာရာလီယွန်နိုင်ငံ မြောက်ပိုင်း ဘွန်ဆာလီခရိုင် မာကီနီဒေသတွင် မွေးဖွားခဲ့သည်။ နိုင်ငံမြောက်ပိုင်း မွတ်ဆလင်အများစု နေထိုင်ရာဒေသတွင် မွတ်ဆလင်မျိုးရိုးမှ ဆင်းသက်လာသော်လည်း ကိုရိုမာကိုယ်တိုင်မှာ ခရစ်ယာန်ဘာသာ သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်သည်။ မွေးချင်းခုနစ်ယောက်အနက် အကြီးဆုံးဖြစ်သည်။ ဖခင်မှာ နိုင်ငံရေးတွင် တက်တက်ကြွကြွပါဝင်သူတစ်ဦးဖြစ်ပြီး မိခင်မှာ မူလတန်းကျောင်းဆရာမတစ်ဦးဖြစ်သည်။

ကိုရိုမာသည် မွေးရပ်မြေမာကီနီဒေသမှာပင် မူလတန်း တက်ရောက်သင်ကြားခဲ့ပြီး အထက်တန်းပညာရေးကို အစိုးရယောက်ျားလေးအထက်တန်းကျောင်းတွင် သင်ယူခဲ့သည်။ ၎င်းနောက် ဆီယာရာလီယွန်နိုင်ငံမြို့တော် ဖရီးတောင်းတွင် ကောလိပ်တက်ရောက်ခဲ့ပြီး ၁၉၇၆ တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

ဖိုရာဘေးကောလိပ်မှ ကျောင်းပြီးချိန်မှာပင် ကိုရိုမာသည် ၎င်း၏ မွေးရပ်မြေမာကီနီရှိ စိန့်ဖရန့်စစ်အထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် ခန့်အပ်ခြင်းခံရသည်။ ကျောင်းဆရာအဖြစ် ၂ နှစ် လုပ်ကိုင်ပြီးနောက် ၁၉၇၈ တွင် ဆီယာရာလီယွန်နိုင်ငံ အမျိုးသားအာမခံကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၈၅ တွင် ကိုရိုမာသည် အမျိုးသားအာမခံကုမ္ပဏီမှ Reliance အာမခံကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး ၎င်းကော်ပိုရေးရှင်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်လာခဲ့သည်။ ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ကို ၁၄ နှစ်ကြာ လုပ်ကိုင်ခဲ့သည်။

အားနက်စ်ဘိုင်ကိုရိုမာသည် ဆီယာရာလီယွန်နိုင်ငံရေးတွင် ၂၀၀၂ တွင်မှ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်လာခဲ့ပြီး ပြည်သူတစ်ရပ်လုံးဆိုင်ရာကွန်ဂရက်ပါတီ (APC) ၏ ခေါင်းဆောင်နေရာအတွက် အမည်စာရင်းတင်သွင်းခဲ့သည်။ APC ပါတီခေါင်းဆောင်နေရာအတွက် ယှဉ်ပြိုင်သူ ၇ ဦးရှိပြီး ရွေးချယ်ခံရရန် ရေပန်းစားသူမှာ ဝါရင့် APC ခေါင်းဆောင် အက်ဒဝပ်တူရေးဖြစ်သည်။ ကိုရိုမာကမူ အက်ဒဝပ်တူရေး၏ ခေါင်းဆောင်မှုအောက်တွင် တစ်ချိန်က ၎င်း၏ဖခင် ထောက်ခံလှုပ်ရှားပေးခဲ့သောပါတီသည် ပါလီမန်အမတ်နေရာ အများအပြားဆုံးရှုံးခဲ့ပြီး ပြည်သူများ၏ယုံကြည်မှုလည်း မရရှိတော့ဟု အလေးအနက်ပြောကြားပြီး တစ်ချိန်က ပါတီ၏ အမာခံနယ်မြေဖြစ်ခဲ့သည့် နိုင်ငံမြောက်ပိုင်းမှာပင် ထောက်ခံမှုကျဆင်းနေသည်ဟုပြောကြားသည်။ ပြည်သူများ၏ အကျိုးစီးပွားအတွက် APC ပါတီကို လားရာအသစ်ဖြင့် ခရီးဆက်ရမည်ဟု ကိုရိုမာကပြောကြားသည်။ ပါတီခေါင်းဆောင်ရွေးချယ်သောအခါ ကိုရိုမာကို ပါတီကိုယ်စားလှယ်များက တစ်ခဲနက်ထောက်ခံခဲ့သည်။

APC ပါတီ၏ ခေါင်းဆောင်အဖြစ် ၂၀၀၂ ဆီယာရာလီယွန် သမ္မတရွေးကောက်ပွဲတွင် ကိုရိုဝင်ရောက်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆီယာရာလီယွန် ပြည်သူ့ပါတီ(SLPP)မှ လက်ရှိသမ္မတ အာမက်တီဂျန်ကက်ဘားအား အပြတ်အသတ်ရှုံးနိမ့်ခဲ့သည်။ သို့သော် ကိုရိုမာမှာ ဆီယာရာလီယွန်ပါလီမန်သို့ ရွေးချယ်ခံခဲ့ရသည်။

APC ပါတီတွင်း၌လည်း ခေါင်းဆောင်ဟောင်းအက်ဒဝပ်တူရေး၏အုပ်စုနှင့် အငြင်းပွားမှုများရှိခဲ့ပြီး ကိုရိုမာမှာ ၂၀၀၅ တွင် ပါတီခေါင်းဆောင်အဖြစ်မှ ဖယ်ရှားခံရသည်။ သို့သော် ၂၀၀၇ အထွေထွေရွေးကောက်ပွဲနီးလာသောအခါ APC ပါတီအတွင်း ၎င်းနှင့် သဘောထားမတိုက်ဆိုင်သူများက ကိုရိုမာအား ပါတီ၏ ခေါင်းဆောင်အဖြစ် ပြန်လည်အသိအမှတ်ပြုခဲ့သည်။

၂၀၀၇ သမ္မတရွေးကောက်ပွဲပထမအကြိမ်တွင် မစ္စတာကိုရိုမာက ပြိုင်ဘက် လက်ရှိဒုတိယသမ္မတဆော်လမွန်ဘီရီဝါပေါ်တွင် မဲအများစုဖြင့် အသာရရှိခဲ့သော်လည်း မဲအရေအတွက်ထက်ဝက်ကျော်မရရှိခဲ့ပေ။ သို့ဖြင့် ဒုတိယအကြိမ် ထိပ်တိုက်မဲခွဲခြင်း ပြုလုပ်သောအခါ မစ္စတာကိုရိုမာက မဲအရေအတွက် ၅၄ ဒသမ ၆ ရာခိုင်နှုန်းရရှိပြီး ပြိုင်ဘက်ဆော်လမွန်ဘီရီဝါက ၄၅ ဒသမ ၄ ရာခိုင်နှုန်း မဲရရှိခဲ့သည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင်က မစ္စတာကိုရိုမာအား ရွေးကောက်ပွဲအနိုင်ရရှိသူအဖြစ် ကြေညာခဲ့ပြီး ယင်းနေ့မှာပင် ဆီယာရာလီယွန်နိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ကိုရိုမာ၏ဇနီး ညာမာကိုရိုမာသည် ဇီဝဓာတုဘာသာရပ်ဖြင့် မာစတာဘွဲ့ရရှိထားသူဖြစ်ပြီး ၎င်းတို့တွင် သမီးနှစ်ဦး ထွန်းကားခဲ့ရာ နှစ်ဦးစလုံးမှာဆီယာရာလီယွန်၏ အဓိကအလှူရှင်နိုင်ငံ ဗြိတိန်တွင် တက္ကသိုလ်ပညာသင်ကြားလျက်ရှိသည်။

—Ref: Wikipedia

### နောက်ကျောဖုံး - အမေရိကန်သည် အချုပ်အခြာအာဏာပိုင်မှုကို လေးစားရမည်ဟု တရုတ်သမ္မတပြောကြား

ကြွယ်ဝချမ်းသာမှု ရန်ပုံငွေဥက္ကဋ္ဌ လောင်ဂျီဝေတို့လည်း လိုက်ပါလာမည်ဖြစ်သည်။ ၎င်း၏ အလည်အပတ်ကာလအတွင်း တရုတ်သမ္မတသည် အမေရိကန်လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးရေး အစီအစဉ်အပြင် ချီကာဂိုမြို့သို့သွားရောက် လည်ပတ်မည့်အစီအစဉ်လည်း ပါဝင်သည်။ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံကြားတွင် ကွဲပြားခြားနားမှုများနှင့်အထိမခံသော ကိစ္စရပ်များ ရှိနေသော်ငြားလည်း ဆက်ဆံရေးကောင်းမွန်ပါက နှစ်ဖက်စလုံးအတွက် အကျိုးရှိမည်ဖြစ်ပြီး ထိပ်တိုက်ရင်ဆိုင်မှုရှိပါက နှစ်ဖက်စလုံးတွင် ဆုံးရှုံးမှုများရှိမည်ဖြစ်ကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

—Ref: Bloomberg

### နောက်ကျောဖုံး - သမ္မတဘင်အလီ ထွက်ပြေးသွားပြီးနောက် တူနီးရှားနိုင်ငံတွင် ညီညွတ်သောအစိုးရ ဖွဲ့ရန်ပြင်ဆင် မှ

သို့သော် အရေးပေါ် အခြေအနေကို ကြေညာထားဆဲဖြစ်ပြီး စီးပွားရေးလုပ်ငန်းများလည်း ငြိမ်သက်နေသည်။ ကျောင်းများ၊ အစိုးရရုံးများနှင့် ဈေးဆိုင်များလည်း ပိတ်ထားဆဲဖြစ်သည်။


နိုင်ငံ၏ ကြားဖြတ်ခေါင်းဆောင်မစ္စတာမီဘာဇာကလည်း ဝန်ကြီးချုပ် မိုဟာမက်ဂန်နောချီအား အမျိုးသားညီညွတ်ရေး အစိုးရတစ်ရပ် ဖွဲ့စည်းရန် ပြောကြားထားကြောင်း သိရသည်။ မည်သည့် ချွင်းချက်၊ ခြွင်းချန်မှုမှ မရှိစေဘဲ တူနီးရှားနိုင်ငံသား အားလုံး နိုင်ငံရေးလုပ်ငန်းစဉ်တွင်ပါဝင်ပတ်သက်ရမည်ဖြစ်ကြောင်း တယ်လီဗေးရှင်းမိန့်ခွန်းတစ်ခုတွင် မစ္စတာမီဘာဇာကပြောကြားသည်။

—Ref: BBC

### နောက်ကျောဖုံး - ဖိလစ်ပိုင်ရေကြီးမှု သေဆုံးသူ ၅၁ ဦးရှိလာပြီး ငါးဖမ်းလုပ်သားများ ပျောက်ဆုံးနေ မှ

ထို့အပြင် နိုင်ငံအလယ်ပိုင်း ဘီကိုးလ်ဒေသမှ ငါးဖမ်းလုပ်သားများအနေဖြင့် ရာသီဥတုတိုးတက်လာသည်အထိ ငါးဖမ်းမထွက်ကြရန် မစ္စတာရာမို့စ်က ပန်ကြားထားသည်။

နိုင်ငံအလယ်ပိုင်း ကျွန်းတစ်ကျွန်းအနီး လှေမှောက်၍ ပျောက်ဆုံးသွားသည့် ငါးဖမ်းလုပ်သား ၁၆ ဦးကိုလည်း လေယာဉ်များ၊ သင်္ဘောများဖြင့် ရှာဖွေနေကြောင်း သိရသည်။ နိုင်ငံအလယ်ပိုင်း စီဘူးမြို့တွင်လည်း ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုက ရေဘေးဒဏ်ခံစားနေရသော လူပေါင်း ၁ ဒသမ ၅ သန်းအတွက် ဝတ်ပြုဆုတောင်းပေးကြရန် နိုင်ငံသားများအား တိုက်တွန်းလိုက်ပြီး ရေကြီးမှုကြောင့် ပြောင်းရွှေ့နေထိုင်နေရသည့် လူပေါင်း လေးသိန်းအား အစိုးရက ယာယီနေထိုင်စရာပေး၍ ကျွေးမွေးစောင့်ရှောက်ထားမည်ဟု ကတိပေးပြောကြားသည်။



—Ref: Reuters



# ဩစတြေးလျရေလွှမ်းမိုးမှုကြောင့် ဘရစ်ဘိန်းမြို့ ရေနစ်မြုပ်ပြီး လူ ၉၀ ကျော် ပျောက်ဆုံးနေ

**ဘရစ်ဘိန်း၊ ဇန်နဝါရီ - ၁၂**

ဩစတြေးလျနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ရေလွှမ်းမိုးမှုကြောင့် နိုင်ငံ၏ တတိယအကြီးဆုံး ဘရစ်ဘိန်းမြို့မှာ ရေနစ်မြုပ်နေပြီး လူပေါင်း ၉၀ ခန့်လည်း ပျောက်ဆုံးနေကြောင်းသိရသည်။ ဘရစ်ဘိန်းမြို့ ဘဏ္ဍာရေးခရိုင်တွင်လည်း ရေလွှမ်းမိုးမှုဖြစ်ပေါ်နေရာ လူထောင်သောင်းများစွာအား နေအိမ်များမှ ဖယ်ရှားကယ်ဆယ်ထားရပြီး လူများမှာလည်း ကြောက်လန့်တကြားနှင့် အစားအစာများဝယ်ယူစုဆောင်းနေကြသည်။

ပြီးခဲ့သည့်လက ကွင်းစလန်ပြည်နယ်မှစတင်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်အတွင်း အဆိုးဝါးဆုံးရေကြီးမှုကြောင့် လူ ၁၄ ဦးခန့် သေဆုံးခဲ့ပြီး နိုင်ငံ၏ကျောက်မီးသွေးလုပ်ငန်းကိုလည်း အကြီးအကျယ်ထိခိုက်ခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် အခြေခံအဆောက်အဦများလည်း ပျက်စီးခဲ့ရပြီး နိုင်ငံစီးပွားရေးကို ရပ်တန့်သွားစေကာ ဩစတြေးလျဒေါ်လာတန်ဖိုးမှာလည်း တစ်လအတွင်း အနိမ့်ဆုံးဈေးသို့ ကျဆင်းသွားခဲ့သည်။

လူနှစ်သန်းခန့်နေထိုင်သည့် ဘရစ်ဘိန်းမြို့တွင် မြို့နေလူထုများက အစားအသောက်များတင်ဆောင်ထားသည့် တွန်းလှည်းများကို ရေများဖြင့်ပြည့်နေသော လမ်းများပေါ်တွင် တွန်းနေကြသည်ကိုတွေ့မြင်ရပြီး စူပါမားကက်များတွင်လည်း ပေါင်မုန့်နှင့်နို့များပြတ်လပ်နေပြီဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များကလည်း ရှားရှားပါးပါးပေါ်ထွက်လာသည့်နေရောင်ထွက်ပေါ်မှုကိုအခွင့်ကောင်းယူ၍ ဆူနာမီလှိုင်းလုံးကြီးများကဲ့သို့ ရုတ်တရက်တက်လာသော ရေလှိုင်းများကြားတွင် ပျောက်ဆုံးသွားခဲ့သည့် လူ ၉၀ အား ရှာဖွေတွေ့ရှိရန်ကြိုးပမ်းနေကြသည်။

ကွင်းစလန်ပြည်နယ်တွင် ကြုံတွေ့ရသည့် အဆိုဝါးဆုံးသဘာဝဘေးအန္တရာယ်ကြောင့် နေအိမ်ပေါင်းနှစ်သောင်းခန့် ရေနစ်မြုပ်နေနိုင်ကြောင်း ကွင်းစလန်ပြည်နယ်အုပ်ချုပ်ရေးမှူးမစ္စအန်နာဘလိုင်းက သတင်းထောက်များအားပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် နိုင်ငံ့ စီးပွားရေးပျက်စီးမှုမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု တစ်ရာခိုင်နှုန်းအထိရှိနိုင်ပြီး ဩစတြေးလျဒေါ်လာ ၁၃ ဘီလီယံခန့်အထိရှိနိုင်ကြောင်း ဩစတြေးလျဗဟိုဘဏ်ဘုတ်အဖွဲ့ဝင်တစ်ဦးကပြောကြားသည်။ ယင်းမှာ ယခင်ခန့်မှန်းထားသည်ထက် နှစ်ဆပိုများသည်။

ဘရစ်ဘိန်းမြို့တွင် အိမ်ထောင်ပေါင်းများစွာနှင့် စီးပွားရေးလုပ်ငန်းများရေနစ်မြုပ်နေပြီး ရေစီးကြမ်းတမ်းမှုကြောင့် မြို့နေလူထုမှာ မိမိပိုင်ပစ္စည်းများပင်မသယ်ဆောင်နိုင်ဘဲ ကုန်းမြင့်ရေလွတ်ရာနေရာများသို့ တိမ်းရှောင်နေကြရသည်။

“ဒါဟာ ငါ့ဘဝတစ်ခုလုံးပါပဲ။ အားလုံးကုန်ပြီ။ ဒါလောက် ဆိုးဆိုးဝါးဝါးကြီးဖြစ်သွားလိမ့်မယ်လို့ ဘယ်တုန်းကမှမထင်ခဲ့ဘူး”ဟု Saltin' Pepper အစားအသောက်တည်ခင်းဧည့်ခံရေးကုမ္ပဏီမန်နေဂျာတစ်ဦးဖြစ်သူ ကင်ဟန်းကပြောကြားသည်။

လူနေရပ်ကွက်များအား ကာကွယ်ရန် တည်ဆောက်ထားသည့် ရေကာတာများမှာလည်း ကျိုးပေါက်လုနီးပါးဖြစ်နေပြီး ဘရစ်ဘိန်းဆိပ်ကမ်းကိုလည်း ပိတ်ထားရသည်။ ရဟတ်ယာဉ်များ၊ C-130 သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် စစ်ဘက်က ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်။ ဩစတြေးလျဒေါ်လာမှာ ရက်သတ္တပတ်လေးပတ်အတွင်း အနိမ့်ဆုံးတန်ဖိုး ၀ ဒသမ ၉၈၀၃ သို့ ကျဆင်းသွားသည်။

—Ref: Reuters

7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011



# ကျွန်တော့်အလုပ်က နျူကလီးယားအစီအစဉ်တွေကို စောင့်ကြည့်ဖို့ပါ

## နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲယူကီယာအာမာနိုနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ယခုအချိန်မှာ ကမ္ဘာကြီးဟာ အီရန်၊ မြောက်ကိုရီးယား၊ ပါကစ္စတန်တို့မှာရှိနေတဲ့ နျူလက်နက်အန္တရာယ်တွေကြောင့် စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်နေရပါတယ်။ အီရန်ဟာ တစ်နှစ်၊ နှစ်နှစ်အတွင်း နျူလက်နက်ထုတ်လုပ်လာနိုင်တယ်လို့ ခန့်မှန်းနေကြသလို၊ မြောက်ကိုရီးယားရဲ့ နျူခြိမ်းခြောက်မှုကလည်း ကြီးထွားနေဆဲပါ။ ဒါ့အပြင် အမေရိကန်ရဲ့ မဟာမိတ် ပါကစ္စတန်ဟာလည်း နိုင်ငံတွင်း မငြိမ်သက်မှုကြောင့် အကြမ်းဖက်သမားတွေလက်ထဲ ၎င်းရဲ့နျူလက်နက်တွေ ရောက်သွားမှာကို တချို့က ပူပန်နေကြတာလည်းရှိပါတယ်။ ဒါ့ကြောင့် စပိုင်းဂဲလ်မီဒီယာဟာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီရဲ့ အကြီးအကဲ ယူကီယာအာမာနိုနဲ့တွေ့ဆုံကာ ၎င်းနဲ့ ၎င်းရဲ့အဖွဲ့ကြီးရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအကြောင်း၊ တီဟီရန်မှ ထွက်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေအကြောင်းကိုမေးမြန်းထားပါတယ်။

**ဝီကီလိခ်က ဖော်ထုတ်ခဲ့တဲ့ သံတမန်ရေးသတင်းတွေအရတော့ ဗီယင်နာမှာရှိတဲ့ အမေရိကန်သံတမန်တွေဟာ လူကြီးမင်းရဲ့(IAEA မှာ)အရွေးချယ်ခံရမှုကို သူတို့ရဲ့ အောင်ပွဲလို့ ခေါ်ခဲ့ပြီး၊ အေဂျင်စီအပေါ် အမေရိကန်ဩဇာလွှမ်းမိုးမှုပြန်ရတော့မယ်လို့ ဆိုထားပါတယ်။ အဲဒီသတင်းကြောင့် လူကြီးမင်း စိတ်မသက်မသာဖြစ်ခဲ့ရပါသလား။**

ကျွန်တော့်ရဲ့ ရွေးကောက်ခံရမှုဟာ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အောင်ပွဲပါ။ ဒါ့အပြင် ကျွန်တော် ရွေးချယ်ခံရတာကို အမေရိကန်အကျိုးစီးပွားနဲ့ တွဲပြီးထားဖို့လည်း မလိုအပ်လှပါဘူး။ ကျွန်တော့်အလုပ်က တရုတ်ဖြစ်ဖြစ်၊ နိုင်ဂျီးရီးယားဖြစ်ဖြစ်၊ ရုရှားဖြစ်ဖြစ် အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုဖို့ပါ။

**ဒါဆို အီရန်ရောပါပါသလား။**

နျူစွမ်းအင်ကို အရပ်ဘက်သုံးအတွက် သူတို့ဆောင်ရွက်နေသမျှ၊ တီဟီရန်ရဲ့ ရည်ရွယ်ချက်တွေဟာလည်း ငြိမ်းချမ်းရေးအတွက် ဖြစ်နေသမျှ အီရန်ရဲ့ အကျိုးစီးပွားတွေကိုလည်း ကျွန်တော် ကိုယ်စားပြုမှာပါ။

**ဝီကီလိခ်မှာ ဖော်ပြခဲ့တဲ့ သံတမန်ရေးဖိုင်တွေအရလည်း အမေရိကန်သံတမန်တွေပြောထားတာက အီရန်ရဲ့ အိမ်နီးချင်း အာရပ်နိုင်ငံတွေကိုလည်း မယုံသင့်ဘူးလို့ ဆိုထားတာ တွေ့ရပါတယ်။ ဥပမာဆိုရင် တီဟီရန်နျူလက်နက်တွေ လျှို့ဝှက် ထုတ်လုပ်နေသမျှကို ကြောက်နေတဲ့အိမ်နီးချင်းတချို့ပေါ့။**

ကျွန်တော့်အလုပ်က ဒါမျိုး ဖြစ်တာတွေကို တားဆီးပေးဖို့ပါ။ ဒါပေမဲ့ အီရန်ကိစ္စကတော့ ခက်ခဲတဲ့ကိစ္စပါ။ တီဟီရန်ရဲ့ နျူလုပ်ဆောင်ချက်တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ နည်းနည်းပဲ သိရသေးတယ်။ မေးခွန်းတွေအကုန်လုံးကို ဖြေဖို့လည်း အဖြေမရှိသေးပါဘူး။ ဒါ့ကြောင့် တီဟီရန်ဟာ ကျွန်တော်တို့နဲ့ ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ လုပ်နေတာပါ။

**မကြာသေးမီက ထွက်ပေါ်ခဲ့တဲ့ ခန့်မှန်းချက်တွေအရလည်း အီရန်ဟာ နျူဗုံးပြုလုပ်နိုင်ဖို့ တစ်နှစ်လောက်ပဲ လိုတော့တယ်လို့ ဆိုထားပါတယ်။**

အဲဒါနဲ့ပတ်သက်လို့တော့ ကျွန်တော် သေချာမပြောနိုင်ပါဘူး။ အဖြေမရှိတဲ့မေးခွန်းတွေနဲ့တော့ အီရန်ဟာ နျူအစီအစဉ်ကို ဆက်လုပ်နေတယ်လို့ ကျွန်တော်တို့ မပြောနိုင်ပါဘူး။

**အီရန်နဲ့ ကမ္ဘာ့နိုင်ငံများက ကိုယ်စားလှယ်တွေ ဒီဇင်ဘာလအစောပိုင်းက ဂျာမနီမှာ တွေ့ဆုံခဲ့မှုဟာလည်း သိပ်မအောင်မြင်ခဲ့ပါဘူး။ နောက်ထပ် ဆွေးနွေးပွဲတွေလုပ်ဖို့သာ သဘောတူညီမှုရခဲ့တယ်။ အလုပ်သိပ်မဖြစ်ခဲ့ပါဘူး။**

ကျွန်တော်တို့ဟာ တစ်ဦးနဲ့တစ်ဦး ကွာဟချက်တွေကို တံတားထိုးချဉ်းကပ်ရပါမယ်။ ဒီဖြစ်စဉ်ရဲ့အဆင့်တိုင်းဟာ အရေးကြီးပါတယ်။ တကယ်လို့ ဂျီနီဗာဆွေးနွေးပွဲတွေက အီရန်ရဲ့ သုတေသနဓာတ်ပေါင်းဖိုနဲ့ပတ်သက်လို့ ပြဿနာဖြေရှင်းချက်ရအောင် လုပ်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့လည်း ဒီပဋိပက္ခရဲ့ အခြားကဏ္ဍတွေကို ကိုင်တိုယ်နိုင်မှာပါ။

**ဒီအတောအတွင်း အီရန်ဟာ ကုလလုံခြုံရေးကောင်စီရဲ့ ပိတ်ဆို့အရေးယူမှု လေးကြိမ်ရှိထားတာ**



**တောင်မှ သူတို့ရဲ့ ဓာတ်ပေါင်းဖိုအတွက် ယူရေနီယမ်သန့်စင်မှုကို ၂၀ ရာခိုင်နှုန်းအထိ များများရအောင် ဆက်လုပ်နေတယ်ဆိုပါတယ်။**

ဒါ သူတို့ လုပ်နေတာပါပဲ။ ကုလရဲ့ ဆုံးဖြတ်ချက်အားလုံးကို ဆန့်ကျင်ပြီးတော့ပေါ့လေ။ အီရန်ဟာ အခုဆိုရင် အဆင့်နိမ့်သန့်စင်ပြီး ယူရေနီယမ် ၃,၁၀၃ ကီလိုဂရမ်ကျော်ကျော်နဲ့ အဆင့်မြင့်သန့်စင်ပြီး ယူရေနီယမ် ၃၃ ကီလိုဂရမ်လောက်ရထားပါတယ်။ အနည်းဆုံးတော့ အဲဒီပမာဏနှစ်ခုစလုံးကို ကျွန်တော်တို့ အပြည့်အဝစောင့်ကြည့်သွားမှာပါ။

**ဒါပေမဲ့ လူကြီးမင်းကိုယ်တိုင်လည်း အခုချိန်အထိ တီဟီရန်ကို မသွားသေးဘူးနော်။**

ကျွန်တော် တီဟီရန်ကို သိပ်သွားချင်ပါတယ်။ ဒါပေမဲ့ 'ဟယ်လို' ပြောဖို့တော့ မသွားချင်ပါဘူး။ ခရီးစဉ်အတွက် အကြောင်းပြချက်ကောင်းကောင်းရှိရပါမယ်။ တိုးတက်မှုကို ကျွန်တော် မြင်ချင်ပါတယ်။

**အစ္စရေးဟာလည်း စက်တင်ဘာ ၂၀၀၇ တုန်းကလည်း သူဟာ စစ်ရေးအရတိုက်ခိုက်မှုတွေကို ရှောင်ဖယ်နေမှာမဟုတ်ဘူးလို့ ပြသခဲ့ပါတယ်။ အီရန်ရဲ့ မဟာမိတ်ဖြစ်တဲ့ ဆီးရီးယားမှာလည်း အစ္စရေးဟာ ပလူတိုနီယမ်ထုတ်လုပ်တဲ့ အဆောက်အအုံတွေကို ဝင်ရောက်ဖျက်ဆီးခဲ့ပါတယ်။ ဆီးရီးယားသမ္မတဘာရှာအာဆတ်ရဲ့ နျူအစီအစဉ်တွေနဲ့ပတ်သက်လို့ သတင်းအသစ်တွေ လူကြီးမင်း ရထားပါသေးလား။**

ဆီးရီးယားဟာ ကျွန်တော်တို့ရဲ့ စုံစမ်းရေးမှူးတွေကို အဲဒီနေရာကို အသေးစိတ်သွားရောက်စစ်ဆေးဖို့ တိုင်းပြည်ထဲ ဝင်ခွင့်မပေးသေးပါဘူး။ ပြီးခဲ့တဲ့နိုဝင်ဘာလက ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဆီပေးပို့တဲ့စာမှာလည်း ကျွန်တော်ဟာ သူ့တိုင်းပြည်ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို အရေးတကြီးလိုအပ်နေကြောင်း ပြောခဲ့ပါတယ်။ ဒီကိစ္စမှာ တိုးတက်မှုတွေ ကျွန်တော်တို့လိုချင်ပါတယ်။ အခုဆိုရင် ဆီးရီးယားနဲ့ပတ်သက်လို့ ကျွန်တော်တို့မှာ ပြဿနာရှိနေပါပြီ။ ဒမတ်စကပ်က ဓာတ်ပေါင်းဖိုဟာ အိုင်အေအီးအေရဲ့ ကြီးကြပ်မှုအောက်မှာရှိနေပါတယ်။ အဲဒီမှာ ပုံမှန်စစ်ဆေးမှုတွေလည်း ကျွန်တော်တို့ လုပ်နေပါတယ်။ အခုတော့ ယူရေနီယမ်ထုတ်လုပ်နေကြောင်း သဲလွန်စအသစ်တွေလည်း အမည်မဖော်တဲ့ရင်းမြစ်တစ်ခုကနေ ကျွန်တော်တို့ သတင်းရထားပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ပိုသိချင်နေပါတယ်။

**လူကြီးမင်းဟာ ၁၉၅၇ မှာ စတင်တည်ထောင်တဲ့ ဒီအိုင်အေအီးအေအဖွဲ့ကြီးမှာ ပဉ္စမမြောက် အထွေထွေညွှန်ကြားရေးမှူးပဲဖြစ်ပါတယ်။ အာရှသားထဲကလည်း ဒီနေရာကို ပထမဆုံးရသူပါ။ လူကြီးမင်းဟာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှာ လုပ်စဉ်ကလည်း မြောက်ကိုရီးယားရေးရာ ကျွမ်းကျင်သူတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရတယ်။ အာဏာရှင်ကင်မ်ဂျုံအီလ်ဟာ ဘယ်လောက်အန္တရာယ်ကြီးပါသလဲ။**

မြောက်ကိုရီးယားကိစ္စက သိပ်အရေးကြီးတဲ့ကိစ္စပါ။ ကျွန်တော်က အဲဒီဒေသက လာတာဖြစ်ပြီး၊ အခု စကားပြောချိန်မှာ (အင်တာဗျူးအကြောင်းအရာက) အီရန်ကိစ္စတစ်ခုတည်း မဟုတ်လို့ ကျေးဇူးတင်ပါတယ်ဗျာ။ တီဟီရန်နဲ့ မတူတာကတော့ ပြုံယမ်းဟာ တကယ် နျူလက်နက်ရှိနေတာပါ။ ၂၀၀၆ နဲ့ ၂၀၀၉ မှာလည်း နျူဗုံး နှစ်ကြိမ် စမ်းသပ်ပြထားတယ်။ ပြီးတော့ အဲဒီမှာ ဘယ်စစ်ဆေးရေးမှူးမှ ရှိမနေဘူး။ ကျွန်တော်တို့(အေဂျင်စီက) လူတွေ ၂၀၀၉ မှာ နှင်ထုတ်ခံရပြီးနောက် ကျွန်တော်တို့မှာ တိုက်ရိုက်ရတဲ့သတင်းအချက်အလက်ဘာမှမရှိတော့ဘူး။

**မြောက်ကိုရီးယားလက်နက်တိုက်မှာ နျူလက်နက်ပေါင်း ဘယ်လောက်ရှိမယ်လို့ လူကြီးမင်း ခန့်မှန်းပါသလဲ။ ဒါဇင်ဝက်လောက်ရှိမလား။ အဲဒီ့ထက် နှစ်ဆရှိမလားခင်ဗျ။**

ကျွန်တော့်အလုပ်က နျူကလီးယားအစီအစဉ်တွေ စောင့်ကြည့်ဖို့ပါ။ တိုင်းပြည်တွေထဲ စစ်ဆေးခွင့်ရအောင် လုပ်ဖို့ပါ။ ပြုံယမ်းက အဲဒီလို လုပ်ချင်တဲ့စိတ်ဆန္ဒမရှိဘူး။ အကျိုးအမြတ်မျှော်ကိုးပြီး လုပ်တဲ့အထဲမှာ ကျွန်တော် မပါဝင်ခဲ့ပါဘူး။

**လူကြီးမင်းဟာ မကြာမီမှာပဲ ပါကစ္စတန်ရဲ့ နျူလက်နက်တွေ တာလီဘန်တွေလက်ထဲ ရောက်သွားလို့ ကူရာကယ်ရာမဲ့ဘဝဖြစ်ကောင်းဖြစ်နိုင်ခြေရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နျူကပ်ဘေးကြီးဟာ ဖြစ်နိုင်ခြေတစ်ခုလား။ အဲဒီ့ဖြစ်နိုင်ခြေဆိုတာကလည်း အကြမ်းဖက်အစွန်းရောက်တွေ လက်ထဲ နျူလက်နက်တွေ အဆုံးသတ်ရောက်ရှိသွားမယ့် ဖြစ်နိုင်ခြေလားခင်ဗျ။**

ကျွန်တော်က နျူကလီးယားဗုံး နှစ်လုံး ကြဲချခံရဖူးတဲ့နိုင်ငံက လာတာပါ။ ဟီရိုရှီးမားနဲ့ နာဂါဆာကီလိုအဖြစ်မျိုးတွေ တစ်ကျော့ပြန်ဖြစ်လာမှာကို တားဆီးဖို့ ဖြစ်နိုင်သမျှ အရာရာကို လုပ်ဆောင်သွားမှာပါ။ အဲဒါကြောင့် ကျွန်တော်ကတော့ သတိကြီးကြီးနဲ့ကို အစွမ်းကုန်စောင့်ကြည့်နေဦးမှာပါ။

*—Ref: Interview with IAEA Head Yukiya Amano. Spiegel. 11 Jan.*

ဓာတ်ပုံ - လမင်းနိုင်



## အဆိုတော်ခင်ဘုဏ်း
## ဇန်နဝါရီ ၂၅ ရက်တွင် မင်္ဂလာဆောင်မည်


**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

အဆိုတော်ခင်ဘုဏ်း၏ မင်္ဂလာပွဲကို ဇန်နဝါရီလ ၂၅ ရက်တွင် ဆီဒိုးနားဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး သူမ၏လက်တွဲဖော်မှာပရိသတ်များ သိထားပြီးသူ ဂစ်တာသမား မောင်သက်(ကြွက်)ပင်ဖြစ်သည်။

အဆိုတော်သက်တမ်း ၁၀ နှစ်နီးပါးရှိခဲ့ပြီဖြစ်သော ခင်ဘုဏ်း၏ မင်္ဂလာပွဲကို ဆီဒိုးနားဟိုတယ်တွင် နံနက် ၉ နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်သည်။ သူမတို့၏ မင်္ဂလာပွဲအတွက် အလုပ်ရှုပ်လျက်ရှိကြောင်း သူမကပြောသည်။

ခင်ဘုဏ်း၏ ချစ်သူမှာ ၂၀၀၂ ခုနှစ်က Synergy အဖွဲ့အမည်ဖြင့် အဖွဲ့လိုက်စီးရီးထွက်ရှိခဲ့ပြီး ပြည်ပမှ ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရခဲ့သူ တစ်ဦးလည်းဖြစ်သည်။ Noize Camp တီးဝိုင်းကို တည်ထောင်ထားပြီး ခင်ဘုဏ်း၏တစ်ကိုယ်တော်စီးရီး'အယုံလွယ်သူ'တွင်လည်း ပါဝင်တီးခတ်ပေးထားခဲ့သည်။ အဆိုအပြင် ဂစ်တာတီးခတ်ခြင်းကိုလည်း ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ နိုင်ငံရပ်ခြားသို့ ကာလတစ်ခုကြာ ပညာသွားရောက်သင်ကြားခဲ့ပြီး ပြန်လာချိန်တွင် ခင်ဘုဏ်းနှင့်လက်ထပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



## အကယ်ဒမီ ပွဲတက်ဝတ်စုံ ပြင်ကြပြီ

ဓာတ်ပုံ - အေးသူစံ

**အေးသူစံ**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီလ ၂၃ ရက်နေ့နေပြည်တော်မှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ယခင်နှစ်များကလို ဖေဖော်ဝါရီလဆန်းပိုင်းလို့ ထင်မှတ်ထားတဲ့ ရုပ်ရှင်လောကသားအများစုဟာ ရှေ့တိုးလာတဲ့ပွဲရက်ကြောင့် ရိုက်ကူးရေးလက်စတွေ၊ အလုပ်လက်ခံထားတာတွေကို အပူတပြင်း ပြန်လည်ပြင်ဆင်ကြရင်းနဲ့ ပွဲတက်ဝတ်စုံချုပ်ဖို့ အေးဆေးနေတဲ့ ဒီဇိုင်နာတွေ၊ စပွန်ဆာပေးမယ့်ကုမ္ပဏီတွေလည်းအားချင်းအလုပ်ရှုပ်သွားကြပါတယ်။နိုင်ငံခြားကိုချက်ချင်းထွက်ပြီး ဈေးသွားဝယ်တဲ့ ဒီဇိုင်နာတွေနဲ့ ဝတ်စုံဖစ်တင်ချတဲ့မင်းသမီးတွေနဲ့ ဒီရက်ပိုင်းလှုပ်ခတ်နေတဲ့ အကယ်ဒမီပွဲတက်ဝတ်စုံလေးတွေကို ရနိုင်သလောက်စုစည်းတင်ဆက်ပေးလိုက်ပါတယ်။

**■မေသန်းနု**

ဒီဇိုင်နာ လတ်လတ် စီစဉ်နေပါတယ်။ သွားဖို့ကတော့ဘာမှမစီစဉ်ရသေးဘူး။ 'ကျောက်စက်ရေ' ကတော့ အကယ်ဒမီအတွက် ကြည့်တယ်လို့သတင်းကြားတယ်။ ပေးမပေးတော့ မပြောတတ်ဘူးပေါ့နော်။ အဲဒီကားမှာပါတဲ့လူအားလုံးကတော့ မျှော်လင့်လို့ရတာပေါ့။ မင်းသားထဲက နေတိုးလည်းကြားတယ်။ မြင့်မြတ်လည်းကြားတယ်။ မဆင့်တို့က ရှင်းရှင်းပြောရရင်ရုပ်ရှင်ကိုလည်းသွားမကြည့်ဖြစ်ဖူးလေ။ အဲဒီတော့ သိပ်မသိဘူးပေါ့။ ဒါပေမဲ့ ပရိသတ်ရဲ့စကား၊ သရုပ်ဆောင်တစ်ယောက်ရဲ့အနေအထားအရ နေတိုးကတော့ ပြောစရာမရှိဘူးပေါ့။

**■ရူးရူးမောင်**

ချိုက မန္တလေးက ဒီဇိုင်နာကိုမျိုးမင်းစိုးရဲ့ ဝတ်စုံကိုဝတ်မှာပါ။ ချိတ်ပုံစံလေးလုပ်ထားတယ်လို့ သူကတော့ပြောတယ်။ထဘီတော့ ပြီးနေပြီတဲ့။ အန်တီနဲ့ပဲသွားမှာပါ။ မင်းသားထဲကတော့ နေတိုးနဲ့ မြင့်မြတ်လို့တော့ကြားတာပဲ။ မင်းသမီးက မစိုးကြီးလို့ ကြားတယ်။

**■မိုးအောင်ရင်**

ဘာအစီအစဉ်မှမရှိသေးဘူး။ ဝတ်စုံအတွက်က ကျွန်တော့်ကို အရင်က ပြောထားတာတွေ တော့ရှိတယ်။ မသေချာသေးဘူး။ လပ်ကီးဆဲဗင်း မိသားစုနဲ့ပဲ သွားဖြစ်မှာပါ။

**■မို့မို့မြင့်အောင်**

လောလောဆယ် ယူဖိုးရီးယားက စီစဉ်ပေးမယ်ပြောပါတယ်။

စာ(၄၅)သို့



## ဂျပန်ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်မယ့် KARA

**ဆိုးလ်၊ ဇန်နဝါရီ - ၁၄**

ကိုရီးယားပေါ့ပ်ဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး မိန်းမချောလေး ၅ဦးဖြင့် ဖွဲ့စည်းထားသည့် KARA အဖွဲ့သည် ဂျပန်ရုပ်သံလိုင်း တီဗီတိုကျိုတွင်ပြသမည့် ရုပ်သံဇာတ်လမ်းတွဲ၌ အဓိကနေရာမှ ပါဝင်သရုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ကိုရီးယားဟာရယ်သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို "URAKARA"ဟုအမည်ပေးထားပြီး ထိုဇာတ်လမ်းတွဲကို ကိုရီးယားကုမ္ပဏီတစ်ခုမှ ရှယ်ယာထည့်ဝင်ထားသော Japan TV man Union မှထုတ်လုပ်သည်။ ဂျပန်နိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်မှစကာ အပတ်စဉ် သောကြာနေ့တိုင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံတွင်လည်း "Kara's Double Life" ဟုအမည်ပြောင်းကာ ဇန်နဝါရီလကုန်ပိုင်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ KARA အဖွဲ့ဝင်များသည် အဆိုပါဇာတ်လမ်းတွဲတွင် မတူညီသောဇာတ်ရုပ်အသီးသီးဖြင့် သရုပ်ဆောင်သွားမည်ဖြစ်သည်။ သူမတို့၏ တေးစီးရီးအယ်လ်ဘမ် "Jumping"ကိုလည်း ဂျပန်နိုင်ငံတွင်ဖေဖော်ဝါရီလအတွင်း ဖြန့်ချိသွားမည်ဟု သတင်းထုတ်ပြန်ထားသည်။

—Ref; Korea Herald

7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# ဟော့ရှော့ – ၃ ဟာသရုပ်ရှင်ကားကို ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရုံတင်ပြသမည်

**အေးသူစံ**
**ရန်ကုန်၊ ဇန်နဝါရီ၉**

မြန်မာ့ရုပ်ရှင်လောကတွင် အောင်မြင်သော ဇာတ်ကားပေါင်းများစွာရှိသော်လည်းအဆိုပါ အောင်မြင်သောဇာတ်ကားကို အပိုင်းလိုက် ဆက်လက်ရိုက်ကူးပြသခြင်းမှာ အတန်ငယ်ရှားပါးသည့်ကြားက ဟော့ရှော့ ရုပ်ရှင်ကားကြီးမှ ယခုအခါ ဟော့ရှော့ ၃ အထိ ရိုက်ကူးပြီး ရုံတင်ပြသနိုင်တော့မည်ဖြစ်သည်။

ဟော့ရှော့ ၃ တွင် ရန်အောင်၊ ရဲအောင်၊ လွင်မိုး၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ မေခလာ၊ သက်မွန်မြင့်၊ အယ်လ်ဆိုင်းဇီ၊ ပွင့်၊ ဗေလုဝ စသဖြင့် သရုပ်ဆောင်အင်အားများစွာဖြင့် ဒါရိုက်တာ ညီညီထွန်းလွင်က လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးထားခြင်းဖြစ်သည်။


ရုပ်ရှင်လုပ်ငန်းကို ဝါသနာအရလုပ်ကိုင်ကြသော အောင်ထိပ်(လွင်မိုး)၊ ညိုဝင်း(ရန်အောင်) နှင့် တင်မောင်(ရဲအောင်) တို့သည် ရုပ်ရှင်ရိုက်ရင်း ခင်မင်သွားသူတည်းခိုခန်းပိုင်ရှင် သူငယ်ချင်းခိုင်မာ၏ မီးပုံပွဲတွင် လူမှန်းမသိအောင် မူးကြပြီးနောက် ခိုင်မာမှာ



မည်သူနှင့်မှောက်မှားမိမှန်းမသိဘဲ သမီးတစ်ဦးဖွားမြင်ခဲ့သည်။ မွေးဖွားလာသော သမီး ခက်ခက် (သက်မွန်မြင့်) အရွယ်ရောက်ချိန်တွင် သူမ၏ မင်္ဂလာပွဲသို့ အဖေဖြစ်နိုင်ခြေရှိသည့် သုံးဦးကို မိခင်မသိအောင် တိတ်တဆိတ်ဖိတ်ကြားပြီး ဖခင်ရင်း ရှာပုံတော်ဖွင့်ပုံကို ဟာသမြောက်စွာ ရိုက်ကူးထားခြင်းဖြစ်သည်။

ယခုဇာတ်ကားတွင် အဆိုတော်မေခလာနှင့် အယ်လ်ဆိုင်းဇီတို့မှာ ဝါရင့်သရုပ်ဆောင်များနည်းတူ လိုက်လျောညီထွေ သရုပ်ဆောင်နိုင်ခဲ့ပြီး၊ မေခလာမှာယခင်က ရုပ်ရှင်ဇာတ်ကားများတွင်လည်း သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ၂၀၀၈ ခုနှစ်က ဝင်ငွေစံချိန်ချိုးသည်အထိ အောင်မြင်ခဲ့သော ဟော့ရှော့ဇာတ်ကားထဲမှ သရုပ်ဆောင်အများစုပြန်လည်ပါဝင်ထားပြီး 'နယူးမော်ဒယ်' ဇာတ်ကားအပြီး ရုံတင်ဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။



7 DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011



# ‘ဒီနှစ်အကယ်ဒမီမှာတော့ ကျွန်တော့်ရဲ့ကားတွေများတဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့မျှော်လင့်ချက် အကောင်အထည်ပေါ်နိုင်တဲ့နှစ်လည်းဖြစ်နိုင်ပါတယ်’

## နေတိုးနှင့်တွေ့ဆုံခြင်း

အေးသူစံ

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကျင်းပဖို့ ၄ရက်သာလိုပါတော့တယ်။ အကယ်ဒမီခန့်မှန်းချက်တွေလည်း ဟိုတစ်စ ဒီတစ်စကြားလာရချိန်မှာ မင်းသားထဲက နေတိုးက ထိပ်ဆုံးကရှိနေပြီး မြင့်မြတ်ကတော့ သူနဲ့ကပ်လိုက်နေတာ တွေ့လာရပါတယ်။ နေတိုးရဲ့ဇာတ်ကားတွေက ၂၀၀၉ခုနှစ်မှ၆ကားရှိခဲ့ပြီးကာရိုက်တာလည်းစုံလို့သူပိုပြီးအကယ်ဒမီဆုရှင်ဖြစ်နိုင်ခြေများနေတယ်လို့ယေဘုယျ မှတ်ချက်ချရမှာဖြစ်ပါတယ်။ ထင်ကြေးနဲ့ဆုရှင် တစ်ထပ်တည်းဖြစ်မဖြစ်က နောက်လေးရက် အကြာမှာ အဖြေထွက်တော့မှာပါ။

**ကြိုးကြာတောင်ပံခတ်သံကို ချင်းတောင်မှာသွားရိုက်ရတော့မယ်လို့ သိသိချင်းမှာ ဘယ်လိုအချက်ကိုသွားပြီးစဉ်းစားမိလဲ။**

ကျွန်တော်အရင်တုန်းက ရိုက်ခဲ့တဲ့ ဆရာဝန်ဇာတ်ရုပ်တွေ အများကြီးရှိတယ်။ ရှေးတုန်းက ရိုက်ခဲ့တဲ့ ကားတွေကျတော့ ဆရာဝန် ကာရိုက်တာတစ်ခုက နေ ပူးကပ်တာပေါ့။ ဒီဟာကျတော့ ဆရာဝန် ကာရိုက်တာတစ်ခုပေါ်မှာ ချင်းတောင် လတ်ငြိမ်းရဲ့ ဘဝကို အတတ်နိုင်ဆုံးပေါ်အောင် တစ်ကားလုံးကို တည်ဆောက်ရတော့ ဒီကားကပိုပြီး လေးနက်မှုရှိတယ်။ ပရိသတ်ကိုပိုပြီးတော့ ရသကို လေးလေးနက်နက်ပေးနိုင်စွမ်းရှိ တယ်လို့ထင်တယ်။

**ချင်းတောင်ကို သွားရတဲ့ ခရီးလမ်းတစ်လျှောက်ကကြမ်းတမ်းတယ်လေ။ ခရီးလမ်းကြမ်းတမ်းမှုကိုအရင်ကကြိုတင်တွေးထားမိလား။**

ကျွန်တော် မန္တလေးကနေ ကလေးကို ကားနဲ့သွားပါတယ်။ အဆင့်ဆင့်သွားရတယ်။ ဦးမောင်တို့က အရင်သွားနှင့်တယ်။ ကျွန်တော်က နိုင်ငံခြားခရီးစဉ်ရှိနေ လို့ နည်းနည်းနောက်ကျနေတယ်။ တစ်ညအိပ်တောင်ပေါ်ခရီးကို ကျွန်တော်က ညဘက်ကြီးလိုက်သွားရတာ။ ကြမ်းတမ်းမှုတွေ၊ ခက်ခဲမှုတွေအများကြီးရှိခဲ့တယ်။ ကျွန်တော်က ရခိုင်ဆိုတော့ ရေလမ်းခရီးရဲ့ ကြမ်းတမ်းမှုတွေကိုတော့ အတွေ့အကြုံရှိခဲ့တာပေါ့။ ဒါပေမဲ့ တောင်ပေါ်ဒေသကိုသွားရတဲ့ ကြမ်းတမ်းမှုကတော့ ပိုပြင်းထန်တာပေါ့။ ဒါပေမဲ့ ဘယ်လောက်ပဲလမ်း ခရီးကြမ်းတမ်းပါစေ။ ကျွန်တော် တို့လိုချင်တဲ့ဇာတ်ကောင်ရဲ့ မုဒ်ရအောင်၊တကယ့်ဒေသ အမှန်ဖြစ်တဲ့ ဆရာလက်ာရည်ကျော်ရဲ့ ဝတ္ထုအပေါ်မှာ ကြိုက်ပြီးအရမ်းလည်း အလေးအနက်ထားတယ်။ ဦးမောင်ကလည်း ဒီဒေသအမှန်ကို သွားရိုက်မယ်။ ဒေသခံတွေနဲ့ ထိတွေ့ခွင့်၊နွေးထွေးမှုကိုယူပြီးမှဇာတ်လမ်းကို ကြွအောင် ပြန်လုပ်မယ်ဆိုတော့ ကျွန်တော်တို့ ပြန်ကြည့်မိတဲ့ အချိန်မှာလည်း တကယ်ပဲမျှော်လင့်တဲ့ အတိုင်း ကျေနပ်မှုကိုရပါတယ်။

**ချင်းတောင်မှာအစားအသောက်လည်းရှားပါးတော့ အစ်ကိုတို့ ဟိုမှာနေထိုင်စားသောက်ရတာ စိတ်ညစ်တာမျိုးဖြစ်ခဲ့လား။**

အစားအသောက်ကတော့ အကုန်လုံးအဆင်ပြေအောင် ကျွန်တော်တို့ကိုဆောင်ရွက်ပေး ပါတယ်။ ရောက်ဖို့ခဲယဉ်းတဲ့ဒေ သကိုရောက်တဲ့အချိန်မှာ ကျွန်တော်တို့မမျှော်လင့်နိုင်တဲ့ကြိုဆိုမှုတွေ ရှိတာကို ကျေနပ်မိတယ်။ ခုချိန်ထိလည်း မမေ့ပါဘူး။ အခက်အခဲဆိုတာတော့ အနည်းနဲ့အများ ရှိခဲ့ပေမယ့် ဒါတွေကိုကျော်လွှားနိုင်ခဲ့တာ တိုင်းရင်းသားတွေရဲ့ နွေးထွေးပျူငှာမှုတွေကြောင့်ပါ။

စာ(၃၀)သို့

## စာ-၄၃၊ အကယ်ဒမီ ပွဲတက်ဝတ်စုံ ပြင်ကြပြီမှ

ဘယ်မှာတည်းမယ်၊ ဘယ်လိုသွားမယ်ဆိုတာ စဉ်းစားတုန်းပဲ။ တချို့ကားတွေက ရုံမတင်ရသေးဘူး၊ ကိုယ်လည်းမကြည့်ရသေးတော့လေကိုယ်လည်းမှန်းရခက်တာပေါ့။ ကျောက်စက်ရေမှာတော့ သုံးယောက်လုံးက လယ်ဗယ်ပဲ။ ချွန်ထွက်တာတော့ ကိုယ်တော့မတွေ့ရဘူးပေါ့။သုံးယောက်လုံးကလည်း ပညာတော်ကြတော့ ကိုယ်လည်း မမှန်းတတ်ဘူးဖြစ်နေတယ်။ ဒီကားကကိုယ်တိုင်လည်းရိုက်ခဲ့ဖူးတဲ့ကားဆိုတော့ပရက်ရှိုးပြတုန်းက သွားကြည့်ခဲ့တယ်။ ခေတ်အရတော့သူတို့ပြောင်းလဲပြီးလုပ်ထား တာလေးတွေ ကောင်းပါတယ်။

**■သက်မွန်မြင့်**

ဒီဇိုင်နာလတ်လတ်ရဲ့ဝတ်စုံဝတ်ဖို့စီစဉ်ထားပါတယ်။ မလတ်နဲ့သက်မွန်နဲ့လိုချင်တဲ့ ဒီဇိုင်းပုံစံလေးကိုညှိပြီးလုပ်ဖို့စဉ်းစားထားပါတယ်။ ဘယ်လိုအစီအစဉ်နဲ့ သွားမလဲတော့ သေချာမသိသေးဘူး။ သေချာတာတော့ သက်မွန်ကားတွေ တစ်ခုမှမပါဘူး။ (ရယ်လျက်)ကားရိုက်တွေလည်းဆက်တိုက်ရှိတော့ သက်မွန်ကားတွေ သိပ်မကြည့်ဖြစ်ဘူး။ မာမီရှိန်းတော့ ကြော်ငြာတုန်းက ကြည့်လိုက်ရလို့ကြိုက်တယ်။ သက်မွန်ကြားတာက ကိုနေတိုးလို့လည်းကြားတယ်။ မစိုးကြီးလို့လည်းကြားတယ်။ မအူဝဲတို့လည်းရှိတယ်။

**■မျိုးစန္ဒီကျော်**

အစ်မနဲ့ အစ်မခင်ပွန်းတို့ကို Aroma ကမိတ်ကပ်၊ဆံပင်၊အဝတ်အစားအားလုံး ဆင်ယင်ပေးကြမှာပါ။ ဒီဇိုင်းကိုလည်းသူတို့နဲ့ညှိပြီး ကိုယ်နဲ့လိုက်တာလေးတွေဝတ်ဖြစ်မှာပါ။ အရောင်ကတော့ ငွေရောင်နဲ့ အနက်ရောင်ရောထားတာကို ဝတ်မှာ။ သွားဖို့ကတော့ Aromaမိသားစုနဲ့ပဲသွားဖြစ်မလား၊ ကိုယ့်သူငယ်ချင်းတွေနဲ့ပဲ သွားဖြစ်မလားမသေချာသေးဘူး။ သင်္ဂဟ ဟိုတယ်မှာတည်းမယ်။

**■ပပဝင်းခင်**

ခင်မဒီပိုးထည်တိုက်က ဝတ်စုံကို ဒီဇိုင်နာလတ်လတ်က ဖန်တီးပေးမှာပါ။ ပြောထားတာတော့နှစ်စုံလောက်ရှိတယ်။ ဘာရောင်ဝတ်ဖြစ်မလဲ မသိသေးပါဘူး။ လက်ဝတ်လက်စားကို ပပအစ်မတစ်ဝမ်းကွဲက စီစဉ်ပေးမှာပါ။ မိတ်ကပ်ကို ညီညီမောင်(စမ်းချောင်း)နဲ့လိမ်းမယ်။ ဖိနပ်ကတော့ အစ်ကို စင်ကာပူက ဝယ်လာတဲ့ဖိနပ်စီးမယ်။ တည်းဖို့ကတော့မသေချာသေးဘူး။ အကယ်ဒမီဘယ်သူတွေရမယ်ဆိုတာတော့ ပပလည်းသေချာ မသိပါဘူး။

**■ဖူးစုံ**

ဒီဇိုင်နာ ညိုမာသန့်ရဲ့ဝတ်စုံဝတ်ဖြစ်မှာပါ။ အရောင်ကတော့ အရောင်စပ်ထားတာဖြစ်ဖို့များတယ်။ ဖူးစုံဒီနှစ်ထဲမှာ စိမ်းဝါကို အရမ်းကြိုက်နေတယ်။ အဲဒါများဝတ်ဖြစ်မလားမသိဘူး။ မိတ်ကပ်က ကျော်မိုးဖြစ်ဖို့များတယ်။ လက်ဝတ်လက်စားလည်း မညိုမာသန့်ပဲစီစဉ်ပေးမှာပါ။ သင်္ဂဟ ဟိုတယ်မှာတည်းဖြစ်မယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ်သွားမယ်။ ရဖို့ကြားတဲ့သူတွေကတော့ကိုနေတိုးနဲ့မကြီးစိုးလို့ ကြားပါတယ်။

**■လှအဥ္ဇလီတင့်**

ဒီဇိုင်နာဂျိုကာရဲ့ဝတ်စုံ ဝတ်ဖြစ်မှာပါ။ ပိတ်စကတော့ I Give ကုမ္ပဏီက ပံ့ပိုးပေးပါတယ်။ မိတ်ကပ်ကတော့ ဘယ်သူနဲ့လိမ်းဖြစ်မလဲမသေချာသေးဘူး။ လိမ်းပေးမယ့်သူတွေများနေလို့ပါ။ ကိုယ့်အစီအစဉ်နဲ့ပဲကိုယ်သွားဖြစ်ဖို့များပါတယ်။ တော်ဝင်ကုမုဒြာမှာတည်းမယ်။ ကိုယ်ရဖို့မရှိပေမယ့် ကိုယ့်မိသားစုအသိုင်းအဝိုင်း အနုပညာသမားတွေ၊ ရတဲ့သူတွေအတွက်အားပေးမယ်။ နေတိုး၊ မကြီးစိုး၊ မခိုင်၊ မဆင့်နဲ့မမို့တို့လို့ ကြားပါတယ်။

**■ခိုင်နှင်းဝေ**

ဒီဇိုင်းနဲ့ အိတ်အတွက်က Seraph က မသက်သက်ခိုင်က စပွန်ဆာပေးပါတယ်။ ကြက်သွေးရောင်ဘက်ပါတဲ့အနီရောင်ဝတ်ဖြစ်ပါမယ်။ သင်္ဂဟ ဟိုတယ်မှာတည်းမှာပါ။ အစ်မကားက ‘အတိတ်ရဲ့အရိပ်’ တစ်ကားပဲပါပါတယ်။ သတင်းကြားတာတော့ မကြီးစိုးနဲ့ နေတိုးလို့ကြားပါတယ်။

**■ချမ်းမီမီကို**

သမီးကို ဇန်းကိုင်ထဲပါတယ်ဆိုပြီးလှမ်းလှမ်းမေးကြတယ်။ သမီး ဖောင်လည်းမတင်ထားပါဘူး။ သမီးကိုလည်း လူကြီးတွေက ဘာမှမပြောထားသေးပါဘူး။ သမီးက အရပ်ရှည်တော့ပါမယ်လို့လည်းမထင်ပါဘူး။ ပွဲတက်ဖို့ကိုလည်း အစည်းအရုံးမှာ သမီးသွားစုံစမ်းရဦးမှာပါ။

**■ရွှေစင်**

သမီးကို ဇန်းကိုင်ထဲပါတယ်လို့ပြောကြပါတယ်။ သမီးက ဖောင်လည်း မတင်ထားမိပါဘူး။ အစည်းအရုံးလည်းမဝင်ရသေးပါဘူး။ တကယ်လို့ ပွဲတက်ရမယ်ဆိုရင်အတတ်နိုင်ဆုံးကြိုးစားပြီး တက်မှာပါ။ အဲဒီရက်ဝန်းကျင်အလုပ်ကလေးတွေရှိတာကိုတော့ ညှိရမှာပေါ့။

**■နဒီဝင့်နိုင်**

သမီးကို ဇန်းကိုင်ထဲပါလားဆိုပြီး ဖုန်းတွေတောက်လျှောက် ဝင်လာပါတယ်။ သမီး ဖောင်လည်းမတင်ထားမိပါဘူး။ ဇန်းကိုင်ထဲတော့ပါချင်တာပေါ့အစ်မရယ်။ အကယ်ဒမီပွဲတက်ဝတ်စုံကိုတော့ ဒီဇိုင်နာလတ်လတ်နဲ့ ဝတ်ဖြစ်ပါမယ်။ ဒါမှမဟုတ်ရင် မေဖက်ရှင်နဲ့လည်းပြောထားတာ ရှိပါတယ်။ မိတ်ကပ်ကတော့ ဉာဏ်ဉာဏ်(လှည်းတန်း)နဲ့ ပြင်မှာပါ။ ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားဖြစ်ပါမယ်။ သင်္ဂဟဟိုတယ်မှာတည်းမှာပါ။

**■ဂျူးဂျူးကေ**

ဇန်းကိုင်ဖို့အတွက် ညီအစ်မနှစ်ယောက်လုံး ဖောင်တင်ထားပါတယ်။ သမီးကို ဇန်းကိုင်ထဲပါတယ်ဆိုပြီး ဖုန်းတွေဝင်လာနေပါတယ်။ လူကြီးတွေကတော့ အကြောင်းမကြားသေးပါဘူး။ ပါတယ်ဆိုရင်တော့ အဲဒီရက်နားတစ်ဝိုက်က အလုပ်တွေအကုန်ဖျက်ရမှာပေါ့။ သမီးအရမ်းရင်ခုန်နေပါတယ်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | True Grit | Paramount Pic: | ၁၁၀,၀၃၅,၁၅၇ | ၃ |
| ၂။ | Little Fockers | University Pic: | ၁၂၃,၆၈၇,၇၆၀ | ၃ |
| ၃။ | Season of the Witch | Relativity Media | ၁၀,၆၁၂,၃၇၅ | ၁ |
| ၄။ | TRON: Legacy | Walt Disney | ၁၄၈,၂၁၂,၄၂၀ | ၄ |
| ၅။ | Black Swan | Fox Searchlight | ၆၁,၂၁၈,၅၀၄ | ၆ |
| ၆။ | Country Strong | Screen Gems | ၇,၄၆၃,၄၅၄ | ၃ |
| ၇။ | The Fighter | Paramount Pic: | ၅၇,၈၄၅,၉၄၆ | ၅ |
| ၈။ | Yogi Bear | Warner Bros: | ၇၅,၄၃၆,၇၇၁ | ၄ |
| ၉။ | The King's Speech | The Weinstein Company | ၃၂,၈၉၆,၆၆၅ | ၇ |
| ၁၀။ | Tangled | Walt Diseny | ၁၇၅,၇၇၉,၄၉၆ | ၇ |

## Movie Review

### Justin Beiber: Never Say Never




ဆယ်ကျော်သက် နာမည်ကြီး ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာရဲ့ ဘဝအတ္ထုပ္ပတ္တိဇာတ်လမ်းကို ဂျပ်စတင်ဘီဘာကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ နာမည်ကျော် ဘဝကိုဘယ်လို တက်လှမ်းနိုင်ခဲ့တယ်ဆိုတာကို ရိုက်ကူးထားပြီး သူရဲ့ Live ဂီတဖျော်ဖြေပွဲတွေကိုလည်း ထည့်သွင်းထားပါတယ်။ သုံးဘက်မြင် ရုပ်ရှင်အနေနဲ့ ခံစားရမှာပါ။

ဂျပ်စတင်ကို အရူးအမူးစွဲလမ်းကြတဲ့ လူငယ်တွေ သူ့ရဲ့ဘဝ၊ သူ့ရဲ့လှုပ်ရှားမှု၊ သူရဲ့သီချင်းဆိုဟန်တို့ကို တစ်ဝကြီး ခံစားရမှာဖြစ်ပါတယ်။

STEP UP 3D ဇာတ်ကားကို ရိုက်ကူးခဲ့တဲ့ ဒါရိုက်တာ John Chu ရိုက်ကူးထားတဲ့ ဇာတ်ကားမှာ ဂျပ်စတင်ဘီဘာက အဓိကသရုပ်ဆောင်ထားပြီး Paramount Pictures က ဖေဖော်ဝါရီ ၁၁ရက်မှာ ဖြန့်ချိမှာဖြစ်ပါတယ်။

Sports

7DAY NEWS JOURNAL

Vol.9, No.42 • JANUARY 13, 2011

# မြန်မာလိဂ်ဆုပေးပွဲမတက်သည့် ဆုရကစားသမားများ၏ဆုငွေများကို မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ လှူမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ-၁၂

မြန်မာနေရှင်နယ်လိဂ် ၂၀၁၀ အကောင်းဆုံးဆုများ ချီးမြှင့်သည့် အခမ်းအနားတွင် ဆုပေးပွဲမတက်သည့် ကစားသမားများ၏ ဆုငွေများကို မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




ဓာတ်ပုံ - အောင်အောင်

အဆိုပါ အခမ်းအနားကို ယခုလ ၁၀ ရက် ညက ဆီဒိုးနားဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ၂၀၁၀ အတွက် အကောင်းဆုံးကစားသမားဆုကို ရတနာပုံအသင်းမှ အလယ်တန်းကစားသမား အောင်ကျော်မိုးက ရရှိပြီး၊ ဒုတိယအကောင်းဆုံးအဖြစ် ရန်ကုန်ယူနိုက်တက် နောက်တန်းကစားသမားဟန်ဆန်နှင့် တတိယ အကောင်းဆုံးအဖြစ် (ဇေယျာရွှေမြေကစားသမားဟောင်း) ရန်ကုန်ယူနိုက်တက် အလယ်တန်း ကစားသမားရာဇာဝင်းသိန်းတို့ ရွေးချယ်ခံခဲ့ရသည်။

သို့သော် ယင်းဆုပေးပွဲ အခမ်းအနားသို့ ဟန်ဆန်နှင့် ရာဇာဝင်းသိန်းတို့ တက်ရောက်ခြင်း မရှိခဲ့သောကြောင့် ၎င်းတို့နှစ်ဦးရရှိသည့် ဆုကြေးငွေကျပ် ၁၀ သိန်းနှင့် ၅ သိန်း၊ စုစုပေါင်းကျပ် ၁၅ သိန်းကို မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"ဟန်ဆန်နဲ့ ရာဇာဝင်းသိန်းတို့ ဆုရမယ်လို့တော့ ကြိုတင်မသိခဲ့ပါဘူး။ အဲဒီနေ့ ညနေက ထရိန်နင်ပြီးလို့ နိုင်ငံခြားသားကစားသမားတွေကိုတော့ အနားပေးလိုက်တာပါ။ ရာဇာဝင်းသိန်းကတော့ အခမ်းအနားကို လာနေတုန်း လမ်းကျမှ သူ့အမေနေမကောင်းလို့ဆိုပြီး ခွင့်တောင်းပြီး ပြန်သွားတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် နားလည်မှုလွဲသွားလို့ဖြစ်သွားတာလို့ထင်ပါတယ်" ဟု ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ နေရှင်နယ်လိဂ် ၂၀၁၀ အတွက် ချီးမြှင့်ခဲ့သည့် ဆုများမှာ ချန်ပီယံ-ရတနာပုံအသင်း (ဆုငွေကျပ်သိန်း ၅၀၀)၊ ဒုတိယ ဇေယျာရွှေမြေအသင်း (ဆုငွေကျပ်သိန်း ၃၀၀)၊ တတိယ ရန်ကုန်ယူနိုက်တက်အသင်း (ဆုငွေ ကျပ်သိန်း ၂၀၀)၊ အသန့်ရှင်းဆုံး ဆု မနောမြေအသင်း၊ အကောင်းဆုံးဘောလုံးသမားဆု အောင်ကျော်မိုး(ရတနာပုံ) (ဆုငွေကျပ်သိန်း ၂၀)၊ ဒုတိယအကောင်းဆုံးဘောလုံးသမားဆု ဆင်မြူရယ်ဟန်ဆန်(ရန်ကုန်-ဆုငွေကျပ် ၁၀ သိန်း)၊ တတိယအကောင်းဆုံးဘောလုံးသမားဆု (ရာဇာဝင်းသိန်း-ရန်ကုန်) (ဆုငွေကျပ် ၅ သိန်း) ဂိုးသွင်းဘုရင်ဆု(လစ်ပီလစ်ပီ(ဥသဘာ) (၁၆ ဂိုး-ဆုငွေကျပ်သိန်း ၂၀)၊ အကောင်းဆုံးလူငယ်ကစားသမားဆု (ဒေးဗစ်ဒန်း-ရန်ကုန်)၊ အကောင်းဆုံးအမျိုးသမီးဘောလုံးသမားဆု (စန်းစန်းမော်-ဆုငွေကျပ်သိန်း ၅ သိန်း)၊ အကောင်းဆုံး ဒိုင်လူကြီးဆု ဦးလှမင်း၊ အကောင်းဆုံး အကူဒိုင်ဆု ဦးဟန်သိန်း၊ အတိုးတက်ဆုံး လူငယ်ဒိုင်ဆု ဦးကျော်ကျော်မင်း၊ အရန်အသင်းလိဂ်ချန်ပီယံ ရန်ကုန် ယူနိုက်တက်အရန်အသင်း၊ အရန်အသင်းလိဂ်တတိယ-ဆောက်သမ်းမြန်မာအရန်အသင်း၊ အရန်အသင်းလိဂ် ဂိုးသွင်းဘုရင်ဆု-ကောင်းစည်သူ (ရန်ကုန်)၊ မျိုးဇော်ဦး(မကွေး)၊ ၁၇ ဂိုးစီ-ဆုငွေ ကျပ် ၅သိန်းစီဖြစ်ကြောင်း သိရသည်။

# ပြောင်းရွှေ့ကြေး ကျပ်သိန်းနှစ်ရာဖြင့် ခင်မောင်လွင် ရန်ကုန်ရောက်

**လစာအဖြစ် တစ်လကျပ် ၁၅ သိန်းမှ သိန်း ၂၀ အတွင်း ရရှိမည်ဖြစ်သည်။**

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ - ၁၄



ဓာတ်ပုံ - အောင်အောင်

ကမ္ဘောဇအသင်းခေါင်းဆောင် မြန်မာ့လက်ရွေးစင်ဘောလုံးသမား ခင်မောင်လွင်သည် ရန်ကုန်ယူနိုက်တက်အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ကျပ်သိန်း ၂၀၀ ဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ခင်မောင်လွင်အား ယခုလ ၁၃ ရက်တွင် ၄ နှစ်သက်တမ်းရှိသော စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ရန်ကုန်ယူနိုက်တက်သည် ယခုနှစ်ပြိုင်ပွဲမစမီတွင် ပြည်တွင်းကစားသမားများဖြစ်သည့် ရာဇာဝင်းသိန်း၊ မိုင်းအိုက်နိုင်တို့အား ခေါ်ယူထားခဲ့ပြီး ပြည်ပကစားသမားများအဖြစ် ဘရာဇီးကစားသမား ဂျူဗီနယ်ကို ခေါ်ယူခဲ့သည်။

"ခင်မောင်လွင်ရဲ့လစာကိုတော့ ကျပ် ၁၅ သိန်းနဲ့ သိန်း ၂၀ ကြားပေးသွားမှာပါ။ အသင်းရဲ့ ဂိုးသမားနေရာအတွက် မိခင်ဌာနပြန်သွားတဲ့ အောင်အောင်ဦးကို ပြန်ခေါ်ဖို့ ညှိနှိုင်းနေတုန်းပါ။ အတည်ပြုချက်မရသေးပါဘူး။ ကစားသမားအသစ်တော့ ထပ်မံခေါ်ယူဖို့မရှိတော့ပါဘူး" ဟု ရန်ကုန်ယူနိုက်တက်အသင်းအုပ်ချုပ်သူ ဦးအောင်ကျော်လွင်ကပြောသည်။

"ခင်မောင်လွင်ပြောင်းရွှေ့သွားတော့ ကမ္ဘောဇအသင်းခေါင်းဆောင်နေရာကို ဟန်ဝင်းအောင်ကတာဝန်ယူမှာပါ။ သူ့နေရာမှာလည်း ဉာဏလွင်၊ သိန်းသန်းဝင်းတို့ အစားထိုးကစားသွားမှာပါ" ဟု ကမ္ဘောဇအသင်းအမှုဆောင်အရာရှိချုပ် ဦးခင်မောင်ကြိုင်က ပြောသည်။



## ပရိုအသင်းများနှင့် စာချုပ်ပျက်ပြီး တစ်လအတွင်း ပြိုင်ပွဲကစားထားခြင်းမရှိမှသာ အပျော်တမ်းကလပ်များတွင် ကစားနိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ-၁၂

အမ်အင်န်အယ်လ်အသင်းများတွင် ကစားဖူးသည့် ကစားသမားများအနေဖြင့် ၎င်းပရိုအသင်းများနှင့် စာချုပ်ဖျက်သိမ်းပြီး အနည်းဆုံးနောက်ဆုံးတစ်လတွင် ပြိုင်ပွဲယှဉ်ပြိုင်ကစားထားခြင်း မရှိမှသာ အပျော်တမ်း ကလပ်အသင်း ဘောလုံးပြိုင်ပွဲများတွင် ဝင်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)မှ သတင်းရရှိသည်။

“ဒီနှစ် အပျော်တမ်း ကလပ်အသင်းများ ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် ကစားသမားတွေဟာ အမ်အင်န်အယ်လ်အသင်းကြီးတွေနဲ့ အရန်အသင်းတွေမှာ အနည်းဆုံးနောက်ဆုံးတစ်လမှာ ကစားထားတဲ့သူ မဖြစ်ရပါဘူး။ နောက်အဲဒီအသင်းတွေနဲ့ စာချုပ်ဖျက်သိမ်းထားတဲ့ စာကိုပါ တင်ပြရပါမယ်” ဟု (MFF)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သတ်မှတ်ချက်မှာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ စည်းကမ်းအတိုင်းဖြစ်ကြောင်းနှင့် ယခင်နှစ်ပြိုင်ပွဲ ကျင်းပစဉ်က ပရိုအသင်းများတွင် ကစားဖူးသူများဖြစ်ပါက အပျော်တမ်းပြိုင်ပွဲသို့ လုံးဝယှဉ်ပြိုင်ခွင့် မပြုခဲ့ကြောင်း အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။ “ဒီနှစ် အမ်အင်န်အယ်လ်အရန်အသင်းပြိုင်ပွဲကလည်း အသက် ၂၁ နှစ်အောက် သတ်မှတ်လိုက်တာဖြစ်လို့ ဘောလုံးသမားတွေ အနေနဲ့ ကစားခွင့်ပိုရအောင် ဒီနှစ် အပျော်တမ်းပြိုင်ပွဲမှာ သတ်မှတ်ချက်လျှော့ပေးခြင်းဖြစ်ပါတယ်” ဟု ၎င်းကပြောသည်။

MFF သည် ယခုနှစ် ဒုတိယအကြိမ် အပျော်တမ်းကလပ်အသင်းများ ဘောလုံးပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီလ တတိယပတ်အတွင်း ပဒုမ္မာကွင်း၌ အသင်းပေါင်း ၁၅ သင်းဖြင့် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ၎င်းပြိုင်ပွဲ၌ ပထမရရှိသည့်အသင်းအား ဆုကြေးငွေကျပ်သိန်း ၅၀၊ ဒုတိယကျပ်သိန်း ၃၀၊ တတိယကျပ်သိန်း ၂၀ နှင့် စတုတ္ထကျပ် ၁၀ သိန်းချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထရအသင်းများကို MFF မှ ပြုလုပ်မည့် MNL FA Cup ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

## အသင်းကြီးများစွာ ကိုင်တွယ်ခဲ့သော ဆားဘီးယားလူမျိုးနည်းပြကို လက်ရွေးစင်နည်းပြချုပ်ခန့်အပ်ရန်စီစဉ်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ-၁၅

မြန်မာ့လက်ရွေးစင်အသင်းအားကိုင်တွယ်ရန် ဆားဘီးယားလူမျိုးနည်းပြ မီလန်ဇီဗာနှင့် လက်ထောက်နည်းပြနှစ်ဦးတို့သည့် ယခုလ ၂၀ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် အဆိုပါ နည်းပြဆရာအား မြန်မာ့လက်ရွေးစင်အသင်းနှင့် ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ်ခန့်အပ်ရန် စီစဉ်လျက်ရှိပြီး မကြာမီစာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။ ဇီဗာဒီနိုဗစ်နှင့်အတူ ၎င်း၏သားဖြစ်သူ ကြံ့ခိုင်ရေးနည်းပြ ဂိုရန်ဇီဗာနှင့် လက်ထောက်နည်းပြ နီကိုလစ်ဂျိုဗီကာတို့အားလည်း စာချုပ်ချုပ်ဆိုသွားရန် စီစဉ်မည်ဖြစ်ကြောင်း (MFF) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသက် ၆၆ နှစ်အရွယ်ရှိ ဆားဘီးယားနည်းပြ ဇီဗာဒီနိုဗစ်သည် ယူဂိုဆလားဗီးယားလက်ရွေးစင်အသင်း (ယခုဆားဘီးယား)၊ အီရတ်လက်ရွေးစင်အသင်း၊ ယီမင်လက်ရွေးစင်အသင်း၊ ဂါနာလက်ရွေးစင်အသင်းတို့အား ကိုင်တွယ်ခဲ့ဖူးကြောင်းသိရသည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းအား ဘရာဇီးနည်းပြဆရာဖြင့် မန္တလေးအကယ်ဒမီတွင် လေ့ကျင့်လျက်ရှိပြီး ၂၀၁၁ နှင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် ယူ-၁၉ အသင်းအတွက် ဂျာမနီနည်းပြဆရာတစ်ဦးကိုလည်း မကြာမီကခန့်အပ်ခဲ့သည်။ ထို့အပြင် မြန်မာဘောလုံးအသင်းအားလုံးအတွက် နည်းစနစ်ဒါရိုက်တာအဖြစ် အာဂျင်တီးနားလူမျိုးနည်းပြတစ်ဦးကိုလည်းခန့်အပ်ထားပြီးဖြစ်သည်။

## အိမ်ကွင်းပွဲတွေ ဖြတ်သန်းမယ့် မန်ယူ၊ အာဆင်နယ်နဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၂၄ ပွဲကြိုခန့်မှန်းချက်



ကိုထိုက်

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေနဲ့ အင်္ဂါတွေမှာ ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် ၂၄ မှာတော့ အသင်းကြီးတွေထဲက မန်ယူ၊ အာဆင်နယ်တို့ အိမ်ကွင်းပွဲတွေကစားရမှာဖြစ်ပြီး၊ မန်စီးတီး၊ ချယ်လ်ဆီး၊ စပါး၊ လီဗာပူးတို့ကတော့ အဝေးကွင်းပွဲတွေ ကစားရမှာပါ။ ဒါပေမဲ့ ယခုအခါ ဆောင်းရာသီပွဲကျပ်ကာလဖြတ်သန်းမှုအပြင် ဒုတိယအကျော့ပွဲစဉ်တွေကို စတင်ကစားနေရပြီဖြစ်တာမို့ အသင်းကြီးတွေအနေနဲ့ အမှတ်လိုနေတဲ့ အောက်အသင်းတွေနဲ့ တွေ့ရင်လည်း အလွယ်တကူအနိုင်မရဘဲ ခံကစားပြတာ၊ မထင်မှတ်ဘဲ ရှုံးနိမ့်ရတာတွေကို ကြုံနိုင်ပါတယ်။

**၂၂၊ ဇန်နဝါရီ၊ စနေ။**

**ဝုလ်-လီဗာပူး (ည ၇း၁၅ နာရီ)**

**ပကျော့ရလဒ် ၀-၁**

ပထမအကျော့တုန်းက လီဗာပူးတို့ အခြေမခိုင်ဖြစ်နေတာကို အခွင့်ကောင်းယူပြီး ဝုလ်တို့ကပ်နိုင်ခဲ့ပါတယ်။ ဝုလ်ဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ ဘာမင်ဂမ်၊ ချယ်လ်ဆီးတို့ကို နိုင်ထားခဲ့ပြီး ဝီဂန်ကိုတော့ ရှုံးထားပါတယ်။ အိမ်ကွင်းမာကျောတဲ့ ဝုလ်ကို ဒီရာသီမှာခြေစွမ်းကျနေတဲ့ လီဗာပူးတို့ နိုင်ဖို့မလွယ်လှပါဘူး။ သရေပွဲဖြစ်နိုင်ပြီး လီဗာပူးတို့ နိုင်ရင်လည်း အများဆုံး တစ်ဂိုးနဲ့ပဲ ကပ်နိုင်သွားမှာပါ။

**အာဆင်နယ်-ဝီဂန်**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၂-၂**

ပထမအကျော့တုန်းက အာဆင်နယ်တို့ အဝေးကွင်းမှာ သရေကျခဲ့တာကို အကြွေးပြန်ဆပ်နိုင်ပါတယ်။ အာရှာဗင်၊ ဘန်တနာ၊ ချာမက်စသဖြင့် လူစုံရှိနေတဲ့ အာဆင်နယ်တို့ ဒီအိမ်ကွင်းပွဲမှာ နှစ်ဂိုးလောက်ရအောင် တိုက်စစ်ကစားသွားနိုင်ပါတယ်။ ဝီဂန်တို့အများဆုံးရရင် တစ်ဂိုးသာ ဖြစ်ပါတယ်။

**ဘလက်ပူး-ဆန်းဒါးလန်း**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၂-၀**

ဘလက်ပူးတို့ ရှုံးပွဲတွေစိပ်နေပြီး အိမ်ကွင်းနိုင်ပွဲမှတ်တမ်းလည်း မကောင်းသေးပါဘူး။ ဒါပေမဲ့ ပထမအကျော့ အဝေးကွင်းပွဲမှာ ဆန်းဒါးလန်းတို့ နှစ်ဂိုးပြတ်နိုင်ခဲ့တာမို့ ဘလက်ပူးတို့ စိတ်ဓာတ်ပိုင်း အသာရနေတယ်။ ဆန်းဒါးလန်းတို့ နိုင်ပွဲရဖို့ ခက်ခက်ခဲခဲကစားရဖွယ်ရှိပြီး သရေ သို့မဟုတ် ကပ်အနိုင်လောက်ပဲရနိုင်မှာပါ။

**အဲဗာတန်-ဝက်စ်ဟမ်း**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၁**

အိမ်ရှင်အဲဗာတန်တို့ အနိုင်သုံးမှတ်ရဖို့ ကြိုးစားရမှာပါ။ အက်ဗ်အေဖလားမှာ စကန်တော့ပ်ကို အဝေးကွင်း ဂိုးပြတ်နိုင်ခဲ့တဲ့ အဲဗာတန်တို့ ညှော့သည်ဝက်စ်ဟမ်းကို တိုက်စစ်ဖိကစားသွားဖွယ်ရှိတယ်။ အဲဗာတန်နှစ်ဂိုးလောက်ရနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားဖို့ရှိတယ်။

**ဖူလ်ဟမ် - စတုတ်စီးတီး**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၂-၀**

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံမှု သုံးကြိမ်မှာ စတုတ်က နှစ်ကြိမ်နိုင်ပြီး ဖူလ်ဟမ်က တစ်ကြိမ်နိုင်ထားတယ်။ လက်ရှိရလဒ်ပိုင်းအရလည်း ဖူလ်ဟမ်တို့နိုင်ပွဲတချို့ပြန်ရလာလို့ စတုတ်ကို အနိုင်ကစားသွားနိုင်တယ်။ အိမ်ရှင်ဖူလ်ဟမ်ဘက်က နေသင့်တဲ့ပွဲပါ။ ဂိုးနည်းနိုင်ပါတယ်။

**မန်ယူ - ဘာမင်ဂမ်**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၁-၁**

မန်ယူဟာ ဘာမင်ဂမ်နဲ့ ၂၀၀၇ စက်တင်ဘာကစလို့ နောက်ဆုံးတွေ့ဆုံထားမှု ငါးကြိမ်မှာ နှစ်ကြိမ်သရေကျခဲ့ပြီး သုံးကြိမ်နိုင်ထားပါတယ်။ ဒါပေမဲ့ အဲဒီသုံးကြိမ်စလုံးမှာ တစ်ဂိုးအသာနဲ့ ကပ်နိုင်ခဲ့တာ တွေ့ရတယ်။ မာကျောတဲ့ ညှော့သည်ဘာမင်ဂမ်တို့ မန်ယူကို ဒုက္ခပေးနိုင်စွမ်းရှိပါတယ်။ မန်ယူနိုင်ရင်လည်း ကပ်နိုင်မှာဖြစ်ပြီး၊ သရေပွဲဖြစ်နိုင်ခြေလည်းရှိနေတယ်။

**နယူးကာဆယ် - စပါး**

**(ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် ၀-၂**

နယူးကာဆယ်တို့ မကြာမီကပဲ စပါးနဲ့ အဝေးကွင်းကစားထားခဲ့ရာမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးထားခဲ့ပါတယ်။ ဒါကြောင့် ပူပူနွေးနွေးအရှုံးကို ပြန်ဆပ်ခွင့် ကြုံလာပါပြီ။ နယူးကာဆယ်ဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ ဝက်စ်ဟမ်းကို ဂိုးပြတ်နိုင်ခဲ့တာမို့ အဲဒီခြေစွမ်းကို ထိန်းထားနိုင်ရင် ညှော့သည်စပါးကိုခြိမ်းခြောက်နိုင်ပါလိမ့်မယ်။ နယူးကာဆယ် ကပ်နိုင်ခြေရှိပြီး သရေပွဲလည်း ဖြစ်နိုင်ပါတယ်။

**၂၃ ဇန်နဝါရီ တနင်္ဂနွေ**

**အက်စတွန်ဗီလာ - မန်စီးတီး**

**(နံနက် ၁၂း၀၀ နာရီ)**

**ပကျော့ရလဒ် ၀-၄**

ပထမအကျော့တုန်းကတော့ ဗီလာတို့ အပြတ်အသတ်ရှုံးနိမ့်ခဲ့ပါတယ်။ ဗီလာဟာ မန်စီးတီးနဲ့ ၂၀၀၉ မတ်လကစလို့ နောက်ဆုံးတွေ့ဆုံမှု လေးကြိမ်မှာ သုံးကြိမ်ရှုံးထားပြီး၊ တစ်ကြိမ်သာ သရေကျထားပါတယ်။ ညှော့သည် မန်စီးတီးတို့ သွင်းဂိုးများနိုင်ခြေရှိပြီး ဗီလာတို့ အလွန်ဆုံးရရင် သရေပါပဲ။

**ဘလက်ဘန်း-ဝက်စ်ဘရွန်း**

**(ည ၁၀း၃၀ နာရီ)**

**ပကျော့ရလဒ် ၃-၁**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ နှစ်ကြိမ်သရေကျထားပြီး ဘလက်ဘန်းက တစ်ကြိမ်နိုင်ထားတယ်။ ဘလက်ဘန်းတို့ ဒီနောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးထားတယ်။ ဒါပေမဲ့ တိုက်စစ်ကောင်းမွန်တဲ့ အိမ်ရှင်ဘလက်ဘန်းကို ရွေးချယ်သင့်တဲ့ပွဲပါ။ ဘလက်ဘန်းတို့ နှစ်ဂိုးအသာလောက် ရနိုင်တယ်။

**၂၅ ဇန်နဝါရီ အင်္ဂါ**

**ဘော်လ်တန်-ချယ်လ်ဆီး**

**(နံနက် ၂း၃၀ နာရီ)**

**ပကျော့ရလဒ် ၀-၁**

ချယ်လ်ဆီးဟာ ဘောလ်တန်တို့နဲ့နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ငါးကြိမ်စလုံးနိုင်ထားပါတယ်။ ဘောလ်တန်ဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာလည်း နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပြီး မှတ်တမ်းကောင်းနေပါတယ်။ ချယ်လ်ဆီးတို့ အကြိတ်အနယ်ကစားရဖွယ်ရှိပြီး ဂိုးနည်းနည်းနဲ့ပဲ နိုင်သွားမှာပါ။ ဘောလ်တန်တို့ သရေရနိုင်ခြေတောင်နည်းနေပါတယ်။




အထူးသက်သာခွင့် နှင့် အထူးငွေပေးချေမှု
SPECIAL HOT SALES
PANSODAN BUSINESS TOWER
SPECIAL HEART AREA
ပန်းဆိုးတန်းလမ်းနှင့်အနော်ရထာလမ်းထောင့်ရှိ
ထပ်မံမပေါ်ပေါက်နိုင်သည့် -
Located Area
PANSODAN Business Tower
၏
ထူးခြားချက်နှင့် အားသာချက်
ကားရပ်နားရန် အဆင်ပြေစေမည့် . . .
BASEMENT CAR PARKING
Natural Light & Vendalation . . .
အထူးကောင်းမွန်မှု
ခိုင်ခံ့သော Pile Foundation
နှင့်
ငလျင်ဒဏ် - လေတိုက်နှုန်းဒဏ်
ခံနိုင်သည့် Structure တွက်ချက်မှု
WE ARE NAING GROUP.
THE TET TOE NU YIN
A Life Style That Reflect Your Life
OUR PROJECT NEAR THE . . .
COMMERCIAL COMPLEX
10 MINUTES WALKING TIME TO
CITY MART
(AUNG SAN STADIUM)
10 MINUTES DRIVING TIME TO:
SHWEDAGON PAGODA
5 MINUTES WALKING
TIME TO :
Bogyoke Aung San Market
Thamada Cinema,
LapyaeWun Plaza,
B.E.H.S No(1) Dagon.
Housing Show Room
No.76, Bo Yar Nyunt Road,
Dagon Township.
DEVELOPED BY
NAING Group
Construction Co.,Ltd.
Customer Call
09-51-12136, 09-49-295429
Hot Line : 251951,255755,255766



## ဟစ်ဘိုလာအုပ်စု နုတ်ထွက် လက်ဘနွန်အစိုးရ ပြိုကွဲ

**ဘေရွတ်၊ ဇန်နဝါရီ - ၁၃**

ဝန်ကြီးချုပ်ဟောင်းရာဖစ်ဟာရီရီ လုပ်ကြံသတ်ဖြတ်ခံရခြင်းအပေါ် ကုလသမဂ္ဂက စုံစမ်းနေခြင်းနှင့် ပတ်သက်၍ အင်အားကောင်းသည့် ရှီးဟိုက်ပါတီဖြစ်သည့် ဟစ်ဘိုလာအုပ်စုနှင့် ၎င်း၏မဟာမိတ်များ အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့ရာ လက်ဘနွန်နိုင်ငံတွင် ဇန်နဝါရီ ၁၁ ရက်နေ့တွင် အုပ်ချုပ်သူ အစိုးရမရှိခဲ့ကြောင်း အေအက်ဖ်ပီ သတင်းက ဖော်ပြသည်။

ကုလသမဂ္ဂ၏ လက်ဘနွန်အတွက် အထူးစစ်ဆေးရေးခုံရုံး ကိစ္စတွင် ဝန်ကြီးချုပ်နှင့် ကြာရှည်ကြာညောင်းဖြစ်ပေါ်ခဲ့သည့် အငြင်းပွားမှုကြောင့် ဝန်ကြီးဆယ်ဦးနုတ်ထွက်သွားခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဂီဘရန်ဘက်ဆီးလ်ကပြောကြားသည်။ လက်ရှိ လက်ဘနွန်ဝန်ကြီးချုပ်ဆာအက်ဟာရီရီမှာ လုပ်ကြံခံခဲ့ရသည့်ခေါင်းဆောင်၏ သားဖြစ်သည်။

လက်ဘနွန်သမ္မတမိုက်ကယ်ဆလိုင်မန်နှင့်နီးစပ်သည့် ဝန်ကြီးတစ်ဦးလည်း နုတ်ထွက်သွားခဲ့ရာ နုတ်ထွက်သည့်ဝန်ကြီး ၁၁ ဦးရှိလာခဲ့ပြီး အဖွဲ့ဝင် ၃၀ ရှိသော ဝန်ကြီးအဖွဲ့ပြိုလဲရန် လုံလောက်သော အရေအတွက်ဖြစ်လာခဲ့သည်။

အစိုးရပြိုလဲမှုကြောင့် လက်ဘနွန်တွင် ၂၀၀၈ ခုနှစ်နောက်ပိုင်း အဆိုးဝါးဆုံးနိုင်ငံရေးအကျပ်အတည်း ဖြစ်လာစေခဲ့သည်။ လက်ဘနွန်သမ္မတဟာရီရီတစ်ယောက်ဝါရှင်တန်သို့သွားရောက်၍ အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေစဉ် အစိုးရပြိုကွဲသွားခဲ့ခြင်းဖြစ်ကြောင်း သတင်းကဖော်ပြသည်။

အီရန်နှင့် ဆီးရီးယားနိုင်ငံတို့က ကျောထောက်နောက်ခံပေးထားသည့် ဟစ်ဘိုလာအဖွဲ့က အထူးစုံစမ်းရေးခုံရုံးအား အသိအမှတ်မပြုရန် သမ္မတဟာရီရီအား လပေါင်းများစွာကပင် တိုက်တွန်းခဲ့သည်။ ယင်းခုံရုံးမှာ အမေရိကန်နှင့် အစ္စရေးတို့၏ အကွက်ချစီမံမှုဟု ဟစ်ဘိုလာတို့ကပြောကြားသည်။ *—Ref: AFP*


## ကန်ကာကွယ်ရေးဝန်ကြီး၏ အလည်အပတ်ခရီးသည် နှစ်နိုင်ငံဆက်ဆံရေးကို ကုစားနိုင်မည်မဟုတ်ဟု တရုတ်မီဒီယာများဆို

**ဘေဂျင်း၊ ဇန်နဝါရီ - ၁၁**

အမေရိကန်ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်စ်၏ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသည် အင်အားကြီး နှစ်နိုင်ငံကြားရှိနေသော နက်ရှိုင်းသည့် စစ်ဘက်ယုံကြည်မှုပျောက်ဆုံးနေခြင်းကို ပြေလည်စေမည်မဟုတ်ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

လာမည့်ရက်သတ္တပတ်အတွင်း ဝါရှင်တန်သို့ တရုတ်သမ္မတဟူကျင်တောင် လာရောက်လည်ပတ်ချိန်တွင် သိသာသောအကျိုးရလဒ်အဖြစ် နှစ်ဖက်စစ်ဘက်အဆက်အသွယ်များ ပိုမိုခိုင်မာလာစေရေးကို အိုဘားမားအစိုးရက လိုလားကြောင်း ရိုက်တာသတင်းကဖော်ပြသည်။ တရုတ်နိုင်ငံက နိုင်ငံ၏ အစိတ်အပိုင်းဟုပြောဆိုထားသည့် တရုတ်(တိုင်ပေ)သို့ အမေရိကန်က လက်နက်ရောင်းချခဲ့ခြင်းကို ကန့်ကွက်၍ တရုတ်နိုင်ငံက နှစ်ဖက်စစ်ရေးအဆက်အသွယ်များကို ဖြတ်တောက်ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေး အဆင်မပြေဖြစ်ခဲ့သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် ဘေဂျင်းတွင် ရှိနေစဉ် တရုတ်သမ္မတဟူကျင်တောင်နှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကြားတွင် မှားယွင်းခြေလှမ်းလှမ်းမှုများ ရှောင်ရှားနိုင်ရန်အတွက် နှစ်နိုင်ငံကြားတွင် ပို၍ခိုင်မာသည့် စစ်ဘက်ဆက်သွယ်မှုများရှိရန် လိုအပ်ကြောင်း ကန်ကာကွယ်ရေးဝန်ကြီးနှင့် တရုတ်ကာကွယ်ရေးဝန်ကြီးလျန်ဂွမ်းလီတို့က သဘောတူညီခဲ့ကြသည်။ သို့သော် တရုတ်နိုင်ငံ၏ မယုံကြည်မှုမှာ နက်ရှိုင်းကြောင်း နိုင်ငံပိုင်သတင်းစာ၏ ထင်မြင်သုံးသပ်ချက်များက ဖော်ပြသည်။



ဘေဂျင်းသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောက်ရှိလာခြင်းသည် နှစ်ဖက်စစ်ရေးဆက်သွယ်မှုများ ပုံမှန်ဖြစ်ရေးအတွက် တိုးတက်မှုအမှတ်အသားဖြစ်သော်လည်း တစ်ကြိမ်တည်းသော အလည်ပတ်ခရီးဖြစ်ပေါ်ပြီး နောက်စစ်ရေး အပြန်အလှန်ဆက်သွယ်မှုများ ချောမွေ့သွားမည် ဆိုခြင်းမှာ အကောင်းမြင်လွန်းရာရောက်ကြောင်း ချိုင်းနားဒေးလီး သတင်းစာ၏ခေါင်းကြီးပိုင်းက ရေးသားဖော်ပြသည်။

*—Ref: Reuters*






7DAY NEWS JOURNAL
Vol.9, No.43 • JANUARY 20, 2011

# ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး နှေးကွေးသွားမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

**ဝါရှင်တန်၊ ဇန်နဝါရီ - ၁၃**

၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး နှေးကွေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ဇန်နဝါရီ ၁၃ ရက်နေ့က ခန့်မှန်းထုတ်ပြန်လိုက်ပြီး ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာ၍လည်း ငွေကြေးဖောင်းပွမှုသည် ၂၀၀၈ ခုနှစ်ကဲ့သို့ အလွန်အမင်းမြင့်တက်လာနိုင်ကြောင်း သတိပေးလိုက်သည်။



၂၀၁၁ ခုနှစ်တွင် ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည့် ကမ္ဘာ့စီးပွားရေးသည် ၂၀၁၁ ခုနှစ်တွင် ၃ ဒသမ ၃ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအရှိန်ရနေသောနိုင်ငံများ၏ စီးပွားရေးသည် ၆ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်းနှင့် ဝင်ငွေနှုန်းမြင့်မားသော နိုင်ငံများ၏ တိုးတက်မှုမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှနောက်ဆုံးထုတ်ပြန်သည့် ကမ္ဘာ့စီးပွားရေးအလားအလာအစီရင်ခံစာက ဖော်ပြသည်။


ယင်းဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ အကျပ်အတည်းမှ နာလန်ထလာသော ကမ္ဘာ့စီးပွားရေးအတွက် ခြေကုပ်မရနိုင်ကြောင်း ကမ္ဘာ့ဘဏ် အစီရင်ခံစာက ဆက်လက်ဖော်ပြထားသည်။

စားနပ်ရိက္ခာနှင့် ရေနံဈေးနှုန်းများအပါအဝင် ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းအပေါ် အထူးသဖြင့် စိုးရိမ်ပူပန်မိကြောင်း ကမ္ဘာ့ဘဏ် အစီရင်ခံစာက ရေးသားထားသည်။

"စားနပ်ရိက္ခာဈေးနှုန်းတွေ မြင့်တက်လာတာကို ကျွန်တော်တို့ အလွန်အမင်းစိတ်ပူပါတယ်။ (အစားအစာအတွက်)ငွေကြေးတတ်နိုင်မှုနဲ့ ဆင်းရဲမွဲတေမှုအကျိုးဆက်တွေ ပြင်းထန်လာနိုင်ပါတယ်" ဟု ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးတိုးတက်ရေးဒါရိုက်တာဟန်းစ်တင်မားက ကမ္ဘာ့ဘဏ်ရှိရာ ဝါရှင်တန် ရုံးချုပ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

*—Ref: AFP*



## ဂျူလီယန်အက်ဆန်းသည် အမေရိကန်တွင် သေဒဏ်ကျဖွယ်ရှိဟု ရှေ့နေများ ပြောကြား

**လန်ဒန်၊ ဇန်နဝါရီ - ၁၂**

လိင်မှုဆိုင်ရာပြစ်မှုစွပ်စွဲချက်များဖြင့် ၎င်းအား ဆွီဒင်နိုင်ငံသို့ နယ်နှင်လိုက်ပါက ၎င်းအနေဖြင့် အမေရိကန်နိုင်ငံသို့ ရောက်ရှိသွားနိုင်ကာ သေဒဏ်ကျခံရနိုင်ကြောင်း ဝီကီလိခ်တည်ထောင်သူဂျူလီယန်အက်ဆန်းက တရားရုံးတွင် ခုခံချေပသွားလိမ့်မည်ဟု အက်ဆန်း၏ရှေ့နေများက ပြောကြားသည်။

ဝီကီလိခ်ဝက်ဘ်ဆိုက်တွင် အမေရိကန်သံတမန်ရေးကြေးနန်းများကို ဖော်ပြခဲ့ခြင်းအတွက် ဂျူလီယန်အက်ဆန်းသည် အမေရိကန်နိုင်ငံအား ဒေါသထွက်စေခဲ့သည်။ ဆွီဒင်အမျိုးသမီးနှစ်ဦး၏ လိင်ပိုင်းဆိုင်ရာစွပ်စွဲမှုများကြောင့်လည်း အက်ဆန်းအား ဆွီဒင်နိုင်ငံက အလိုရှိနေသည်။

ဇန်နဝါရီ ၁၁ ရက်က အက်ဆန်းအား ရုံးထုတ်လာစဉ်အတွင်း ၎င်း၏ရှေ့နေများက လာမည့်လတွင် ပြုလုပ်မည့် ပြည်နှင်ဒဏ်ပေးရေး တရားရုံးစစ်ဆေးကြားနာမှုတွင် ဂျူလီယန်အက်ဆန်း ခုခံကာကွယ်မည့်အချက်များကိုထုတ်ပြန်ခဲ့သည်။

"ဆွီဒင်နိုင်ငံကိုသာ ပြည်နှင်ဒဏ်ပေးလိုက်ရင် အက်ဆန်းကို သူတို့နိုင်ငံကို ထပ်ပြီး ပြည်နှင်ဒဏ်ပေးဖို့ အမေရိကန်က ဆွီဒင်နိုင်ငံကို တောင်းဆိုနိုင်လို့ အက်ဆန်းဟာ အမေရိကန်ကို ရောက်သွားနိုင်တဲ့အန္တရာယ်ဟာ တကယ်ကို ဖြစ်နိုင်ခြေရှိပါတယ်"ဟု ဂျူလီယန်အက်ဆန်း၏ရှေ့နေများဝက်ဘ်ဆိုက်ကဖော်ပြသည်။

"သေဒဏ်မပေးဘူးဆိုတဲ့ အာမခံချက်မရဘဲနဲ့ အက်ဆန်းကို အမေရိကန်နိုင်ငံပို့ပေးခဲ့ရင် အက်ဆန်းဟာ သေဒဏ်ချမှတ်ခံရနိုင်တယ်ဆိုတဲ့အန္တရာယ်လည်းရှိပါတယ်"ဟု Finers Stevens Innocents ဥပဒေကုမ္ပဏီက ရေးသားထားသည်။ *—Ref: Reuters*



# ဘရာဇီးနိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပေါ်၍ ၂၅၇ ဦး သေဆုံး

**ရီယိုဒီဂျနေးရိုး၊ ဇန်နဝါရီ - ၁၃**

ဘရာဇီးနိုင်ငံတွင် ပြင်းထန်စွာရွာသွန်းသည့် နွေရာသီမိုးများကြောင့် တောင်စောင်းမြေများမှ မြေပြိုမှုများနှင့် ရေများတစ်ရှိန်ထိုးစီးဆင်းမှုများဖြစ်ပေါ်ခဲ့ရာ ၂၄ နာရီအတွင်း အနည်းဆုံး လူပေါင်း ၂၅၇ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

မြို့တော်ရီယိုဒီဂျနေးရိုးအပြင်ဘက်တောင်စောင်းများမှ ပြိုဆင်းလာသည့် မြေနီရွှံ့နွံများသည် ချမ်းသာ၊ ဆင်းရဲသူမရွေး လူနေအိမ်များအား တိုက်စားဖုံးလွှမ်းသွားခဲ့ပြီး နီးစပ်ရာသစ်ပင်များပေါ်တွင် တွဲလဲခိုဆွဲနေခဲ့သူများသာ အသက်ရှင်ကျန်ရစ်ကြောင်းသိရသည်။

ကယ်ဆယ်ရေးသမားများက စက်ကြီးများ၊ တူရွင်း၊ ပေါက်တူးများ အချို့က လက်ချည်းသက်သက်ဖြင့် အသက်ရှင်ကျန်နိုင်သူများကို ရှာဖွေနေကြသည်။ လူမည်မျှကယ်တင်နိုင်ခဲ့သည်ကို မသိရှိရသေးပေ။ လောလောဆယ် အနည်းဆုံးလူငါးဆယ်ခန့်ပျောက်ဆုံးနေပြီး ၎င်းအရေအတွက်မှာ မြင့်တက်လာနိုင်သည်ကို တာဝန်ရှိသူများက စိုးရိမ်နေသည်။

ရီယိုဒီဂျနေးရိုးမြို့ မြောက်ဘက် ၆၅ ကီလိုမီတာအကွာရှိ တီရီဆိုပိုးလစ်မြို့တွင် မိုးရေကြောင့် ချောင်းများရေလျှံခဲ့ပြီး ရုတ်တရက်ရေကြီးမှုများက ရေများအိုင်ထွန်းနေသော တောင်စောင်းဒေသများ၏ အခြေအနေကို ပိုမိုဆိုးဝါးစေခဲ့သည်။

သစ်ပင်မရှိသည့်တောင်စောင်းများတွင် ဆောက်ထားသည့် သစ်သားအိမ်နှင့် တိုက်အိမ်ငယ်များမှာ ရေစီးနှင့်အတူမျောပါသွားခဲ့သည်။ တီရီဆိုပိုးလစ်ဒေသတွင် လူ ၁၃၀ ဦးသေဆုံးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးအေဂျင်စီကပြောကြားသည်။ ၎င်းဒေသတွင် ၂၄ နာရီအတွင်း မိုးရေချိန် ၂၆ စင်တီမီတာရွာသွန်းခဲ့သည်။

ရေကြီး၊ မြေပြိုမှုများကြောင့် ဘရာဇီးနိုင်ငံတွင် နှစ်စဉ်လူပေါင်းထောင်ချီ၍သေဆုံးရသည်။ အထိအနာဆုံးမှာ တောင်စောင်းများပေါ်တွင် ခနော်ခနဲ့အိမ်ငယ်များ ဆောက်လုပ်နေထိုင်ကြသည့်ဆင်းရဲသားများဖြစ်သည်။ *—Ref: AP*



# ရုရှားဂျုံတင်ပို့မှု ပြန်လည်ခွင့်ပြု

**မော်စကို၊ ဇန်နဝါရီ - ၁၁**

ရုရှားနိုင်ငံသည် ဂျုံတင်ပို့မှုပိတ်ပင်ထားခြင်းကို ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ပယ်ဖျက်ပေးလိုက်ကြောင်းသိရသည်။ နိုင်ငံခြားမှ ဖောက်သည်များ ဆုံးရှုံးမည်ကိုစိုးရိမ်၍ ဂျုံကြိတ်စက်ရုံလေးရုံမှ အသနားခံစာများတင်သွင်းပြီးနောက် ယခုကဲ့သို့ ဂျုံတင်ပို့မှုရပ်ဆိုင်းထားခြင်းအား ဖယ်ရှားပေးလိုက်ခြင်းဖြစ်သည်။

ဆယ်စုနှစ်များစွာအတွင်း အဆိုးဝါးဆုံးနွေရာသီခြောက်သွေ့မှု၊ မိုးခေါင်ရေရှားမှုနှင့် တော မီးလောင်ကျွမ်းမှုများကြုံတွေ့ပြီးနောက် ရုရှားနိုင်ငံက ဂျုံ၊ ဘာလီ၊ ပြောင်းဖူးနှင့် ဂျုံစေ့ အစရှိသည့်သီးနှံများ နိုင်ငံခြားသို့တင်ပို့မှုကို ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ ပိတ်ပင်ခဲ့သည်။ တောမီးများကြောင့် ရုရှားနိုင်ငံ၏ သီးနှံသုံးပုံတစ်ပုံခန့် ပျက်စီးခဲ့ရသည်။

နိုင်ငံခြားသို့ တင်ပို့ခြင်း ကနဦးပိတ်ပင်မှုမှာ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလအထိဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ သက်တမ်းတိုးထားခဲ့သည်။

ရုရှားနိုင်ငံသည် မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ တောင်ကိုရီးယား၊ တာ့ခ်မင်နစ္စတန်၊ တာဂျစ်ကစ္စတန်၊ မော်လ်ဒိုဗာ၊ ထိုင်းနှင့် အခြားနိုင်ငံအများအပြားသို့ ဂျုံတင်ပို့ရောင်းချကြောင်းသိရသည်။ *—Ref: RIA Novosti*

# ပစ်ခတ်ခံရသောအမေရိကန်အမတ် ကျန်းမာရေးအခြေအနေ တိုးတက်လာ

**တွတ်ခ်ဆန်၊ ဇန်နဝါရီ - ၁၂**

အရီဇိုးနားပြည်နယ်တွင် သေနတ်နှင့် အပစ်ခံခဲ့ရသော အမေရိကန်လွှတ်တော်အမတ် မစ္စဂါဘရီရယ်ဂစ်ဖော့ဒ်၏ ကျန်းမာရေးအခြေအနေ အနည်းငယ်တိုးတက်လာကြောင်း၊ အသက်ရှူစက်မပါဘဲ သူ့ဘာသာသူ အသက်ရှူနိုင်ကြောင်း၊ သို့သော် သူမ၏ တိုးတက်မှုမြန်ဆန်စေရန် အသက်ရှူစက် ဆက်လက်တပ်ဆင်ထားကြောင်း သူမအားခွဲစိတ်ခဲ့သည့် ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး ဒေါက်တာ ဂျီ၊ မိုက်ကယ်လီမိုးကပြောကြားသည်။

မစ္စဂါဘရီရယ်ဂစ်ဖော့ဒ်သည် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သေနတ်သမား၏တိုက်ခိုက်မှုခံရပြီးနောက် တွတ်ခ်ဆန်မြို့ဆေးရုံ၊ အထူးကြပ်မတ်ကုသဆောင်တွင် စိုးရိမ်စရာအနေအထား ရှိနေခဲ့သည်။

မစ္စဂါဘရီရယ်သည် အချို့သော စေခိုင်းမှုများကို တုံ့ပြန်နိုင်ကြောင်းနှင့် ၎င်းအား စောင့်ရှောက်မှုပေးနေသူများအား လက်မထောင်ပြခဲ့ကြောင်း တွတ်ခ်ဆန်ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာပီတာရီးကပြောကြားသည်။

"သူမ ဒီလောက်အခြေအနေပြန်ကောင်းလာတဲ့အတွက် ကျွန်တော်တို့ အားတက်လာပါတယ်။ ဒီလောက်ကောင်းမွန်လာဖို့ အခြေအနေမရှိခဲ့ပါဘူး။ ဒါပေမဲ့ သူမအခြေအနေကောင်းလာပါတယ်"ဟု ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်၏ လူနာတိုးတက်မှုအစီရင်ခံစာတွင် ရေးသားခဲ့သည်။ သို့သော် မစ္စတာဂါဘရီရယ်ဂစ်ဖော့ဒ်၏ ကျန်းမာရေးပြန်ကောင်းလာရန် အချိန်ကြာရှည်စွာ ရှန်းကန်ရဦးမည်ဖြစ်ကြောင်း ဆရာဝန်ကြီးများက ပြောကြားသည်။ *—Ref: UPI*

# တရုတ်နိုင်ငံ၏ စစ်ဘက်ရည်ရွယ်ချက်များကို စိုးရိမ်ပူပန်မိကြောင်း အမေရိကန်ဗိုလ်ချုပ်ကြီးပြောကြား





**ဝါရှင်တန်၊ ဇန်နဝါရီ - ၁၃**

တရုတ်စစ်ဘက်သည် ၎င်းတို့၏ တိုးတက်လာသောစွမ်းရည်များကို အဘယ်ကြောင့် အမေရိကန်နိုင်ငံအပေါ်တွင် အာရုံစိုက်နေသည်ဆိုခြင်းကို စိုးရိမ်ပူပန်မိကြောင်း အမေရိကန်စစ်ဘက်အကြီးအကဲ ဗိုလ်ချုပ်ကြီးတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

တရုတ်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်စ်၏ အလည်အပတ်ခရီးပြီးဆုံးချိန်မှာပင် အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီးမိုက်မူလန်က ယင်းသို့ပြောကြားခြင်းဖြစ်ပြီး နှစ်နိုင်ငံစစ်ဘက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန် တိုက်တွန်းလိုက်သည်။

စစ်ဘက်အား အဆင့်မြှင့်တင်ရေး တရုတ်နိုင်ငံ၏ လိုအပ်ချက်ကို နားလည်နိုင်ကြောင်း သမ္မတအိုဘားမား၏ ထိပ်တန်းစစ်ဘက်အကြံပေး ဗိုလ်ချုပ်ကြီးကပြောကြားပြီး ဇန်နဝါရီ ၁၁ ရက်တွင် တရုတ်နိုင်ငံက လျှို့ဝှက်ထောက်လှမ်းတိုက်လိုက်ရေး လေယာဉ်တစ်စီး(Stealth Fighter) စမ်းသပ်ပျံသန်းခဲ့သည်ကို မအံ့ဩမိကြောင်းပြောသည်။

သို့သော် တရုတ်စစ်ဘက်များ၏ အချို့စွမ်းရည်များအပေါ် နားမလည်နိုင်ကြောင်း၊ စွမ်းရည်အများအပြားကို အမေရိကန်နိုင်ငံအပေါ် ထူးထူးခြားခြားအာရုံစိုက်ထားပုံရကြောင်း၊ သို့ဆိုလျှင် နှစ်ဖက် ဆက်ဆံရေးထူထောင်ရန် အရေးကြီးကြောင်း ဗိုလ်ချုပ်ကြီးမိုက်မူလန်ကပြောကြားသည်။

ထို့အပြင် ဗိုလ်ချုပ်ကြီးက အမေရိကန်နိုင်ငံအား ပစ်မှတ်ထားဖော်ဆောင်နေသည့် အင်တာနက်ကွန်ရက်မှ တိုက်ခိုက်မှု၊ ဆိုက်ဘာစစ်ပွဲစွမ်းရည်များအပေါ် လည်း စိုးရိမ်မိကြောင်း ပြောကြား သည်။

"ဆိုက်ဘာဟင်းလင်းပြင်နဲ့ အာကာသဟင်းလင်းပြင်တွေမှာ နယ်မြေအကန့်အသတ်မရှိပါဘူး။ အလင်းရဲ့ အမြန်နှုန်းနဲ့ ဖြစ်ပျက်နေတဲ့နေရာမှာ အစိုးရ ပံ့ပိုးတဲ့အဖွဲ့တွေရော၊ အစိုးရ မပံ့ပိုးတဲ့အဖွဲ့တွေရောပါဝင်နေတဲ့အတွက် အလွန်ကိုရှုပ်ထွေးလှပါတယ်"ဟု ကန်ဗိုလ်ချုပ်ကြီးက ပြောကြားသည်။ *—Ref: AFP*

7 DAY NEWS JOURNAL

# International

Vol.9, No.43 • JANUARY 20, 2011



# သမ္မတဘင်အလီ ထွက်ပြေးသွားပြီးနောက် တူနီးရှားနိုင်ငံတွင် ညီညွတ်သောအစိုးရဖွဲ့ရန်ပြင်ဆင်

**တူးနစ်၊ ဇန်နဝါရီ-၁၂**

**တူနီးရှားသမ္မတ ဇိုင်းအယ်လ်အဘီဒင်းရာထူးမှ ပြုတ်ကျသွား၍ လူထုအုံကြွမှုများရှိနေသော်လည်း အာဏာလစ်လပ်မှုကို ဖြည့်စွက်ရန် တူနီးရှားနိုင်ငံရေးသမားများက စတင်ကြိုးပမ်းနေပြီဖြစ်ကြောင်း သိရသည်။**

ဇန်နဝါရီ ၁၅ ရက်တွင် ကြားဖြတ်ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည့် မစ္စတာဖာရွတ်မီဘာဇာက ညီညွတ်သော အစိုးရတစ်ရပ်ဖွဲ့စည်းမည်ဟု ကတိပေးပြောကြားခဲ့သည်။ မစ္စတာဘင်အလီ နိုင်ငံမှထွက်ပြေးသွားပြီး နှစ်ရက်အကြာတွင် တိုင်းပြည်မှာ အများအားဖြင့် ငြိမ်သက်လျက်ရှိကြောင်းနှင့် ညဘက်နေဝင်မီးငြိမ်းအမိန့်ကိုလည်း လျှော့ပေါ့ပေးထားကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း သွေးထွက်သံယိုမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့ပြီး လုယက်တိုက်ခိုက်မှုများ၊ မီးရှို့မှုများနှင့် ထောင်အတွင်း သောင်းကျန်းမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

မစ္စတာဘင်အလီ၏ သမ္မတအစောင့်တပ်ဖွဲ့ခေါင်းဆောင် အလီစီရီယာတီကို ဖမ်းဆီးထားပြီး ၎င်းအား နိုင်ငံတော်လုံခြုံရေးပျက်ပြားအောင်ကြံစည်ခြင်း၊ အကြမ်းဖက်မှုများကိုဖြစ်ပေါ်စေရန် ဖန်တီးခြင်းများဖြင့် စွပ်စွဲထားကြောင်း တူနီးရှား မီဒီယာများက ဖော်ပြသည်။

စာမျက်နှာ(၄၁)သို့ ▶▶▶

## ဖိလစ်ပိုင်ရေကြီးမှု သေဆုံးသူ ၅၁ ဦးရှိလာပြီး ငါးဖမ်းလုပ်သားများ ပျောက်ဆုံးနေ

**ဖိလစ်ပိုင်၊ ဇန်နဝါရီ-၁၇**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ရက်သတ္တပတ် နှစ်ပတ်ကြာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် သေဆုံးသူ ၅၁ ဦးရှိလာခဲ့ပြီး အာဏာပိုင်များသည် ပင်လယ်ပြင်တွင် ပျောက်ဆုံးနေသည့် လူ ၁၆ ဦးကိုလည်း ရှာဖွေနေကြောင်း သိရသည်။

နိုင်ငံဧရိယာသုံးပုံတစ်ပုံဖြစ်သော ခရိုင်ပေါင်း ၈၀ ရှိ ကျေးလက်ဒေသများတွင် ရေကြီး၊ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့၍ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အဦ ဆုံးရှုံးမှုတန်ဖိုးမှာ ကန်ဒေါ်လာ ၃၆ သန်းဖိုးရှိကြောင်း ဖိလစ်ပိုင် အစိုးရဘေးအန္တရာယ်ထိန်းချုပ်ရေးအေဂျင်စီအကြီးအကဲ ဘီနစ်တိုရာမို့စ်က ပြောကြားသည်။


သို့သော် ဒီဇင်ဘာလနှောင်းပိုင်းမှစ၍ ရွာသွန်းခဲ့သောမိုးသည် နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ စပါးနှင့်ပြောင်း အဓိကထုတ်လုပ်ရာဒေသများကို မထိခိုက်ခဲ့ကြောင်း သိရသည်။

မြေပြိုမှုများနှင့် ရေနစ်ခြင်းများကြောင့် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူ ၂၀ ခန့်ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

"လူအများအပြား ပျောက်ဆုံးနေလို့ အသေအပျောက်စာရင်းတိုးလာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်" ဟု မစ္စတာရာမို့စ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

စာမျက်နှာ(၄၁)သို့ ▶▶▶

## အမေရိကန်သည် အချုပ်အခြာအာဏာပိုင်မှုကို လေးစားရမည်ဟု တရုတ်သမ္မတ ပြောကြား



**ဘေဂျင်း၊ ဇန်နဝါရီ-၁၇**

စီးပွားရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် အမေရိကန်နိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတွင် တစ်နိုင်ငံချင်းစီ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးများကို အသိအမှတ်ပြုရေးကိစ္စလည်းပါဝင်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားလိုက်ပြီး ယွမ်ငွေတန်ဖိုးမြှင့်တင်ရန် အမေရိကန်၏ ဖြင်းခုံမှုကိုလည်း ပယ်ချလိုက်ကြောင်း သိရသည်။

သမ္မတ ဟူကျင်တောင်သည် ဇန်နဝါရီလ ၁၈ ရက်မှ ၂၁ ရက်အထိ အမေရိကန်နိုင်ငံသို့ နိုင်ငံတော်အလည် အပတ်ခရီးသွားရောက်မည်ဖြစ်သည်။

ထို့အပြင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် 'အကြွင်းသုံးည စစ်အေးခေတ် စိတ်သဘောထား'ကို စွန့်လွှတ်သင့်ကြောင်း တရုတ်သမ္မတက ပြောကြားသည်။ ကုန်သွယ်ရေး၊စွမ်းအင်နှင့် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများဖြစ်ကြောင်း သမ္မတဟူက ဆက်လက်ပြောကြားသည်။

ဝေါလ်စထရိဂျာနယ်နှင့် ဝါရှင်တန်ပို့စ်က စာဖြင့်ရေးသားမေးမြန်းချက်များကို သမ္မတဟူက ပြန်လည်ဖြေကြားခဲ့သည့် စာရွက်စာတမ်းများတွင် ယခုအချက်အလက်များ ပါဝင်လာခြင်းဖြစ်သည်။

တရုတ်သမ္မတ၏ အမေရိကန်ခရီးစဉ်တွင် ကုန်သွယ်ရေးဝန်ကြီးချင်ဒီမင်းနှင့် အမျိုးသား

စာမျက်နှာ(၄၁)သို့ ▶▶▶

